www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

## လိပ်ပြာကလေး အပျံသင် ပန်းကိုချစ်ဖို့ပြင်



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

✤ ✤ ✤

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလ ...။

အထက်အညာ ရွာလေးတစ်ရွာ၏ ရွာဦး ဘုန်းကြီးကျောင်း ...။

ရွာလူကြီးသည် ၇ နှစ်အရွယ် ကလေးတစ်ယောက်၏ လက်ကိုဆွဲကာ ကျွန်းကနုတ်လက်ရန်းများဖြင့် ဟောင်းနွမ်းရှေးကျလှသော ဘုန်းကြီးကျောင်း လှေကားထစ်များကို နင်း၍ တက်လာနေပါသည်။

သျှောင်ပေစူးလေးနှင့် ကောင်လေးမှာ မျက်လုံးလေးအပြူးသားဖြင့် ကျိုးကြည့်ကြောင်ကြည့် ကြည့်ရင်း ရွာလူကြီးရဲ့ ခြေလှမ်းတွေကိုမီအောင် ခပ်သွက်သွက် ပြေးလိုက်နေရပါသည်။

ကောင်လေးက လှေကားရင်းမှာ ရပ်နေသည့် ဖိုးသူတော် ဝတုတ်ဘုတ်အိုးလေးကို မကြာခဏ လှည့်ကြည့် လှည့်ကြည့်လုပ်နေသည်။ ပိတ်ဖြူဝတ် ဖိုးသူတော်လေးက ဧရာမ ကောက်ညှင်းထုပ်ကြီးကို ပလုတ်ပလောင်း ကိုက်စားရင်း ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကို လှမ်းမော့ကြည့်နေသည်။ ကောင်လေးမှာ ဖိုးသူတော်လက်ထဲက ကောက်ညှဉ်းထုပ်ကြီးဆီမှ အကြည့်မလွှဲနိုင်ဘဲ ပါးစပ်ထဲမှာ သွားရည်တောက်တောက် ယိုလာသည်။

"ဟဲ့ ... ကောင်လေး ... လာလေ၊ ဘာ ပေကပ်ကပ် လုပ်နေတာလဲ၊ နောက်ကျနေမှဖြင့် ဘုန်းကြီးဆွမ်းစားချိန်နဲ့ ကပ်နေတော့မယ်"

ရွာလူကြီးက နေးတုံ့နေးတုံ့ ဖြစ်နေသော ကလေးကို လှည့်ကြည့်ရင်း ပြော၏။ ကလေးက ဟီးခနဲ ရယ်လိုက်ရင်း ဖိုးသူတော်လေးဘက်ကို လက်ညှိုးညွှန်ပြလိုက်သည်။

"ဟိုမှာလေ ... ကောက်ညှင်းထုပ်ကြီး၊ စားချင်စရာကြီး ဟီး ... ဟီး"

"မင်း ဒီမှာနေခွင့်ရရင် အဲ့ဒါမျိုး အများကြီး စားရမှာပေါ့ကွ ..."

"တကယ်လား ..."

"အေးပေါ့ကွ ...၊ ဘုန်းကြီးကျောင်းဆိုတာ ရှူဖွယ်ဝတ္ထုသိပ်ပေါတာ ...၊ ဘုန်းကြီးက စွန့်ကြဲလိုက်ရင် မင်းလည်း ကောင်းကောင်းစားရမှာ ..."

သျှောင်ပေစူးလေးက ကျိတ်ပျော်သွားကာ ခြေလှမ်းသွက်သွားလိုက်တာမှ ရွာလူကြီးကိုတောင် ကျော်တက်သွားသည်။ နောက်ဆုံး လေ့ကားနှစ်ထစ်ကို ရောက်လိုအောဖြင့် ကျော်တက်လိုက်တာများ ကံကောင်းလို့ပြုတ်တောင်မကျတာပင် ...။

ရွာလူကြီးက သျှောင်ပေစူး ကောင်လေးကို ပြုတ်





မကျအောင် ဖမ်းဆွဲထိန်းလိုက်ပြီး ကျောင်းအဝင်တံခါးဝမှာ ရပ်လိုက်ပါသည်။

ဘုရားခန်းမှာ မြိန့်မြိန့်ကြီး ထိုင်နေသော ဘုန်းတော်ကြီးက တံခါးဝကို လှမ်းကြည့်ရင်း ...

"ဒကာ ထွန်းအောင်လားကွယ့် ..."

"တင်ပါ့ ဘုရား ..."

"လာကွယ့် ... လာ၊ ဘယ်ကလှည့်လာတုန်း"

"ဒီကိုသက်သက်ပါပဲ ဘုရား"

"အေးကွယ် ... ထိုင်ကြ ... ထိုင်ကြ၊ နေပူထဲက လာရတာ မောလာကြမှာပေါ့၊ ထန်းလျက်ကလေးစား၊ ရေနွေးကြမ်းလေး သောက်ကြဦးပေါ့ ...၊ ကပ္ပိယကြီးရေ ဆီးထန်းလျက်ကလေး ထည့်လာခဲ့၊ ငှက်ပျောသီး ဖီးကြမ်းလေးပါ ယူလာခဲ့ ... ကြားလား"

"တင်ပါ့ ဘုရား"

ကပ္ပိယကြီး ထွက်သွားတော့ သျှောင်ပေစူးလေး၏ အကြည့်က ကပ္ပိယကြီးဆီမှာ ကပ်ပါသွားသည်။ ကပ္ပိယကြီးက ထန်းလျက်ပန်းကန်နှင့် ငှက်ပျောသီးဖီးကြမ်း လေးငါးလုံးကို သံပန်းကန်ပြားနှင့် ထည့်ယူလာတာမို့ သျှောင်ပေစူး၏ မျက်လုံးလေးတွေက အရောင်တောက်လာပါသည်။

ဘုန်းကြီးက သျှောင်ပေစူးလေးကို လှမ်းကြည့်ရင်း

"ဒါနဲ့ ... ဒီကလေးက ဘယ်သူတုန်း၊ ဒကာကြီးရဲ့ သားမြေးထဲကပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဘုရား၊ တပည့်တော် ဘုန်းဘုန်းဆီလာရတာ ဒီကလေးကိစ္စလည်း ပါပါတယ် ဘုရား"

"အိမ်း ... ဆိုစမ်းပါဦးကွယ့် ..."

"ဒီကလေးက ခိုကိုးရာမဲ့လေးပါ ဘုရား၊ ဟိုတလောလေးက ဆုံးသွားတဲ့ ဒကာမ မသိန်းတင်ကို ဘုန်းဘုန်း သိတယ် မဟုတ်လား ဘုရား ..."

"သိတာပေါ့ ဒကာကြီးရဲ့၊ ဒကာမကြီးက ဆင်းရဲရှာပေမယ့် သဒ္ဓါတရားကြီးမားတယ်၊ ဘုန်းကြီး ဆွမ်းခံကြွရင် သူ့မယ် မရှိတဲ့ကြားက ဆွမ်းအမြဲထွက်ထွက်လောင်းရှာတာ ..."

"ဒီကလေးက အဲ့ဒီ ဒကာမရဲ့ တူတော်ပါတယ် ဘုရား၊ ကလေးရဲ့ အမေက ကလေးကို မွေးပြီးပြီးချင်း ဆုံးသွားပါတယ်၊ ကလေးအဖေကလည်း လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ပိုးထိပြီး ဆုံးသွားရှာတော့ မသိန်းတင်ကပဲ စောင့်ရှောက်ထားခဲ့ရတာပါ၊ အခု မသိန်းတင်ကလည်း ဆုံးသွားတော့ သူ့ခမျာ ခိုကိုးရာမဲ့သွားတော့တာပေါ့ ဘုရား"

"အိမ်း ... ကြားရတာ စိတ်မကောင်းစရာပဲကွယ်၊ ဒီကလေးက မသိန်းတင် အိမ်မှာပဲ နေတာလား၊ ဘုန်းကြီး ဆွမ်းခံကြွရင်တော့ ဒီကလေးကို မတွေ့မိဘူးကွယ့်"

"ကလေးက အရွယ်လေးနဲ့မလိုက်အောင် အလုပ်လုပ်ရရှာတယ် ဘုရား၊ ဒီဘက်ရွာက အလုပ်တွေတင် မဟုတ်ဘူး၊ တခြားရွာတွေက ခိုင်းစရာရှိလို့လာခေါ်လည်း သွားလုပ်ရတာဆိုတော့ အိမ်မကပ်နိုင်ဘူးပေါ့၊ သူ့ခမျာ အသက်သာ





၉ နှစ်ရှိရော ကျောင်းမှ မနေရသေးတာ ဘုရား၊ တပည့်တော်ကတော့ ဒီကလေးကို ဘုန်းဘုန်းဆီမှာ အပ်ဖို့ လာခဲ့တာပါ ဘုရား၊ ဘုန်းဘုန်း လက်ခံရင်တော့ ဒီကလေးအတွက် စိတ်အေးရမှာပါ ဘုရား ..."

သျှောင်ပေစူးလေးကတော့ ဒကာထွန်းအေး လျှောက်တင်တာတွေကို စိတ်မဝင်စားနိုင်ဘဲ ရှေ့မှာချထားသည့် ပန်းကန်နှစ်ချပ်ကိုသာ ပြူးစိုက်ကြည့်နေပါသည်။ စားချင်လှပြီ။ ဦးလေးထွန်းကလည်း စမရိုက်သေးတော့ ခက်သားကလား။

သျှောင်ပေစူးလေးခမျာ ဗိုက်ကလည်း ဆာလှတာမို့ ဘုန်းကြီးနှင့် ဒကာကို တစ်လှည့်စီ ကြည့်လိုက်ပြီး ထန်းလျက်တစ်ဆုပ်နှင့် ငှက်ပျောသီးတစ်လုံးကို ဆတ်ခနဲ လှမ်းနှိုက်လိုက်ပါသည်။

"ဟဲ့ ... ကလေး ငြိမ်ငြိမ်နေစမ်းပါ"

"သူ့ခမျာ ဗိုက်ဆာလို့နေမှာပါ ဒကာရယ်၊ စားပါစေ ...၊ ကလေးဆိုတာ ဒီလိုပဲပေါ့၊ စား ... စား ... ကလေး စား၊ ဘုန်းကြီးကို မကြောက်နဲ့ ...၊ ဘုန်းကြီ မဆူပါဘူးကွယ့်"

ဘုန်းကြီးက ထန်းလျက်ပန်းကန်နှင့် ငှက်ပျောသီးပန်းကန်ကို ရှေ့တိုးပေးလိုက်ပါသည်။

ဒကာထွန်းအေးက သက်ပြင်းချရင်း ...

"အဲ့ဒါသာကြည့်ပါတော့ ဘုန်းဘုန်းရယ်၊ ကလေးက အစားတောင် ဝဝလင်လင် စားရရှာတာမဟုတ်ဘူး၊ ကလေးဆိုတာ အစားမက်တယ်မဟုတ်လား၊ အစားမက်တဲ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ချင်းတူရင်တောင် သူကပိုမက်တာဘုရား၊ အစားအသောက်များတွေ့ရင် ငမ်းငမ်းတက်ပါပဲ ဘုရား၊ ခုလည်း ဘုန်းဘုန်းဆီမှာနေရင် အစားကောင်းကောင်း စားရမှာဆိုလို့ တက်တက်ကြွကြွ လိုက်လာတာ ...”

“အိမ်း ... ကလေးက ချစ်စရာ သနားစရာလေးပါကွယ်၊ ကလေးအတွက် ဘာမှမပူပါနဲ့၊ ဘုန်းကြီး ခေါ်ထားပါ့မယ်၊

“ကျေဇူးတင်လိုက်တာ ဘုန်းဘုန်းရယ်၊ တပည့်တော်မှာလည်း ဒီကလေးကို သနားပေမယ့် ကိုယ့်စီးပွားရေးက ပြေလည်လှတာ မဟုတ်တော့ တစ်ဝမ်းတစ်ခါးကို တာဝန်ယူဖို့ ခက်တယ် ဘုရား ...”

“ဒါပေါ့ကွယ် ...၊ ခုလို စာနာစိတ်လေးနဲ့ ဘုန်းကြီးဆီခေါ်လာပေးတာပဲ တော်လှပါပြီ၊ ကဲ ... ကဲ ... ကလေးလာခဲ့၊ ရှေ့တိုးခဲ့စမ်း ...”

ဘုန်းကြီးက လက်ရပ်ခေါ်လိုက်တာမို့ သျှောင်ပေစူးလေးက လက်ထဲက ထန်းလျက်ဆုပ်နှင့် ငှက်ပျောသီးကို ပန်းကန်ထဲ ပြန်ထည့်လိုက်ပြီး လက်နှစ်ဖက်ကို ဘောင်းဘီတိုလေးမှာ တဖတ်ဖတ် ကပ်သုတ်လိုက်ပါသည်။ ပြီးမှ ဒူးခေါင်းလေး ထောက်ကာ ထောက်ကာဖြင့် ဘုန်းကြီးရှေ့ တိုးသွားပြီး ဒူးတုပ် လက်အုပ်ချီ၍ မျက်လုံးမှိတ်လျက် ပါးစပ်က အသံမထွက်ဘဲ လှုပ်ရှုလှုပ်ရှု ရေရွတ်နေပါသည်။

ဘုန်းကြီးက ကလေးကို ပြုံးကြည့်ရင်း ...

“ဘာတွေ ရွတ်နေတာတုန်း ဒကာလေးရဲ့”





“ဘုရားစာ ဘုရား ...”

“ဘာ ဘုရားစာတုန်း ...”

“ဘုရားစာ ဘုရား ...”

“အေးလေ ... ဘာဘုရားစာလဲ မေးနေတာ”

“ဘုရားစာဆိုမှ ဘုရားစာပေါ့ ဘုရား ...”

“ဟေ ...”

“ဘုန်းကြီးရှေ့ရောက်ရင် လက်အုပ်ချီ၊ မျက်လုံးမှိတ်ပြီး ဘုရားစာ ရွတ်ရတယ်လို့ ကြားဖူးလို့ ဘုရားစာ ရွတ်နေတာပါ ခင်ဗျာ၊ အဲ ... ဘုရား ...”

“ဒီလိုဆို မင်းက ဘုရားစာ ဘုရားစာလို့ ရွတ်နေတာလား”

“အင်း ...၊ အဲ ... မှားလို့၊ ဟုတ်ကဲ့ ... မှန်ပါ့ ဘုရား ...”

“ဟိ ဟိ ခွိ ...”

ဦးထွန်းအေး နောက်နားမှာ လာထိုင်နေသော ဖိုးသူတော်လေးက သျှောင်ပေစူးလေးရဲ့ အူကြောင်ကြောင်ပုံစံကို လှမ်းကြည့်ရင်း တခွိခွိရယ်၏။

သျှောင်ပေစူးလေးက လက်အုပ်ချီထားရင်း မျက်လုံးမဖွင့်ဘဲ ဘုန်းကြီးမေးသမျှ ပြန်ဖြေနေတာမို့ ဒကာထွန်းအေးက ပြုံးစိစိ ဖြစ်လာပါသည်။

ဘုန်းကြီးက ရယ်ချင်သော်လည်း ဣန္ဒြေထိန်းကာ

“ကဲ ... ကဲ ... မျက်လုံးဖွင့်တော့ ...၊ ဘုရားစာလို့လည်း မရွတ်နဲ့တော့၊ ဘုန်းကြီးမေးတာပဲ ဖြေ၊ ကြားလား ...”

“ဟုတ်ကဲ့ ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ ဘုရားလို့ ပြောရတယ် ကောင်လေးရဲ့ ..."

ဒကာထွန်းအေးက ဝင်ပြောတော့မှ သျှောင်ပေစုံ လေးက ခေါင်းညိတ်ကာ ...

"တင်ပါ့ ဘုရား ..."

"ဒကာလေး နာမည်က ဘယ်သူတုန်းကွယ့်"

"ကျော်ဟိန်းပါ ဘုရား ..."

"ဟော ..."

"ဦးထွန်း ... ဘုန်းဘုန်းက နားလေးလားဟင်"

"တယ် ... ဒီကောင်လေး"

"ဘယ့်နှယ် ... နာမည်က ကျော်ဟိန်းဖြစ်ရတာတုန်း"

"သူ့အဖေက မင်းသားကျော်ဟိန်းကို အရမ်းကြိုက်တာနဲ့ သူ့ကိုမွေးတော့ အလွယ်တကူ ကျော်ဟိန်းလို့ခေါ်ရင်းနဲ့ ဒီနာမည်ပဲ တွင်နေတော့တာပါ ဘုရား ..."

"နာမည်တစ်လုံးကို ဘာဖြစ်လို့ ဒီလောက် အလွယ်တကူ မှည့်ကြတာလဲကွယ်၊ လူဆိုတာ ဒီနာမည်တစ်လုံးနဲ့ မသေ မချင်း လူလုပ်ရတာကွယ့်၊ သူများတကာ လှောင်ပြောင် ချင်စရာ နာမည်မျိုးကို မပေးရဘူး၊ မိခွေးတို့ မောင်ခွေးတို့ ကြွက်နီတို့ ဝက်မတို့ စာကလေးတို့လို့ တိရစ္ဆာန်နာမည် မျိုးကိုလည်း မပေးရဘူး၊ တိရစ္ဆာန်ထက်မြင့်တဲ့ လူ့ဘဝကို ရလာရက်သားနဲ့ တိရစ္ဆာန်နာမည်ပေးတော့ ကိုယ့်ဘဝကိုယ် ဆွဲနှိမ့်ချသလိုပေါ့ကွယ်၊ တချို့ အဲ့ဒီနာမည်မျိုးတွေ ပေးထား တာရှိတယ်၊ အဲ့ဒါမျိုးကို ဘုန်းကြီးတော့ မကြိုက်ဘူးကွယ့်၊





"ပြီးတော့ ရှိသေးတယ်၊ 'အကြီးမ' တို့ 'အငယ် ကောင်' တို့ 'အလတ်ကောင်' တို့ဆိုတာတွေလေ ... မွေးချင်း အမှတ်စဉ်အလိုက် ပေးထားကြတာ၊ ဒါလည်း မဖြစ်သင့် ဘူး၊ လူတစ်ယောက်လုံး ဗိုက်ထဲမှာ ကိုးလ ဆယ်လ လွယ် ထားပြီးကာမှ ဒီနာမည်လေး ပေးဖို့ကျမှ ဘာဖြစ်လို့ ခက်ခဲ နေကြတာလဲ၊ မိဘတွေဟာ ကိုယ့် သား သမီး နာမည်ကို တန်ဖိုးထားပြီး ကောင်းကောင်းမွန်မွန် ပေးသင့်ကြပါတယ် ကွယ် ...၊

"ကဲ ... ကဲ ... ဒကာလေးကို ဘုန်းကြီးကပဲ နာမည် အသစ် ပေးလိုက်ပါ့မယ်၊ ဘာနေ့သားတုန်းကွယ့် ..."

"ဟို ... သောကြာလို့တော့ ပြောသံကြားဖူးတယ် ဘုရား"

"သောကြာ၊ အိမ်း ... သောကြာဆိုတော့ သီလလုံလို့ ပေး လိုက်မယ်၊ နာမည်ဆိုတာ ကောင်းမွန်တဲ့ အဓိပ္ပာယ်လေး လည်း ရှိရတယ်၊ သီလလုံဆိုတာ အကျင့်သီလကို လုံလုံ ခြုံခြုံ ထိန်းသိမ်းရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲကွယ့်၊ သူများ အသက်ကို မသတ်ရဘူး၊ သူတစ်ပါးဥစ္စာပစ္စည်းကို မခိုးရ ဘူး၊ သူတစ်ပါးအကျိုး ပျက်ပြားအောင် မလိမ်ရဘူး၊ သူ တစ်ပါး အိမ်ရာကို မပစ်မှားရဘူး၊ အရက်သေစာမသောက် စားရဘူး၊ အဲ့ဒီ ငါးပါးသီလကို လုံခြုံရမယ်၊ ရိုးသားရမယ်၊ ကတိသစ္စာ တည်ရမယ်၊ သီလလုံဆိုတဲ့ နာမည်နဲ့လိုက်ဖက် အောင် ကျင့်ကြံနေထိုင်ရမယ် ... ကြားလား ကလေး ..."



www.burmeseclassic.com

www.burmeseclassic.com



ချောင်ပေစူးလေးက ဘုန်းကြီးကို မမိုတ်မသုန်ကြည့်နေရာက မျက်တောင်လေး တဖျတ်ဖျတ် ခတ်လိုက်ရင်း ...

"ဟို ... ကျွန် ... ကျွန်တော် ..."

"တပည့်တော်လို့ ပြောလေ ..."

ဦးထွန်းအေးက ဝင်ထောက်ပေးတော့မှ ...

"တပည့်တော် ဟိုတစ်ခုတော့ မလုံဘူး ဘုရား"

"ဟေ ... ဘယ်တစ်ခုတုန်း"

"သူများအိမ်ရာကို တပည့်တော် ခဏ ခဏ ပစ်မှားမိပါတယ် ဘုရား"

"ဟေ ... ဘယ့်နယ် ..."

ဘုန်းကြီးခမျာ မျက်လုံးပြူးသွားရရှာပါသည်။ ဦးထွန်းအေးကတော့ ကြိတ်ရယ်ရင်း ဒီကလေး ဘာပြောမလဲဟု စောင့်ကြည့်နေသည်။

"မင့်စကား ကြားရတာ ရင်ထိတ်လိုက်ပါဘိတော့ကွယ်၊ ဘယ်လိုများ ပစ်မှားမိတာတုန်းကွယ့်၊ မင်းနယ် ခဏခဏတောင် ပစ်မှားမိသတဲ့လား ..."

"တင်ပါ့ ဘုရား၊ တပည့်တော် အဖေ ဆုံးသွားကတည်းက တပည့်တော်မှာ နေစရာအိမ်မရှိတော့ ဟိုလူ့အိမ် တက်နေလိုက်၊ ဒီလူ့အိမ် တက်နေလိုက်နဲ့၊ နောက်ဆုံး ကြီးဒေါ်သိန်းအိမ် တက်နေလိုက်ရပါတယ် ဘုရား၊ ကိုယ့်အိမ်မဟုတ်ဘဲ တပည့်တော် တက်နေမိတဲ့ အိမ်တွေက အများ





ကြီး ဖြစ်နေလို့၊ ဒီတစ်ခုတော့ တပည့်တော် မလုံပါဘူး ဘုရား ..."

"ဪ၊ အိမ်း ... အိမ်း ... ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးကွယ်"

ဒီတစ်ပါးကို ဘယ်လိုရှင်းရမယ်မသိအောင် ဖြစ်ရှာသော ဘုန်းကြီးအဖြစ်ကြောင့် ဦးထွန်းအေးက ပါးစပ်ကို ပိတ်ကာ ခွိခနဲ တစ်ချက်ရယ်လိုက်ပြီးမှ အမြန် မျက်နှာပိုးသပ်ရသည်။

"ကိုင်း ... ကိုင်း ... ဒီတစ်ပါးသီလအကြောင်းတော့ မင်းကြီးလာမှ သေသေချာချာ ရှင်းပြပါ့မယ် မောင်သီလလုံရယ်၊ ခုလောလောဆယ်တော့ ကိုယ့်မှာ အိမ်မရှိလို့ သူများအိမ်မှာ ခဏနေမိတာ အပြစ်မဟုတ်ဘူးဆိုတာကိုသာ မှတ်ထားလိုက်ပါတော့ကွယ်၊ ဘုန်းကြီးဆီမှာ လိမ်လိမ်မာမာနေ၊ ဘုန်းကြီးက မင်းကို ပညာသင်ပေးမယ်၊ ကျွေးမွေးစောင့်ရှောက်မယ် ... ကြားလား၊ ကဲ ... ဒကာ၊ သီလလုံကို ဘုန်းကြီးဆီမှာ ထားခဲ့တော့ ... ဟုတ်ပြီလား"

"ကျေးဇူးတင်လှပါတယ် ဘုရား ..."

"ဒါ ... ဒါဆို တပည့်တော် ဒီထန်းလျက်နဲ့ ငှက်ပျောသီးတွေ အကုန်စားလို့ရပြီလား ဘုရား ..."

"ရတယ် ... ရတယ် ... စား၊ ထမင်းစားချင်ရင်လည်း ကပ္ပိယကြီးဆီမှာ တောင်းစား"

သီလလုံက တက်ကြွရွှင်လန်းသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟီဟီး ... ပျော်လိုက်တာ ...၊ ဦးလေးထွန်း ကျွန်တော် ဘုန်းဘုန်းနဲ့ပဲ နေခဲ့တော့မယ်နော်"

ဘုန်းကြီးက ထန်းလျက်ခဲ တစ်ဆုပ်ကို အားရပါးရ လှမ်းနိုက်လိုက်သော သီလလုံကလေးကို ပြုံးကြည့်ရင်း ဆွမ်းစား ချိန်ရောက်ပြီမို့ ဆွမ်းစားဆောင်သို့ ထွက်ကြွသွားလေသည်။

◎ ◎ ◎



✤ ✤ ✤

"ဆွမ်းတော်ဖျို့ ..."

"နောင် ... ဝေ ... ငွေ ..."

သီလလုံက ကြေးစည်လေးကို ရိုက်ရင်း ရှေ့ကနေ အော်သည်။ ဖိုးသူတော်လေး 'ဒီပ' နှင့် ဘုန်းကြီးကျောင်းသား 'အောင်ချို' က ဆွမ်းတောင်းနှင့် ဝတ်ခွက်များကို ထမ်းပိုးဖြင့် ရှေ့တစ်ယောက် နောက်တစ်ယောက် လျှိုထမ်းလာသည်။ သူတို့ နောက်မှာတော့ အရပ်ရှည်ရှည်ကိုင်းကိုင်း ကိုရင်ကြီးတစ်ပါး ကြွ လာပါသည်။

အိမ်တစ်အိမ်မှ အပျိုကြီးတစ်ယောက်က ဆွမ်းထွက် လောင်းရင်း ...

"ဒီနေ့ ဘုန်းဘုန်း ကြွမလာဘူးလား သီလ"

"ဘုန်းဘုန်း ဖူးနာနေလို့ မကြွနိုင်ဘူးခင်ဗျ၊ ဖူးနာပေမယ့် ဆွမ်းတော့ ဘုဉ်းပေးနိုင်တယ်ဗျ၊ ဘုန်းဘုန်း မကြွလို့ဆိုပြီး လျှော့တော့ မလောင်းနဲ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟဲ့ ... သီလရဲ့၊ ဘုန်းကြီး ဆွမ်းကျန် ကွမ်းကျန်တွေ နင် များများမကျိတ်ရမှာစိုးလို့ ပူနေတာမဟုတ်လား၊ မသိရင်ခက်မယ်"

"ဟဲ ... ဟဲ ..."

မျက်နှာချိုချိုနှင့် လူချစ်အောင်နေတတ်သော သီလလုံကို ရွာကလူတွေကလည်း ချစ်ခင်ကြပါသည်။ ဘုန်းဘုန်းက နာမည်ပြောင်းပေးလိုက်တာမို့ ခုတော့ 'ကျော်ဟိန်း'ဟု ဘယ်သူမှ မခေါ်ကြတော့ဘဲ 'သီလလုံ' ဟုသာ တွင်လာပါသည်။

သီလလုံကလေးဟာ အရွယ်နှင့်မလိုက်အောင် လိမ္မာသိတတ်ပြီး လူချစ်လူခင်များသလောက် ဖိုးသူတော်ဒီပနှင့် ဘုန်းကြီးကျောင်းသား အောင်ချိုတို့ကတော့ အင်မတန် လူလည်ကျတတ်ကြသူများပင် ...။

ထမ်းပိုးကို ရှေ့ကနေ ထမ်းလာသော ဒီပက 'ဆွမ်းတော်ဖိုး'ဟစ်နေသော သီလလုံကို ခြေထောက်ဖြင့် လှမ်းကန်လိုက်ရင်း ...

"ဟေ့ကောင် ... ရှေ့ကနေ ကော့တော့ ကော့တော့နဲ့ အော်ကောင်းတိုင်း အော်မနေနဲ့ဦး၊ လာခဲ့ ... မင်း တစ်လှည့် ဝင်ထမ်းဦး၊ ဒီမှာ လေးလှပြီ ..."

"ခုလေးပဲ ထမ်းလိုက်သေးတာလေ၊ မင်းထမ်းတာ ဘယ်လောက်ကြာသေးလို့လဲ၊ တစ်ယောက်တစ်လှည့်စီ ထမ်းနေတာပဲဟာ၊ ရွာအနောက်ဘက်ကို ပတ်တော့မှ အောင်ချို





တစ်လှည့် ဖိုးဟစ်ရမှာ၊ အဲ့ဒီတော့မှ အောင်ချိုအစား ငါ ဝင်ထမ်းမှာပေါ့ ..."

"ငါက အခု ခြေထောက်နာနေတာ၊ ငါ အရင်ဖိုးဟစ်မယ်"

"ဟမ် ... မင်းခြေထောက်က အကောင်းကြီးပါ"

"အထဲက နာနေတာ အပြင်က ဘယ်မြင်ရမလဲကွ၊ အား ခြေထောက်နာလို့ သေတော့မယ်၊ အား ... လားလား"

ဒီပက ထုံးစံအတိုင်း လူလည်ကျကာ ခြေထောက်ကို ထော့နင်း ထော့နင်း လုပ်ပြလိုက်သည်။ ခပ်ရှိုးရှိုး ခပ်နုံနုံ ကိုရင်ကြီးက ဒီပကို လှမ်းကြည့်ရင်း ...

"အဟမ်း ... အဟမ်း ... သူတော် လူလည်မကျနဲ့၊ ဘုန်းကြီးနဲ့ ပြန်တိုင်လိုက်မယ်"

"ကိုရင်ကြီးကလည်း ..."

သူတော်က ခပ်တိုးတိုး ရေရွတ်ပြီး ငြိမ်သွားသည်။

သူတော်က သီလလုံကို မနာလိုဖြစ်တတ်သူပင်။ ဘုန်းကြီးဟာ သီလလုံကို အရေးပေးဂရုစိုက်လွန်းသည်ဟု ထင်သည်။ သီလလုံကလည်း ဘုန်းကြီးကို ဖားလွန်းသည်ပင် ...။

ကျောင်းကို ရောက်လာကတည်းက သီလလုံဟာ အမြင်ကတ်စရာ ကောင်းလောက်အောင် လိမ္မာသည်။ ဘုန်းကြီးက ပထမတစ်နှစ်တော့ သီလလုံကို ဘုန်းကြီးကျောင်းမှာပဲ စာသင်ပေးသည်။ နောက်တော့ သီလလုံကို ဉာဏ်ကောင်းသည်၊ ကြိုးစားသည်ဟု ချီးမွမ်းကာ ရွာ၏ မူလတန်းကျောင်းမှာ ကျောင်းထားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီလလုံက ကျောင်းတက်သော်လည်း ကျောင်းဝေယျာဝစ္စကို မလစ်ဟင်းစေရပါ။ မနက်ဆို အစောကြီးထပြီး ဘုန်းကြီးကို အရုဏ်ဆွမ်းကပ်၊ ပန်းကန်ခွက်ယောက်တွေ ဆေးကြော၊ ပြီးရင် ကျောင်းဝန်းထဲကို တံမြက်လှည်းလိုက်သေးသည်။ ဘုန်းကြီးကျောင်းရဲ့ ပျဉ်းကတိုးကြမ်းပြင်တွေကို လက်လက်ထနေအောင် အမြဲတိုက်သူကလည်း သီလလုံပင် ...။ သူတော်နှင့် အောင်ချိုတို့ကတော့ အလုပ်ဆို ခိုနိုင်သလောက် ခိုပြီး အစားဆိုရင်တော့ စားနိုင်တာထက် ပိုစားလိုက်ချင်သူများပင် ...။

သီလလုံက ကျောင်းတစ်ဖက်နှင့်မို့ ကျောင်းပိတ်ရက်ကျမှသာ ဆွမ်းခံကြွသည့်နောက်သို့ လိုက်ရသည်။ ဒါကို နေ့တိုင်း ဆွမ်းခံကြွရသော သူတော်တို့က သိပ်မကြည်ချင်။

"အမလေး ... မောတယ် မောတယ် ... ရွာထိပ်မှာ ခဏနားမယ်ဟော့ ..."

ရွာတစ်ပတ် ဆွမ်းခံကြွပြီး ကျောင်းသို့အပြန်လမ်းမှာ သူတော်က အော်ဟစ်ညည်းညူလိုက်ရင်း ဆွမ်းတောင်းကို သစ်ပင်ရိပ်မှာ ချလိုက်သည်။ ပြီးတော့ ကိုရင်ကြီးကို လှည့်ကြည့်လိုက်ရင်း ...

"ကိုရင် ... ကျောင်းကို အရင်ကြွနှင့်တော့ ဘုရား၊ တပည့်တော်တို့ ခဏနားပြီး လိုက်ခဲ့ပါ့မယ် ..."

ကိုရင်ကြီးက ခေါင်းညိတ်ပြပြီး ငိုက်စိုက် ငိုက်စိုက်နှင့် ဆက်ကြွသွားသည်။ ရှေ့လမ်းချိုးမှာ ကိုရင်ကြီး ပျောက်ကွယ်





သွားသည်နှင့် သူတော်က ဆွမ်းတောင်းပေါ်က အကြော်ထုပ်ကို ဆတ်ခနဲ နှိုက်ယူလိုက်ပြီး ...

"အောင်ချို ... ရော့ ... မင်း တစ်ခုယူ၊ ရော့ ... သီလ မင်း တစ်ခုစား၊ ငါက နှစ်ခုစားမယ်"

အောင်ချိုက မျက်မှောင်တွန့်ကာ ...

"မင်းကျတော့ ဘာလို့ နှစ်ခုတောင် စားလဲ"

"ငါက ဒီကိစ္စကို ဦးဆောင်တဲ့သူလေ၊ ခေါင်းဆောင်ဆိုတာ သူများထက် ပိုပြီး စွန့်ရတဲ့အတွက် သူများထက်ပိုပြီး စားရတယ်ကွ၊ မသိရင်မှတ်ထား ..."

"ဟော့ကောင်တွေ မင်းတို့ မဟုတ်တာမလုပ်နဲ့၊ ခုပြန်ချထား ..."

သီလလုံက ဝင်တားတော့ ဒီပက ပခုံးတွန့်ကာ ...

"ဘာတွေ လာပြောနေတာလ၊ စားမှာဖြင့် စား၊ မင်း ဗိုက်မဆာဘူးလား"

"ဆာတော့ ဆာတာပေါ့ကွ၊ ဒါပေမယ့် ဘုန်းကြီးဖို့ လှူလိုက်တဲ့ဟာကို ဦးဦးဖျားဖျား ယူစားစရာလား၊ ဒါ ရွာလယ်အကြော်တဲက ကြီးတော်အေးလှ လှူလိုက်တာ၊ သူ့ခမျာ မရှိတဲ့အထဲက လှူရတာ၊ မင်းတို့ယူစားရင် မင်းတို့ပဲ ငရဲကြီးမှာ ..."

"ဟော့ကောင် ... ဆရာလာမလုပ်နဲ့၊ ငါတို့ ဒီလိုပဲ ယူစားနေကျ ..."

"အဲ့ဒါ ယူစားတာမဟုတ်ဘူး၊ ခိုးစားတာ၊ ဘုန်းကြီး မသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် နိုးစားတာ၊ သူများပစ္စည်းကို မခိုးရဘူးလို့ ဘုန်းကြီး သင်ထားတာ မင်းတို့ မမှတ်ဘူးလား၊ မင်းတို့တော့ သီလ ကျိုးပြီ ...”

“မင်းပဲ နာမည်နဲ့လိုက်အောင် သီလလုံတော်မူပါ သီလလုံ ရယ်၊ ငါတို့ကတော့ ကျိုးနေကျ၊ ရိုးနေပြီ ...”

“ဟော့ကောင်တွေ မင်းတို့ ကတိမပျက်နဲ့လေကွာ၊ ဟိုတစ် ပတ်ကပဲ ဘုန်းကြီး ကျက်သရေခန်းထဲက မုန့်တွေ မင်းတို့ ခိုးစားလို့ ဘုန်းကြီးက ခေါ်ဆုံးမထားတယ် မဟုတ်လား၊ အဲ့ဒီတုန်းကတော့ နောက်မခိုးတော့ပါဘူးလို့ ကတိပေးထား တာ ငါကြားလိုက်ပါတယ် ...”

“ကတိကတော့ ဒီလိုပဲ ပေးနေကျပဲဟာ၊ ပြီးရင်လည်း မေ့သွားတာပဲဟာ၊ ဘယ်တုန်းက ဘာကတိပေးမိတယ်ဆို တာတောင် မမှတ်မိတော့ပါဘူး”

“မင်းတို့ ဒီလိုတော့ မလုပ်ကြပါနဲ့ကွာ၊ ဘုန်းကြီးကျောင်း အရိပ်ကို ခိုပြီး ဆွမ်းကျန်စားနေတဲ့သူဆိုတာ အနည်းဆုံး တော့ ငါးပါးသီလ လုံသင့်ပါတယ်ကွာ ...”

သီလ နားချသော်လည်း ဒီပက အကြော်ကို ကိုက် စားလိုက်ရင်း ...

“ကဲ ... ဒီတစ်ခု မင်းမစားလည်း အောင်ချို့ပဲ ကျွေးလိုက် တော့မယ်၊ ရော့ ... စား”

အောင်ချိုက အကြော်ကို ဆတ်ခနဲ လှမ်းယူကာ အငမ်းမရ စားလိုက်သည်။





ဒီပက သီလကိုကြည့်ကာ မဲ့ရွဲ့လိုက်ရင်း ...

“သီလ ... မင်း သူတော်ကောင်းကြီးပုံစံ ဖမ်းဖမ်းနေတာကို ငါ ကြည့်မရတော့ဘူး”

“ငါက ဘုန်းကြီးစကားကို နားထောင်တာပါ ဒီပ၊ ငါ ဘုန်းကြီးဆီ စရောက်လာတဲ့နေ့က ဘုန်းကြီး ဆုံးမလိုက်တဲ့ စကားတွေကို ငါ ခုထိ မမေ့ဘူး”

“မင်းက မှတ်ဉာဏ်ကောင်းတာကိုး၊ ငါတို့ကတော့ ဉာဏ် ထိုင်းတယ်၊ ခုပြောလည်း ခဏကြာရင် မေ့ရောကွ၊ ဟဲဟဲ”

“ဘုန်းကြီးက နေ့ဆွမ်းကို အကြော်နဲ့ မဘုဉ်းပါဘူး သီလရ၊ ပြီးကျတော့လည်း ငါတို့စားရမှာပဲဟာ၊ အရင်စား မိတာနဲ့ နောက်ကျမှ စားရတာပဲ ကွာတာပါ”

“ဟ ... အဲ့ဒီလိုလုပ်လို့ ရမလားကွ၊ ဦးဦးဖျားဖျား ခိုးစား တာက ခိုးစားတာပဲ၊ ငါ ဘုန်းကြီးနဲ့ ပြန်တိုင်ပြောမယ်”

“မတိုင်ပါနဲ့ကွာ ...၊ ဘယ်သူမဆို အစားမက်ကြတာပဲဟာ၊ မင်း အရင်ကဆို ငါစားတာကိုတောင် မျှော်ကြည့်ပြီး သွား ရည်ကျနေတဲ့ကောင်ပါ၊ မင်းရော အစားမမက်လို့လား ...”

“ငါက အစားမက်ပေမယ့် မင်းတို့လို ခိုးတော့မစားဘူး၊ ဘုန်းကြီးစားခိုင်းမှ စားတာ၊ ဗိုက်ဆာရင် တောင်းစားလိုက် မယ်၊ ခိုးတော့မခိုးဘူး”

“ငါလည်း ဘုန်းကြီးဆီက တောင်းစားမလို့ပါပဲ၊ ဘုန်းကြီး က ကျောင်းမှာဆိုတော့ လှမ်းတောင်းလည်း မကြားမယ့်



www.burmeseclassic.com

www.burmeseclassic.com



အတူတူ စိတ်ထဲကပဲ စွန့်ကြပါဘုရားလို့ တောင်းစားလိုက်တာ"

"မင်း လူလည်မကျနဲ့၊ ငါကတော့ ဘုန်းကြီးနဲ့ ပြန်တိုင်မှာပဲ ..."

"မင်းတိုင်ရင် ငါလည်း တိုင်မှာပဲ ..."

"ငါ့မှာ မင်းတို့တိုင်လောက်စရာ ဘာမှမရှိဘူး"

"ရှိတာပေါ့၊ ဆွမ်းထွက်ထွက်လောင်းတဲ့ ဟိုအပျိုကြီး မစိမ်းမေကို မင်း ပိုးနေတာ"

"ဟာ ... မဟုတ်ကဟုတ်က၊ ငါ့အသက်က ခုမှ ၁၃နှစ်ကွ၊ ကလေးပဲရှိသေးတာ မဟုတ်တာ လာမပြောနဲ့ ..."

"၁၃ နှစ်ဆိုတာ ကလေးလားကွ၊ သူ့တွေ့ရင် မင်းပါးစပ်ကြီးက နားရွက် တက်ချိတ်တော့မယ်၊ တဟဲဟဲနဲ့ ..."

"အစ်မကြီးအရွယ်မို့လို့ ခင်တာကွ၊ မင်းတို့ ပေါက်ကရပြောတာ မိုးကြိုးပစ်ခံရလိမ့်မယ်"

သီလက သူတို့နှင့် ဆက်မပြောချင်တော့တာမို့ ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်ထွက်လာသည်။ အောင်ချိုတို့က တဟီးဟီး တဟားဟား ရယ်ကျန်ခဲ့သည်။

သီလက သူတော်တို့ကြောင့် မကြာခဏ စိတ်ဆင်းရဲရပါသည်။ သူတော်ရော အောင်ချိုပါ ငါးပါးသီလ မလုံကြ ...။ နှစ်ယောက်လုံးက အိုင်တွေ့ရင် ငါးဖမ်းမယ်၊ ငှက်တွေ့ရင် လေးခွနဲ့ ဆော်မယ်၊ ဗိုက်ဆာရင် ခိုးစားမယ်ဆိုတဲ့ လူစားတွေ။ ဒီကောင်တွေ





ကို ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ် ...။ ဘုန်းကြီးကိုတိုင်မှ ဖြစ်မည်ဟု စဉ်းစားကာ ကျောင်းကို ခပ်မြန်မြန် ပြန်လာခဲ့သည်။

ကျောင်းရောက်တော့ ဘုန်းကြီး ဒကာ ဒကာမတွေ အများကြီး ရောက်နေတာတွေ့တာမို့ တိုင်ဖို့အခွင့်မသာ။ ဘုန်းကြီးက ဒကာတွေနှင့် စကားပြောနေတာ တော်တော်ကြာလာသည်။

သီလက ကျောင်းပေါ်မှပြန်ဆင်းလာကာ ကျောင်းအောက်က အုတ်ဖိနပ်ပေါ်မှာ သွားထိုင်နေလိုက်သည်။ ဒီနေ့မှ ဗိုက်ကလည်း တော်တော်ဆာသည်။ ခဏနေတော့ အောင်ချိုက အနားရောက်လာကာ ...

"သီလ ... ရော့၊ ဒီမှာ မင်းစားဖို့ ကောက်ညှင်းထုပ်၊ ကပ္ပိယကြီး ပေးခိုင်းလိုက်တာ ..."

အောင်ချို လှမ်းပေးနေသော ကောက်ညှင်းထုပ်ကြီးကို လှည့်ကြည့်ရင်း သီလ ဗိုက်က ဂွီဂွီဂွမ်ဂွမ် မြည်လာသည်။ သို့သော် အောင်ချို့ကို မယုံရဲဘဲ ...

"ကပ္ပိယကြီး ပေးခိုင်းတာဟုတ်လို့လား၊ မင်းတို့ ခိုးလာတာ မဟုတ်ဘူးလား ..."

"မဟုတ်ရပါဘူးကွာ၊ မင်းမယုံရင် ကပ္ပိယကြီး ဦးပေသီးကို သွားမေးကြည့်ပါ၊ ဘုန်းဘုန်းက စွန့်ခိုင်းလို့ ဦးပေသီးက ပေးလိုက်တာပါ"

သီလက အောင်ချို့အပြောကို ယုံမိလိုက်ပြီး ကောက်ညှင်းထုပ်ကို နွှာကာ အားပါးတရ ကိုက်စားလိုက်သည်။ အောင်ချို



www.burmeseclassic.com

www.burmeseclassic.com



က မသွားသေးဘဲ သီလ ကောက်ညှင်းထုပ် စားပြီးအောင် ထိုင်စောင့်နေသည်။

သီလက ပုဆိုးခါးပုံစကိုဆွဲကာ ပါးစပ်ကိုသုတ်လိုက်တော့မှ ...

"မင်း စားလို့ပြီးပြီလား"

"အေး ... ပြီးပြီလေ၊ ခုမှ အဆာပြေသွားတော့တယ်၊ ခုန ဗိုက်အရမ်းဆာနေတာ၊ ခုလို သဒ္ဓါကြည်ဖြူပေးကမ်းစာကို စားတော့ အပြစ်ကင်းတာပေါ့ အောင်ချိုရာ၊ မင်း သူတော်ကို သဘောပေါက်အောင် ပြောပြစမ်းပါ"

"အေးပါ ... ပြောပြထားပါ့မယ်၊ မင်းသဘောပေါက်အောင်လည်း ပြောပြစရာရှိတယ်"

"ဘာလဲ ... ပြောလေ"

"မင်း အခု စားလိုက်တဲ့ ကောက်ညှင်းထုပ်က ခိုးရာပါပစ္စည်းပဲ"

"ဘာ ... "

"မင်းတော့ ကြံရာပါဖြစ်ပြီပဲ ... "

"ဟေ့ကောင် ... မင်း ... မင်း ... "

သီလလုံ့မှာ ဗိုက်ထဲရောက်သွားသည့် ကောက်ညှင်းထုပ်ကို ခုပဲ ဖျစ်ညှစ်အော့အန်ထုတ်ရတော့မလို ဖြစ်သွားသည်။ ရင်ဝမှာ တစ်ဆို့ဆို့ဖြစ်လာတာမို့ ကိုယ့်ရင်ဘတ်ကိုယ် လက်သီးဖြင့် တစ်ချက်လှမ်းထုနေဆဲ ...

"ငါတို့ ခိုးလာတဲ့ ကောက်ညှင်းထုပ်ကို မင်းကိုကျွေးပြီး





ငါတို့အဖွဲ့ထဲ သွင်းလိုက်တာလေ၊ မင်း အခု ငါတို့အဖွဲ့ဝင် ဖြစ်သွားပြီ၊ မနက်က အကြော်ယူစားတဲ့ကိစ္စကို မင်း သွားတိုင်ရင် မင်းလည်း ကောက်ညှင်းထုပ် ခိုးစားတယ်လို့ ငါတို့တိုင်လိုက်မှာ ... "

သီလလုံ့မှာ ကိုယ့်ကိုခြိမ်းခြောက်နေသည့် အောင်ချို့ကို တအံ့တဩ မျက်လုံးပြူးကြည့်ရင်း ရင်ထဲမှာ အော်ဂလီဆန်ကာ တကယ်ပဲ အန်ချင်လာပါသည်။

"ဟဲ ... ဟဲ ... ဟဲ ... ခုတော့ မင်း ဘာတတ်နိုင်သေးလဲ သူတော်ကောင်းကြီးရဲ့ ... "

အောင်ချိုက ညစ်ကျယ်ကျယ်ရယ်သည်။

"အော့ ... "

"ဟ ... ဘာဖြစ်တာလဲ"

"ဝေါ့ ... "

"ဟာ ... "

သီလလုံ့မှာ ရုတ်တရက် အော့ခနဲ ဖြစ်လာပြီးနောက် ပါးစပ်ထဲသို့ လက်ထိုး၍ ဝေါ့ခနဲ အန်ချပစ်လိုက်ပါသည်။

"ဟာ ... ဟေ့ကောင် သီလ၊ မင်း ဒါ ဘာလုပ် ... "

"အဟမ်း ... ဟမ်း ... "

သီလလုံက အန်ပြီးတာနှင့် ချောင်းဟန့်ကာ လည်ချောင်းရှင်းပစ်လိုက်ပြီး ...

"အခု ငါ့ဗိုက်ထဲမှာ ခိုးရာပါပစ္စည်း မရှိတော့ဘူး"

"ခု မရှိပေမယ့် စားတုန်းကတော့ စားတာပဲလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မင်းတို့ ညာကျွေးလို့ စားတာဆိုတော့ ငါ့ဘက်က စိတ်ရှင်းတယ်၊ အခု ဗိုက်ထဲမှာလည်း ရှင်းသွားပြီ၊ မင်းတို့ လုပ်ပုံတွေကို ငါ ခုချက်ချင်း သွားတိုင်မယ်"

"ဟာ ... ဟာ ... ဟော့ကောင် သီလ၊ မလုပ်ပါနဲ့ကွာ၊ မတိုင်ပါနဲ့ကွာ ..."

အောင်ချို့က လိုက်ဆွဲသော်လည်း မမီတော့။ သီလလုံ အန်ထားသည့် အပုံကြီးနားမှာ ကြံရာမရ ဖြစ်ကျန်ခဲ့သည်။

မကြာခင် ဘုန်းကြီးက အောင်ချို့နှင့် ဒီပကို အခေါ် လွှတ်လိုက်သည်။

ဗိုက်ပူ ဖင်ကောက်၍ အရပ်ပုသော ဗိုက်ပူ သူတော် ဒီပနှင့် ပိန်တာရိုး အောင်ချို့တို့ နှစ်ယောက်သားမှာ ဘုန်းကြီးရှေ့သို့ ကုပ်ချောင်းချောင်းပုံစံလေးတွေဖြင့် ရောက်လာကြကာ ဘုန်းကြီးကို ပြားပြားဝပ်၍ ကန်တော့လိုက်ကြသည်မှာ ပြန်ကို ထမလာကြတော့။

"ဖြန်း ... ဖြန်း ... ဖြန်း ..."

ဘုန်းကြီးက ကြမ်းပြင်ကို ကြိမ်ဖြင့် တဖြန်းဖြန်း ရိုက်ချလိုက်တော့မှ နှစ်ယောက်လုံး လန့်ဖျပ် ခေါင်းထောင်ထလာသည်။

ဘုန်းကြီးက သူတော့်ကို စိုက်ကြည့်ရင်း ...

"မင်း တယ်မိုက်ပါလား သူတော်၊ မင်း ကြီးတော်က မင်းကို မထိန်းနိုင်တော့လို့ သာသနာ့ဘောင်ထဲကိုပဲ သွတ်သွင်းလိုက်ပါတော့ဆိုပြီး မင်းကို သင်္ကန်းဝတ်ပေးဖို့ ငါ့လာအပ်ထား





တာ ...၊ မင်းက ညစာမစားဘဲ မနေနိုင်ပါဘူးဆိုလို့ ကိုရင် ဝတ်မပေးခင် ဖိုးသူတော် အရင်ဝတ်ပေးထားပြီး မင်းကို ဘုရားကျောင်းကန်နဲ့ နီးစပ်အကျင့်ရအောင် ငါ့ကျောင်းမှာ ထားထားတာ၊ ခုဆို ဖိုးသူတော်ဝတ်နဲ့ နေနေတာ ဘယ် နှနှစ်ရှိပြီလဲ၊ ခုထိကို ကိုရင်ဝတ်ခိုင်းလို့ မရသေးဘူး၊ ရှစ်ပါး ဝေးလို့ ငါးပါးသီလတောင် မင်း မလုံဘူး ...၊

"သီလလုံဆို ကြည့်စမ်း ... ကိုရင်သာ မဝတ်တယ်၊ သီလက ငါးပါးမက လုံတယ်၊ သူ့ကိုသာ သာသနာ့ဘောင် ထဲ သွတ်သွင်းပေးလိုက်ရင် အထူးအထွေ ဘာမှ လေ့ကျင့် သင်ကြားပေးစရာတောင် မလိုတော့ဘူး၊ ခုကတည်းက ဘုန်းကြီးတစ်ပိုင်းဖြစ်နေတာ၊ သူက လောကဓာတ်ကျောင်း ပညာကို စိတ်ဝင်စားလွန်းလို့သာ ပညာသင်ပါစေဆိုပြီး လူဝတ်နဲ့ထားထားတာ ...၊

"သီလလုံက သီလ လုံသလောက် မင်းတို့ကတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ သီလချိုးဖောက်ချင်နေကြတဲ့ သူတွေပဲ ...၊ အခု သီလလုံက မင်းတို့အကြောင်း ငါ့ကို အားလုံး ပြောပြပြီးပြီ၊ မင်းတို့ ကိုယ့်အပြစ် ကိုယ်ဝန်ခံစမ်း"

"ဟို ... ဟို ... အဲ့ဒါက ဒီလိုရှိပါတယ် ဘုန်းဘုန်း"

"ဘယ်လိုရှိသလဲ ... ပြောစမ်း"

"သူ တပည့်တော်တို့ကို မုန်းလို့ တမင် လီဆည်ပြီးတိုင်"

"ဖြန်း ..."

"တိတ်စမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးက ကြမ်းကို ကြိမ်ဖြင့်ရိုက်ကာ တစ်ချက်ခေါက်လိုက်ပြီး ...

"မင်းတို့အပြစ်က ပိုကြီးသွားပြီ၊ ခုနတုန်းက နိုးတဲ့အပြစ် တစ်ခုပဲ ရှိတယ်၊ ခုတော့ လိမ်တဲ့အပြစ်ပါ ထပ်တိုးသွားပြီ၊ သီလလုံကို ဘုန်းကြီးယုံတယ်၊ ဒီကလေးဟာ အင်မတန် အကျင့်ကောင်းတဲ့ ကလေး၊ မင်းတို့အကြောင်းကို တမင် လုပ်ကြံလီဆည်ပြီး တိုင်မယ့်ကလေးမဟုတ်ဘူး၊ မင်းတို့ အပြစ်ကို အခု ဝန်ခံကြစမ်း ..."

"တင် ... တင်ပါ့၊ တပည့်တော်တို့ မနက်က ဗိုက်ဆာလို့ နိုးစားမိပါတယ် ဘုရား"

"အိမ်း ... ဒါတင်ပဲလား"

"ဟို ... ပြီးတော့ ခိုးလာတဲ့ ကောက်ညှင်းထုပ်ကို သူစား အောင် ကပ္ပိယကြီး ပေးလိုက်တာလို့ ညာကျွေးမိပါတယ် ဘုရား"

"ကောင်းပြီ ... အပြစ်ကို ဝန်ခံတဲ့အတွက် နှစ်ချက်ပဲ ရိုက်မယ်၊ ပုဆိုးလှန် ... ဟိုဘက်လှည့်"

အောင်ချိုက သူ့ပုဆိုးလေးကို တုန်တုန်ရင်ရင် လှန်ပေးတော့ အောက်ခံဘောင်းဘီတိုလေး ပေါ်လာသည်။ ဒီပကလည်း သူ့ပိတ်ဖြူစကို အသာလှန်ပေးလိုက်သည်။ ဘုန်းကြီးက ကြိမ်ဖြင့် ခပ်စပ်စပ်လေး နှစ်ချက်ရိုက်ပစ်လိုက်ပြီး ...

"သူတော် ... မင်း လုပ်ပုံနဲ့ ဖိုးသူတော်ဝတ်ဖို့တောင် မတန်





တော့ဘူး၊ မနက်ဖြန်က စပြီး လူဝတ်ပဲ လဲဝတ်လိုက်တော့ ကြားလား ..."

"တင်ပါ့ ..."

"ဘုန်းကြီးဆီမှာနေရင် ငါးပါးသီလလုံအောင် ကြိုးစားကြရမယ်၊ ကြားလား"

"တင်ပါ့ ဘုရား ..."

"ကိုင်း ... သွားကြ ... သွားကြ၊ နောက် ဒါမျိုးကိစ္စ မကြားချင်ဘူး၊ သီလလုံကို အတုယူပြီးနေကြ"

"တင် ... တင်ပါ့ ဘုရား"

ဒီပနှင့် အောင်ချိုက ဘုန်းကြီးပြောသမျှ တင်ပါ့လုပ်ရင်း မလှမ်းမကမ်းမှာ ထိုင်နေသည့် သီလလုံကို ခွေကြည့်ကာ ဘုန်းကြီးမမြင်အောင် မဲ့ရွဲ့လိုက်ကြပါသည်။

ထို့နောက် ကျိန်းစပ်နေသော တင်ပါးနှစ်ဖက်ကို လက်ဖြင့်ပွတ်ရင်း ဘုန်းကြီးရှေ့ကနေ ရှိုရှို့ကုပ်ကုပ်လေး ထထွက်လာကြရသည်။

လှုလိမ္မာမျက်နှာလေးနှင့် ဘုန်းကြီးရှေ့မှာ ထိုင်ကျန်နေခဲ့သော သီလလုံကို မျက်စောင်းတစ်ချက်တော့ ထိုးဖြစ်အောင် ထိုးခဲ့သေးသည်။

သူတော်ကောင်းကြီး လုပ်ချင်လှသော သီလလုံကို လုံးဝ လုံးဝ ကြည့်လို့ကိုမရတော့ပါ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

ထိုနေ့က ဘုန်းကြီးကျောင်းရှေ့မှာ ရပ်ထားသည့် ကားအကောင်းစားကြီးရဲ့ ပတ်ပတ်လည်မှာ ကလေးတွေ ဝိုင်းအုံနေကြပါသည်။

ဒီဘုန်းကြီးကျောင်းကို ဒီလောက်ကောင်းသည့် ကားမျိုး တစ်ခါမှ မလာဖူးတာမို့ ကလေးတွေဟာ ကားနားကကိုမခွာနိုင်တော့ ...။ ကလေးတွေသာမက လူကြီးတွေကလည်း ကားနားမှာ ရစ်သီ ရစ်သီ လုပ်နေကြ၏။ တချို့ဆို မန်းမဝေးက သစ်ပင်ရိပ်အောက်မှာ ထိုင်ကာ တစ်ခါမှမမြင်ဖူးသော ကားသစ်ကြီးကို စိမ်ပြေနပြေ ထိုင်ကြည့်နေကြတာများ နေပူလို့ပူမှန်းပင် မသိ။

သီလလုံကတော့ ကားကြီးကို ကလေးတွေ လက်ဆော့သွားမှာစိုးတာမို့ ရပ်စောင့်ပေးနေပြီးမှ ဘုန်းကြီးကျောင်းပေါ်သို့ တက်လာပါသည်။

ဘုန်းကြီးကျောင်းပေါ်မှာတော့ ဘုန်းကြီးက မြို့က





ရောက်လာသော ဒကာကြီး ဦးအောင်ကိုးနှင့် စကားစမြည် ပြောဆိုနေပါသည်။

"ကျောင်းဆောက်ဖို့အတွက် အလှူငွေကို တပည့်တော် တစ်ယောက်တည်းကပဲ တာဝန်ယူ လှူဒါန်းချင်ပါတယ် ဘုရား၊ တပည့်တော်ရဲ့ ဇာတိရပ်ရွာလေးမှာ လှူချင်တဲ့ ဆန္ဒရှိလို့ ပြန်လာခဲ့တာပါ၊ အသက်ကလေး နည်းနည်းရလာတော့ ဇာတိကို လွမ်းတာလည်း ပါပါတယ် ဘုရား"

"ဒါပေါ့ကွယ်၊ ဘယ်သူမဆို ကိုယ့်ချက်မြုပ် ဇာတိအရပ်ကို မမေ့ကြပါဘူး၊ ခုလို ကိုယ့်ရွာသားက မြို့မှာ တိုးတက်ကြီးပွားနေတယ်ဆိုတော့လည်း ဘုန်းကြီး ဝမ်းသာဂုဏ်ယူရတာပေါ့ကွယ်၊ ဒါနဲ့ ဒကာကြီးတစ်ယောက်တည်း လာတာလား၊ မိသားစုတွေ မပါကြဘူးလား"

"သမီးလေးတော့ ပါပါတယ် ဘုရား"

"ဘယ်မှာတုန်း ..."

"ကားပေါ်မှာ ကျန်ခဲ့ပါတယ် ဘုရား"

"ကျောင်းပေါ် ခေါ်လိုက်လေကွယ် ..."

"ဟို ... သမီးက ခေါ်လို့မရဘူး ဘုရား"

"ဟေ ... ဘာ့ကြောင့်တုန်း"

"ရာသီဥတုပူလို့ ကားပေါ်ကကို မဆင်းဘူး ဘုရား၊ သူက အရမ်းအပူကြောက်လို့ ကားပေါ်မှာပဲ အဲကွန်းဖွင့်ပြီး ထားခဲ့ရတာ ဘုရား၊ သမီးက နည်းနည်းဆိုးပါတယ်၊ သူ့အမေဆုံးကတည်းက တပည့်တော်ရော သူ့အဘိုးကပါ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်ထားမိတော့ ကလေးက ပြောမရ ဆိုမရ ဖွတ်ကျကျလေး ဖြစ်နေတာပါ ဘုရား"

"တဖြည်းဖြည်း ဖျောင်းဖျ ဆုံးမယူရမှာပေါ့ကွယ်၊ ကလေးက ဘယ်အရွယ်ရှိပြီလဲ ..."

"၁၃ နှစ်ပါ ဘုရား"

"ဩော် ... ဩော် ... သီလလုံနဲ့မှ ရွယ်တူပေါ့ ..."

"သီလလုံဆိုတာ ဘယ်သူပါလဲ ဘုရား ..."

"ဘုန်းကြီးရဲ့ သားတပည့်လေးပါကွယ်၊ အင်မတန် လိမ္မာရေးခြားရှိတဲ့ ကလေးလေးပါ၊ ပညာလည်း ကြိုးစားရှာတယ်၊ မိဘမဲ့ကလေးမို့ ဘုန်းကြီး ခေါ်မွေးထားတာ၊ ဟောဟိုမှာ ... သီလလုံ ... လာခဲ့ဦး"

ဘုန်းကြီးက စကားပြောနေရင်းက လေကားထိပ်တံခါးအကွယ်လေးကနေ ချောင်းကြည့်နေသော သီလလုံကို မြင်သွားကာ လှမ်းခေါ်လိုက်သည်။

သီလလုံက လက်ကလေးပိုက်၊ ခါးကလေးကိုင်းကာ လျှောက်လာပြီး ဘုန်းကြီးရှေ့မှာ ပျပ်ပျပ်ဝပ်ဝပ်လေး ထိုင်လိုက်သည်။

ဦးအောင်ကိုးက သီလလုံကို ချစ်ခင်သဘောကျသွားပုံဖြင့် ပြုံးကြည့်ရင်း ...

"ကလေးက လိမ္မာယဉ်ကျေးတဲ့ ပုံစံလေးပဲ၊ ချို့ငဲ့တဲ့ ကလေးများကျတော့လည်း လိမ်လိမ်မာမာနဲ့ စာကြိုးစားလိုက်ကြတာ၊ အိမ်က သမီးကတော့ စာလည်းမကြိုးစား၊





ပြောစကားလည်း နားမထောင်၊ အပျင်းကလည်း သိပ်ကြီးတာ ဘုရား"

ဘုန်းကြီးက ပြုံးလိုက်ရင်း ...

"မင်းနယ် ... ကိုယ့်သမီးကို ဒီလောက်လည်း ချီးကျူးမနေပါနဲ့ကွယ်၊ ဒါနဲ့ သမီးနာမည်က ဘာတဲ့တုန်း ..."

"လှဂုဏ်ကိုးပါ ဘုရား၊ အိမ်မှာတော့ ချစ်စနိုးနဲ့ ကိုးလေးလို့ပဲ ခေါ်ကြပါတယ်"

"နာမည်က လှဂုဏ်ကိုးတဲ့လား၊ မြို့ကနာမည်တွေကတော့ ဆန်းသကွယ် ..."

ဘုန်းကြီးက ဦးအောင်ကိုးနှင့် အတန်ကြာအောင် စကားဆက်ပြောနေကြပြီးမှ သတိရသွားပုံဖြင့် ...

"ဟဲ့ ... ကလေးက ဟိုကားထဲမှာ တစ်ယောက်တည်းလား"

"တင်ပါ့ ဘုရား"

"တစ်ယောက်တည်း အကြာကြီး ပစ်ထားလို့ ရရဲ့လား"

"ရပါတယ် ဘုရား၊ သူ့ဘာသာ ကားထဲမှာ သီချင်းနားထောင်နေမှာပါ"

"ကြာရင် ပျင်းလာမှာပေါ့၊ သီလလုံကို သွားကြည့်ခိုင်းလိုက်မယ်၊ သီလလုံ ..."

"ဘုရား ..."

"ကျောင်းရှေ့မှာ ကားရပ်ထားတာ တွေ့ခဲ့ရဲ့ မဟုတ်လား"

"တင်ပါ့ ...၊ ခုန ကားနားမှာ ကလေးတွေဝိုင်းနေလို့



www.burmeseclassic.com

www.burmeseclassic.com



ကားကို မထိခိုက်မိအောင် တပည့်တော် စောင့်နေပေးပါတယ် ဘုရား"

"အေး ... အဲ့ဒီ ကားထဲမှာ ဒီဒကာကြီးရဲ့ သမီးရှိတယ်၊ ဘာခိုင်းမလဲ မေးပြီး ဘာခိုင်းခိုင်းလုပ်ပေးလိုက် ကြားလား"

"တင်ပါ့ ..."

သီလလုံက ဘုန်းကြီးကို ဦးချပြီး ကျောင်းပေါ်မှ ပြန်ဆင်းလာပါသည်။

ကားထဲမှာ လူရှိနေတယ်တဲ့။ ဘုန်းကြီးက မိန့်လိုက်လို့သာ သိရပေမယ့် ကားထဲကို လှမ်းကြည့်တော့လည်း ဘာမှမမြင်မိပါ။ ကားမှန်အရောင်က အမည်းတွေမို့ပင်။

သီလလုံသည် ကားနားသို့ သတိဖြင့် ချဉ်းကပ်လာပါသည်။ ဟိုဒကာကြီး အဲ ... ဟိုဦးလေးကြီးရဲ့ သမီးကို ဘယ်လိုများ ခေါ်ထုတ်ပြီး မေးရမလဲဆိုတာ စဉ်းစားလို့လည်း မရသေးပါ။

ထိုအချိန်တွင် ကားတွင်းမှာ မုန့်ထုပ်ပေါင်းများစွာကို ဖောက်၍ စားသုံးနေသော လှဂုဏ်ကိုးက ကားနားသို့ ချဉ်းကပ်လာနေသော သျှောင်ပေစူးလေးကို လှမ်းကြည့်ရင်း တခွိခွိရယ်လိုက်ပါသည်။

"ဒီရွာက တောသားလေးတွေကတော့ ဟာသပဲဟေ့ ..."

ဟုလည်း ရေရွတ်လိုက်ပါသေးသည်။

စောစောကတည်းက ကားထဲမှာ ဇိမ်နဲ့နပ်နေရင်း ကားနားသို့ ရောက်လာကြသော လူတွေကို ကြည့်ပြီး ရယ်ရတာ အူတက်တော့မည်။ အပြင်က တောသားတွေဟာ ကားထဲက





လှဂုဏ်ကိုးကို မမြင်ရဘဲ ကားမှန်ကိုကြည့်ကာ အိုက်တင်ထုတ်လိုက်၊ ကားကို ပွတ်ကြည့်လိုက်၊ မှိုကြည့်လိုက်ဖြင့် ရယ်စရာပုံစံတွေ လုပ်နေကြသည်။ ခုလည်း သျှောင်ပေစူးနဲ့ ထူးထူးခြားခြား တောသားတစ်ယောက် ချဉ်းကပ်လာပြန်ပြီ ...။ ဒီတစ်ယောက်ကိုတော့ နည်းနည်းပါးပါး ပညာပြလိုက်ရင် ကောင်းမလားဟု လှဂုဏ်ကိုးက စဉ်းစားသည်။ ထိုအချိန်မှာ သျှောင်ပေစူးက ကားမှန်ကို လက်ဆစ်ဖြင့် ခေါက်လာပါသည်။ ကားထဲမှာ လူရှိတာသိပုံပဲ ...။

လှဂုဏ်ကိုးက ခလုတ်နှိပ်ကာ မှန်ချလိုက်ပြီး ...

"ဘာလဲ ... ဘာကိစ္စ မှန်လာခေါက်တာလဲ"

"ဟို ... ဟိုဟာပါ"

"ဘယ်ဟာလဲ ..."

"ဘုန်းဘုန်းက လွှတ်လိုက်လို့ပါ၊ ဘာခိုင်းမလဲ သွားမေးချေဆိုလို့ ..."

"ခိုင်းစရာမရှိပါဘူး၊ ဂျွတ် ... ဂျွတ် ... ချလွတ် ... ချလွတ်"

လှဂုဏ်ကိုးက မုန့်အမျိုးအမည်များစွာကို လက်နှစ်ဖက်ဖြင့် နှိုက်ယူ၍စားရင်း ပြောလိုက်တာမို့ အသံမျိုးစုံ ပူးတွဲထွက်လာရတာပင် ...။

သီလလုံကလည်း 'မခိုင်းလည်း ပြီးရောလေ'ဟု သဘောထားကာ လှည့်ထွက်လိုက်တော့မှ လှဂုဏ်ကိုးက ...

"ဟေ့ ... ဟေ့ ... ခဏနေဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းခေါ်လိုက်တာမို့ သီလလုံက ပြန်လှည့်လာရသည်။

"တစ်ခုတော့ရှိတယ်၊ ငါ ဒီကားထဲမှာ ထိုင်နေရတာ အရမ်းဖိမ်ကျပေမယ့် ကြာတော့ ပျင်းလာပြီ၊ ဟိုးနားက သစ်ပင်ကြီးအောက်မှာ သွားထိုင်ချင်တယ်"

"ထိုင်လေ ... ကောင်းသားပဲ၊ အပြင်မှာ လေတဖြူးဖြူးနဲ့ဆိုတော့ အသက်ရှူချောင်တာပေါ့"

"ဒါပေမယ့် ရာသီဥတုက ပူတယ်လေ၊ ငါက အဲကွန်းထဲမှာပဲ အမြဲနေနေကျဆိုတော့ အပူဒဏ်မခံနိုင်တော့ဘူး"

"ဒါဆို ဘုန်းကြီးကျောင်းထဲ ဝင်ထိုင်ပါလား၊ ကျောင်းထဲမှာတော့ အေးပါတယ်"

"နင်တို့ ဘုန်းကြီးကျောင်းမှာ အဲကွန်းရှိတယ်လား"

"မရှိပါဘူး၊ သဘာဝလေနဲ့ အေးနေတာ ..."

"ဟင် ... အဲကွန်းမရှိရင်တော့ မဝင်ချင်တော့ဘူး၊ ဒီလိုလုပ်ပါလား၊ နင် ငါ့ကို ယပ်ခတ်ပေးမလား ..."

"ရပါတယ်၊ ဘုန်းဘုန်းက နင်ဘာခိုင်းခိုင်း လုပ်ပေးဖို့မှာလိုက်တာပဲ"

"ဒါဆို ဟိုးအပင်အောက်မှာ ငါသွားထိုင်မယ်၊ နင်က ငါ့ဘေးမှာ လာထိုင်ပြီး ယပ်ခတ်ပေးပေါ့ ..."

"အေး ... အေး ...၊ ငါ ယပ်တောင် သွားယူလိုက်ဦးမယ်"

သီလလုံက ကျောင်းဘက်သို့ ပြန်ပြေးသွားပြီး ထန်း





လက်ဖြင့် လုပ်ထားသည့် ဘုန်းကြီးယပ်တောင် အဟောင်းကြီးကို ဖုန်ခါ၍ ယူလာသည်။

လှဂုဏ်ကိုးက မုန့်ဘူးကြီးကိုပိုက်ကာ ကားပေါ်မှ ဆင်းလာသည်။ ချောမွတ်နုဖတ်နေသော မျက်နှာလေးက ပါးလေးဖောင်းဖောင်းနှင့် ကလေးရုပ် သိပ်မပျောက်ချင်သေး။ အသားကဖြူဖြူဝင်းဝင်း၊ ခန္ဓာကိုယ်က ပြည့်ပြည့်တုတ်တုတ် တစ်တစ်လေးမို့ လှဂုဏ်ကိုးရဲ့ ပုံစံလေးက ချစ်စရာကောင်းသည်။ မုန့်တွေကို ပါးစပ်နှင့် အပြည့်ထည့်ကာ ဝါးနေသဖြင့် ပါးဖောင်းဖောင်းလေးက တလှုပ်လှုပ်ဖြစ်နေသည်။

လှဂုဏ်ကိုးက ကားပေါ်က ဆင်းဆင်းချင်း မျက်နှာရှုံ့မဲ့သွားကာ ...

"အမလေး ... ပူလိုက်တာနော်၊ ခတ် ... ခတ် ... ယပ်တောင် မြန်မြန်ခတ် ..."

ဟု ပြောလိုက်တာမို့ သီလလုံက ယပ်တောင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ယပ်မြန်မြန်ခတ်ပေးရင်း သူမသွားရာနောက်သို့ လျှောက်လိုက်လာရသည်။ ခပ်ဝေးဝေးက လှမ်းကြည့်နေသော ဒီပနှင့် အောင်ချိုက သီလလုံကို လှမ်းကြည့်ရင်း လက်ညှိုးထိုး၍ ခွက်ထိုးခွက်လန် ရယ်နေကြသည်။

လှဂုဏ်ကိုးက သစ်ပင်ရိပ်မှာ ထိုင်ချလိုက်သည်။ သီလလုံကလည်း လှဂုဏ်ကိုးနှင့် ခပ်ခွာခွာထိုင်၍ အဆက်မပြတ် ယပ်ခတ်နေရသည်။ လှဂုဏ်ကိုးက ...

"ခတ်ထားနော်၊ ခတ်ထား ... လုံးဝ မရပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ရင်း မုန့်ပုံးအဖုံးကို ဖွင့်လိုက်သည်။ မုန့်ဘူးအဖုံးက လုံးဝဖွင့်မရ ... ။

"ဒီအဖုံးကလည်း ဖွင့်ရခက်လိုက်တာ၊ တစ်ခုခုနဲ့ ကလော်ဖွင့်မှရမယ်ထင်တယ်၊ ဟဲ့ ... အဖုံးကလော်ဖို့ တစ်ခုခု သွားယူပေးဦး၊ မြန်မြန်ယူ မြန်မြန်လာနော်၊ နင်ကြာနေရင် ငါ အိုက်ပြီးသေလိမ့်မယ်"

"အေးပါ ... အေးပါ"

သီလလုံက ဖင်ပေါ့ပေါ့နှင့် ကျောင်းနောက်ဘက် စားဖိုဆောင်သို့ အပြေးသွားကာ ကတ်ကြေးတစ်လက် ယူလာပါသည်။

"ပေး ... နင့် မုန့်ပုံး၊ ငါ ဒီကတ်ကြေးအချွန်နဲ့ ကလော်ဖွင့်ပေးမယ်"

သီလလုံက လှဂုဏ်ကိုး၏ လက်ထဲက မုန့်ပုံးကို လှမ်းယူကာ အဖုံးကို ကတ်ကြေးချွန်ဖြင့် ကလော်၍ဖွင့်ပေးလိုက်သည်။

လှဂုဏ်ကိုးက ပုံးထဲက မုန့်တွေကို လက်တစ်ဆုပ် အပြည့် နှိုက်ယူ၍ ပလုတ်ပလောင်း စားလိုက်သည်။ သီလလုံက လှဂုဏ်ကိုးကို ငေးကြည့်ရင်း စားချင်စိတ်ဖြင့် ပါးစပ်ထဲမှာ သွားရည်တွေ စိမ့်လာသဖြင့် ဂလုခနဲ မျိုချရသည်။

လှဂုဏ်ကိုးက သီလလုံကို စွေကြည့်လိုက်ရင်း ...

"ဟာဟ ... နင် စားချင်နေတာမဟုတ်လား"

"အေး ..."





"ရော့ ... စားချင် ယူစား"

"တကယ်လား ..."

"အေးပေါ့၊ ငါ့မှာ ဒါမျိုး မုန့်ပုံးတွေမှ အများကြီးပဲ၊ ကားပေါ်မှာလည်း ရှိသေးတယ် ..."

သီလလုံက ဟန်ပင်မဆောင်နိုင်တော့ဘဲ ဝမ်းမြောက်ဝမ်းသာဖြင့် မုန့်တွေကို နှိုက်စားလိုက်မိပါသည်။

လှဂုဏ်ကိုးကတော့ မုန့်တွေကို ပလုတ်ပလောင်းဝါးရင်း သီလလုံရဲ့ ချောင်ပေစုးလေးကို ခဏခဏကြည့်မိရင်း အသည်းယားလာသည်။ ခေါင်းပေါ်မှာ အီးပုံကလေးလို အလုံးလိုက်ကလေး စုနေတဲ့ ဆံပင်ထုံးကလေးဟာ အသည်းယားစရာလေး။ အရုပ်ဆိုးဆိုးလေး ... ။ လှလည်းမလှဘဲနဲ့ ခေါင်းပေါ်မှာ အပိုသက်သက်တင်ထားသလို ဖြစ်နေတဲ့ ဆံပင်တစ်ထုံးကို ရှင်းပစ်ချင်စိတ်ဖြင့် ကလိကလိ ဖြစ်လာသည်။ ပြီးတော့ အနားမှာ ကတ်ကြေးတစ်ချောင်းကလည်း အသင့်ရှိနေသည်။

အစားမှာ အာရုံရောက်နေသော သီလလုံခမျာမှာတော့ လှဂုဏ်ကိုးရဲ့ အကြံအစည်ကို မသိရှာ ... ။ လက်တစ်ဖက်ဖြင့် ယပ်ခတ်ပေးရင်း ကျန်တစ်ဖက်ဖြင့် မုန့်တွေကို နှိုက်ကာနှိုက်ကာ စားနေပါသည်။

လှဂုဏ်ကိုးက လုံးဝ စိတ်မထိန်းနိုင်တော့ ... ။

ကတ်ကြေးကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပြီး အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် သီလလုံရဲ့ ခေါင်းပေါ်က ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



အလုံးလေးကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်၍ မြဲခနဲ ညှပ်ချပစ်လိုက်ပါသည်။

"ဟာ ... ဘာလုပ်၊ ဟာ ... ဟာ ..."

သီလလုံသည် လှဂုဏ်ကိုး၏ လက်ထဲမှာ အလုံးလိုက်ကလေး ပါသွားသော သူ့ သျှောင်ပေစူးအလုံးလေးကို အူကြောင်ကြောင်လေး ကြည့်ရင်း အံ့အားသင့်နေသည်။ တော်တော်ဆိုးတဲ့ လှဂုဏ်ကိုးကတော့ ဟီးခနဲ ရယ်လိုက်ရင်း ...

"ငါ အသည်းယားလို့ ညှပ်ပစ်လိုက်တာ"

"ဒုက္ခပါပဲဟာ၊ နင်ကလည်းဟာ၊ မပြောမဆိုနဲ့ဟာ ..."

သီလလုံမှာ ကိုယ့်ခေါင်းလေး ကိုယ် လက်နဲ့ဖိကာ အံ့အားတသင့် ရေရွတ်ရင်း မျက်ရည်တွေလည်လာသည်။

"ဘာလဲ ... နင်က ငါ့ကို စိတ်ဆိုးတာလား"

"မဆိုးဝံ့ပါဘူးဟာ၊ နင်က ငါ့ကို မုန့်တွေကျွေးထားတာပဲ၊ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာ ရှိတယ်လေ၊ ပြီးတော့ နင့်အဖေက ကျောင်းဆောက်လှူမယ့် ဒကာကြီး မဟုတ်လား၊ နင်တို့ကျေးဇူးတွေ အများကြီးရှိနေရက်နဲ့ ငါက ဒီသျှောင်ပေစူးတစ်လုံးအတွက် ဒေါသဖြစ်မယ်ဆိုရင် ငါမှားမှာပေါ့၊ ငါက နင်လုပ်ရဲတာကို ကြည့်ပြီး ငါ့ဆံပင်လေး ငါနှမြောသွားမိတာပါ ..."

"မဆိုးပါဘူး၊ နင်က တွေးခေါ်တတ်သားပဲ၊ ရော့ ... နင့်ဆံပင်တွေ ပြန်ယူထား"

လှဂုဏ်ကိုးက ဆံပင်လုံးလေးကို သီလလုံထံ ပြန်





ထည့်ပေးလိုက်ပါသည်။ သီလလုံက ဆံပင်လုံးကလေးကို ကျစ်ကျစ်ဆုပ်ထားလိုက်ရင်း လှဂုဏ်ကိုးကို အကဲခတ်သလိုကြည့်ကာ

"နင် ... စိတ်မကောင်းများ ဖြစ်နေလား"

"ဘာကိုလဲ ..."

"ငါ့ ဆံပင်ကို ဖြတ်မိလို့ စိတ်မကောင်းများ ဖြစ်နေလားလို့ပါ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့နော်၊ ဘုန်းဘုန်းက ငါ့ကို ဒီနွေကျောင်းပိတ်ရင် ရှင်ပြုပြီး ကိုရင်ဝတ်ပေးမှာတဲ့၊ အဲ့ဒီအခါကျလည်း ကတုံးတုံးရမယ့်အတူတူ ခုကတည်းက ဆံပင်တိုထားတော့ ပိုအဆင်ပြေသွားတာပေါ့"

"ဟီး ... ဟီး ... ငါက စိတ်မကောင်းမဖြစ်ပေါင်၊ နင့်ဆံပင်ထုံးလေး အလုံးလိုက် ပြုတ်သွားအောင် ညှပ်လိုက်ရတာ အရသာရှိလွန်းလို့ ပျော်နေတာ"

လှဂုဏ်ကိုးက တဟီးဟီးရယ်နေတော့မှ သီလလုံက စိတ်ပေါ့သွားကာ အားပါပါလေး ယပ်ခတ်ပေးလိုက်သည်။ သူတစ်ပါး စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးရတာ ကုသိုလ်ရပါတယ်လေဟု တွေးကာ ကိုယ့်ဆံပင်လေးအတွက် နှမြောစိတ်ကို ဖြေဖျောက်ရပါသည်။

မုန့်စားပြီးတော့ လှဂုဏ်ကိုးက ဘုန်းကြီးကျောင်းဝန်းအနှံ့ကို လျှောက်ကြည့်ချင်သည်ဟု ဆိုသည်။ သီလလုံက သူမသွားလေရာနောက်ကို ယပ်ခတ်ပေးရင်း လိုက်နေရသည်။ ဒီပတို့ကတော့ သူ့ကို လှမ်းကြည့်ကာ တဝါးဝါး တဟားဟား ရယ်မော လှောင်ပြောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် လှဂုဏ်ကိုးက တောင်းဆိုပြန်သည်။

"ဟဲ့ ... နင်တို့ရွာမှာ ရေကန်တွေ ဘာတွေ မရှိဘူးလား"

"ရွာထိပ်မှာ ရှိတယ်လေ"

"ရေကန်ထဲမှာ ဘာတွေရှိလဲ"

"ကြာတွေ ရှိတယ်"

"ဟယ် ... ဒါဆို ကြာပန်းတွေ၊ ကြာခွက်တွေ ရှိတာပေါ့"

"အေး ..."

"ပျော်စရာကြီးပဲ၊ ငါ သွားကြည့်ချင်တယ်၊ ငါ့ကို လိုက်ပို့"

သီလလုံက လှဂုဏ်ကိုးကို ရွာထိပ် ရေကန်ဘက်သို့ ခေါ်လာပါသည်။

ရေကန်နား ရောက်တာနှင့် သူမက ခုန်ဆွ ခုန်ဆွ ဖြစ်သွားကာ ...

"ဟယ် ... ကြာပန်းတွေ အများကြီးပဲ၊ လှလိုက်တာ၊ ဟိဟိ ကြာခွက်ကြီးတွေလည်း အကြီးကြီးပဲ၊ ခူးစားမယ်၊ ခူးစားမယ် ..."

ဟု အော်ရင်း ရေကန်စပ်သို့ ပြေးဆင်းသွားသည်။ သီလလုံက အမြန်ပြေးလိုက်သွားရကာ ...

"ဟေ့ ... ဟေ့ ... ရေကန်ထဲ ဆင်းမခူးနဲ့၊ ရေနစ်လိမ့်မယ်၊ နင်လိုချင်ရင် ငါဆင်းခူးပေးမယ်"

"အို ... ကိုယ့်ဘာသာ ခူးစားတာက ပိုအရသာရှိတာ၊ ငါ့ဟာငါ ခူးမယ်၊ နင်မလာနဲ့၊ အဲဒီက စောင့်နေ ..."





လှဂုဏ်ကိုးက ရေကန်စပ်ကို ပြေးဆင်းသွားသည်။ မိန်းကလေးဖြစ်ပေမယ့်၊ မြို့သူလည်းဖြစ်ပေမယ့် ပြောတာဆိုတာ ရော သွားလာပြုမူပုံကပါ မနူးညံ့ဘဲ အကြမ်းပတမ်းကြီးဖြစ်နေသော လှဂုဏ်ကိုးကို သီလလုံက အံ့သြပြီးရင်း အံ့သြနေရသည်။ မိန်းကလေးဖြစ်ပြီး လက်ရဲ ဇက်ရဲ ပါးစပ်ရဲ ...။ ဒီလို ဂျမ်းဒေါ ပုံမျိုးကို ရွာမှာတောင်မတွေ့ဖူးပါ။ သို့သော်လည်း သူမကို ဗွေယူလို့ မဖြစ်ပါ။ ထောက်ထားစရာ ကျေးဇူးတရားတွေက ရှိသည်။

"ဟေ့ ... ဟေ့ ... ရေနက်ထဲ မဆင်းနဲ့နော်"

"အေးပါဟဲ့ ..."

လှဂုဏ်ကိုးက ပါးစပ်က 'အေးပါ' ပြောပြီး ခြေထောက်က ရှေ့ကို တစွတ်စွတ်နင်းအသွား၊ ကြာတောအလယ်မှာ စွတ်ခနဲ မြုပ်သွားပါတော့သည်။

"ဟာ ... ရေနစ်ပြီ"

သီလလုံသည် ပုဆိုးကိုခါးတောင်းကျိုက်ကာ ရေကန်ထဲသို့ ပြေးဆင်းသွားသည်။ ရေထဲကနေ မြောက်တက်လာသော လှဂုဏ်ကိုး၏ လက်ကလေးတစ်ဖက်ကို အမိအရ ဖမ်းဆွဲရသည်။ ထို့နောက် သူမကို ကျောပေါ်တင်၍ ကုန်းပိုးကာ ဘုန်းကြီးကျောင်းဘက်သို့ တစ်ရှိန်ထိုး ပြေးထွက်လာသည်။

"ဟာ ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

"ရေနစ်လို့ဗျို့ ... ရေနစ်လို့"

သီလလုံမှာ ပြည့်ပြည့်တုတ်တုတ် သူမခန္ဓာကိုယ်ကို ကျောပိုးလာရသဖြင့် အသက်ထွက်ချင်အောင် မောဟိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်တော့လည်း သူမကို ကျောပိုးလျက်ပင် အုတ်လှေကားမြင့်မြင့်ကို နင်းတက်လာရသည်။

ဘုန်းကြီးနှင့် ဒကာ ဦးအောင်ကိုးသည် ရေရွှဲနစ်လျက် ကျောင်းထဲသို့ ဝင်လာသော သီလလုံနှင့် သူ့ကျောပေါ်က လှဂုဏ်ကိုးကို အတွေ့မှာ ထိတ်လန့်တကြား ဖြစ်သွားကြရပါသည်။

"ဟဲ့ … ဟဲ့ … ဘာဖြစ်လာကြတာလဲ၊ ရေတွေ ရွှဲလို့ပါလား"

"ရေနစ်လို့ ကယ်လာတာပါ ဘုရား"

"ဟေ … ဘယ်သူလဲ၊ ဘယ်သူ ရေနစ်တာလဲ"

"တပည့်တော် သမီးလေးပါ ဘုရား"

"ဟေ …"

ဦးအောင်ကိုးက ဘုန်းကြီးကို လျှောက်လိုက်ပြီး သီလလုံ ကျောပေါ်က သမီးဖြစ်သူကို ပွေ့ယူလိုက်ပါသည်။

"သမီး … သမီးလေး၊ ဒုက္ခပဲ … သမီး သတိလစ်နေပြီ ထင်တယ်၊ ဒီမှာ ဆေးခန်းတွေ ဘာတွေ ရှိလား ဘုရား"

"ကျန်းမာရေးမှူးတော့ ရှိတယ်၊ ဟဲ့ … ဒီပတို့ အောင်ရှို တို့ ရွာလယ်က ကျန်းမာရေးမှူးကို သွားပြေးခေါ်ကြစမ်း"

"သမီး … သမီးလေး"

"ဟီးဟီး … သမီး ဘာမှမဖြစ်ပါဘူး ဒက်ဒီရဲ့"

"ဟင် …"





ဖခင်၏ လက်ထဲမှာ ငြိမ်နေသော လှဂုဏ်ကိုးက ဖျတ်ခနဲ မျက်လုံးဖွင့်ကာ တဟီးဟီးရယ်ရင်း ထထိုင်လိုက်တာမို့ အားလုံး အံ့အားသင့်သွားကြသည်။ ဦးအောင်ကိုးက သမီးဖြစ်သူကို စိုးရိမ်စွာဖြင့် …

"သမီး … သမီးလေး သတိရလာပြီ၊ တော်ပါသေးရဲ့ သမီးရယ်"

"သမီးက စကတည်းက သတိမလစ်ပါဘူး ဒက်ဒီရဲ့၊ ကိုယ့်ဘာသာ ပြန်လာရမှာ ပျင်းလို့ သတိလစ်ချင်ယောင်ဆောင်ပြီး သူ့ကျောပေါ်မှာ စီမ်နဲ့လိုက်လာတာ …"

"ဟောဗျာ …"

ဦးအောင်ကိုးက သူ့နဖူးသူရိုက်လိုက်သည်။ ဘုန်းကြီးက ဒကာအောင်ကိုး ပြောတုန်းက ဒီလောက်ဆိုးမယ်မထင်ခဲ့ပေမယ့် ခုတော့ 'တယ်ဆိုးပေသကိုး' ဟု မှတ်ချက်ချလိုက်ရင်း သီလလုံဆီ အကြည့်ရောက်သွားကာ မျက်လုံးပြူးလျက် …

"ဟဲ့ … ဟဲ့ … သီလလုံ၊ မင့် ဆံပင်တွေ ဘယ်လိုဖြစ် …"

"ဟို … ဟို …"

"အဟိ … သမီး အသည်းယားလို့ ကတ်ကြေးနဲ့ ညှပ်ပစ်လိုက်တာ"

"ဟေ …"

"ဘုန်းဘုန်းနဲ့ စကားပြောရင် တပည့်တော်လို့ ပြောရတယ် ကိုးလေးရဲ့၊ ညည်း တော်တော် ဆိုးပါလား၊ သူများတကာ ဆံပင်ကို ဒီလိုလုပ်စရာလား၊ ငါ တယ် … ရိုက်လိုက်ရ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကိုးက ဒေါသတကြီး လက်ရွယ်လိုက်သည်။ ဘုန်းကြီးက စိတ်လေးလေးဖြင့်ပင် ...

"ထား ... ထားလိုက်ပါတော့ ဒကာကြီးရယ်၊ ဆူမနေပါနဲ့တော့၊ ဒီနေ့ ကျောင်းပိတ်ရင် သူ့ကို ရှင်ပြုပေးမှာဆိုတော့ မထူးတော့ပါဘူး"

ဟု ဝင်ဖျောင်းဖျလိုက်ရသည်။ သီလလုံကလေးကလည်း မျက်နှာထားချိုချိုလေးဖြင့် ဦးအောင်ကိုးကိုကြည့်ရင်း ...

"ဟုတ်ပါတယ် ဦးလေးရယ်၊ ကျွန်တော်လည်း ကျွန်တော့်ဆံပင်ကို မနှမြောပါဘူး၊ ခေါင်းတောင် ပေါ့သွားပါသေးတယ်"

သီလလုံရဲ့ အရွယ်နှင့်မလိုက်အောင် သဘောထားကြီးသော အပြောကလေးနှင့် ချစ်စဖွယ် မျက်နှာချိုချိုလေးကြောင့် ဦးအောင်ကိုးက သီလလုံကို အတိုင်းမသိ ချစ်ခင် သဘောကျသွားရပါသည်။ တစ်ချိန်တည်းမှာ ငါ့သမီး ဆိုးဆိုးလေးဟာ ဒီလိုလူမျိုးနဲ့မှ အဆင်ပြေမှာဟု တွေးမိသွားရကာ ရှေ့ရေးကို မျှော်တွေးကြည့်လိုက်မိသည်။

ဦးအောင်ကိုးက ဘေးမှာ ချထားသည့် အိတ်ထဲက အချိုရည်ပုလင်းကို ထုတ်ယူကာ အဖုံးကိုဖွင့်ဖောက်၍ သီလလုံထံ ကမ်းပေးလိုက်ရင်း ...

"ရော့ ... ရော့ ... ဒါလေး သောက်လိုက်ဦး သား၊ အဝေးကြီးကနေ အလေးကြီး ထမ်းပြီး ပြေးလာရတာ မောနေမှာ





ပေါ့၊ ဦး သမီးက တော်တော်ဆိုးတာကွ၊ သားက သည်းခံပေးတဲ့အတွက် ဦးက ကျေးဇူးတင်ပါတယ်"

ဟု ကြင်ကြင်နာနာ ပြောလိုက်ပါသည်။ ဘုန်းကြီးက သီလလုံကို ကြည့်ကာ ပြုံးလိုက်ရင်း ...

"သီလလုံကလေးဟာ အင်မတန် သည်းခံနိုင်စွမ်း ကြီးရှာတဲ့ ကလေးပဲ ဒကာကြီးရဲ့"

"တင်ပါ့ ... ချီးကျူးစရာပါပဲ ဘုရား၊ ဒီကလေးရဲ့ ပညာရေးအတွက် လိုအပ်တာများရှိရင် တပည့်တော် ကူညီပါရစေ ..."

"အိမ်း ... ခုတော့ မလိုသေးပါဘူးကွယ်၊ ဆယ်တန်းအောင်တဲ့အခါကျရင်တော့လည်း လိုရင်လိုလာမှာပေါ့"

"လိုတာရှိရင် တပည့်တော်ကိုသာ ပြောလိုက်ပါ ဘုရား"

ဦးအောင်ကိုး စကားကြောင့် ဘုန်းကြီးရော သီလလုံပါ အားတက်သွားရပါသည်။ ဘုန်းကြီးက သီလလုံကို ရွာနဲ့သိပ်မဝေးတဲ့ ကျောက်ပန်းတောင်းမြို့နယ် အထက်တန်းကျောင်းအထိသာ ကျောင်းထားပေးနိုင်ပေမယ့် ဆယ်တန်းအောင်တဲ့အခါ တက္ကသိုလ်ဆက်ထားပေးဖို့အထိတော့ အင်အားမရှိတာမို့ပင် ...။

ညနေရောက်တော့မှ ဦးအောင်ကိုးတို့ သားအဖ ပြန်သွားကြသည်။ ထိုနေ့ တစ်နေ့လုံး သီလလုံက လှဂုဏ်ကိုး ကျွေးသမျှစားပြီး ခိုင်းသမျှကို မငြိုမငြင် လိုက်လုပ်ပေးလိုက်သဖြင့် လှဂုဏ်ကိုးက သီလလုံကို သဘောကျ ခင်မင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက် တစ်နှစ်အတွင်းမှာ ကျောင်းဆောက်ဖို့ ကိစ္စအတွက် ရွာကို ဦးအောင်ကိုး မကြာခဏ လာရသည်။ တချို့ အခေါက်တွေမှာ လှဂုဏ်ကိုး ပါပါလာသည်။ အမြဲတမ်းတော့လိုက် မလာ။ လိုက်လာလည်း သီလလုံကို တစ်ခုမဟုတ် တစ်ခု ဒုက္ခ ပေးပေးသွားတတ်သည်။ ဦးအောင်ကိုးကတော့ သီလလုံအတွက် ကျောင်းသုံး ဗလာစာအုပ်တွေ၊ စာရေးကိရိယာတွေ၊ ကျောင်းစိမ်း ပုဆိုးတွေ ဝယ်လာပေးတတ်သည်။

တစ်နှစ်ခန့်အကြာမှာ ကျောင်းကြီး ဆောက်လုပ် ပြီးစီးသွားသည်။

ကျောင်းရေစက်ချပွဲ ပြီးသွားသည့်နောက်ပိုင်းမှာတော့ ရွာကို ဦးအောင်ကိုး အလာကျဲသွားသည်။ လှဂုဏ်ကိုးလည်း ရောက်မလာတော့ ... ။

ဒီလိုနဲ့ တစ်နှစ်ပြီး တစ်နှစ် အချိန်တွေ ကုန်ဆုံးလာ ပါသည်။

○ ○ ○



နောက် ၇ နှစ်ခန့်ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

သီလလုံက အဝတ်အစား ထည့်ထားသည့် အိတ်လေးကို ဘေးမှာချကာ ဘုန်းဘုန်းကို ရိုသေပျပ်ဝပ်စွာ ဦးသုံးကြိမ်ချလိုက်ပါသည်။ ဘုန်းကြီးက ခေါင်းတညိတ်ညိတ်နှင့် အတန်ကြာအောင် ဆုတွေပေးလိုက်ပြီး ...

"အိမ်း ... သွားရမယ့် ခရီးလမ်းပန်းများလည်း အဆင်ပြေပါစေ၊ ရန်ကုန်ရောက်ရင်လည်း လုပ်ငန်းကိုင်ငန်းရော ပညာရေးပါ အစစအရာရာ အားလုံး အဆင်ပြေပါစေကွယ် ...၊

"ဘုန်းကြီးဆန္ဒကတော့ မင်းကို အလုပ်လုပ်ရင်း ပညာသင်စေချင်တာပါပဲ၊ ဒကာကြီး ဦးအောင်ကိုးက ကြည့်ရှုစောင့်ရှောက်မယ်ဆိုပေမယ့်လည်း ကိုယ့်ဘက်က ပြန်သိတတ်ရမယ်လေ၊ သူ့မှာက သားနှစ်ယောက် ရှိသေးတယ်ဆိုပေမယ့် သားနှစ်ယောက်လုံးက လက်ကြောမတင်းဘဲ ပိုက်ဆံသုံးဖြုန်းနေကြတာလို့ ဘုန်းကြီး သိရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတော့ မင်းကို သူ့သားတစ်ယောက်လို အားကိုးချင်ရှာမှာပဲလေ ...၊

"အဲ့ဒီတော့ မင်းက သူ့လုပ်ငန်းကိုင်ငန်းတွေမှာပဲဖြစ်ဖြစ်၊ အိမ်မှုကိစ္စ တောက်တိုမည်ရလေးတွေပဲဖြစ်ဖြစ် သိတတ်သမှုနဲ့ လုပ်ပေးလိုက်ပါ့ကွယ်"

"တင်ပါ့ ...၊ စိတ်ချပါ ဘုရား"

"သူ့ကျေးဇူးတွေကလည်း မနည်းပဲကိုး၊ လူဆိုတာ ကျေးဇူးသိတတ်ရတယ်ကွယ့်၊ ဒါမှ ကြီးပွားချမ်းသာတယ်၊ ဂုဏ်သိက္ခာရှိတယ်၊ ထမင်းတစ်နပ် အလကားစားထားရင်တောင် ကျေးဇူးသိတတ်ရသေးတာ၊ မင်းက သူ့ဆီမှာ ထမင်းအနပ်ပေါင်း များစွာ စားရမယ့်သူဆိုတော့ ပိုသိတတ်ရမယ်၊ အတတ်နိုင်ဆုံး ကိုယ့်ကျေးဇူးရှင်ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရမယ် ... ကြားလား ... သီလလုံ"

"တင်ပါ့ ဘုရား"

"ဂုဏ်ထူးတွေ ဘာတွေ မပါပေမယ့် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်တာကိုပဲ ဘုန်းကြီးက မင့်ကို ချီးကျူးလှပါပြီ၊ မင့်က နောက်ကျမှ ပညာသင်ခဲ့ရတာဆိုတော့ အသက်က တခြားကလေးတွေထက် ကြီးနေပြီ၊ အောင်ဖို့ခက်တဲ့ ဆယ်တန်းကို အောင်မှအောင်ပါ့မလားလို့ ဘုန်းကြီးမယ်ပူခဲ့ရတာ၊ ခုတော့ စိတ်အေးရပါပြီကွယ် ..."

ဘုန်းကြီးက ခပ်ပြုံးပြုံး ပြောရင်းက သီလလုံရဲ့ နောက်နားမှာ ခပ်ကွယ်ကွယ် ခပ်ကုပ်ကုပ် ထိုင်နေသော ဖိုးသူ





တော်လူထွက် ဒီပဆီ အကြည့်ရောက်သွားကာ မျက်မှောင်ကြုတ်လျက် ...

"ဟဲ့ ... ဒီပ"

"ဘုရား ..."

"ရှေ့တိုးခဲ့စမ်း ..."

ဒီပက ဒူးထောက် လက်အုပ်ချီလျက် ရှေ့သို့တိုးလာသည်။

"မင်းကိုတော့ လွှတ်သာလွှတ်ရတယ်၊ စိတ်တော့ မချဘူးဟေ့ ..."

ဘုန်းကြီးလေသံက ချက်ချင်း ပြောင်းသွားပါသည်။ ပြောမကောင်း ဆိုမကောင်း ငပေငတေ ဒီပကို ဘုန်းကြီးက နည်းနည်းမှ မျက်နှာသာမပေးပါ။

"ဒကာ အောင်ကိုးတို့အိမ်က လက်တိုလက်တောင်းခိုင်းဖို့ လူတစ်ယောက် ထည့်ပေးပါဆိုလို့၊ မင်းကလည်း ရန်ကုန်မှာ နေချင်တာ ထွန့်ထွန့်လူးနေလို့သာ ထည့်လိုက်ရမှာ၊ ဟိုရောက်ရင် ဝန်ပို ဝန်ရှုပ်တော့ မဖြစ်စေနဲ့ ... ကြားလားဟဲ့"

"တင်ပါ့ ..."

"ငါ့ကျောင်းမှာ နေသလို အပျင်းမခိုနဲ့၊ အချောင်မနိုက်နဲ့၊ ကုန်းမတိုက်နဲ့ ...၊ သီလလုံကို ချောက်မတွန်းနဲ့၊ မကောင်းတာလုပ်ဖို့ အဖော်မဆွယ်နဲ့၊ ကိုယ့်ရွာသားချင်း ရိုင်းပင်းကူညီ ချစ်ခင်စောင့်ရှောက်ရမယ်၊ မင်း မဟုတ်တာလုပ်



www.burmeseclassic.com

www.burmeseclassic.com



တယ် ကြားလို့ကတော့ ဘုန်းကြီးက ဒကာကြီးအိမ်ထိ ကြွလာပြီး မင်းကို ကြိမ်နဲ့ဆော်မယ်ဆိုတာ မှတ်ထား"

"တင် ... တင်ပါ့"

"မင်းကြောင့် ငါ မျက်နှာမပျက်ရစေနဲ့၊ ဘုန်းကြီးမျက်နှာကို အိုးမည်းမသုတ်နဲ့"

"တင်ပါ့ပါဆို ဘုရား ..."

"အံမယ် ... လေသံကိုက ... တယ်လေ ..."

ဘုန်းကြီးက ငေါက်တော့မှ ဒီပက မျက်နှာသေလေးဖြင့် ငြိမ်သွားသည်။

"ကိုင်း ... သွားကြတော့ ... သွားကြတော့၊ ဘုတ်အထိ ကပ္ပိယကြီး လိုက်ပို့လိမ့်မယ်၊ ပုဂံဘုတ်ကထွက်လာမယ့် ရထားကို စောင့်စီးကြရမှာကွယ့် ..."

သီလလုံနှင့် ဒီပက ဘုန်းကြီးကို ရှိခိုးကန်တော့လိုက်ကြပြီး ထိုင်ရာမှ ထလိုက်ကြပါသည်။

ဘုန်းကြီးက သီလလုံကို တစ်ခုခုပြောချင်ပုံ၊ ပြောဖို့လည်း ခက်နေသည့် ပုံဖြင့် လှမ်းကြည့်ရင်း ...

"အဟမ်း ဟမ်း၊ သီလလုံ"

"ဘုရား ..."

"အိမ်း ... မင့်ကို တစ်ခုတော့ ပြောစရာကျန်သေးတယ်ကွယ့်"

"တင်ပါ့၊ အမိန့်ရှိပါ ဘုရား ..."





သီလလုံက ဘုန်းကြီးရှေ့မှာ ဒူးထောက်၍ပြန်ထိုင်ချလိုက်သည်။

ဘုန်းကြီးက ချက်ချင်း မပြောသေး။ ချောင်းတွေပဲ ဟန့်နေကာ ခေါင်းကိုလည်း နှစ်ခါသုံးခါ ပြန်ပွတ်နေပါသည်။ သီလလုံက ဘုန်းကြီး၏ ထူးခြားသော အမူအရာကြောင့် ဘာအကြောင်းထူးများ မိန့်စရာရှိလို့ပါလိမ့်ဟု တွေးကာ ရင်ထိတ်နေရပါသည်။

ဘုန်းကြီးက သီလလုံကို မကြည့်ဘဲ မျက်နှာခပ်လွှဲလွှဲနှင့် ...

"အိမ်း ... ဘုန်းကြီးအနေနဲ့ လောကီအရေးကိစ္စတွေမှာ ဝင်စွက်ဖက်တာတော့ မကောင်းပေဘူးပေါ့ကွယ်၊ ဒါပေမယ့် မပြောလို့ကလည်း မဖြစ် ..."

ဘုန်းကြီးက စကားမဆက်ဘဲ ရပ်ဓနလိုက်ပြန်သည်။ ပြီးမှ ပြောဖို့ ဆုံးဖြတ်လိုက်ပုံဖြင့် ခေါင်းတစ်ချက် ဆတ်ကာ ...

"ဒီလိုကွယ့် ... ဒကာကြီး ဦးအောင်ကိုးက မင့်ကို တော်တော်လေး ချစ်ခင်သဘောကျသွားရှာတယ်ကွယ်၊ ဘယ်လောက်ထိ သဘောကျလဲဆိုရင် မင်း ကြီးပြင်းလာတဲ့အခါ သူ့သမီး လှဂုဏ်ကိုးနဲ့ ရည်ရွယ်တဲ့အထိပဲ ..."

သီလလုံက ပါးစပ်အဟောင်းသား ဟသွားသည်။ ဒီပက 'ဟီဟီး ... ထိပေါက်တာပဲ'ဟု ဘုန်းကြီး မကြားအောင် တီးတိုးရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး လွန်ခဲ့တဲ့ ခုနစ်နှစ် မင်း အရွယ်မရောက်တရောက် အချိန်ကတည်းက ဒကာကြီးက မင်းရဲ့စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တကို သဘောကျသွားခဲ့တာ၊ သူ့သမီးဆိုးတာကို မင်းက သည်းညည်းခံပြီး ကူညီပေးခဲ့တာတွေ၊ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးခဲ့တာတွေကို သူမြင်တွေ့သွားခဲ့ရတာကိုး၊ သူ့မလည်း သူ့သမီးအတွက် စိတ်မအေးရတာလေးတွေရှိတော့ မင်းသာဆို သူ့သမီးကို စောင့်ရှောက်ပေးနိုင်မှာပဲလို့ မျှော်လင့်ခဲ့ရှာတယ်၊ အဲ့ဒါကြောင့်ပဲ သမီးရှင်တန်မဲ့ ရှေ့မျက်နှာ နောက်ထားပြီး ဘုန်းကြီးကို လျှောက်ထားခဲ့တယ် ...၊

"ဒီ ခုနစ်နှစ်အတွင်းမှာ ဒကာကြီး အနေနဲ့ မင်းအပေါ် ကောင်းခဲ့၊ ကူညီခဲ့တာတွေကို မင်းလည်းအမှတ်ရမှာပါ၊ မင်း ကြီးပြင်းလာတဲ့အထိလည်း သူ့ရည်ရွယ်ချက်က ပြောင်းလဲမသွားဘဲ မင်းအပေါ် တော်တော် စွဲစွဲမြဲမြဲ မျှော်လင့်ထားခဲ့ရှာတာ ...၊

"အဲ့ဒီတော့ မင်းအနေနဲ့လည်း ရန်ကုန်ရောက်ရင် ဒကာအောင်ကိုးရဲ့ ဆန္ဒကို အလေးထားပေးစေချင်တယ်၊ လှဂုဏ်ကိုးကိုလည်း အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်နားလည်ခွင့်လွှတ် သည်းခံပေးစေချင်တယ်"

ဘုန်းကြီး စကားဆုံးသည်အထိ သီလလုံက ငိုင်တွေနေဆဲပင် ...။ ဘယ်လို ဖြေရမှန်းလည်းမသိ။ တစ်ခါမှ မျှော်လင့်စိတ်ကူးမကြည့်ခဲ့မိသည့်ကိစ္စမို့ ဘယ်လိုတုံ့ပြန်ရမှန်းမသိဘဲ ကြောင်





တောင်တောင်လေး ငေးနေသည်။ ဒီပက သီလလုံကို တံတောင်နှင့် ခပ်နာနာ တွတ်ထည့်လိုက်ရင်း ...

"ဟော့ကောင် ... သီလ၊ မင်း သူဌေးသမက် ဖြစ်တော့မှာကွ၊ ခေါင်းညိတ်လိုက်၊ ခေါင်းညိတ်လိုက်"

"တယ်၊ ဒီပ ... မင်း တယ်အာချောင်ပါလား၊ ပါးစပ်ပိတ်ထားစမ်းပါကွယ် ..."

ဘုန်းကြီးက ဒီပကို ဟောက်လိုက်ပြီး သီလလုံကို ကြည့်ကာ ...

"ဒီကိစ္စကို မင်းသိထားဖို့သာ ဘုန်းကြီးက ပြောလိုက်ရတာပါ၊ လတ်တလောမှာတော့ မင်းအနေနဲ့ ပညာသင်ရ၊ အလုပ်လုပ်ရဦးမှာ၊ နောက် ပညာစုံပြီး အချိန်အခါသင့်တော့မှသာ စိမ်ဆုံးဖြတ်ရမယ့် ကိစ္စပါကွယ်၊ လှဂုဏ်ကိုးနဲ့ တွေ့တဲ့အခါမှာသာ မင်းဘက်က အလျှော့ပေး သည်းခံ စောင့်ရှောက်လိုက်ပါလို့ ဘုန်းကြီးက မှာချင်တယ်"

"တင်ပါ့ ဘုရား၊ စောင့်ရှောက်ပါ့မယ် ဘုရား ..."

"ဘုန်းကြီး အထူးမှာချင်တာကတော့ ဘာပဲလုပ်လုပ် စေတနာလေးထားပြီးလုပ်၊ ကိုယ့်စေတနာက ကိုယ့်ကို အကျိုးပေးတယ်၊ ကိုယ်ပြုတဲ့ကံဟာ ကိုယ့်ဆီပဲ ပြန်လာတယ်ကွယ့်"

"တင်ပါ့ ဘုရား"

"ကိုင်း ... သွားကြတော့၊ ရထား မမီဘဲနေမယ်"

သီလလုံနှင့် ဒီပက နောက်တစ်ခါ ထပ်ဦးချပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ထိုင်ရာမှ ထလိုက်ကြပြီး ကျောင်းတံခါးဝသို့ လျှောက်သွားကြသည်။

ဘုန်းကြီးလည်း ထိုင်ရာမှထကာ ကျောင်းပေါက်ဝအထိ လိုက်ပို့ပေး၏။ ထို့နောက် ...

"သီလလုံ ... သူတထူးကျေးဇူးကို ဘယ်တော့မှ မေ့မပစ်နဲ့ ကွယ့် ..."

ဟု မှာကြားလိုက်ပြီး ကျောင်းပေါက်ဝကနေ မျှော်ငေးကြည့်ကျန်ခဲ့သည်။ သီလလုံက နှစ်ပေါင်းများစွာ ခိုလှုံခဲ့ဖူးသော ကျောင်းကြီးကို သမင်လည်ပြန် တစ်ချက်လှမ်းကြည့်လိုက်ပြီး စို့လာသည့် မျက်ရည်ကို လက်မောင်းဖြင့် ဖိပွတ်သုတ်လိုက်သည်။

အဲ့ဒီနောက်တော့ အဝတ်အစားအိတ်ကို ကျစ်ကျစ်ပါအောင်ပွေ့လျက် အရိပ်အာဝါသများဖြင့် အုပ်ဆိုင်းအေးမြနေသော ကျောင်းဝန်းကြီးကို ကျောခိုင်းထွက်ခွာလာခဲ့ရသည်။

ဖြတ်သန်းလာခဲ့ရသော ရွာလယ်လမ်းမမှာတော့ နေခြစ်ခြစ်တောက် ပူပြင်းလျက် ရှိပါသည်။

◎ ◎ ◎



✤ ✤ ✤

"အောင်မယ် ... အောင်မယ် ... ခြေလှမ်းတွေက သွက်နေလိုက်တာ၊ မြေကြီးနဲ့ ခြေထောက်ရော ထိသေးရဲ့လား၊ သူဌေးသမက် ဖြစ်ရတော့မှာဆိုတော့ ဘဝင်လေဟပ်နေပြီ ပေါ့လေ ..."

ဒီပက ခပ်သွက်သွက် လျှောက်နေသော သီလလုံနောက်ကနေ နေ့းတုံ့နေ့းတုံ့ လျှောက်လာရင်း လှမ်းစလိုက်သည်။ သီလလုံက တုံ့ခနဲ ရပ်ကာ ဒီပကို လှည့်ကြည့်လိုက်ရင်း ...

"ဒီပ ... မင်း အဲ့ဒီလို စကားမျိုးကို ရန်ကုန်ရောက်ရင် လုံးဝမပြောမိစေနဲ့ ...၊ မင်း ဒီလို လျှောင်ပြောင်သရော်တဲ့ စကားကို ဦးလေး ဦးအောင်ကိုး ကြားသွားရင် ဘယ်လောက်ရှက်ရှာမလဲ ..."

"လှောင်ပြောင်သရော်တာ မဟုတ်ရပါဘူးကွာ၊ အားကျလို့ပါ၊ ဟီးဟီး ... မင်းနဲ့ငါ နေရာချင်းလဲလို့ရရင် သိပ်ကောင်းမှာပဲ၊ လဲမလားဟင် ... လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ် ပိတ်ထားစမ်းကွာ၊ မြန်မြန်လာစမ်းပါ၊ ရထား မမီဘဲ နေဦးမယ် ..."

"မင်းကတော့ ရထား မီချင်ရှာမှာပေါ့လေ ... ဟဲဟဲ"

ဒီပက ပြောင်ချော်ချော် ပြောပြန်၏။ သီလလုံက ဒီပကို ဘာမှဆက်ပြောမနေတော့ဘဲ ခြေလှမ်းသွက်၍ လျှောက်လိုက်သည်။ ဒီပကို ပြန်ပြောနေလို့လည်း ဘာမှအကြောင်းထူးမှာ မဟုတ်။ ဒီပက ပါးစပ်က အဆက်မပြတ် ပြောလာနေသည်။

"သြော် ... ကုသိုလ်ကံများတော့ကွာလိုက်တာ၊ တစ်ယောက်က သူဌေးသမက်ဖြစ်ဖို့ သွားရမယ့်သူ၊ တစ်ယောက်က တော်တိုမည်ရလုပ်ဖို့ သွားရမယ့်သူ ... ၊

"ဒီလိုကိစ္စမျိုးတွေ ရှိလာမယ်ဆိုတာ စောစောက သာ ကြိုသိခဲ့ရင် လှဂုဏ်ကိုး ရွာကိုလာတုန်းက ယပ်ခတ်ပေးခဲ့ပါတယ်၊ ကုန်းပိုး ပြေးခဲ့ပါတယ်၊ ခုတော့ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါပေါ့ လှဂုဏ်ကိုးရဲ့ ... အဟဲ့ ... အဟဲ့ ..."

"ဟဲ့ ... ပြီတွာ၊ နင့်ပါးစပ်ကို ပိတ်ထားစမ်းဟဲ့၊ နေပူလို့ မောရတဲ့အထဲ၊ နင့်အသံကြောင့် ပိုမောတယ်၊ ကျက်သရေကို မရှိဘူး ..."

ငှက်ပျောနိုင် တစ်ခိုင်၊ ပိန္နဲသီး တစ်တွဲကို မောကြီးပန်းကြီး ဆွဲလာသော ကပ္ပိယကြီး ဦးပေသီးက သည်းမခံနိုင်တော့ပြီမို့ ဒီပကို လှမ်းငေါက်လိုက်သည်။

ဒီပက နှုတ်ပိတ်မသွားပါ။





"ဦးပေသီးကလည်း ... ဦးပေသီးရော သီလလုံကို အားမကျဘူးလား"

"ငါ့အရွယ်ကြီးနဲ့ အားကျစရာလားဟဲ့ ..."

"ဦးပေသီးလည်း လူပျိုကြီးပဲဟာ၊ အားကျမယ်ဆို အားကျလို့ ရသေးတာပဲ"

"တယ် ... ဒီကောင်၊ တယ် အာချောင်ပါလား"

"ဦးအောင်ကိုးမှာ နှမ အပျိုကြီးတွေ ရှိချင်ရှိမှာ ဦးပေသီးရဲ့ ..."

"အဲ့ဒါ ငါနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ဦးပေသီး ရုပ်ကလည်း သီလလုံလောက်နီးနီး ကြည့်ကောင်းတာပဲဟာ၊ ဦးပေသီးသာ ကျွန်တော်တို့နဲ့ အတူတူလိုက်ခဲ့ရင် ဦးအောင်ကိုး နှမက သဘောမကျဘူး မပြောနိုင်ဘူး၊ တစ်ခုတော့ရှိတယ် ... ဟိုရောက်ရင်တော့ ဦးပေသီးအနေနဲ့ ဦးအောင်ကိုး နှမကို ကုန်းပိုးပြေးတာမျိုး၊ အိုက်ရင် ယပ်ခတ်ပေးတာမျိုးတော့ လုပ်ဖို့လိုတယ်၊ ဒါမှ ဦးအောင်ကိုးက ဦးပေသီးကို သူ့နှမနဲ့ သဘောတူမှာ၊ သူဌေးယောက်ဖဖြစ်ရင်တော့ အေးဆေးဖြစ်သွားပြီပဲ၊ အင်းဒါပေမယ့် ဦးပေသီးက နည်းနည်းတော့ ပိန်တယ်၊ ကုန်းပိုးပြေးနိုင်ဖို့ဆိုတာ ဗလလေးဘာလေးတော့ တောင့်မှဖြစ်မှာ၊ လောလောဆယ်တော့ ရွာမှာပဲနေပြီး အလေးတွေဘာတွေ မ,ထားပေါ့ဗျာ၊ ဗလတောင့်ပြီဆို လိုက်သာလာခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နေပူရတဲ့အထဲ နင့်ပါးစပ်က အလေနတ်တော ပေါက်ကရလေးဆယ် ပေါက်ပေါက်ဖောက်မနေနဲ့၊ ငါ ပိန္နဲသီးနဲ့ ကောက်ထုလိုက်မယ်"

ဦးပေသီးက အမြဲတမ်း သဘောကောင်း သည်းခံ တတ်သူမို့ ဦးပေသီး ဒေါသနဲ့ ပြောလာလည်း ဒီပတို့က မဖြုံ။ လမ်းတစ်လျှောက်လုံး ပေါက်ကရပြောကာ ပါးစပ်ဖြင့် စက် သေနတ်ပစ်လာသည်။

မီးရထား ဥဩသံ ကြားရပြီ။ သီလလုံ ရင်ထဲမှာ တော့ လွမ်းလွမ်းဆွေးဆွေးကြီး ခံစားနေရသည်။ ဘုန်းဘုန်းကို မခွဲချင်။ ရွာဦးကျောင်းကို မခွဲချင်။ ရွာကို မခွဲချင်။

ဒီပကတော့ သီလလုံနှင့် ဆန့်ကျင်ဘက်။ မြို့မှာ နေရတော့မှာမို့ ပါးစပ်က ဗရွတ်ဗရွတ်တ လျှောက်ပြောရင်း မြူး တူးတက်ကြွ ဖလန်းဖလန်း ထနေသည်။

ရထားကြီးက ရွာရဲ့ ဘူတာငယ်လေးမှာ ရပ်လိုက် သည်။ သီလလုံက ရထားပေါ်သို့ လှမ်းတက်လိုက်သည်။ ဒီပက လွှားခနဲ ခုန်တက်လိုက်သည်။

ရထားထွက်ပြီ။ ဦးပေသီးက မျက်နှာမကောင်းစွာ ဖြင့် လက်ပြရပ်တန့်ကျန်ခဲ့သည်။ သီလလုံက ဝဲလာသော မျက် ရည်ကို လက်မောင်းဖြင့် ဖိပွတ်သုတ်ရပြန်သည်။

ရထားကြီးက ဂျုံးဂျုံးဂျက်ဂျက်သံပေး၍ ရန်ကုန်ဆီ ဦးတည် ပြေးနေသည်။ ထန်းတောတွေ၊ ယာခင်းတွေက ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်။





ဒီပကတော့ ...

"မင်းနဲ့ငါ နေရာချင်း လဲရအောင်ကွာ"

ဟု မကြာခဏပြောရင်း လိုက်ပါလာပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဟော … ဟိုမှာ ထိုင်နေတဲ့ မိန်းမဝဝကြီးဟာ ဦးအောင်ကိုး နှမ အပျိုကြီးများလား။ ဟီးဟီး … ဒီခန္ဓာကိုယ်ကြီးကိုသာ ဦးပေသီး တွေ့ရင် လန့်အော်ပြေးမှာ သေချာတယ် … "

ဒီပက ခြံတံခါးသံပန်းတွေကြားကနေ ခြံတွင်းကို ချောင်းကြည့်ရင်း ရေရွတ်လိုက်သည်။ သီလလုံက ဒီပကို တွန်းဖယ်လိုက်ရင်း …

"ဦးအောင်ကိုးမှာ နှမ ရှိတယ်လို့ မကြားမိပါဘူးကွာ၊ ဘုန်းဘုန်းပြောလိုက်တာတော့ ဦးအောင်ကိုးရယ်၊ သူ့သမီး လုဂုဏ်ကိုးရယ်၊ သားနှစ်ယောက်ရယ်၊ ဦးအောင်ကိုး အဖေ ရယ်ပဲ ရှိတာတဲ့"

"ငါ အခု မြင်တာက မိန်းမဝဝကြီးပဲကွ၊ ဒီဘက်ကို ကျောခိုင်းထိုင်နေတဲ့ ပုံ့ပုံ့အိအိကြီးလေ၊ မင်း မြင်တယ်မဟုတ်လား"

"သူတို့အိမ်က ထမင်းချက်တဲ့ အဒေါ်ကြီး ဖြစ်မှာပေါ့"





"မဖြစ်နိုင်ဘူးကွ၊ ဝတ်စားထားတာက အလန်းဇယားပဲ"

"ဒါဆိုလည်း ဧည့်သည်တွေ ဘာတွေ ဖြစ်မှာပေါ့ကွာ၊ ဖယ်စမ်းပါ၊ ငါကြည့်ပါဦးမယ်"

သီလလုံက ခြံတံခါး သံပန်းအကွက်မှာ မျက်နှာအပ်ပြီး ခြံထဲကို ချောင်းကြည့်လိုက်သည်။

အားပါးပါး … ဝမှဝ … ။ ဝဝအိအိ အဒေါ်ကြီး တစ်ယောက်ဟာ ခေတ်ဆန်ဖက်ရှင်ကျစွာ ဝတ်စားလျက် ခြံဝဘက်ကို ကျောပေးထိုင်နေပါသည်။

ကြည့်ရတာတော့ မြက်ခင်းပေါ်မှာ နေပူဆာလှုံနေသလိုပင်။ မြက်ခင်းပေါ်မှာ ပလတ်စတစ်ဖျာခင်းပြီး နံနက်ခင်း နေခြည်လာရာ ခြံရှေ့ဘက်ကို ကျောခိုင်းထိုင်၍ စာတစ်အုပ်ကို ဖတ်နေသည်။ အဒေါ်ကြီးနားမှာတော့ စားစရာထုပ်တွေ အများကြီး ပတ်လည်ဝိုင်းနေသည်။ ဒီပကတော့ လျောင်ပြောင်မဆုံး။

"ဟီး … ဟီး … တော်တော်ဝတဲ့ ကြီးဒေါ်ကြီးပဲကွ၊ နောက်က ကြည့်တာတောင် ရယ်စရာကြီး … ၊ ဘယ်သူများလဲ မသိ"

"ဘယ်သူပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဒီလမ်းနဲ့ ဒီခြံက ငါတို့ရှာလာတဲ့ လိပ်စာနဲ့ ကွက်တိပဲဟာ၊ ဘဲလ်သာ နှိပ်လိုက်စမ်းပါ"

ဒီပက သူ့ဘက်ခြံတံခါးအုတ်တိုင်မှာ ကပ်ထားသည့် ဘဲလ်ကို လှမ်းနှိပ်လိုက်သည်။ ခဏကြာတော့ ခြံစောင့်က လူဝင်ပေါက် တံခါးလေးကို လာဖွင့်ပေးကာ …

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ … "



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ဦးအောင်ကိုးဆီ လာတာပါ၊ ဘုန်းဘုန်း ဦးသောဘိတ လွှတ်လိုက်လို့ပါ"

"ဪ … လာပါ … ဝင်ပါ၊ ဆရာ ပြောထားပါတယ်၊ ဆရာကတော့ အပြင်သွားတယ်၊ ခဏနေ ပြန်လာပါလိမ့်မယ်၊ အိမ်ထဲကပဲ စောင့်နေလိုက်ပါ"

ခြံစောင့်က တံခါးဖွင့်ပေးပြီးတာနှင့် ခြံနောက်ဘက်သို့ ပြန်လျှောက်သွားသည်။

သီလလုံနှင့် ဒီပက ခြံထဲသို့ လှမ်းဝင်လိုက်ကြရင်း အိမ်ကြီးကို လှမ်းမျှော်ကြည့်မိကြသည်။ ဒီပက ပခုံးတွန့်ကာ …

"မင်း ယောက္ခမက တကယ့် ရောမ သူဌေးကြီးပဲကွ၊ သူ့ခြံကြီးနဲ့ အိမ်ကြီးက သားနားလိုက်တာ …"

"အပြောအဆို ဆင်ခြင်စမ်းပါ ဒီပရာ၊ မင်းယောက္ခမလို့ မပြောစမ်းပါနဲ့၊ အားနာစရာ ကောင်းပါတယ်"

"အမှန်အတိုင်း ပြောတာပဲဟာ၊ အားမနာပါဘူး"

"မင်း စကားပြော မဆင်ခြင်လို့ မင်းကို ဦးအောင်ကိုး သဘောမကျရင် ရွာပြန်ပို့ခံရမှာနော်"

"ဟဲဟဲ … ဒါဆိုလည်း ဆင်ခြင်ပါ့မယ်ကွာ …"

ဒီပက ရွာပြန်ပို့ခံရမှာတော့ အသေကြောက်တတ်သူပင် …။

သီလလုံက အိမ်ကြီးရဲ့ ရှေ့ဘက်တံခါးဝကို လှမ်းမျှော်ကြည့်လိုက်ရင်း …





"အိမ်ထဲကို ငါတို့ဘာသာ ဝင်သွားရမှာ ရှိန်တော့ရှိန်တယ်ကွ၊ ဟိုမှာ တံခါးကလည်း ပိတ်ထားတာ …"

"ခြံဝမှာတောင် ဘဲလ်ရှိသေးတာ၊ အိမ်ဝမှာလည်း ရှိမှာပေါ့ကွ၊ ဘဲလ်နှိပ်လိုက်ရင် အထဲက တစ်ယောက်ယောက် လာဖွင့်ပေးမှာပေါ့"

"ဟိုအဒေါ်ကြီးကို စကားလေး ဘာလေး သွားပြော၊ မိတ်ဖွဲ့ပြီး ဝင်တာက ပိုမကောင်းဘူးလား"

"ကောင်းသားပဲ၊ လာ … သွားရအောင်"

သီလလုံနှင့် ဒီပက ကျောခိုင်းထားသည့် အဒေါ်ကြီးဆီသို့ လျှောက်သွားပြီး အဒေါ်ကြီးနောက်မှာ ရပ်လိုက်သည်။

အဒေါ်ကြီးကတော့ သူတို့ရပ်နေတာကို မသိ။ နားမှာ ကက်ဆက်နားထောင်သည့် အီးယားဖုန်းလေး တပ်ထားပြီး ဝတ္ထုစာအုပ်ကို သဲကြီးမဲကြီး အာရုံစိုက်၍ ဖတ်နေသည်။

"အဒေါ် … အဒေါ် …"

ဒီပက ခပ်တိုးတိုးခေါ်သည်။ အဒေါ်ကြီးက မကြား။

"အဒါ … အဒေါ် …"

"နားမှာ နားကြပ်နဲ့ကွ၊ သီချင်းနားထောင်နေလို့ မင်းခေါ်သံ မကြားတာဖြစ်မယ်"

"ဒါဆို နည်းနည်းတို့လိုက်မယ်"

"ဘာကိုလဲ …"

"အဒေါ်ကြီးကိုလေကွာ"

"ဖြစ်မလားကွ …"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက တို့အမေအရွယ်ပဲဟာ၊ ဒီအတိုင်း ခေါ်တာ မကြားလို့ လက်တို့ခေါ်တာ ဘာဖြစ်လဲ၊ ကဲ … တို့ပြီ ဆရာ"

ဒီပက အဒေါ်ကြီး ပခုံးကို လက်ညှိုးလေးဖြင့် အသာ တို့လိုက်ရင်း …

အဒေါ် … အဒေါ် … "

"ဟဲ့ … ပလုတ်တုတ် … နင့် ဂျီးဒေါ်ကြီး အစားပုပ် "

ယောင်လိုက်သော အသံနှင့်အတူ အဒေါ်ကြီးရဲ့ ခန္ဓာကိုယ်ကြီးက ငြိမ့်ခနဲ လှုပ်သွားပြီး သီလလုံတို့ဘက်ကို ချာခနဲ လှည့်ကြည့်လိုက်သည်။

"နင်တို့က ဘယ်သူတွေလဲ၊ ဘာလာလုပ်တာလဲ"

သာယာချိုမြသော အသံလေးနှင့် နုနယ်လှပသော မျက်နှာကလေးကြောင့် သီလလုံနှင့် ဒီပတို့ နှစ်ယောက်လုံး ကြောင် အမ်းအမ်း ဖြစ်သွားကြသည်။

အဒေါ်ကြီးမှ မဟုတ်ဘဲ …။ ကြီးမား ဝဖြိုးသော ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်အောင် လှပနုနယ် ပျိုမျစ်သော မျက်နှာကလေးကို နှစ်ယောက်သား အသံတိတ် ငေးမောကြည့်နေရင်း တစ်ယောက်ယောက်နဲ့ တူသလိုပဲဟု ထင်လာသည်။

သူမက ခန္ဓာကိုယ်နှင့် မလိုက်အောင် အလွန်တရာ သွက်လက်စွာဖြင့် ထိုင်ရာမှ ထရပ်လိုက်ပြီး ခါးနေရာဟုထင်ရသော နေရာကို လက်နှစ်ဖက်ထောက်၍ သူတို့ကို စိုက်ကြည့်နေသည်။

"မြင် … မြင်ဖူးသလိုပဲနော်"





ဒီပက သီလလုံနား .ကပ်၍ တီးတိုးပြောလိုက်သည်။ သီလလုံကလည်း ဒီလိုပဲ ထင်တာမို့ ခေါင်းကို မသိမသာလေး ညိတ်ပြမိသည်။

"ဟဲ့ … မေးနေတယ်လေ၊ နားပင်းနေသလားဟဲ့"

မူရင်းအသံက ချိုပေမယ့် လေသံကတော့ နှုတ်ကြမ်း လျှာကြမ်းပုံ ပေါက်နေသည်။ ခုနေ ကလန်ကဆန်လုပ်လို့ကတော့ ငါ့ကိုယ်လုံးနဲ့ နင်တို့ကို ဖိသတ်ရင်တောင် ပြားပြီးသေသွားမယ် ဆိုတဲ့ ပုံမျိုး။

ရွာမှာဆို အာကျယ်ပါကျယ်နှင့် သီလလုံကို အမြဲ အနိုင်ကျင့်ချင်သော ဒီပက ခုလိုကျတော့ ကြောက်လွန်းလို့ တုန်ချင် သလိုဖြစ်လာကာ …

"ဟို … ဟို … ကျွန်တော်တို့က ရွာကပါ"

"ဟွန်း … ထင်သားပဲ၊ ရုပ်ကိုက ဇနပုဒ်ရုပ်၊ လက်ထဲမှာ အသီးအနှံပေါင်းစုံနဲ့ ဒီရုပ်ဒီရည် ဒီစတိုင်လ်ကို မြင်လိုက် ကတည်းက တောသားမှန်း သိလိုက်ပါတယ်၊ ဒါနဲ့ နေစမ်း ပါဦး၊ ခုန ငါ့ပခုံးကို တို့လိုက်တာ နင်မဟုတ်လား … "

"ဟို … ဟို … ဟို … "

ဝတုတ်မက ခါးထောက်လျက်ပင် ဒီပရှေ့သို့ တစ် လှမ်းတိုးလာတာမို့ ဒီပက နောက်သို့ တစ်လှမ်းဆုတ်လိုက်ရသည်။

"ဟဲ့ … ငါမေးတာ ဖြေလေ ကတုံးကောင်ရဲ့ … "

ဝတုတ်မက ဆောင့်အော်လိုက်တော့မှ ဒီပက လန့်ဖျပ်ကာ ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ်"

"နင်ကများ ... ငါ့ကို တို့လား ဆိတ်လားနဲ့၊ ကဲ ... ကဲ ... ကဲ ..."

"ဖတ် ... ဖတ် ... ဖတ် ..."

"ဟာ ... ဟာ ..."

လျှပ်တစ်ပြက်အတွင်းမှာပင် ဝတုတ်မက ဒီပရဲ့ ကတုံးပြောင်ပြောင်ကို တဖတ်ဖတ် ရိုက်ချပစ်လိုက်ပါသည်။ ဒီပ ခမျာ အလစ်အငိုက် ခံလိုက်ရကာ ...

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

ဟု ခေါ်ရင်း လိုမ့်ပိမ့်ခံနေရသည်။ ဦးအောင်ကိုးနဲ့ ဘာတော်မှန်းမသိသူကို ခံလည်းမလုပ်ရဲ။ ခံလုပ်မိလို့ ပြဿနာ တက်လျှင် ဒီမှာနေဖို့ လက်မခံမှာလည်း ကြောက်ရတာမို့ လှည့် ပတ်ပြေးဖို့သာ ကြိုးစားပါသော်လည်း ဝတုတ်မက ဒီပရဲ့အင်္ကျီစ ကို အမိအရဆွဲထားကာ ဆော်ပလော်တီးနေပါသည်။ သီလလုံက အမြင်မတော်တော့တာမို့ ...

"ဒီမှာ ... ဒီမှာ ကျေးဇူးပြုပြီး တော်ပါတော့ဗျာ၊ သူခေါ်တာကို ခင်ဗျား မကြားလို့ လက်တို့ပြီး ခေါ်လိုက်မိတာပါ၊ ခင်ဗျားကို တမင် ထိပါးချင်လို့မှ မဟုတ်တာ ..."

သီလလုံ၏ ရည်မွန်ယဉ်ကျေးသော တောင်းပန်စကားကြောင့် သူမ၏အာရုံက သီလလုံဆီ ရောက်လာသည်။ ဒီပက သီလလုံနောက်မှာ လာကွယ်ရပ်လိုက်သည်။





သူမက သီလလုံကို စိုက်ကြည့်နေရင်း မျက်နှာ အမူအရာ ပျော့ပျောင်းကာ မျက်လုံးအကြည့်တွေ နူးညံ့လာသည်။ သူမကိုကြည့်ရတာ လှဂုဏ်ကိုးနဲ့ ရုပ်ချင်းဆင်သည်ဟု ထင်ရသည်။ လှဂုဏ်ကိုးရဲ့ အစ်မဝမ်းကွဲများလား ...။ ဒါမှမဟုတ် အမျိုးတွေ များလား ...။

"နေပါဦး ... နင့်ကို ငါ မြင်ဖူးပါတယ် ..."

သူမကလည်း သီလလုံကို စေ့စေ့ကြည့်နေသည်။

"နင့်ကို ငါ မြင်ဖူးသလိုပဲ၊ ဟို ကတုံးကောင်ကိုလည်း မြင်ဖူးနေသလိုပဲ၊ နင့်ကို ပိုပြီး ရင်းရင်းနှီးနှီး မြင်ဖူးနေ တယ်"

"ကျွန်တော်က ဘုန်းဘုန်း ဦးသောဘိတရဲ့ သားတပည့် သီလလုံပါ၊ သူက ဒီပ ပါ ..."

"ဟယ် ... သီလလုံ၊ နင်က သီလလုံလား"

သူမ၏ ဝမ်းသာအားရ ရေရွတ်လိုက်သံကြောင့် သီလ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကာ အန္တရာယ်အငွေ့အသက်ကို စတင်ခံစားလိုက်ရသည်။

"ငါ ... ငါက လှဂုဏ်ကိုးလေ ..."

"ဗျာ ..."

"ဗျာ ..."

ဗျာသံ နှစ်ခွန်းဟာ သံပြိုင်ညီညာ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။ သီလလုံမှာတော့ ကိုယ့်ခန္ဓာကိုယ်ကို တစ်စုံ တစ်ယောက်ကဆွဲယူကာ လေးငါးဆယ်ပတ်လည်အောင် ဖွေ့ယမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဝေးသို့ လွှင့်ပစ်ခံလိုက်ရသလို ရင်ထဲမှာ လှပ်ခနဲ အေးခနဲ ဖြစ်ရပြီးမှ လှိုက်ခနဲ ဟာသွားသည်။

သူမကိုကြည့်ရင်း ရင်ထဲမှာ မချိမဆန့်နှင့်ပင် ဖြစ်မှ ဖြစ်ရလေဗျာဟု အသံတိတ် ညည်းတွားမိသည်။ မိန်းကလေး တစ်ယောက်ဟာ ခုနစ်နှစ်အတောအတွင်း ဒီလောက်တောင် ပုံပျက် ပန်းပျက် အသားတိုး ဝဖြိုးလာနိုင်ပါသလား ...။ ဝလွန်းသော ခန္ဓာကိုယ်ကို မရဲတရဲကြည့်ရင်း သူမမျက်နှာ လှလှလေးကို နှမြော တသ စုတ်သပ်ချင်မိသည်။

ဦးအောင်ကိုး ကိုယ်တိုင်က လှဂုဏ်ကိုးကို သီလလုံ နဲ့ သဘောတူ ကြည်ဖြူထားခဲ့တာဟာ ခုလို ဝဖြိုးအသားမတိုးခင် တုန်းကတည်းကပဲ ထင်ပါရဲ့ဟုသာ အကောင်းဘက်က တွေးပေး လိုက်မိသည်။

ကိုယ့်ဘဝရဲ့ ဖူးစာရှင်ကို ဒီလိုပုံမျိုး ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ စဉ်းစားမထားခဲ့ဖူးတာမို့ ကြက်သီးဖြန်းဖြန်းထလု ခမန်း အံ့ဩမိတာတော့ အမှန်ပင်။

သို့သော် ... သီလလုံက တစ်ခဏချင်းမှာ စိတ်ကို ဖြေသိမ့်လိုက်နိုင်သည်။ မိန်းမတစ်ယောက်ကို ဝတာလေး တစ်ခု တည်းနဲ့ ခါးခါးသီးသီး ငြင်းပယ်လိုက်ရင် သူ့ခမျာလေး အားငယ် သွားရှာမှာပေါ့။ ဦးအောင်ကိုးလို သူဌေးကြီးကတောင်မှ ကိုယ်လို ဘုန်းကြီးကျောင်းသားကို ယုံယုံကြည်ကြည်နဲ့ သူ့သမီးနဲ့ ကြည်ဖြူ ရည်ရွယ်ခဲ့သေးတာ။ ကိုယ်က ကျေးဇူးကန်းလို့ ဖြစ်ပါ့မလား။ လှဂုဏ်ကိုးကို တတ်နိုင်သမျှ စောင့်ရှောက်ရမှာပေါ့။ သည်းခံရမှာ





ပေါ့။ ဘုန်းကြီးကို ပေးခဲ့တဲ့ ကတိကို တည်ရမှာပေါ့။ ယောကျ်ား ဆိုတာ ကတိတည်ရမှာပဲ မဟုတ်လား။

သီလလုံက စိတ်ကိုရှင်းထုတ်ပစ်လိုက်ပြီး လှဂုဏ် ကိုးကို နွေးနွေးထွေးထွေး ပြုံးပြကာ ...

"အရမ်းဝလာလိုက်တာဟာ၊ မှတ်တောင် မမှတ်မိဘူး"

"ဝပေမယ့် လှပါသေးတယ်ဟဲ့"

"အေးပါ ... လှပါတယ်၊ နင့်မျက်နှာလေးကတော့ အရင်က ထက်တောင် ပိုလှလာပါသေးတယ်၊ အသံလေးလည်း ကောင်းတယ်၊ အဆိုတော်တောင် လုပ်လို့ရသေးတယ်၊ ပြီးတော့ နင် ဝတဲ့ပုံကလည်း ရုပ်မဆိုးပါဘူး၊ ချစ်စရာ ကောင်းပါတယ်"

"ဟင်း ... ဟင်း ... နင်ကတော့လေ အရင်အတိုင်းပဲ၊ လူ တစ်ဖက်သား စိတ်ချမ်းသာအောင် သိပ်ပြောတတ်တာပဲ၊ ဟိုကောင် ဒီပနဲ့ တခြားစီပဲ၊ အဲ့ဒီကောင်က ရုပ်ကလည်း ဆိုး၊ အကျင့်ကလည်း ပုပ် ..."

လှဂုဏ်ကိုးက ဒီပကို မျက်စောင်းတစ်ချက် လှမ်း ထိုးလိုက်သည်။ ဒီပကတော့ ပြုံးစိစိ မျက်နှာဖြင့် သီလလုံကို ကြည့်နေသည်။ ဒီပ မျက်နှာက သီလလုံကို လှောင်ပြောင်သရော် ချင်သော မျက်နှာ။ ကိုယ် အားကျမနာလိုဖြစ်ရတဲ့သူက ဒီလိုမျိုး ကြီး· ကြုံရတာကို ဝမ်းမြောက်စွာ သရော်ရိုထေ့ချင်တဲ့ မျက်နှာ။

"ဟယ် ... ပိန္နဲသီးနံ့လေးက မွှေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



လှဂုဏ်ကိုးက ရုတ်တရက် ဆိုသလို ဒီပလက်ထဲက ပိန္နဲသီးဆီ အာရုံရောက်သွားကာ ...

"ဟဲ့ ... ဒီပ၊ နင့် ပိန္နဲသီးက မှည့်ပြီလား"

"မှည့်ပြီ ..."

"ဒါဆို ခွဲတော့ ..."

"ဗျာ ..."

"နင့် ပိန္နဲသီးကို ခွဲလိုက်တော့လေ၊ ငါစားချင်ပြီ၊ ရော့ ... ဒီမှာ ဓားလည်း အသင့်ပဲ"

လှဂုဏ်ကိုးက ပန်းသီးနွှာစားနေသည့် ဓားလေးကို လှမ်းယူပြီး ဒီပ လက်ထဲ ထည့်ပေးလိုက်သည်။

"သီလလုံ ... လာ ... ထိုင်၊ ပိန္နဲသီး စားကြရအောင်၊ ဟဲ့ ကတုံးကောင် မြန်မြန်ခွဲပြီး အိမ်လှလှကြီးကြီးလေးတွေ ရွေးထုတ်ပေးစမ်း ..."

သီလလုံက လှဂုဏ်ကိုး ထိုင်ခိုင်းသည့် ပလတ်စတစ်ဖျာပေါ်မှာ ဝင်ထိုင်လိုက်ရသည်။ ဒီပက မျက်နှာရှုံ့မဲ့မဲ့နှင့် ပိန္နဲသီး ခွဲပေးနေရသည်။

ဒီပ ကော်ထုတ်ပေးသည့် ပိန္နဲသီးတွေကို အငမ်းမရ စားနေသော လှဂုဏ်ကိုးကို ကြည့်ရင်း သီလလုံမှာ ရယ်လည်း ရယ်ချင်၊ သနားလည်း သနားရသည်။ ဩော် ... ဒါကြီး ... အဲဒါကလေးဟာ ကိုယ့်ဖူးစာဖက်တဲ့လား ...။

"သီလ ... ရော့ ... နင်လည်း စား ..."





လှဂုဏ်ကိုးက ပိန္နဲသီး အမြွှာကြီး တစ်မြွှာ လှမ်းပေးတာမို့ သူက လှမ်းယူကာ အားရပါးရ စားပြလိုက်ရသည်။

ဟိုတုန်းက သူမ မျှကျွေးတဲ့ မုန့်တွေကို အငမ်းမရ စားမိလို့ သူ့သျှောင်တစ်ထုံး ဆုံးခဲ့ဖူးတာကို သတိရတော့ သူ့မှာ ကြက်သီးဖြန်းဖြန်း ထရလေသည်။

တကယ်တော့ လှဂုဏ်ကိုးဆိုတာ သီလလုံရဲ့ ငယ်နိုင်လေ ...။

ဒီပကတော့ ပိန္နဲသီးကို အငမ်းမရ ပလုတ်ပလောင်း အဆက်မပြတ် စားနေသော လှဂုဏ်ကိုးကို ကြည့်ရင်းက ...

"ဟော့ကောင် ... သို့လ မင်းနဲ့ ငါ လုံးဝ နေရာချင်း မလဲတော့ဘူးကွာ ... ဟီးဟီး"

ဟု ပြောပြောဆိုဆို ရယ်ချလိုက်သည်။

လှဂုဏ်ကိုးက ဒီပကို မျက်မှောင်ကြုတ်ကြည့်ရင်း

"ဟဲ့ ... နင့် စကားက ဘာအဓိပ္ပာယ်လဲ"

"ဟဲဟဲ ... ဘာမှမဟုတ်ပါဘူး"

"ဘာ ... ဘာမဟုတ်ရမှာလဲ၊ နေရာချင်း မလဲဘူးဆိုတာ ဘာလဲ၊ ရှင်းအောင်ပြော ..."

လှဂုဏ်ကိုးက ဒေါသထွက်လာပြီမို့ သီလလုံက ကြားဝင်ကာ ...

"ဒီလိုပါ လှဂုဏ်ကိုးရယ် ..."

"ကိုးလေးလို့ ခေါ်ရင်ရပြီ"

"အင်း ... အင်း ... ဟုတ်ပါပြီ ကိုးလေးရယ်၊ သူပြောတာ



www.burmeseclassic.com

www.burmeseclassic.com



က ရထားပေါ်မှာ နေရာချင်း လဲထိုင်တဲ့ကိစ္စကို ပြောတာပါ၊ နောက်တစ်ခါ ရထားစီးလို့ သူ ပြတင်းပေါက်နားမှာ နေရာရရင် နေရာချင်း လဲမထိုင်ဘူး ပြောတာပါ …"

"သြော် … သြော် … အဲ့ဒါကို ဒင်းက ရှင်းအောင် မပြောဘူး ဟွန်း … ကဲ …"

"ဖတ် …"

"ဟာ …"

လှဂုဏ်ကိုးက လက်မြန်ခြေမြန်ဖြင့် ဒီပရဲ့ ကတုံးကို ဖတ်ခနဲ လှမ်းဆော်လိုက်ပြန်တာမို့ ဒီပမှာ သူ့ခေါင်းတုံး သူပွတ်ရင်း ရှုံ့မဲ့ အီစလံဝေနေပါသည်။

○ ○ ○



✤ ✤ ✤

"ဟား … ဟား … ဟား … ငါ့မှာတော့ မင်းဘဝကို အားကျလိုက်ရတာကွာ၊ သူဌေးသမက် ဖြစ်တော့မယ့် မင်းကို မနာလိုတွေ ဖြစ်လိုက်ရတာကွာ"

ဒီပက သီလလုံကို လှောင်သရော်စကားတွေ တရစပ် ပြောရင်း ဗိုက်နှိပ်ရယ်မဆုံး …။

"လက်စသတ်တော့ မင့်ယောက္ခမလောင်းကြီးက သူ့သမီး ဖက်တီးမကြီးကို ဘယ်သူမှ ယူမယ့်သူမရှိလို့ မင်းလက်ထဲ ထည့်ချင်တာကိုးကွ၊ ပုပ်ကုန်သိုးကုန် ရောင်းမစွံကုန်ကြီး မို့လို့ မင်းကို လျှော့ဈေးနဲ့ ပေးတာကိုး …"

"သူများ စေတနာကို မစော်ကားနဲ့ ဒီပ၊ ဘုန်းဘုန်းပြောတာ မင်း မကြားဘူးလား၊ ဦးလေး ဦးအောင်ကိုးက ငါငယ်ငယ် လေးကတည်းက သူ့သမီးနဲ့ ရည်ရွယ်ခဲ့တာတဲ့၊ အဲ့ဒီတုန်း က လှဂုဏ်ကိုး ခုလို ဝလာလိမ့်မယ်လို့ သူလည်း ဘယ် ထင်ခဲ့ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုလောက် မဝသေးပေမယ့် ဝစတော့ ပြုနေပြီလေကွာ၊ အစားကလည်း အရမ်းသောင်းကျန်းတဲ့သူဆိုတော့ တစ်ချိန်မှာ ဒီလိုမျိုးကြီး ဖြစ်လာနိုင်တယ်လို့ သူလည်း ကြိုတွက်မိမှာပဲ၊ ပြီးတော့ သူ့သမီးက အရမ်းဆိုးတယ်လေ၊ ကလေးသာသာတုန်းက ဆိုးခဲ့တာ ထားတော့၊ ခုအရွယ်ကြီးမှာလည်း နှုတ်ကြမ်း အာကြမ်းနဲ့ ဆက်ဆိုးနေတာ မင်းမြင်တဲ့အတိုင်းပဲ၊ ဦးအောင်ကိုးက မင်းကို လူဆိုးထိန်း လုပ်ခိုင်းတာ၊ မင်းကို ဒီမှာ ခေါ်ထားပြီး တစ်နေ့ကျ သူ့သမီးနဲ့ သေချာပေါက် ပေးစားမှာ"

"ဒီလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါကွာ၊ လှဂုဏ်ကိုးကလည်း ငါ့ကို ကြိုက်ချင်မှ ကြိုက်မှာပါ"

"ဟ ... ဘာလို့ မကြိုက်ရမှာလဲ၊ မင်းလိုလူကို သူကြိုက်မှသာ မင်းက အားနာပါးနာ ပြန်ကြိုက်မှာပေါ့၊ တခြားသူသွားကြိုက်လို့ကတော့ သူလို ဖက်တီးမကြီးကို ဘယ်သူက ပြန်ကြိုက်မလဲ ..."

"ဒီပရာ ... မင်း သူများ သားသမီးကို ဖက်တီးမကြီး ... ဖက်တီးမကြီးနဲ့ ချိုးချိုးနှိမ်နှိမ် မပြောစမ်းပါနဲ့၊ လှဂုဏ်ကိုးက ဝပေမယ့် မျက်နှာလေးက အရမ်းလှပါတယ်၊ အသံလေးလည်း ကောင်းတာပဲ၊ သူ တစ်နေ့ကျ ဝိတ်လျှော့ချင်စိတ်ရှိလို့ လျှော့လိုက်ရင် အရမ်းလှလာမှာပါ"

"လျှော့ပါလိမ့်မယ်၊ အားကြီးကြီး၊ အစားအသောက်ကို ဒီလောက် ဘီလူးသဘာက်စီးပြီး စားနေတဲ့ဥစ္စာ၊ မနက်ကပဲ





ကြည့် ... ပိန္နဲသီးတစ်လုံးကို စားလိုက်တာများ ခဏလေး၊ ဆင်တစ်ကောင်ရဲ့ စားအားလောက်ကို စားနိုင်တာ၊ မင်းနဲ့သူတွဲရင် ဆင်နဲ့ ဆိတ်အတွဲလို ဖြစ်နေမှာ ..."

"ဘယ်သူမဆို ပိန်ပိန်ဝဝ ဖြူဖြူမည်းမည်း ရည်းစားတစ်ယောက် ရဖို့တော့ မခက်ပါဘူးကွာ၊ သူ့မှာလည်း ရည်းစားရှိချင် ရှိနေမှာပါ"

"ငါ သွားမေးပေးရမလား ..."

"ဘာကိုလဲ ..."

"ကိုးကြီးမှာ ရည်းစားရှိမရှိ သွားမေးမြန်းတီးခေါက်ကြည့်လိုက်မယ်လေ ..."

"ကိုးကြီး မဟုတ်ပါဘူးကွာ၊ ကိုးလေးပါ၊ သူများ ငယ်နာမည်ကို မဖျက်ပါနဲ့"

"ဒီလောက်ဟာကြီးကို ကိုးလေးခေါ်ရရင် ငါ ရယ်မိမှာစိုးလို့ပါကွာ ..."

"သီလရေ ... သီလ"

"ဟော ... ကိုးကြီး ခေါ်နေပြီဟ"

အိမ်ရှေ့ဆီက လှဂုဏ်ကိုး၏ ခေါ်သံကြောင့် ဒီပက ပြုံးစိစိနှင့် ရေရွတ်လိုက်သည်။

သီလလုံတို့ ရောက်လာချိန်မှာ လှဂုဏ်ကိုး၏ အဖေရော၊ အဘိုးရော၊ အစ်ကိုတွေပါ အိမ်မှာမရှိကြတာမို့ ကားဂိုထောင်နှင့် တွဲလျက် သီးသန့် ဘန်ဂလိုပုံစံ တိုက်ပုလေးထဲမှာ သူတို့ ပစ္စည်းတွေ နေရာချပြီး နားနေကြတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"သီလရေ ... ဒီမှာ နင်တို့စားဖို့ မုန့်လာပို့တာ"

"သီလ ... မင်းနေခဲ့၊ ငါ ထွက်ယူလိုက်မယ်၊ ယူရင်းနဲ့ စကားရောဖောရောလုပ်ပြီး သူ့မှာ ရည်းစားရှိမရှိ အစ်အောက်မေးလိုက်မယ်၊ မင်း ကြားချင်ရင် တံခါးနားမှာ ကပ်ပြီး နားထောင်နေလိုက် ..."

ပြောပြောဆိုဆို ဒီပက အခန်းတံခါးဖွင့်ပြီး ထွက်သွားသည်။

လှဂုဏ်ကိုးက ကိတ်မုန့်နှင့် ပန်းသီး၊ ငှက်ပျောသီးတွေ ထည့်ထားသော ပလတ်စတစ်အိတ်ကိုဆွဲပြီး အခန်းရှေ့ခုံတန်းလေးမှာ ထိုင်စောင့်နေသည်။

ဒီပက လှဂုဏ်ကိုးကို မျက်နှာချိုသွေးကာ ပြုံးပြလိုက်ရင်း ...

"ဟဲဟဲ ... မုန့်လာပို့တာလား"

"ဟုတ်တယ်၊ နင့်ဖို့တော့ မဟုတ်ဘူး၊ သီလဖို့ ..."

"ငါရော စားလို့မရဘူးလား"

"သီလစားပြီး ကျန်ရင်တော့လည်း စားပေါ့"

"စေတနာ ကွက်ကျားမိုးပေါ့"

"နင့်ပုံက စေတနာရှိချင်စရာမှ မကောင်းတာ၊ သီလရော ဘယ်မှာလဲ ..."

"သူ ရေချိုးနေလို့ဟ၊ ငါ့ကိုပဲ ပေးခဲ့လေ"

"နင်ချည်း စားမပစ်နဲ့နော် ..."

"အေးပါ၊ မစားပါဘူး"





လှဂုဏ်ကိုးက မုန့်ထုပ်ကို ကမ်းပေးလိုက်ရင်း ...

"ရော့ ... ဗိုက်ဆာရင် ဒါကို အဆာပြေ ခဏစားထားလို့ ပြောလိုက်၊ ၁၂ နာရီလောက်ဆို အိမ်ဘက်ကို လာပြီး နေ့လယ်စာ စားလို့ရပြီ၊ ဒက်ဒီနဲ့ ဘိုးဘိုးက ညနေကျမှ ပြန်လာမှာတဲ့၊ နင်တို့ ရောက်တဲ့အကြောင်းတော့ ဖုန်းဆက်ပြောပြီးပြီ၊ ဒက်ဒီက ဘိုးဘိုးကို ဆေးရုံမှာ ဆေးစစ်ဖို့ လိုက်ပို့နေရတာ၊ ညနေကျမှ တူတူပြန်လာမှာ"

"ဩော် ... နင့်အစ်ကို နှစ်ယောက် ဆိုတာကရော"

"သူတို့က ခရီးသွားနေတယ်၊ နောက်တစ်ပတ်ကြာမှ ပြန်ရောက်မယ်"

ဒီပက စကားပြောရင်းက လှဂုဏ်ကိုးထိုင်နေသည့် ခုံတန်းရဲ့ အစွန်းတစ်ဖက်မှာ ဖင်ဖျားချိတ်ရုံလေး ဝင်ထိုင်လိုက်သည်။ ထိုင်ခုံဟာ သာမန်လူဆို လေးယောက်လောက် ထိုင်လို့ရနိုင်သော်လည်း ခုတော့ သူမ တစ်ယောက်တည်းနဲ့ ပြည့်လုနီးပါး ဖြစ်နေသည်။

ဒီပက လှဂုဏ်ကိုး၏ မျက်နှာကိုသာ ကြည့်ရင်း ...

"လှဂုဏ်ကိုး ..."

"ဘာလဲ ..."

"နင် တော်တော် လှလာတယ်နော်"

"အမှန်အတိုင်းတော့ မြင်တတ်သားပဲ"

လှဂုဏ်ကိုး၏ မျက်နှာထားက ငါလှတာ ငါသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုသော ဂုဏ်မောက်သည့် မျက်နှာထားသို့ ပြောင်းသွားသည်။ အလကား ... ဘုတ်ဆုံမကြီး။ အမြင်ကတ်လိုက်ပါဘိ။

ဒီပက ရယ်ချင်စိတ်ကို ထိန်းကာ ...

"နှင် ငါတို့ရွာကို ရောက်လာခါစတုန်းက ကလေးသာသာပဲ ရှိသေးတာ၊ ခု အပျိုကြီးဖားဖား ဖြစ်နေပြီဆိုတော့ အဟဲ ... ရည်းစားတွေ ဘာတွေ ရှိနေပြီပေါ့နော်"

"ရှိတာပေါ့ ..."

"ဟုတ်လား ..."

ကြွားမ ...။

ဒီပက မယုံဘဲ ရယ်သာရယ်ချင်နေသည်။

"ငါ့ရည်းစားက သီလလုံလေ ..."

"ဟမ် ..."

မထင်မှတ်သော စကားကြောင့် ဒီပ မျက်လုံးပြူးသွားသလို တံခါးနားမှာ ရပ်၍ နားထောင်နေသော သီလလုံလည်း မျက်လုံးပြူးသွားရပါသည်။

"ငါ ငယ်ငယ်လေးကတည်းက သီလလုံ တစ်ယောက်တည်းကိုပဲ စိတ်ထဲမှာ ထည့်ထားခဲ့တာ၊ ဒက်ဒီကလည်း သီလလုံနဲ့ ငါ့ကို ရည်ရွယ်ထားတယ်ဆိုတာ အရိပ်အမြွက် ပြောခဲ့ဖူးတော့ ငါလည်း ရည်းစားမထားတော့ဘဲ သီလလုံကိုပဲ ငါ့ချစ်သူအဖြစ် သတ်မှတ်ပြီး စောင့်နေခဲ့တာ ..."

"ဩော် ... ဩော် ... ဩော်"

"သီလမှာကော ရွာမှာ ရည်းစားတွေ ဘာတွေ ကျန်ခဲ့လား"





"မကျန်ပါဘူး ... မကျန်ပါဘူး၊ သူလည်း လုံးဝ ရည်းစားမထားဘဲ နင်နဲ့တွေ့မယ့်နေ့ကိုပဲ စောင့်နေခဲ့တာ ..."

"ဟုတ်လား ..."

"သူ့ခမျာ တစ်နေ့ တစ်နေ့ နှင် ရွာကိုလာဦးမလားလို့ ရွာထိပ်မှာ ထွက်ထွက်မျှော်ရတာ အမောပဲဟ ..."

"အို ... အားနာစရာပဲ"

ချွန်တွန်းကောင်။ အယုတ်တမာကောင်။

သီလလုံမှာ ဒီပရဲ့ ချောက်တွန်းသောအပြောကြောင့် ဒေါသထွက်သွားရပါသည်။ ဒီကောင်ဟာ ဘာအတွက်မှ ယုံလို့မရ။ ငယ်ငယ်လေးကတည်းက ခုထိ ကြုံရင် ကြုံသလို ချောက်တွန်းတတ်တာ ဒင်းအကျင့်။

သီလလုံသည် ဒီပကို ဒေါသထွက်သော်လည်း လှဂုဏ်ကိုး အပေါ်မှာတော့ သနားစာနာရသည်။ သူ့ကို ချစ်သူအဖြစ် သတ်မှတ်ပြီး စောင့်နေခဲ့ပါသတဲ့ ...။ သူမရဲ့ မေတ္တာကို သူ ဘယ်လိုငြင်းပယ်ရပါ့မလဲ။

ခဏကြာတော့ ဒီပက စပ်ဖြဲဖြဲရုပ်နှင့် ပြန်ဝင်လာသည်။

"သီလ ... မင်းကြားတယ်နော်၊ မင်းတော့ ဒီနေ့ကစပြီး အော်တိုမစ်တစ် သူ့ရည်းစား ဖြစ်ပြီပဲ၊ ဟဲ ဟဲ ဟဲ ..."

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဟား … ငါ့မြေးရဲ့ ဖူးစာဖက်က တောသားသာဆိုတယ် ရုပ်ကတော့ မခေပါလားဟေ့ … "

လှဂုဏ်ကိုး၏ အဘိုးဖြစ်သူ ဦးစက်ရောင်က သီလလုံကို ပြုံးပြုံးကြီးကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ ပြောလိုက်လေရာ သီလလုံမှာသာ အနေခက်သွားမိသော်လည်း လှဂုဏ်ကိုးက …

"ရုပ်ဆိုးဆိုးဆို ကိုးလေးက လက်ခံပါ့မလား ဘိုးဘိုးရဲ့၊ ကိုးလေး အလှကြိုက်တာလည်း ဘိုး သိသားနဲ့ … "

ဟု သွက်လက်စွာ ပြန်ပြောလိုက်ပါသည်။ ဒီပက တော့ တစ်ဖက်လှည့်ကာ အသံမထွက်အောင် ကျိတ်ရယ်နေပြီ။ သီလလုံမှာတော့ ဘာပြောလို့ပြောရမှန်း မသိ၊ ရှက်အမ်းအမ်း ဖြစ်နေသည်။

"ဒက်ဒီ အရိပ်အမြွက် ပြောပြထားကတည်းက ကိုးလေး မငြင်းခဲ့တာက သူက ရုပ်သန့်တာအပြင် သမီးအပေါ်လည်း အရမ်း သည်းညည်းခံခဲ့လို့ပဲလေ"





"အေး … အေး … မဆိုးဘူး၊ ငါ့သား အောင်ကိုးက သမက် အရွာတော်တယ်"

ဘွင်းဘွင်းရှင်းရှင်းကြီး ပြောကာ လူငယ်တွေနှင့် ပေါးလားဝါးလား ပျော်ပျော်ပါးပါး နေချင်ပုံရသော ဦးစက်ရောင် က သီလလုံကို ပြုံးပြုံးကြီး လှမ်းလှမ်းကြည့်လေ အနေရခက်လေ။

ဦးအောင်ကိုး အပေါ်ထပ်က ဆင်းလာတော့မှ သူ့မှာ အသက်ရှူ နည်းနည်းချောင်သွားရသည်။

"ဘယ်လိုလဲဟေ့ … သီလလုံ့တို့၊ မြို့ရောက်တော့ အသက် ရှူတွေ ဘာတွေ ကျပ်မလာဘူးလား"

"ကျပ်ပါတယ် ဦး … "

"အေးပေါ့ … အစတော့ ဒီလိုပဲပေါ့၊ မြို့မှာက မင်းတို့ဆီ မှာလို လေကောင်းလေသန့် ပေါပေါများများ မရနိုင်ဘူး လေ၊ ဦးဆိုလည်း မြို့ကိုရောက်စတုန်းက စိတ်တွေမွန်းကြပ် ပြီး ရွာကိုပဲ ပြန်ပြေးချင်နေခဲ့တာ … "

"ဟဲဟဲ … ဟုတ်တယ် ဦးလေး၊ သီလလုံလည်း အသက်ရှူ အရမ်းကျပ်လို့ ရွာပြန်ပြေးချင်နေတာ၊ ကျွန်တော်ကတော့ မြို့မှာပဲနေချင်တာ၊ ကျွန်တော်က သူ့လောက် အသက်ရှူ မကျပ်ဘူးလေ"

ဒီပက ဝင်ပြောတော့ ဦးအောင်ကိုးက ပြုံးရင်း …

"မင်း နေချင်တယ်ဆိုရင် ပျော်သလောက် နေပေါ့ကွာ၊ မင်းကတော့ ဘိုးဘိုးကို ကူညီစောင့်ရှောက်ပေးပေါ့ …၊ ဘိုးဘိုးက တစ်ခါ လေဖြတ်ပြီးကတည်းက အထိုင်အထ



www.burmeseclassic.com

www.burmeseclassic.com



အသွားအလာ မသွက်လက်တော့ဘူး၊ မင်းက ဘိုးဘိုးကို ဖေးမပြီး ဘိုးဘိုး သွားချင်တဲ့ နေရာကို အဖော်လိုက်လိုက် သွားပေါ့"

"ဟုတ်ကဲ့ ... ဦးလေး၊ ဒီအလုပ်က ကျွန်တော့်အတွက် ဆွမ်းခံထွက်ရသလောက်တောင် မခက်ပါဘူး၊ ဘုန်းကြီး ကျောင်းမှာ နေရတာထက်စာရင် ဒီခြံကြီးမှာ နေရတာက ပိုမိုက်ပါတယ်"

ဦးအောင်ကိုးက ခေါင်းတညိတ်ညိတ်လုပ်ရင်း သီလ လုံဘက်သို့ လှည့်လာကာ ...

"သီလလုံကတော့ ကိုးလေးကို စောင့်ရှောက်ပေးပေါ့၊ ဦးက တစ်နေကုန် အလုပ်ထဲမှာပဲ အချိန်ကုန်နေတော့ ဒီသမီးနဲ့ ဒီအဖေကို အချိန်ပေးပြီး မစောင့်ရှောက်နိုင်တာ ကြာပြီ၊ ကိုးလေးကို ဒရိုင်ဘာနဲ့ နှစ်ယောက်တည်း လွှတ်လွှတ်နေ ရတာလည်း စိတ်မချဘူး၊ စိတ်မချဘူးဆိုတာကလည်း ဒီလို ပါ၊ ကိုးလေးက ဒရိုင်ဘာနဲ့ ခဏခဏ ရန်ဖြစ်တယ်လေ၊ သူနဲ့ အဆင်မပြေလို့ ထုတ်ပစ်လိုက်ရတဲ့ ဒရိုင်ဘာပေါင်း မနည်းတော့ဘူး"

"ဒက်ဒီနော် ... သမီးအကြောင်းတွေ လျှောက်လျှောက် မပြောနဲ့၊ ဒီလိုဖြစ်ရတာ သမီးဆိုးလို့ ဖြစ်ရတာမဟုတ်ဘူး၊ သူတို့ဆိုးလို့ ဖြစ်ရတာချည်းပဲ၊ သူတို့က အလုပ်ရှင်ဆီက လခယူထားသေးတယ်၊ အလုပ်ရှင် ခိုင်းတာကျတော့ မလုပ်ချင်ဘူး"





"ညည်း ခိုင်းတာကလည်း လွန်လွန်းတယ်လေ သမီးရဲ့၊ ညည်း တစ်ခုခု စားချင်ပြီဆို ကားမရပ်ရတဲ့နေရာတွေမှာ ခဏခဏ ရပ်ခိုင်းတယ်၊ မုန့်ဆင်းဝယ်ခိုင်းမယ်၊ ဗိုက်ဆာ ပြီဆို အရမ်း မြန်မြန်မောင်းခိုင်းတယ်၊ ကြာတော့ ဒရိုင်ဘာ တွေ ခများလည်း ဘယ်သည်းညည်းခံနိုင်ပါ့မလဲ၊ ညည်း ဒီလိုဆက်လုပ်နေရင် သီလလုံလည်း ကြာရင် စိတ်ညစ်သွား မှာပဲ"

"ဒီလောက်ကတော့ ကျွန်တော် သည်းခံနိုင်ပါတယ် ခင်ဗျ၊ ကျွန်တော် ကားမောင်းသင်လိုက်ပါ့မယ်"

"အားတော့ နာပါတယ်ကွာ၊ မင်းကို ဒရိုင်ဘာလုပ်နိုင်း တယ်လို့တော့ မထင်စေချင်ဘူး၊ သမီးကို အနီးကပ် စောင့် ရှောက်စေချင်တာတစ်ခုကြောင့်ပါ၊ မင်း ကျောင်းတက်ဖို့ ကိစ္စကိုလည်း မထိခိုက်စေရပါဘူး၊ သမီးက အဝေးသင်ပဲ ယူပြီး အပြင်သင်တန်းတွေပဲ တက်နေတာဆိုတော့ သမီး သင်တန်းအသွားအပြန် အကြိုအပို့လုပ်ရင်းနဲ့ မင်းလည်း ကျောင်းတက်လို့ရပါတယ်၊ မင်းရဲ့ ပညာသင်စရိတ်ကို ဦး အားလုံးတာဝန်ယူမှာပါ"

"ကျွန်တော်လည်း အဝေးသင်ပဲ တက်ရင်း အပြင်သင်တန်း တစ်ခုခု တက်ဖို့ စိတ်ကူးထားပါတယ်၊ ကိုးလေးအတွက် ကတော့ စိတ်ချပါ၊ ကျွန်တော် စောင့်ရှောက်ပါ့မယ်၊ ဒေး တက်တာမဟုတ်တော့ အချိန်လည်း ပိုပါတယ်"

"အေး ... ကျေးဇူးတင်ပါတယ်ကွယ်၊ ကိုးလေးရဲ့ ဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းပဲ ခံနိုင်မယ်ထင်တယ်၊ မင်းရောက်လာတဲ့အတွက် ဦးလေးလည်း တော်တော် စိတ်အေးသွားပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး ဦးရယ်၊ ဦးကျေးဇူးတွေသာ ကျွန်တော့်အပေါ်မှာ အများကြီး ရှိခဲ့တာပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ ..."

ဦးအောင်ကိုးက သူ့ဧွးရယ်လို့ မမောက်မာ။ အပေါ်စီးကလည်း မဆက်ဆံ။ သူကတောင် သီလလုံကို ပြန်အားနာနေပုံရတာမို့ သီလလုံရင်ထဲမှာ ဦးအောင်ကိုးကို ချစ်ခင်စိတ် ဖြစ်ရသည်။ သူ့သမီးနဲ့ ရည်ရွယ်ထားတဲ့ ကိစ္စကို စကားထဲသာ ထည့်မပြောပေမယ့် လှဂုဏ်ကိုးနဲ့ ပတ်သက်ပြီး စိတ်မအေးစွာဖြင့် သီလကို အားကိုးတကြီး ကြည့်လိုက်သော အကြည့်တစ်ချက်ကို သီလလုံက နားလည်လိုက်ပါသည်။

"ဦးမှာ သားနှစ်ယောက် ရှိပေမယ့် နှစ်ယောက်လုံးက မလိမ္မာလှဘူး ...၊ အဖေ့အလုပ်ထဲလည်း မဝင်ဘဲ သူငယ်ချင်းတွေနဲ့ နိုင်ငံခြား ခဏခဏထွက်ပြီး သုံးဖြုန်း ပျော်ပါးနေကြတာဆိုတော့ ဦးအတွက် အားကိုးလောက်စရာ မဖြစ်ဘူးလေ၊ မင်းရောက်လာမှပဲ ဦးလည်း အားရှိလာတယ်၊ မင်းကို သားလိုပဲ သဘောထားပါ့မယ်ကွာ၊ မင်းရဲ့ လိမ္မာရေးခြားရှိမှုကို ဦး ယုံကြည်စိတ်ချပါတယ်"

ဦးအောင်ကိုးရဲ့ စကားတွေက သီလရဲ့ နှလုံးသားကို ရစ်ပတ်ချည်နှောင်လိုက်သည်။ သနားစရာကောင်းလောက်အောင် ဝဖြိုးနေရှာတဲ့ လှဂုဏ်ကိုးရဲ့ 'သီလလုံကိုပဲ ချစ်သူအဖြစ် သတ်မှတ်





ပြီး စောင့်နေခဲ့တယ်' ဆိုသော စကားက သီလလုံရဲ့ ကရုဏာစိတ်ကို ရယူထားနိုင်ခဲ့သည်။

"အတတ်နိုင်ဆုံး ဦး စိတ်ချမ်းသာအောင် ဘာမဆို ကူညီပါ့မယ် ဦး"

ဟု ကတိပေးလိုက်မိသည်။

ဦးအောင်ကိုးရဲ့ မျက်နှာက အားတက်ရွှင်လန်းလာသည်။

ဘေးကို ငဲ့ကြည့်တော့ သူ့ကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေသော လှဂုဏ်ကိုးရဲ့ အကြည့်တွေနှင့် ဆုံရသည်။

သူ ... ကိုးလေးကို နွေးနွေးထွေးထွေး ပြုံးပြလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

မောင် ... လာလေ ... သွားရအောင်၊ ဟိုမှာ သူငယ်ချင်းတွေ စောင့်နေကြတယ် မောင်ရဲ့ ..."

လှမ်းမြင်နေရသော ဆိုင်ထဲက မိန်းကလေးအုပ်စု တောင့်တောင့်ကိုကြည့်ရင်း ကားပေါ်က ဆင်းဖို့ တုံ့ဆိုင်းနေသော သီလလုံကို လှဂုဏ်ကိုးက ချွဲချွဲနွဲ့နွဲ့အသံလေးဖြင့် လှမ်းပြောလိုက်ပါသည်။

ခုလို မိန်းကလေးအုပ်စုကြီးက ကိုယ့်ကို မြင်ဖူးချင်တယ်ရယ်လို့ စောင့်မျှော်နေကြသော အဖြစ်ကြီးကို သီလလုံဘဝမှာ တစ်ခါမှ မကြုံခဲ့ဖူးတာမို့ ရှက်သလို ကြောက်သလို ခံစားရတာတော့ အမှန်ပင်။

ခုချိန်မှာ သီလလုံဆိုတာ လှဂုဏ်ကိုးရဲ့ ရည်းစားဟု လူတော်တော်များများက သိထားကြပါပြီ ...။ ဒီလိုသိအောင်လည်း ကိုးလေးက ကြေညာခဲ့သည်။

တကယ်တော့ ဘယ်လိုကနေ ဘယ်လို ခုလို သမီး





ရည်းစားဘဝကို ရောက်ခဲ့သလဲဆိုတာ ကိုယ့်ဟာကိုယ်တောင် သေချာမသိပါ ...။

တစ်ရက်မှာ လှဂုဏ်ကိုးက သီလလုံနှင့်အတူ ကော်ဖီဆိုင်မှာ ထိုင်ရင်း ...

"နင့်ကို ငါ တောင်းပန်ရဦးမယ် သီလရယ်"

"တောင်းပန်စရာ၊ ဘာရှိလို့လဲ ..."

"ရှိတာပေါ့ ...၊ ငါက နင့်မေတ္တာကို ဥပေက္ခာပြုခဲ့မိတယ်လေ၊ ဒီပ ပြောပြကတည်းက ငါ နင့်အတွက် စိတ်မကောင်းဖြစ်နေခဲ့ရတာ ...၊ နင်က တစ်နေ့ တစ်နေ့ ငါ ရောက်လာနိုးနဲ့ ရွာထိပ်က ထွက်ထွက်မျှော်တယ်ဆို"

"ဟို ... အဲ့ဒါက ..."

'အဲ့ဒါက ဒီပရဲ့ ချောက်တွန်း စကားပါ'လို့ သူ ဘယ်လိုပြောလို့ဖြစ်မည်နည်း။ လှဂုဏ်ကိုးရဲ့ အရုက်ကို ငုံကွက်စွာ သူနှုတ်ပိတ်နေမိဆဲမှာ ...

"ခုမှ ရှက်မနေပါနဲ့တော့ သီလရယ်၊ ငါ နင့်စိတ်ကို နားလည်ပါတယ်၊ ကျောင်းရေစက်ချပွဲပြီးကတည်းက ရွာကို တစ်ခေါက်တလေတောင် ပြန်မလာမိတာ ငါ့အမှားပါဟာ၊ အဲ့ဒီအမှားအတွက် နင့်ကို ငါ့အချစ်တွေ ပြန်ပေးပါ့မယ်"

အဲ့ဒီလိုနဲ့ သီလလုံဟာ ဘုမသိဘမသိ အူကြောင်ကြောင်နိုင်လှစွာဖြင့် လှဂုဏ်ကိုးရဲ့ ချစ်သူ ဖြစ်လာပါသည်။

သူမက သူမ သဘောဖြင့်သူမ သီလလုံကို 'မောင်' ဟု ပြောင်းခေါ်လိုက်သည်။ တစ်နေ့ တစ်နေ့ 'မောင်ရေ ... ကိုး



www.burmeseclassic.com

www.burmeseclassic.com



လေးကလေ' ဟု အစပြုလျက် စကားတွေ အဆက်မပြတ် ပြောနေတာကို ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ခေါင်းတညိတ်ညိတ်နားထောင်ပေးရရင်း သီလလုံဟာ လှဂုဏ်ကိုးကို အလွန်ချစ်မြတ်နိုးသော သဘောကောင်းကောင်း ချစ်သူတစ်ယောက်အဖြစ် ပတ်ဝန်းကျင်မှာ နာမည်ရလာပါသည်။

လှဂုဏ်ကိုးက စားချင်သည်ဟု တောင့်တလိုက်တိုင်း ဖင်ပေါ့ပေါ့ဖြင့် ပြေးဝယ်ပေးတတ်ခြင်းကြောင့်လည်း လှဂုဏ်ကိုးကို အလိုလိုက်တတ်သော ချစ်သူဟု နာမည်ကောင်းရပြန်ပါသည်။

လှဂုဏ်ကိုးက ထစ်ခနဲရှိ ဒေါသဖြစ်လွယ်ကာ ပါးစပ်ဆိုးကြီးနှင့် နှုတ်ကြမ်းအာကြမ်း ပြောသမျှကို ဖွေမယူဘဲ အေးအေးဆေးဆေး ဖျောင်းဖျနားချပေးနိုင်သဖြင့်လည်း သီလလုံဟာ လှဂုဏ်ကိုးကို အလွန် သည်းခံနိုင်သော ချစ်သူကောင်းတစ်ယောက်ဟု ပတ်ဝန်းကျင်က လက်ဖျားတခါခါဖြင့် သုံးသပ်ဆုံးဖြတ်ကြပါသည်။

ဤသို့ နာမည်ကောင်းဖြင့် ထင်ရှားလာသော သီလလုံကို လှဂုဏ်ကိုး၏ သူငယ်ချင်းများ၊ အသိမိတ်ဆွေများ၊ ဦးအောင်ကိုး၏ မိတ်ဆွေများ၊ ဘိုးဘိုး ဦးစက်ရောင်၏ ဘော်ဒါကြီးများ၊ လှဂုဏ်ကိုး၏ အစ်ကိုနှစ်ယောက်ဖြစ်သော 'ဆွေဂုဏ်' နှင့် 'မျိုးဂုဏ်' တို့၏ သူငယ်ချင်းများကလည်း တွေ့ချင် မြင်ချင်၊ အသိအကျွမ်း ဖွဲ့ချင်လာကြပါသည်။

လှဂုဏ်ကိုးက ထိုလူများနှင့်တွေ့တိုင်း 'ဒါ ... ကိုးလေးရဲ့ ချစ်သူ'ဟု မျက်နှာလေး မော့ချီလျက် ဂုဏ်ယူဝံ့ကြွားစွာ မိတ်ဆက်ပေးလိုက်ရတာ အမော ...။





ထိုသို့ မိတ်ဆက်ပေးလိုက်တိုင်း တစ်ဖက်လူတွေဟာ မသိမသာ ပြုံးထေ့ချင်သော မျက်ဝန်းများဖြင့် သီလလုံကို ကြည့်တတ်ကြပါ၏။ တချို့ကလည်း 'သနားလိုက်တာ'ဟု စကားပြောသော ကရုဏာ မျက်ဝန်းများဖြင့် ကြည့်ကြပါ၏။

ဘယ်သူ ဘယ်လိုပဲ ကြည့်ကြည့် ထိုအကြည့်တွေအောက်မှာ သီလလုံက ကျင့်သားရနေပြီ ...။ လှဂုဏ်ကိုးဟာ ငါ့ချစ်သူပဲလေဟု ခံယူထားလိုက်ပြီဖြစ်၍ ကိုယ့်ချစ်သူရဲ့ ပုံရိပ်အတွက် ရှက်တာတွေ၊ မကြိုက်တာတွေ မရှိတော့။ ပိန်ပိန် ဝဝ ဖြူဖြူ မည်းမည်း ကိုယ့်ချစ်သူဟာ ကိုယ့်ချစ်သူပဲဟု စိတ်ရှင်းရှင်းသဘောထားနိုင်သွားပါသည်။

သို့သော် ... ခုလိုမျိုး လူအုပ်စုကြီးနှင့် ချီပြီး ကိုယ့်ကိုတွေ့ဖို့ စောင့်မျှော်နေတာမျိုးနဲ့ ကြုံရင်တော့ နည်းနည်း တုန်လှုပ်ချင်လာသည်။ အရင်တုန်းကလို တစ်ယောက်စ နှစ်ယောက်စမျိုး တွေ့ရဆုံရ မိတ်ဆက်ရတာက ကိစ္စမရှိ ...။ ခုတော့ ကြည့်ပါဦး ဆိုင်ထဲမှာ စောင့်နေကြတဲ့ မိန်းကလေးတွေအားလုံးဆို ၁၀ယောက်လောက်တောင် ရှိမည်ထင်သည်။

"မောင် ... လာပါဆို၊ ဘာလဲ ... မောင်က ကိုးလေးချစ်သူဖြစ်ရတာကို ရှက်နေတာလား ..."

"မရှက်ပါဘူး ကိုးလေးရယ်၊ မောင် ဘယ်တုန်းက ရှက်တဲ့ပုံစံ ပြခဲ့ဖူးလို့လဲ ...၊ ကိုးလေး ဘယ်သွားချင် သွားချင် ကိုးလေးနဲ့ အတူတွဲပြီး ပျော်ပျော်ရွှင်ရွှင် သွားခဲ့တာပါပဲ၊ ကိုးလေးနဲ့တွဲရလို့ ရှက်တယ်ဆိုတာမျိုး မရှိပါဘူး၊ ကိုးလေး



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ သူငယ်ချင်းတွေနဲ့ တွေ့လို့ ကိုးလေးက မိတ်ဆက်ပေးရင်လည်း လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ခဲ့တာပါပဲ၊ ဒါပေမယ့် ခုဟာက မိန်းကလေးအုပ်စုကြီး တစ်စုလုံးက မောင့်ကို တွေ့ဖူးချင်လို့ စောင့်နေကြတာဆိုတော့ မောင်လည်း ရှက်အမ်းအမ်း ဖြစ်တာပေါ့၊ မောင့်ဘဝမှာ ဒီလိုမျိုး မိန်းကလေးများများနဲ့ တွေ့ဖူး ဆုံဖူးတာမှ မဟုတ်တာ"

"အို ... မောင်ကလည်း ဒါဘာဖြစ်လဲ၊ သူတို့အုပ်စု ဘယ်လောက်တောင့်တောင့် ဂရုစိုက်စရာ မလိုပါဘူး၊ မောင့်ဘေးမှာ ကိုးလေး ပါသားပဲ၊ အရင်လိုပဲ ပေါ့ပေါ့ပါးပါး နှုတ်ဆက်လိုက်ကြရုံပေါ့ ...။ သူတို့တွေက မောင့်ကို အရမ်းမြင်ဖူးချင်နေကြတာ မောင်ရဲ့၊ ကိုးလေးကလည်း မောင်ကိုးလေးကို အရမ်းချစ်ပြီး အရမ်း သည်းခံတဲ့အကြောင်းတွေ သူတို့အားကျအောင် ပြောပြထားမိတာကိုး"

"ကိုးလေးရယ် ... လူခွဲခွဲပြီး တွေ့လို့မရဘူးလားကွာ၊ ဟိုမှာကြည့်ပါဦး၊ သူတို့အုပ်စုက တကယ့် လောင်စိန်ပုံစံမျိုးတွေ၊ ခုကတည်းက ဒီဘက်ကို လှမ်းကြည့်ပြီး ဟားနေကြပြီ"

"အဲ့ဒီတော့ မောင်က ကိုးလေးနဲ့တွဲပြီး သူတို့ဆီသွားရင် အဟားခံရမှာ ကြောက်တယ်ပေါ့....၊ ဒီကနေ လှည့်ပြန်သွားချင်တယ်ပေါ့၊ ဟောဒီက ဖက်တီးမရဲ့ ရည်းစားအဖြစ် လူသိခံရတာ ကြာတော့ ရှက်တတ်လာပြီ ဆိုပါတော့ ..."

"ဟာ ... မဟုတ်ပါဘူး ကိုးလေးရယ်"

"ရပါတယ် ... ရပါတယ်၊ တစ်နေ့ကျရင် ဒီလိုပဲ ဖြစ်လာ





လိမ့်မယ်ဆိုတာ ကိုးလေးတို့က သိပြီးသားပါ၊ မောင်မလိုက်ချင်လည်း အရှက်ကွဲခံပြီး လှည့်ပြန်လိုက်ရုံပဲ ရှိတော့တာပေါ့ ..."

လှဂုဏ်လေးက ကားဘေးမှာ ရပ်နေရာက ကားတံခါးကို ပြန်ဆွဲဖွင့်လိုက်ပြီး ကားပေါ် ပြန်တက်ထိုင်နေလိုက်သည်။

သို့ဖြစ်၍ အခြေအနေက ပြောင်းပြန်ဖြစ်သွားကာ ...

"မောင် တောင်းပန်ပါတယ် ကိုးလေးရယ်၊ မောင်က အဲ့ဒီလို သဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ စိတ်မကောင်းမဖြစ်ပါနဲ့ ကိုးလေးရယ် ... နော်၊ လာ ... လာ ... ဆင်းခဲ့တော့၊ ဟိုမှာ သူငယ်ချင်းတွေ မျှော်လှပြီ၊ သွားကြရအောင်"

သီလလုံက ကားပေါ်မှ ကမန်းကတန်းဆင်းကာ လှဂုဏ်ကိုး ထိုင်နေသည့်ဘက်သို့ လျှောက်သွားပြီး ချော့မော့ခေါ်ပါသော်လည်း လှဂုဏ်ကိုးက စူပုပ်ပုပ်မျက်နှာလေးကို တစ်ဖက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး ဆက်ထိုင်နေသည်။

"ကိုးလေး ... စိတ်မဆိုးပါနဲ့ကွာ၊ လာပါ ... ဆင်းခဲ့ပါ"

"မဆင်းဘူး ..."

"လာပါကွာ ..."

"မလာဘူး ..."

"တောင်းပန်ပါတယ်ကွာ"

"မတောင်းပန်နဲ့၊ မတောင်းပန်နဲ့ ... သွား"

သီလလုံက သူမလက်ကို လှမ်းဆွဲခေါ်တော့ သူမက သီလလုံ၏ လက်ကို ဆတ်ခနဲ ရိုက်ထုတ်ပစ်လိုက်သည်။ လက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး အားကြီးကြီးဖြင့် ခပ်ပြင်းပြင်း ရိုက်ပစ်လိုက်တာမို့ သီလလုံမှာ တော်တော် နာသွားကာ ...

"အား ... သေပါပြီ"

ဟု လက်ကို တဆတ်ဆတ်ခါရင်း ညည်းတွားလိုက်မိတော့ ပိုဆိုးသွားသည်။

"ဟင် ... ဒီလောက်လေးနဲ့ အဖြစ်သည်းနေလိုက်တာ၊ မိန်းကလေး အားလေးနဲ့ ရိုက်တာ ဘယ်လောက်နာမှာမို့လို့လဲ၊ ယောကျ်ားဖြစ်ပြီး မပျော့ညံ့စမ်းပါနဲ့ မောင်ရယ်"

"ဆောရီးပါ ... မောင် တောင်းပန်ပါတယ်၊ ဆင်းခဲ့တော့နော်၊ ကိုးလေး သူငယ်ချင်းတွေဆီ ပျော်ပျော်ရွှင်ရွှင် သွားကြရအောင်နော် ..."

"ကိုးလေးကတော့ ပျော်ရွှင်နိုင်တော့မယ် မထင်ပါဘူး၊ မောင့်အနေနဲ့ အပေါ်ယံမှာ ဘယ်လိုပဲ ဟန်ဆောင်ထားထား စိတ်ထဲမှာတော့ ကိုးလေးလို မိန်းကလေးတစ်ယောက်နဲ့ တွဲသွားဖို့ ရှက်မယ်ဆိုတာ ကိုးလေး နားလည်ပြီးသားပါ မောင်ရယ်"

လှဂုဏ်ကိုးက ပြောရင်း မျက်ရည်တွေ ဝေလာကာ စကားဆုံးတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

သီလလုံက နဂိုကတည်းက အားနာတတ်၊ စာနာသနားတတ်သူမို့ စိတ်မကောင်းဖြစ်သွားကာ သူမ ပါးပေါ်က မျက်ရည်တွေကို တယုတယ လှမ်းသုတ်ပေးလိုက်ရင်း ...

"မငိုပါနဲ့ ကိုးလေးရယ်၊ နောက်ကို ကိုးလေး စိတ်အနှောင့်





အယှက်မဖြစ်အောင် သတိထားပါ့မယ်၊ ကိုးလေး ခုလို ထင်နေတာတွေကလည်း မှားနေတယ်၊ ကိုးလေးကို မောင့်ချစ်သူလို့ပြောဖို့ မောင် ဘယ်တုန်းကမှ ဝန်မလေးခဲ့ပါဘူး"

ချော့မော့ပြောတော့မှ လှဂုဏ်ကိုးက စိတ်ကောက်ပြေသွားကာ သူ့လက် ဖောင်းဖောင်းတုတ်တုတ်လေးကို သီလလုံဘက်သို့ 'အင့်'ဟု ကမ်းပေးလိုက်ပါသည်။

သီလလုံက သူမလက်ကို တယုတယ ဖေးမတွဲရင်း ကားပေါ်မှ ဆင်းစေရသည်။ ထို့နောက် သူမနှင့် လက်ချင်းမြဲမြဲ တွဲကာ စောင့်မျှော်နေကြသော သူငယ်ချင်းအုပ်စုကြီးဆီသို့ တက်တက်ကြွကြွ လျှောက်လှမ်းလာသည်။ လှဂုဏ်ကိုးက သီလလုံကို ခဏခဏငဲ့ကြည့် အကဲခတ်သေးတာမို့ သီလလုံမှာ သွားတွေအကုန်မပေါ်ရုံတမည် ပြုံးထားရသေးသည်။ ခေါင်းကိုလည်း မော်ထားရသေးသည်။ သီလလုံရဲ့ ယခုပုံစံဟာ လှဂုဏ်ကိုးနဲ့ အခုလို ယှဉ်တွဲလျှောက်လှမ်းနေသည့်အတွက် အလွန်တရာမှ ဂုဏ်ယူဝံ့ကြွား ပျော်ရွှင်ဝမ်းမြောက်နေပုံမျိုး ဖြစ်နေပါသည်။

ဆိုင်ထဲက မိန်းကလေးများစွာမှာတော့ ထိုပုံစံကို လှမ်းကြည့်ရင်း အူတက်အောင် ရယ်ချင်နေပြီ။ သို့သော်လည်း မရယ်မိအောင် ဖွတ်ပင် အားတင်းထားသည်။ အားတင်းထားသော်လည်း ရယ်ချင်သည့်စိတ်ကြောင့် မျက်နှာတွေက ပြုံးဖြီးဖြီးလိုလို မအီမသာကြီး ဖြစ်နေသည်။ ပြီးတော့ အချင်းချင်း မသိမသာ လက်တို့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ဟဲ့… ကြည့်ပါဦးဟယ်၊ မိကိုးနဲ့တွဲလာတဲ့ ရည်းစားလေးဟာ ဘယ်လောက် သနားစရာကောင်းသလဲ…"

"ဟီးဟီး… သူကြိုက်လို့ သူတွဲတာ သနားစရာလားဟဲ့"

"နင်သာ သနားနေ၊ ဟိုကဖြင့် လှဂုဏ်ကိုးနဲ့ တွဲလာရတာကို ဂျနီဖာလိုပက်(ဇ)နဲ့ တွဲလာရသလောက်နီးနီး စိတ်ကြီးဝင်နေတဲ့ ပုံနဲ့…"

"ဟုတ်ရဲ့လားဟယ်၊ မိကိုး နှိပ်စက်ထားလို့ သူ့ခမျာ စိတ်တွေဘာတွေ ကယောင်ချောက်ချားဖြစ်ပြီး ဒီလိုပုံ ဖြစ်လာတာများလား"

"လျှောက်မပြောကြပါနဲ့ဟယ်၊ သေသေချာချာပဲ ကြည့်ကြစမ်းပါဦး၊ သူတို့နှစ်ယောက် ပုံစံက တကယ့်ကို ပျော်ရွှင်ကြည်နူးနေတဲ့ ပုံပါ"

"ဩော်… အချစ်… အချစ်၊ အချစ်က ထူးဆန်းတယ်"

"မိကိုးလို ဖက်တီးမကို တကယ်ချစ်တာရော ဟုတ်ပါ့မလားဟာ၊ သူတို့က ချမ်းသာလို့ တွယ်ကပ်နေတာများလား"

"ကြည့်ရတာတော့ ရိုးရိုးသားသား ဖိုးသခွားပုံစံလေးပါဟယ်"

မိန်းကလေး အုပ်စုကြီးက အလုအယက် ထင်မြင်ချက်တွေ ပေးနေကြဆဲမှာ လှဂုဏ်ကိုးတို့စုံတွဲက ဆိုင်ထဲသို့ ဝင်လာကြပါသည်။





သီလလုံက ကိုယ့်ကို မျက်လုံးကျွတ်ကျမတတ် ဝိုင်းကြည့်နေကြသော မိန်းကလေးတွေကို တစ်ချက်ဝေ့ကြည့်ပြီး ဣန္ဒြေရရလေး ပြုံးပြလိုက်သည်။

လှဂုဏ်ကိုးကတော့ ဝံ့ကြွားသော အသံကလေးဖြင့်

"ကဲ… ကဲ… မိတ်ဆက်ပေးရဦးမယ်၊ သူက ငါ့ချစ်သူ သီလလုံတဲ့၊ မောင်… ထိုင်လေ"

လှဂုဏ်ကိုးက သီလလုံနှင့်အတူ ခုံလွတ်တွေမှာ ဝင်ထိုင်လိုက်သည်။

"မောင်… သူတို့က ကိုးလေး သူငယ်ချင်းတွေလေ"

"ဩော်… ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့… ဟုတ်ကဲ့၊ ကျွန်မတို့ကလည်း အရမ်းဝမ်းသာပါတယ်ရှင်၊ ကိုးလေး ပြောပြကတည်းက ကိုသီလလုံကို အရမ်း အရမ်း တွေ့ဖူးချင်နေကြတာပါရှင်…"

"ဒါနဲ့ အင်တာဗျူးလေးများ လုပ်လို့ရမလားရှင်…"

"ခင်ဗျာ…"

"ဩော်… ဒီလိုပါ၊ ကိုသီလလုံနဲ့ ကျွန်မတို့ သူငယ်ချင်းနဲ့ ဘယ်လိုက ဘယ်လို ချစ်သူတွေ ဖြစ်သွားကြသလဲဆိုတာ သိချင်လို့ပါ…"

"ဟို… အဲ့ဒါက…"

သီလလုံက ရုတ်တရက် မဖြေနိုင်ဘဲ အကြပ်ရိုက်သွားပါသည်။ ဒီမေးခွန်းကို ဘယ်လိုဖြေရမှန်းမသိ။ အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေလို့လည်း မဖြစ်။ လီဆည်လုပ်ကြံပြီးတော့လည်း မဖြေတတ်။ အဲ့ဒါမှ အခက် ...။

ထိုသို့ သီလလုံ အခက်တွေ့နေချိန်မှာ ...

"ဒီလိုဟော့ ... ဒီလို ..."

လှဂုဏ်ကိုးက မျက်စကလေးချီကာ ဝင်ပြောလိုက်ပါသည်။

"ငါတို့နှစ်ယောက်ရဲ့ ဖူးစာက အရမ်းဆန်းတယ်လေ၊ ငါ ငယ်ငယ်တုန်းက ဒက်ဒီ့ဇာတိရွာကို ဒက်ဒီနဲ့အတူ လိုက်သွားရင်း သူနဲ့တွေ့တာ၊ အဲ့ဒီအချိန်ကတည်းက သူက ငါ့ကို သဘောကျပြီး ငါခိုင်းတာတွေ လုပ်၊ ငါ့ကို ကုန်းပိုးပြေးနဲ့ အရမ်း သည်းခံခဲ့တာ ...၊

"အဲ့ဒီနောက်ပိုင်း ငါတို့ ကွဲသွားကြတော့လည်း သူက ဘယ်သူ့ကိုမှ မချစ်နိုင်ဘဲ ငါနဲ့ ပြန်တွေ့မယ့်နေ့ကို စောင့်နေခဲ့တာ၊ အသေးစိတ်သာ ဖွဲ့နွဲ့ပြောလိုက်ရင် နင်တို့ မျက်ရည်ပေါက်ပေါက် ကျသွားမယ် ... တကယ်၊ သူက လေ ငါ ရွာကိုပြန်လာနိုးနဲ့ တစ်နေ့ တစ်နေ့ ရွာထိပ်ကနေ ထွက်ပြီး ငါ့ကိုမျှော်ခဲ့ရရှာတာ နှစ်ပေါင်းများစွာပါဟယ်"

"ဟယ် ... တကယ့်ကို Romantic ပါလား မိကိုးရယ်"

"အဟင့် ... ကြားရတာ ငါတောင် ငိုချင်လာပြီ"

"အဲ့ဒီလိုနဲ့ ခုနှစ်နှစ် ကြာတော့မှ ငါရှိရာ ရန်ကုန်မြို့ကို သူအရဲစွန့်ပြီး လိုက်လာခဲ့ရှာတာ၊ အဲ့ဒါနဲ့ ငါလည်း သူ့ကို





သနားပြီး ... သူ့အချစ်ကို လေးစားပြီး ငါတို့နှစ်ယောက် ချစ်သူဖြစ်သွားကြတာပေါ့ဟယ် ..."

"အို ... ပုံပြင်ဆန်လိုက်ပါဘိတော့ဟယ် ..."

"ကျွတ် ... ကျွတ် ... ကိုသီလလုံက အရမ်း အချစ်ကြီးတာပဲဟယ်"

"ကိုသီလလုံကိုတော့ ကျွန်မတို့ အရမ်းလေးစားသွားပြီ"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသော မိန်းကလေးများရှေ့မှာ သူက အပြုံးမပျက် ငြိမ်ထိုင်ရင်း ချွေးပြန်လာပါသည်။ ကိုးလေးကတော့ သူငယ်ချင်းတွေရှေ့မှာ သူ့ကို အနားထားပြီး အောင်ပွဲခံသလို မျက်နှာမျိုးဖြင့် ဝံ့ကြွားနေရင်းက ...

"မောင် ... ကိုးလေး ဗိုက်ဆာပြီ၊ ကိုးလေး ကြိုက်တာတွေ မှာပေးဦး ..."

ဟု ပြောလိုက်တာမို့ သူက စားပွဲထိုးလေးကို လက်ရပ်ခေါ်လိုက်ရပြီး ...

"ကြေးအိုး ရမလား"

"ရတယ် အစ်ကို ..."

"ဒါဆို ဝက်ကြေးအိုးတစ်ပွဲ၊ အသားကို နှစ်ပွဲစာထည့်၊ ကြက်ဥလည်း နှစ်လုံးထည့်၊ ငါးဖယ်လုံးလည်း နှစ်ဆထည့်၊ ကျသင့်သလောက် တွက်ပေးမယ်နော်"

"ဟုတ်ကဲ့ အစ်ကို ..."

"ရေခဲမုန့်ရော ရလား ..."

"ရတယ် အစ်ကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပွဲကြီး တစ်ပွဲပေး၊ ပြီးတော့ ... ငါးကင်တစ်ကောင်၊ ကြက်ဆာဗေး တစ်ပွဲ၊ အာလူးချောင်းကြော် တစ်ပွဲ၊ လက်ဖက်သုပ် တစ်ပွဲ၊ လောလောဆယ် အဲ့ဒါပဲ ပေးဦး၊ လိုရင် ထပ်မှာမယ်"

"ဟုတ်ကဲ့ ..."

"မြန်မြန်လေးနော် ..."

"ဟုတ်ကဲ့ ခင်ဗျ"

"မောင် ... မောင့်ဖို့လည်း မှာဦးလေ"

"မောင့်ဖို့ သီးသန့်မမှာတော့ဘူးလေ၊ ကိုးလေးအတွက် မှာထားတဲ့အထဲကပဲ နည်းနည်းပါးပါး ယူစားမယ်လေ"

"ဟင် ... အဲ့ဒါဆို ကိုးလေး ဘယ်ဝတော့မလဲ၊ မောင့်ဘာသာ သပ်သပ်မှာ ..."

"မောင်က စောစောကပဲ ထမင်းစားလာလို့ သိပ်မစားနိုင်တော့လို့ပါ၊ ကိုးလေးထဲကလည်း မောင် ယူမစားတော့ဘူးလေ၊ ကိုးလေးဘာသာ စားလိုက်ပါ၊ မောင် မဆာလို့ပါ"

"အင်း ... ဒါဆိုလည်းပြီးရော၊ ကိုးလေး ရေသောက်ချင်တယ်၊ ရေအရင် မှာပေးဦး"

"ရှတ် ... ရှတ် ... ညီလေး ရေသန့်တစ်ဘူး အရင်ပေး"

စားပွဲထိုးလေးက ရေသန့်ဘူးနှင့် ရေခွက်တွေ လာချပေးတော့ သီလလုံက ရေဘူးကိုဖွင့်ပြီး ကိုးလေး သောက်ဖို့ ရေတစ်ခွက် အရင်ငှဲ့ပေးရသည်။





ကိုးလေးက သူငယ်ချင်းတွေဘက်ကို လှည့်ကာ မျက်စပစ်ပြရင်း ...

"နင်တို့ တွေ့တယ်မဟုတ်လား၊ မောင်က သိပ်အလိုက်သိတာဟ၊ ငါ ဘာကြိုက်တယ်၊ ဘယ်အချိန်မှာ ဘာစားချင်တယ်၊ ဘယ်လောက် စားနိုင်တယ်ဆိုတာ အလွတ်ရပြီးသား၊ ဘယ်သွားသွား ငါစားဖို့ သူပဲမှာပေးတာ၊ ဟင်း ... ဟင်း ... ငါ့ကို ဒီလောက်ချစ်တဲ့သူ မရှိနိုင်ဘူးလို့ ထင်နေကြတဲ့ နင်တို့ကို ငါ သနားတယ် သိလား ...၊ မိန်းမတွေနော် ... ငါ ကံကောင်းတာကိုကြည့်ပြီး အဆိပ်တက်မနေကြနဲ့ဦး၊ ကဲ ... ကဲ ... နင်တို့လည်း နင်တို့စားချင်တာ မှာကြလေ၊ ငါရှင်းပေးမှာပေါ့"

လှဂုဏ်ကိုးရဲ့ ပြောပုံဆိုပုံကြောင့် သူငယ်ချင်းတွေရဲ့ စိတ်ထဲမှာ နည်းနည်းတော့ ချဉ်စပြုလာပါသည်။ ပုံစံကိုက အကြောကြီးနဲ့လေ။ ဒီလို ရည်းစားတစ်ယောက် ရလိုက်တဲ့အတွက် ကမ္ဘာလောကကြီးတစ်ခုလုံးကို အပေါ်စီးကနေ အနိုင်ရသွားတဲ့ ပုံမျိုး။ အားလုံးကို သနားတယ်ဆိုတဲ့ ပုံမျိုး။

စားသောက်စရာတွေ ရောက်လာတော့လည်း ဘီလူးသရဲစီးသလို စားနေပါသည်။ စားနေရင်းက ...

"မောင် ငါးကင် အသားတွေ ဖဲ့ထားပေးလေ ...၊ မောင် အချဉ်ကုန်နေပြီ၊ ထပ်တောင်းလိုက်ဦး ...၊ မောင် ရေသောက်ချင်တယ်၊ ထပ်ငှဲ့ပေး ..."

စသဖြင့် သီလလုံကို အဆက်မပြတ် ခိုင်းစေပြနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သီလလုံဆိုတဲ့ တစ်ယောက်ဟာလည်း ကျပ်ပဲမပြည့်တာလား၊ ပိုက်ဆံပဲ မက်လို့လားတော့ မသိ ... လှဂုဏ်ကိုး ခိုင်းသမျှကို ယုယုယယ ကြင်ကြင်နာနာလေး မငြိုမငြင် လုပ်ပေးနေသည်။

သမီးရည်းစားဆိုသော်လည်း မှုမှုတတ သမီးရည်းစားမျိုး မဟုတ်ဘဲ တစ်ဖက်စောင်းနင်း သမီးရည်းစားပုံပေါက်နေတာဟာ ဘယ်လိုမှ မြင်ကွင်းမလှ ...။

လှဂုဏ်ကိုးရဲ့ သူငယ်ချင်းအပေါင်းဟာ လှဂုဏ်ကိုး ကျွေးတာကို စားနေကြသော်လည်း လည်ပင်းထဲမှာ နင်တင်တင် ရှိလှပါသည်။

ချစ်သူစုံတွဲ တော်တော်များများကို သူတို့ မြင်ဖူး တွေ့ဖူးကြပါသည်။ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကာ ဖေးဖေးမမ ကြင်ကြင်နာနာ ဆက်ဆံပြောဆိုလေ့ရှိသော စုံတွဲတွေကို တွေ့လျှင် ကိုယ်တွေမှာပါ ကြည်နူးမှုကို ကူးစက်ခံစားရသည်။ လှဂုဏ်ကိုးတို့ စုံတွဲကတော့ လုံးဝ ကြည်နူးစရာမကောင်းတာ သေချာသည်။ သီလလုံကိုသာ သနားစရာ သတ္တဝါလေးအဖြစ် ယူဆလျက် စိတ်တွေတောင် လေးလာကြရပါသည်။

စားသောက်ပြီးကြတော့ လှဂုဏ်ကိုးက မအီမသာ ဖြစ်လာပုံနှင့် ...

"ငါ တွိုင်းလက် ခဏဝင်လိုက်ဦးမယ်ဟာ၊ မောင် ... ရော့ အိတ် ခဏယူထားပေး ..."

"ဒီစက်ရုံကလည်း အစာချက် အားကောင်းလိုက်တာ၊ ကုန်ကြမ်း အထွက်မြန်တယ်တော့ ..."





လှဂုဏ်ကိုးက အစားများများစားပြီး မကြာခင် တွိုင်းလက်ဝင်တတ်သော အကျင့်ရှိသူမို့ သူ့အိတ်ကြီးကို သီလလုံ ရင်ခွင်ထဲသို့ ပစ်ထည့်ပြီး ထိုင်ရာမှထကာ ဆိုင်နောက်ဘက်သို့ လျှောက်သွားပါသည်။

လှဂုဏ်ကိုး ထွက်သွားသည်နှင့် မိန်းကလေးအုပ်စုက သီလလုံနားသို့ ခုံတွေကို ဆွဲရွှေ့ထိုင်လိုက်ကြသဖြင့် သီလလုံမှာ လန့်ဖျပ်သွားပါသည်။

"သီလလုံ ... ရှင့်ကို ကျွန်မတို့ မေးရဦးမယ်၊ ခုန မိကိုး ပြောသွားတာတွေက တကယ်လား ..."

"ဗျာ ... ဘာ ... ဘာ့ကိုပြောတာလဲ"

"ရွာထိပ်မှာ နေ့တိုင်း ထွက်မျှော်တာတို့ ဘာတို့ကလေ"

သီလလုံက သူတို့မျက်နှာတွေကို အထိတ်တလန့် ကြည့်ရင်း ဘုန်းဘုန်း ဆုံးမထားသည့် 'ငါးပါးသီလ'ကို သတိရသွားရပါသည်။ သူ ညာတော့မပြောချင်ပါ။ သို့သော် မညာမိလျှင် လှဂုဏ်ကိုးသာ အရှက်ကွဲရမှာမို့ မုသားဖြူတော့ သုံးသင့်ပါတယ် လေဟု ဆုံးဖြတ်ကာ ရယ်မောလိုက်ရင်း ...

"ဪ ... တကယ်ပါ ခင်ဗျ၊ မယုံမရှိကြပါနဲ့"

"ဒါပေမယ့် အဲဒီအချိန်တုန်းက မိကိုးက ခုလောက်တော့ မဝသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့ ... ဟုတ်ပါတယ်"

"သူ ဒီလောက် ဝနေလိမ့်မယ်လို့ ရှင် မသိခဲ့လို့ သူ့ကို မျှော်ခဲ့တာ မဟုတ်လား""



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မဖြေလို့ မရဘူးလား ခင်ဗျာ"

"ကဲပါလေ ... ရှင် မဖြေချင်လည်း မဖြေပါနဲ့တော့၊ နောက်ဆုံးအနေနဲ့ တစ်ခုပဲ မေးတော့မယ်၊ ဒီလောက်ဝတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ချစ်သူဖြစ်ရတာကို ရှင် ကျေနပ်သလား"

"ဟုတ်ကဲ့ ... ကျေနပ်ပါတယ် ခင်ဗျ"

"ဟယ် ... တကယ်"

"တကယ်ပါ ...၊ သူ ခုလိုဝနေတာကို ကျွန်တော့်စိတ်ထဲမှာ တစ်ခါမှ အလိုမကျတာမျိုး မဖြစ်ခဲ့ပါဘူး၊ ဖြစ်မှဖြစ်ရလေဆိုပြီး သနားတာပဲ ရှိပါတယ်၊ ပြီးတော့ သူဝတာက ရုပ်လည်းမဆိုးပါဘူးဗျာ၊ သူ့မျက်နှာလှလှလေးက ချစ်စရာလေးပါ"

"ရှင်လိုလူကတော့ ရှာမှရှားပဲ၊ ပြတိုက်မှာ ထားရမယ်"

"ဘာလို့ ပြတိုက်မှာ ထားရမှာလဲ"

လှဂုဏ်ကိုးက ပြန်ရောက်လာပြီး နားစွင့်နားဖျားကြားကာ လှမ်းမေးလိုက်သည်။ သူငယ်ချင်းတွေ အားလုံးကလည်း စားပွဲပေါ် လက်ထောက်၍ ခန္ဓာကိုယ်ကို သီလလုံဘက်သို့ ကိုင်းထားရာမှ ခါးကို ပြန်မတ်ထိုင်လိုက်ရင်း ...

"ဒီလိုပါပဲဟာ၊ ဘာမှမဟုတ်ပါဘူး"

"ဘာ ဘာမှမဟုတ်ရမှာလဲ၊ ငါ သေချာကြားလိုက်သားပဲ၊ ရှင်လိုလူက ရှာမှရှား၊ ပြတိုက်မှာ ထားရမယ်တဲ့၊ အဲ့ဒါ ဘာကိုပြောတာလဲ ..."





"ဘာမှမဟုတ်ပါဘူးဆို ..."

"နင်တို့နော် ... လုံးဝ မရိုးသားဘူး၊ ငါ နောက်ခိုင်းတာနဲ့ ငါ့ရည်းစားနားကပ်ပြီး ဘာတွေလျှောက်ပြောနေတာလဲ၊ ကြည့်စမ်း ... ကြည့်စမ်း ... ထိုင်ခုံတွေကိုတောင် မောင့်နားကပ်အောင် ရွှေ့ထားတာမဟုတ်လား၊ ပြော ... ခုပြော ... ခုန ဘာကိုပြောတာလဲ၊ အမှန်အတိုင်းပြော ..."

လှဂုဏ်ကိုးက ပြောရင်း ပြောရင်း ဒေါသပါလာသည်။ သီလလုံက သူမဒေါသကို သိသူမို့ ရင်ထိတ်လာသည်။

"ဟဲ့ ... ပြောကြလေ"

"ဪ ... နင့်ကို အရမ်းချစ်ရှာလွန်းတဲ့သူမို့လို့ ပြတိုက်မှာ ထားရမယ်လို့ ပြောတာပါဟာ ..."

"ဘာ ...၊ ဒါဆို နင်တို့ပြောတဲ့သဘောက ငါလိုလူကို ဒီလိုမျိုးချစ်မယ့်သူ တစ်ယောက်မှမရှိလို့ ဒီတစ်ယောက်ကို ရှားပါးပစ္စည်းအဖြစ် ပြတိုက်မှာထားမယ်ပေါ့ ဟုတ်လား၊ နင်တို့ ဒီလိုပြောစရာလား ..."

"မဟုတ်လို့လားဟယ်၊ ငါတို့က သူငယ်ချင်းချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောမိတာပါ၊ နင်လည်း စိတ်ဆိုးမနေပါနဲ့တော့၊ အမှန်တရားပဲဟာ၊ လက်ခံလိုက်ပါ"

"နင် သွားသေလိုက် ... ရွှေစင်၊ ကဲ ... နင် သွားသေလိုက်"

"အား ... သေပါပြီ၊ လွှတ် ... လွှတ် ... ငါ့ကိုလွှတ် ..."

ရုတ်တရက် လှဂုဏ်ကိုးက ရွှေစင့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲလှုပ်ပြီး ဆောင့်တွန်းပစ်လိုက်ပါသည်။ ရွှေစင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မခံဘဲ လှဂုဏ်ကိုးကို ပြန်တွန်းပြီး ကျောကုန်းအိအိကြီးကို ဘုန်းခနဲ ထုပစ်လိုက်သဖြင့် လှဂုဏ်ကိုးက ရွှေစင့်ကို သူ့ခန္ဓာကိုယ်နှင့်ပစ်တိုက်လိုက်ရာ ရွှေစင့်ခမျာ ဆိုင်နံရံနှင့် လှဂုဏ်ကိုး၏ ခန္ဓာကိုယ်ကြားမှာ ပိညပ်ပြားသွားသည်။

ဆိုင်တစ်ခုလုံးလည်း ရုတ်ရုတ်သဲသဲ ဆွဲလွဲ ရန်ဖျင်ရ၊ သီလလုံမှာလည်း လှဂုဏ်ကိုးရဲ့ ခန္ဓာကိုယ်ကို မနိုင်မနင်း ဆွဲခေါ်နေရပါသည်။

ရွှေစင်နှင့်တကွ သူငယ်ချင်းတွေအားလုံးက လှဂုဏ်ကိုးကို ဒေါသထွက်လျက် ...

"မိကိုး ... နင် သိပ်လွန်တာပဲ၊ နင် ဗလအားကိုးနဲ့ သိပ်အနိုင်ကျင့်တာပဲ၊ ငါတို့ ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်နေကျပဲဟာ၊ ဒါကို နင်က လက်ပါစရာလား"

"အိ ... အိ၊ ငါသေပြီ၊ အသက်ထွက်တော့မယ်၊ ဟဲ့ ... နင့်ဝက်ကိုယ်လုံးကို ခုဖယ်စမ်း ..."

"ငါ့ကို ဝက်ကိုယ်လုံးပြောစရာ မလိုဘူး ပိန်တာရိုးမရဲ့ ...၊ ထပ်ပြောရင် နင့်ကိုယ်လုံးကို ထင်းစည်းကိုင်သလို ကောက်ကိုင်ပြီး ဒူးနဲ့တိုက်ပြီး အလယ်ကနေ ထက်ပိုင်းချိုးပစ်လိုက်မယ်"

"နင် အဲ့ဒီလို နှုတ်ကြမ်း အာကြမ်းကြီးနဲ့ သီလလုံရှေ့မှာ ပြောနေတာ မရှက်ဘူးလား"

"သူက ငါ ဘာလုပ်လုပ် ဗွေယူတဲ့သူမဟုတ်ဘူးဟဲ့၊ ငါ့ကို ငယ်ငယ်လေးကတည်းက စွဲချစ်ခဲ့တဲ့ သူဟဲ့ ..."





"အဟက် ... ဟက် ... သူက နင် ဒီလောက်ဝနေမှန်းမသိလို့ ရမ်းမှန်း မှျော်ကိုးနေခဲ့တာပါတဲ့၊ နင် ဒီလောက်ကြီး ဝနေတာ တွေ့တော့လည်း သူ့ခမျာ နင့်ကို သနားစာနာပြီး ဆက်တွဲနေရတော့တာတဲ့"

"ဟင် ... သူက ဒီလိုပဲ ပြောသလား၊ မောင် ... နင်က ငါ့ကွယ်ရာမှာ ဒီလိုပြောတယ်ပေါ့လေ ... ဟုတ်လား၊ ကိုယ့်ချစ်သူ ကျောကုန်းကို ဓားနဲ့ထိုးရက်တယ်ပေါ့လေ၊ သစ္စာမရှိတဲ့ ယောကျ်ား၊ ကဲ ... ကဲ ..."

"ဟာ ... ဟာ ... မဟုတ်ပါဘူး ကိုးလေးရယ်၊ မဟုတ်ပါဘူး၊ မလုပ်ပါနဲ့ ..."

လှဂုဏ်ကိုးက ဒေါသမွှန်ကာ ဘာမှမဆင်ခြင်တော့ဘဲ သီလလုံကို ဆောင့်တွန်းပစ်လိုက်တာမို့ သီလလုံခမျာ စားသောက်ဆိုင်ရဲ့ ထောင့်နားသို့ ဝုန်းခနဲ ပစ်ကျသွားရပါသည်။

သီလလုံသည် ကိုးလေးကို တောင်းပန်ရင်း မထင်မှတ်သည့် အဖြစ်အပျက်တွေကြောင့် ရှက်ရွံ့စွာ ပြေးထွက်သွားချင်သော်လည်း ကိုးလေး ဒေါသပြေအောင် တတွတ်တွတ် ဖျောင်းဖျနားချနေခဲ့ရလေသည်။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

"ဟဲ့ ... ဟိုဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲနဲ့ ဘာတွေဖြစ်နေတာလဲ ..."

ထွန်းထိုက်ထိုက်က ဝိတ်တာလေး လာချပေးသွားသည့် အအေးခွက်ကို တစ်ကြိမ်တည်းနှင့် ကုန်အောင် မော့သောက်ပစ်လိုက်ပြီး တစ်ဖက်ဆိုင်ဆီသို့ မေးဆတ်ပြရင်း လှမ်းမေးလိုက်သည်။

ထိုဆိုင်ရှေ့မှ ဖြတ်လျှောက်လာခဲ့သော ဖူးသစ်နှင့် အိစံက ထိုက်ရှေ့မှာ ဝင်ထိုင်လိုက်ရင်း ...

"ရန်ဖြစ်နေကြတာလေ၊ ဟို ဝတုတ်မကြီးပေါ့ ..."

"ဘယ် ဝတုတ်မကြီးလဲ ..."

"ငါတို့ကျောင်းကပါ၊ ပြီးတော့ သူက နီလာ့ အိမ်နားချင်းလေ၊ နီလာနဲ့ မြချင်းကပ်ရပ်နေတာ၊ သူ့အကြောင်းကတော့ ငါတို့ကျောင်းမှာရော သူ အားအားလျားလျား လျှောက်တက်နေတဲ့ သင်တန်းမှာပါ နာမည်ကြီးပဲ"





"ဘာတွေ နာမည်ကြီးတာလဲ"

"ဆိုးတဲ့ နေရာမှာပေါ့ဟာ၊ သူက ကြွားလည်းကြွားတတ်တယ်၊ အစားလည်း ပုပ်တယ်၊ စိတ်လည်းပုပ်တယ်၊ သူ့သူငယ်ချင်းတွေနဲ့ဆိုလည်း ခဏခဏ ရန်ဖြစ်တာပဲ၊ ရန်ဖြစ်ရင် ဗလအားကိုးနဲ့ ဆောင့်ဆောင့်တွန်းတာဟ၊ ခုတလောတော့ သူ့မှာ ရည်းစားရသွားလို့ လူတကာနဲ့ လိုက်မိတ်ဆက်ပေးပြီး လျှောက်ကြွားနေတော့တာပဲ ..."

"သူ့ကိုကြိုက်တဲ့လူ ရှိသေးတယ်ပေါ့ ..."

"အေး ... ပြောတာပဲ၊ အဲ့ဒီလူအပေါ်လည်း သူက နိုင့်ထက်စီးနင်း သိပ်လုပ်တာတဲ့၊ အဲ့ဒီလူကြည့်ရတာတော့ ရိုးရိုးသားသား ပုံစံမျိုးပဲတဲ့၊ သူ့အပေါ် သိပ်သည်းညည်းခံတယ် ပြောတယ်၊ ဒါပေမယ့် ကြည့်နေပါ ... ဘယ်လောက်ကြာကြာ သည်းခံနိုင်မလဲလို့ ..."

အိစံက ထိုဝတုတ်မကို ဘယ်လောက်တောင် မုန်းနေသလဲမသိ ... ပြောရင်းက နှုတ်ခမ်းကို မဲ့ရွဲ့လိုက်သေးသည်။ ထိုက်ကတော့ တစ်ဖက်ဆိုင်ကို လှမ်းကြည့်နေလိုက်မိသည်။ ဆိုင်ထဲမှာတော့ လူရှင်းသွားပြီ။ အားလုံးလည်း ပြန်သွားကြပြီထင်ပါသည်။

သူငယ်ချင်း အချင်းချင်း ရန်ဖြစ်ကြတယ်ကြားလျှင် ထိုက်တို့ကတော့ အံ့သြရသည်။ ထိုက်တို့ သူငယ်ချင်းတွေဆို ဘယ်တော့မှ ရန်မဖြစ် ...။ ထွန်းထိုက်ထိုက်၊ အိသူစံ၊ ဖူးသစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သိမ့်နီလာတို့ လေးယောက်က အလွန်ချစ်ခင်ကြပြီး တစ်ယောက်ကို တစ်ယောက် သည်းခံကြသည်။

ထိုက်တို့အုပ်စုက ဘာလုပ်လုပ် လူညီသည်။ အား ကစားကိုလည်း တက်ညီလက်ညီ လုပ်ဖြစ်ကြသည်။ မိန်းမချင်း အလုပြိုင်တာ၊ အဝတ်အစားပြိုင်တာမျိုး၊ မနာလိုတိုရှည်စိတ်မျိုး လည်း မရှိကြပါ။

ထိုက်တို့အုပ်စုထဲမှာ ထိုက်တစ်ယောက်ကလွဲပြီး အားလုံးဟာ မိန်းမဆန်ပြီး အလှကြိုက်ကြသည်။ ထိုက်က ဂျင်းပဲန် နှင့် တီရှပ်တွေကိုသာ အမြဲဝတ်ကာ ယောကျ်ားဆန်ဆန် ခုံထူထူ ကြိုးသိုင်းဖိနပ် တစ်မျိုးကိုသာ စီးသည်။ ကြိုးရှည်ရှည်အိတ်ကိုသာ စလွယ်သိုင်း၍လွယ်သည်။ ဘောခွဲဆံပင်တိုတိုဝဲဝဲလေးဖြင့် သွက် လက် ဖျတ်လတ်စွာ မဟုတ်မခံစိတ်ရှိသော ထိုက်ဟာ တင်းနစ် ကောင်းကောင်းရိုက်တတ်ပြီး ဘတ်စ်ကတ်ဘောလည်း ကောင်း ကောင်း ကစားတတ်သည်။ အားရင် သူငယ်ချင်းတွေ စုပြီး ကစား တတ်ကြပါသည်။

ထိုက်တို့ လေးယောက်လုံးက အဆေးသင်သာ တက် ကြပြီး အပြင်သင်တန်းတွေလျှောက်တက်ဖြစ်ကြပေမယ့် အင်းယား ကန်ပေါင်က ဘူးသီးကြော် စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ တစ်ပတ်တစ်ခါတော့ ဆုံဖြစ်ကြသည်။ အင်းယားရဲ့ အငွေ့အသက် ကို ခံစားပြီး ကျောင်းမတက်ကြရပေမယ့် အင်းယားကိုတော့ ခုံမင်ချစ်ခင်ကြပါသည်။





"ကဲ … သူများအကြောင်းတွေ ထားလိုက်ပါတော့ဟာ၊ ကိုယ့်အကြောင်းပဲ ကိုယ်ပြောကြရအောင်ပါ၊ မနက်ဖြန်ကျ ရင် နီလာတို့ ခြံထဲမှာ တင်းနစ်သွားရိုက်ကြမယ်ဟာ"

"ဟာ … မနက်ဖြန် ငါမအားဘူးဟ၊ မေမေ့ကို ဆေးခန်း လိုက်ပို့စရာရှိတယ်"

"ငါလည်း မအားဘူး၊ အိမ်မှာ တစ်ပတ် တစ်ရက် မီးဖို ချောင်တာဝန် ယူရတယ်ဟ၊ မနက်ဖြန် ငါ တာဝန်ယူရ မယ့် ရက်"

"ဒါဆိုလည်း ငါတစ်ယောက်တည်းပဲ ဒိုးရတော့မှာပေါ့"

"နီလာက မနက်ဖြန်•မနက်ကျမှ မန္တလေးက ပြန်ရောက် မှာ မဟုတ်လား၊ ခရီးပန်းလာမှာကို … နင်နဲ့ တင်းနစ်ရိုက် ချင်စိတ် ရှိပါ့မလား"

"ရှိပါ … ၊ ငါနဲ့ ဖုန်းပြောပြီးပြီ၊ မန္တလေးက သူ့အဘွားက သူ့ကို မိန်းကလေးဆိုတာ လတ်လျား လတ်လျား လမ်း မများရဘူး၊ အိမ်ထဲမှာပဲ ဗိုင်းကောင်းကျောက်ဖိ နေရတယ် လို့ ဆုံးမထားလို့ သူ့မှာ မန္တလေးမှာ နေနေတဲ့ တစ်လ လုံးလုံး အဘွားနဲ့အတူ ဥပုသ်လိုက်စောင့်လိုက်၊ တရားထိုင် လိုက်ချည်း လုပ်နေရတာ အညောင်းမိ ကုပ်ချိပြီး သေတော့ မယ်တဲ့၊ ရန်ကုန်ရောက်ရင် လှုပ်လှုပ်ရှားရှား အားကစား ပြန်လုပ်မှ တက်ကြွလန်းဆန်းလာမှာတဲ့၊ သူစချိန်းလို့ ငါက သူနဲ့အတူ တင်းနစ်သွားရိုက်ရမှာ၊ သူ့ခရီးကလည်း မပမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဟာ၊ လေယာဉ်နဲ့ပြန်လာမှာပဲဟာ၊ နေ့လယ် တစ်ရေး အိပ်ပြီး ညနေကျမှ ကစားကြမှာ ...”

“အေး ... အေး ... နင်တို့ပဲ ကစားကြပေါ့၊ အိစံ ... ငါ ထိုက်ဘက်က လောင်းမယ်၊ နင် နီလာ့ဘက်က လောင်း၊ ကြေးအိုးကျွေးကြေး ...”

“ဟင် ... ထုံထိုင်း ပျင်းရိပြီး ပြန်လာမယ့်သူဘက်က ငါက လောင်းရမှာလား၊ မရဘူး၊ ငါ ထိုက်ဘက်ကပဲ လောင်းမယ်”

“ဘာမှမထူးဘူး၊ ထိုက်လည်း သူ့အိမ်ကနေ နီလာတို့အိမ် အထိ စက်ဘီးစီးပြီး သွားမှာလေ၊ နာရီဝက်လောက် အမော တကော စက်ဘီးစီးသွားရမယ့်သူနဲ့၊ နေ့လယ် တစ်ရေး အိပ်ပြီးမှ အားအင်ပြည့်ဖြိုးပြီး အိမ်ကနေ အသင့်စောင့်နေ မယ့် နီလာနဲ့ စွမ်းရည်ချင်း ဘာမှမကွာဘူး၊ နင့်ဘာသာ လောင်းချင်တဲ့ဘက်က လောင်း ...”

“ဘာမှ ငါ့ကို တွေဝေအောင် လာပြောမနေနဲ့ ...၊ ထိုက်က နီလာ့ထက် ပိုပြီး ကစားတာတော်တယ်၊ သူ့ဘက်ကပဲ လောင်းမယ်”

“ဟဲ့ ... တော်ကြ၊ နားငြီးတယ်၊ အလောင်းအစားတွေ လာလုပ်မနေနဲ့၊ ဝါးတီးဆွဲရအောင်၊ ငါ့ဗိုက်ထဲကို အအေး တစ်ခွက်ပဲရောက်သေးတယ်၊ ဗိုက်ထဲမှာ ကလွိုကလွိုမြည် နေပြီ ...”





ထိုက်တို့ သုံးယောက်က ဝိတ်တာလေးကို ခေါ်ကာ အစားအသောက်တွေ မှာလိုက်ကြသည်။ မှာထားတုန်းမှာ အိသူစံ က သူ့အိတ်ထဲက တူးဝေးမိတ်ကပ်ဘူးပြားလေးကို ထုတ်ကာ မှန်ကြည့်ပြီး နှုတ်ခမ်းနီ ထပ်ဆိုးနေသည်။ ဖူးသစ်ကလည်း ဘီး သေးသေးလေးကို အိတ်ထဲမှထုတ်ယူကာ တစ်ချက်နှစ်ချက် ဖြီး လိုက်သည်။ သူတို့နှင့် သွင်တစ်မူခြားလှသော ထိုက်ကတော့ သိုင်းဝတ္ထုတစ်အုပ်ကို ငုံ့ဖတ်နေရင်းက ဈာန်ဝင်လာကာ ပါးစပ်က ယိစ်ခနဲ အသံထွက်လျက် လက်တစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်လိုက် သဖြင့် ဖူးသစ်ရဲ့ မေးစေ့ကို ခွပ်ခနဲ ထိုးမိသွားပါသည်။

“ဟဲ့ ... သေပါပြီ၊ ဘာဖြစ်နေတာလဲ”

“ဟဲ ... ဟဲ ... ဆောရီးဟာ၊ ဒီမှာ စာအုပ်ထဲက ရေးထား တဲ့အတိုင်း လိုက်လုပ်ကြည့်နေတာ”

“သိုင်းရူးမကလည်း တစ်မျိုး ...”

ထိုက်က စာအုပ်နှင့် မျက်နှာမခွာဘဲ လက်ကို စားပွဲ ပေါ်မှာ ဖြန့်ချဖိထားလိုက်ပြီး စာအုပ်ကို ငုံ့ကြည့်ရင်းက လက် နှစ်ဖက်ကို လေထဲမှာ ဝေ့ဝဲလှုပ်ရှားကြည့်နေပါသည်။

“နင့်လက်ကြီးက ငါ့လာထိပါဦးမယ်ဟယ်”

“ဝေးဝေးရှောင်ဟေ့ ...၊ သူ့သိုင်းက သူများကို မချခင် ငါတို့ကို ,အရင်ချမယ့် သိုင်း ...”

အိစံနှင့် ဖူးသစ်က ထိုက်ရှေ့မှာ မထိုင်တော့ဘဲ ဘေးဘက်သို့ ရွှေ့ထိုင်လိုက်သည်။ ထိုအချိန်မှာပဲ ထိုက်ပါးစပ်က အုရှ်ဟု အသံတိုးတိုးထွက်လာပြီး ဝိုက်လက်သီးတစ်လုံးက ဖူးသစ်



www.burmeseclassic.com

www.burmeseclassic.com



တို့ မျက်နှာနားကနေ ဝှစ်ခနဲ ကပ်ဖြတ်သွားသဖြင့် နှစ်ယောက်စလုံးမှာ အသည်းထဲအေးသွားကာ ထိုက်ကို သံပြိုင်မေတ္တာပို့သလိုက်သည်။ ထိုက်က တဟဲဟဲ ရယ်ရင်း ...

"မကြောက်ပါနဲ့ဟာ၊ ငါက လက်ဆမှန်ပါတယ်၊ မထိအောင်ထိုးရင် ထိကိုမထိဘူး"

"ဟုတ်လို့လားဟယ်၊ တွတ်ပီလို မရှောင်ရင် လွှတ်တယ်ဖြစ်နေပါဦးမယ်"

"ဒီသိုင်းဝတ္ထုက အရမ်းမိုက်တယ်ဟ၊ သိုင်းချုပ်ချုပ် ချနည်းတွေကို သေချာ ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ရေးထားတာ၊ တချို့ဝတ္ထုတွေဆို သိုင်းချုပ်ချနည်းကို သေချာမရေးဘဲ မည်သို့မည်ပုံ လုပ်လိုက်သည်မသိ ရန်သူများအားလုံးမှောက်ကုန်ကြသည်လို့ပဲ ရေးထားတာဟ၊ သိုင်းဝတ္ထုရေးပြီးအဲ့လိုကြီးလုပ်တော့ ကောင်းလား ..."

"အဲ့ရောဟယ် ...၊ မိန်းကလေးဖြစ်ပြီး သိုင်းဝတ္ထုတွေ ဒီလောက်ဖတ်တာ ဒီတစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"ဖတ်လို့ကောင်းလို့ပါဟာ၊ မှဲ့ရှစ်လုံးရှင် သိုင်းဥကင် ဆိုတဲ့ သိုင်းဝတ္ထုတွဲကြီးမှာ ဆိုရင်လေ ..."

"ဟဲ့ ... တော်တော့၊ မကြားချင်တော့ဘူး၊ နားငြီးလာပြီ၊ နားအေးပါးအေး စားပါရစေဦး ..."

ဖူးသစ်က ပိတ်ဟောက်လိုက်တော့မှ ထိုက်က ပခုံးလေးတွန့်ကာ ငြိမ်သွားသည်။





မှာထားသည့် အစားအသောက်တွေ ရောက်လာပြီမို့ ထိုက်က သိုင်းဝတ္ထုစာအုပ်လေးကို အိတ်ထဲပြန်ထည့်ကာ အငွေ့တထောင်းထောင်း ထနေသည့် ပူပူနွေးနွေး ခေါက်ဆွဲကြော်ပန်းကန်ကို လှမ်းဆွဲယူလိုက်ရပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

♣ ♣ ♣

"မောင့်ကို ချစ်တယ်၊ မောင့်ကို ချစ်တယ် ..."

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သီလလုံသည် ဖုန်းထဲမှ လှဂုဏ်ကိုး၏ အသံကြောင့် နိုးလာရပါသည်။ လှဂုဏ်ကိုးက သီလလုံအတွက် ဖုန်းတစ်လုံး ပေးထားပြီး ဖုန်းထဲမှာ သူ့အသံကို အသံသွင်းကာ Ring Tone လုပ်ထားသဖြင့် သူမ ဖုန်းခေါ်တိုင်း ထိုအသံချည်းမြည်နေသည်မှာ ရှက်စရာလား ရယ်စရာလား၊ ဘာလား ညာလား မသိပေမယ့် ဒီအတိုင်းပဲ လက်ခံထားရသည်။

"ဖက်တီးမတို့ကတော့ ညကြီးသန်းခေါင် လုပ်ပြီကွာ၊ အိပ်ရေးပျက်လိုက်တာကွာ၊ မြန်မြန် ကိုင်လိုက်စမ်းပါကွာ ..."

ဒီပက သူ့နားကိုသူ ခေါင်းအုံးဖြင့်ဖိပိတ်ရင်း တစ်ဖက်သို့ လူးလိမ့်သွားသည်။

သီလလုံက လှဂုဏ်ကိုး ဆောင့်တွန်းတာ ခံထားရသဖြင့် နာနေသော ခါးတစ်ဖက်ကို လက်ဖြင့်ထောက်၍ အိပ်ရာမှ





ထလိုက်ပြီး အခန်းထောင့် စားပွဲပေါ်မှာ ဘက်ထရီ သွင်းထားသည့် ဖုန်းကို သွားပြေးယူကာ ...

"ဟဲလို ... ကိုးလေး ..."

ဟု ထူးရင်း နာရီလှမ်းကြည့်မိတော့ ည ၁၂ နာရီ။

"မောင် ရှင့်အဝတ်အစားတွေ အကုန်လုံး မီးပုံရှို့လိုက်တော့ ..."

"ဟင် ... ဘဖြစ်လို့လဲ ကိုးလေးရဲ့၊ အကျိုးအကြောင်း ပြောဦးမှပေါ့ ..."

လှဂုဏ်ကိုးက ဒေါသတကြီး စပြောလာသော်လည်း သီလလုံက အေးဆေး ဖျောင်းဖျသံကလေးဖြင့် ပြန်ပြောမိသည်။ လှဂုဏ်ကိုးဘက်ကတော့ ဒေါသမပြေသေးဘဲ ...

"မောင့်ကြောင့် ကိုးလေး အရှက်ကွဲရတယ်"

"မောင် ဘာလုပ်မိလို့လဲ ကိုးလေးရယ် ..."

"ကိုးလေး သူငယ်ချင်းက ပြောတယ်၊ မောင့်ပုံစံက ပုံတုံးကြီးတဲ့၊ ဝတ်ပုံ စားပုံက လုံးဝ စံမမီဘူးတဲ့၊ လုံးဝ ဒိုက်ပဲတဲ့၊ တောကလာမှန်း သိပ်သိသာတာပဲတဲ့၊ လူတကာ ဆောင်းဘီဝတ်တဲ့ ခေတ်ကြီးမှာ မောင်က ပုဆိုးတိုတိုတုတ်တုတ်ဝတ်ပြီး လမ်းလျှောက်ပုံကအစ စတိုင်လ် လုံးဝမကျဘူးတဲ့၊ အဲ့ဒီလို အပြောခံရတာ ကိုးလေး သိပ်အောက်တာပဲ မောင်၊ သူများတကာ ရည်းစားတွေနဲ့ ယှဉ်ရင် ကိုးလေး မျက်နှာငယ်ရတယ်၊ အဲ့ဒီတော့ မနက်ဖြန်က စပြီး မောင့် ဒီဇိုင်းကို ပြောင်းရမယ်၊ ရှိတဲ့ အဝတ်အစားတွေ လုံးဝ မဝတ်နဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုးလေး မောင့်အတွက် အဝတ်အစားအသစ်တွေ ဝယ်ပေးမယ်"

"ပိုက်ဆံတွေ ကုန်မှာပေါ့ ကိုးလေးရယ်၊ မလိုပါဘူး၊ ရှိတာလေးနဲ့ပဲ မောင် အဆင်ပြေပြေ ဝတ်တတ်ပါတယ်"

"ဟင့်အင်း … မဝတ်ရဘူး၊ ကိုးလေး ဝယ်ပေးတာပဲ ဝတ်ရမယ်"

သီလလုံက နည်းနည်းတော့ စိတ်အိုက်သွားရပါသည်။ ဆန်းဆန်းပြားပြားတွေကို သူ မဝတ်ချင်တာတော့ အမှန်ပင်။ သို့သော်လည်း လှဂုဏ်ကိုး စိတ်ဆိုးမှာ စိုးတာမို့ …

"ကဲ … ကဲ … ကိုးလေး သဘောပါပဲ"

"အင်း … ဒီလိုပဲ ဖြစ်ရမှာပေါ့"

"ဒါများ ညကြီးသန်းခေါင် ထပြောစရာလား ကိုးလေးရယ်၊ မနက်မှ ပြောလည်း ဖြစ်သားပဲဟာ"

"ကိုးလေးက ၁၀ နာရီခွဲလောက်ကတည်းက ကိုးလေး သူငယ်ချင်းနဲ့ ဖုန်းပြောနေတာ၊ ဖုန်းချခါနီးကျမှ သူက မောင့်ကို ဝေဖန်တဲ့ စကားတွေ ပြောနေတာလေ၊ ကိုးလေးလည်း အရမ်း ဒေါသထွက်လာတာနဲ့ ဖုန်းချချချင်း မောင့်ဆီ လှမ်းခေါ်လိုက်တာ၊ ဒီလိုမှ မပြောရရင် ဒီည အိပ်ပျော်တော့မှာ မဟုတ်ဘူးလေ …"

"ကိုးလေး ဖုန်းပြောတာ ခုမှပြီးတယ်ပေါ့"

"အင်းပေါ့ …"

"ဆယ်နာရီခွဲကတည်းကဆို …"





"အင်းလေ …"

"ဒါဆို တစ်နာရီခွဲလောက်ကြာအောင် ဖုန်းပြောနေတာပေါ့"

"အင်းလေ …၊ ကိုးလေးတို့ မိန်းကလေးတွေဆိုတာ ဒီလိုပဲ ညညဆို ဖုန်းနဲ့ သတင်းပလင်း စုံပလုံစီအောင် ပြောနေကျ၊ မိန်းကလေး တော်တော်များများဟာ လေဒီဖုန်းတွေချည်းပဲလေ၊ စကားအကြာကြီး ပြောလိုက်လို့လား မသိဘူး၊ ဗိုက်တောင်ဆာလာပြီ မောင်ရယ်၊ ကိုးလေးစားဖို့ နန်းကြီးသုပ်ထွက်ဝယ်ပေးပါလားဟင် …"

"ဒီအချိန်ကြီး နန်းကြီးသုပ်က ဘယ်မှာဝယ်ရမှာလဲ ကိုးလေးရယ်"

"ညလုံးပေါက်ဖွင့်တဲ့ ဆိုင်တွေ ရှိပါတယ် မောင်ရဲ့၊ သမ္မတဟိုတယ် အောက်ထပ်က 365 က ညလုံးပေါက် ဖွင့်တယ်၊ အင်း … အဲဒီမှာတော့ နန်းကြီးသုပ် ရမယ်မထင်ဘူး၊ ပွင့်သစ်စမ်းမှာလည်း ဒီအချိန် ဝယ်လို့ရတယ်၊ ဒီလိုလုပ် … ပွင့်သစ်စမ်းက ရွှေဂုံတိုင်မီးပွိုင့်နားမှာဆိုတော့ ကိုးလေးတို့အိမ်နဲ့ ပိုနီးတယ်၊ အဲဒီကိုသွားလိုက်၊ နန်းကြီးသုပ်က အဲဒီမှာ ရတယ်၊ စက်ဘီးစီးသွားရင် ခဏလေးနဲ့ ရောက်မှာ၊ ကိုးလေးအတွက် ပဲပလာတာရယ်၊ နန်းကြီးသုပ်ရယ် ဝယ်ခဲ့ပေး၊ မြန်မြန်လေးနော် မောင်၊ ကိုးလေး ဗိုက်ဆာလှပြီ"

"အေးပါ … အေးပါ၊ မောင် မြန်မြန် သွားလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သီလလုံက တီရှပ်အဟောင်းလေးပေါ်မှာ ရုပ်အင်္ကျီလေး ထပ်ဝတ်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ ကားဂိုထောင်ထဲ ထည့်ထားသည့် စက်ဘီးကို သွားယူပြီး ထွက်လာရင်း ကိုးလေးတို့ အိမ်ဘက်သို့ လှမ်းမျှော်ကြည့်မိတော့ ဝရန်တာမှာရပ်၍ လက်ပြနေသော သူမရဲ့ ပုံရိပ်ကြီးကြီးကို တွေ့ရပါသည်။ သူ လက်ပြန်ပြခဲ့ပြီးနောက် စက်ဘီးနင်း၍ ထွက်လာခဲ့ပါသည်။

တကယ်တမ်း ပြန်စဉ်းစားကြည့်ရင် သူမရဲ့ အမှုတော်တွေကို ထမ်းဆောင်ရတဲ့ တာဝန်က မသေးလှပါ။ ညသန်းခေါင်သန်းလွဲကျမှ ဗိုက်ဆာလာကာ သီလလုံကို ဖုန်းဆက်နှိုးပြီး တစ်ခုမဟုတ်တစ်ခု ထွက်ဝယ်ခိုင်းတာက သုံးရက် တစ်ခါလောက်။ ခုတော့ သူလည်း သန်းခေါင်သန်းလွဲထိ ဖွင့်သည့်ဆိုင်တွေနှင့် ရင်းနှီးနေပြီ။ ဝက်ခေါင်းသုပ် စားချင်ရင် တရုတ်တန်းကိုပြေး၊ ည ၁၂ နာရီ တရေးနိုးမှာ ထမင်းကြော် ပူပူလေးကို ဟင်းမျိုးစုံနဲ့ စားချင်လျှင်တော့ ရန်ကင်း သဇ္ဈာလမ်းပေါ်က လင်းလင်း ထမင်းကြော်ဆိုင်အထိ သွားဝယ်ပေးရတတ်ပါသည်။

ကိုးလေးတို့အိမ်မှာက ထမင်းချက် အဒေါ်ကြီး ရှိတယ်ဆိုပေမယ့် ကိုးလေးက အိမ်ချက်ဟင်းထက် အပြင်စာတွေကို ပို၍ တပ်မက်ပါသည်။

သီလလုံက ညဉ့်သန်းခေါင်မို့ ကားရှင်းစပြုပြီဖြစ်သော လမ်းမကြီးအတိုင်း စက်ဘီးနင်းလာရင်း လှဂုဏ်ကိုး အကြောင်းကို စဉ်းစားလာပါသည်။





ခုလို ပုံမှန်မဟုတ်တဲ့ အစားအသောက် တပ်မက်မှုအတွက်တော့ သူမကို သူ မငြိုငြင်ပါ။ သူမ ခုလိုမျိုး မစားရမနေနိုင်ဖြစ်တတ်တာဟာ ချွတ်ယွင်းချက်တစ်ခု၊ အားနည်းချက်တစ်ခုဟုသာ သဘောထားလျက် သနားစိတ်သာ ဖြစ်ရပါသည်။ လူရှေ့သူရှေ့မရှောင် ဒေါသကြီးတတ်တာ၊ ရန်လုပ်တတ်တာ၊ အပြောအဆို မဆင်ခြင်တာ၊ ဒါတွေအားလုံးဟာ သူမရဲ့ အားနည်းချက်လား။ ဒါမှမဟုတ် ဦးနှောက်အသိဉာဏ်ပဲ ကျပ်မပြည့်ရှာလေတာလား ...။ ဝလွန်းနေတဲ့ သူမကိုယ်သူမ အားငယ်လွန်းလို့ ပတ်ဝန်းကျင်ကို ရန်လိုမျက်စိနဲ့ ကြည့်ပြီး ကြောက်ကန်ကန်နေတာလား။

သူမရဲ့ ရည်းစားဟု သတ်မှတ်ထားသော သီလလုံကို ဆက်ဆံပုံကပင်လျှင် တစ်ဖက်စောင်းနင်း ဖြစ်ဖြစ်နေတတ်တာ။ သီလလုံကတော့ ဘုန်းဘုန်းဦးသောဘိတရဲ့ အဆုံးအမဖြင့်အရာရာကို သည်းခံစိတ်ဖြင့်သာ လက်ခံကြီးပြင်းလာခဲ့တာမို့ သူမရဲ့ ဒီလို ဆိုးတာမျိုးလေးလောက်ကိုတော့ သည်းမခံနိုင်စရာ အကြောင်း မရှိပါ။

သီလလုံသည် ပွင့်သစ်စမ်းမှာ စားစရာဝင်ဝယ်ပြီးတာနှင့် ညဥ့်လေတဖြူးဖြူးကို ရှိုက်၍ရှူရင်း အိမ်ဘက်သို့ စက်ဘီး ပြန်နင်းလာပါသည်။

သူ ခြံရှေ့ရောက်တော့ အပြင်က ပြန်လာသော ကိုဆွေဂုဏ်နဲ့ ကိုမျိုးဂုဏ်တို့ စီးနေကျ ကားကို လှမ်းတွေ့လိုက်ရသည်။

ခြံစောင့်က တံခါးလာဖွင့်ပေးသဖြင့် ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



လာသော ကိုဆွေက ကားကို ခြံထဲသို့ ကွေ့ဝင်ရင်း သီလလုံကို လှမ်းကြည့်သွားသည်။

သီလလုံ ခြံထဲရောက်လာတော့ ကိုဆွေနှင့် ကိုမျိုးက ကားပေါ်မှ ဆင်းလာရင်း ...

"ဟော့ကောင် ... မင်း ဒီအချိန်ကြီးကျမှ ဘယ်ကပြန်လာတာလဲ"

"ကိုးလေးစားဖို့ ပဲပလာတာနဲ့ နန်းကြီးသုပ် သွားဝယ်လာတာပါ ခင်ဗျ၊ အစ်ကိုတို့ရော ခုမှ ပြန်လာတာလား၊ ကားကို ဂိုဒေါင်ထဲ မောင်းထည့်ပေးရမလား"

"မလိုဘူး၊ ငါတို့က ခဏနေ ပြန်ထွက်မှာ၊ နိုက်ကလပ် သွားမလို့ အဝတ်အစားပြန်လဲတာကွ၊ မင်းနဲ့ဆုံတာအတော်ပဲ၊ ခဏလာဦး ... မင်းကို မေးစရာရှိတယ်"

ဆွေဂုဏ်က မြက်ခင်းပေါ်မှာ ချထားသည့် ကျောက်ခုံဝိုင်းတွေဘက်သို့ လျှောက်လာရင်း အနားမှာပါလာသည့် မျိုးဂုဏ်ဘက်သို့ လှည့်၍ မျက်စိတစ်ဖက်မှိတ်ပြလျက် ...

"ဒီကောင့်ကို ကြံ့တုန်းလေး ကြပ်လိုက်ရအောင်"

ဟု ပြောလိုက်ပါသည်။ မျိုးဂုဏ်ကလည်း ပြုံးစိစိဖြင့် သီလလုံကို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

သီလလုံက စက်ဘီးကို ဒေါက်ထောက်ရပ်ခဲ့ပြီး ကိုဆွေတို့ဘက်သို့ လျှောက်လာရင်း ကိုးလေးတော့ ဆာနေတော့မှာပဲဟု စဉ်းစားမိသော်လည်း ကိုဆွေတို့ ခေါ်နေတာကို မသွားဘဲ မနေရဲပါ။ ပြီးမှပဲ သွားပေးရတော့မှာပင်။





သီလလုံက ခြံထောင့်က မီးတိုင်အလင်းရောင်ကြောင့် လင်းနေသော ခုံဝိုင်းကလေးတွေဘက်သို့ မုန့်ထုပ်ကလေးတွေကို ဆွဲရင်း ခပ်သွက်သွက် လျှောက်လာလိုက်ပါသည်။

"ကဲ ... လာထိုင်၊ မင်းကို မေးစရာရှိတယ်"

သီလလုံက ကိုဆွေနှင့် ကိုမျိုး ကြားက လွတ်နေသော ခုံတစ်ခုံမှာ ခပ်ရို့ရို့ ဝင်ထိုင်လိုက်သည်။

ကိုဆွေက သီလလုံ မျက်နှာကို စေ့စေ့စိုက်ကြည့်ရင်း ...

"မင်း ဘာသဘောနဲ့ ကိုးလေးနဲ့ တွဲနေတာလဲ"

"ခင်ဗျာ ..."

"ငါ့မေးခွန်းက မင်း နားမလည်နိုင်လောက်အောင် ရှုပ်ထွေးနေလို့လား၊ ထပ်မေးပေးရဦးမလား"

"ဟို ... တွဲတယ်ဆိုတာက ဒီလိုပါ၊ ကျွန်တော်တို့က ချစ်သူတွေပါ၊ ဒါကို ဦးလေးလည်း သိပါတယ်၊ ဘဘ ဦးစက်ရောင်လည်း သိပါတယ်"

"ငါတို့လည်း သိပါတယ်၊ ငါမေးတာက မင်း ကိုးလေးကို တကယ်မချစ်ဘဲနဲ့ ကိုးလေးရဲ့ စည်းစိမ်ဥစ္စာ ကြွယ်ဝမှုကို မက်မောပြီး တွဲနေတာလားလို့ မေးတာ"

"ဟာ ... မဟုတ်ရပါဘူး အစ်ကိုတို့ရာ၊ ကျွန်တော့်မှာ အဲဒီလိုစိတ်မျိုး မရှိပါဘူး၊ ကျွန်တော် ပစ္စည်းဥစ္စာလည်း မမက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ နမလို ဝလည်းဝ၊ စိတ်လည်း ပုပ်တဲ့ မိန်းကလေး တစ်ယောက်ကို ဘာမှ မမျှော်ကိုးဘဲ တွဲနေတယ်ဆိုတာ ယုံနိုင်စရာမှမရှိတာ ..."

"ကိုးလေးက သနားစရာကောင်းလို့ပါဗျာ"

"ဟမ်၊ ကိုးလေးက သနားစရာ ကောင်းတယ် ဟုတ်လား၊ ဟား ဟား ... ဟား ဟား ...၊ ငါတို့အမြင်မှာတော့ မင်းက ပိုပြီးသနားစရာကောင်းနေတာကွ ..."

"အစ်ကိုတို့ပဲ စဉ်းစားကြည့်ကြပါ၊ ကိုးလေးတို့ အရွယ် မိန်းကလေးတွေအားလုံး လှချင်ကြတာချည်းပဲ၊ အဝတ် အစား လှလှလေးတွေ ဝတ်ပြီး ပေါ့ပေါ့ပါးပါး သွားချင် လာချင်ကြတာချည်းပဲ ...၊ ကိုးလေးခမျာ ဒီလိုခန္ဓာကိုယ် မျိုးရထားတာ ဘယ်လောက် စိတ်ဆင်းရဲရှာမလဲ၊ သူလည်း အများနည်းတူ ဝတ်ချင်စားချင်ရှာမှာပဲ၊ ဒီလို ခန္ဓာကိုယ် မျိုးကို သူ ဘယ်လိုချင်ပါ့မလဲ ...၊

"သူ့ခမျာ အများတကာ ဝတ်သလို နိုင်ငံခြားဖြစ် ရယ်ဒီမိတ် အဝတ်အစား လှလှလေးတွေကို ဝတ်ခွင့်မရ တော့ ဆွဲသားပါတဲ့ အစတွေကို ရှာဖွေဝယ်ပြီး ဖက်ရှင်မကျ ကျအောင် စပ်ဟပ်ချုပ်ဝတ်ရရှာတယ်၊ ရှော့ပင်းမောတွေ သွားပြီဆို သူဝတ်ချင်တဲ့ အင်္ကျီလေးတွေက သူ့ဆိုက်မရှိ တော့ ဒေါသဖြစ်တယ်၊ အင်္ကျီလှလှ ဆိုက်သေးသေးလေး တွေ ရောင်းတဲ့ဆိုင်ထဲ ယောင်မှားဝင်လိုက်မိလို့ ဈေးရောင်း တဲ့ သူတွေက သူ့ကို အရေးမလုပ်ရင် စိတ်တိုရတယ်၊





အင်္ကျီလှလှလေးတွေ မြင်ရင် သူ့ခမျာ မျက်နှာလေးငယ်ပြီး မျက်ရည်လေးတောင် ဝဲဝဲလာတတ်တာ ...၊

"အပြင်ထွက်တိုင်း လူတကာက သူ့ကို ရယ်ချင် သလို အံ့သြသလို သနားသလို အကြည့်မျိုးတွေနဲ့ ကြည့် ကြတာ၊ အများကြားမှာ သူဝင်ထိုင်ရင် နေရာကျုပ်သွားတာ၊ ဒါတွေအားလုံးဟာ သူ့အတွက် ဝမ်းနည်းစရာ၊ သိမ်ငယ် စရာတွေပဲ ဖြစ်နေတတ်တာ၊ သူ့ဘဝသူမကျေနပ်လို့ ဘေး ပတ်ဝန်းကျင်ကလူတွေကိုပါ မကျေမနပ်ဖြစ်ပြီး ရန်လိုစိတ် ရှိနေတာကို ကျွန်တော်က ဖေးမပေးပြီး သူ့ဘေးမှာ နေပေး နေတာပါ၊ ကျွန်တော်သူနဲ့တွဲသွားတိုင်း သာမန် မိန်းကလေး တစ်ယောက်နဲ့ တွဲသွားသလို သွားတယ်၊ ဒါမှ သူလည်း အားတက်မယ်လေ ..."

ခွေဂုဏ်နှင့် မျိုးဂုဏ်မှာ အေးအေးဆေးဆေး ရှင်းပြ နေသော သီလလုံကို အံ့သြတကြီး စိုက်ကြည့်နေကြရင်းက ...

"မင်းပြောနေတဲ့လေသံက တရားဟောနေသလိုပဲ၊ ဒီအပြော ဒီစိတ်ထားနဲ့ ဘုန်းကြီးပဲ ဝတ်ပါလား"

"ကျွန်တော်က ဝတ်ချင်ပါတယ်၊ ဘုန်းဘုန်းက ပေးမဝတ် တာပါ၊ ဘုန်းဘုန်းက ကျွန်တော့်ကို ပညာဆက်သင်စေချင် တယ်လေ"

"ကိုးလေးနဲ့ဆက်တွဲနေရင်တော့ မင်း တစ်နေ့ကျ ဘုန်းကြီး ဝတ်ချင်စိတ် ပေါက်လာမှာပါကွာ"

"ဟော့ကောင် ... သွားပြောမနေနဲ့၊ တော်ကြာ ကိုးလေးကို



www.burmeseclassic.com

www.burmeseclassic.com



မယူချင်တာနဲ့ ဘုန်းကြီး ကောက်ဝတ်နေဦးမယ်၊ ဒီမှာ ဘုန်းကြီးကျောင်းသား၊ မင်းကို တစ်ခုတော့ ပြောထားမယ်၊ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် မင်း ငါတို့နှမကို မျက်ရည်ပေါက် ကြီးငယ်ကျအောင် မလုပ်နဲ့၊ မင်းကြောင့် ငါ့နှမ မျက်ရည် ကျရတဲ့နေ့ဟာ ငါတို့ လက်သီးနဲ့ မင်းမျက်နှာနဲ့ မိတ်ဆက် တဲ့နေ့ပဲ ...”

“ယောကျ်ားတွေရဲ့ စိတ်ဆိုတာ ပြောင်းလဲတတ်တယ်ကွ၊ ငါတို့လည်း ယောကျ်ားပဲ၊ ယောကျ်ားချင်း စိတ်ကို ငါတို့ နားလည်တယ်၊ မင်း ကိုးလေးအပေါ် ခုလိုထားတဲ့ စိတ် ထားဟာ တစ်နေ့ မပြောင်းလဲဘူး မပြောနိုင်ဘူး၊ မင်း ပြောင်းလဲသွားလို့ ငါ့နှမလေး ခံစားသွားရရင် ငါတို့က လက်ပိုက်ကြည့်နေမယ် မထင်နဲ့ ... ကြားလား”

“ဟုတ်ကဲ့ပါ ...”

“မင်း လူ့ဘဝမှာ လူဖြစ်နေတဲ့ ကာလပတ်လုံး ကိုးလေး ကို ထားပစ်ခဲ့လို့မရဘူးဆိုတာ မြဲမြဲမှတ်ထား”

“ဟုတ်ကဲ့ပါ ...၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး”

“ဘာ ... မင်းက ငါတို့နဲ့ စကား ဆက်မပြောချင်ဘူးဆိုတဲ့ သဘောလား”

“မဟုတ်ပါဘူး အစ်ကို၊ ကိုးလေး ဗိုက်ဆာနေမှာစိုးလို့ သူ ဝယ်ခိုင်းတာလေး သွားပေးချင်လို့ပါ”

“ဒါဆိုလည်း သွားတော့၊ မိကိုးတို့ ဝတာလည်း မပြောနဲ့၊ သန်းခေါင်သန်းလွဲလည်း ဗိုက်ကဆာနေတာပဲ၊ မင်းလည်း





ကိုယ့်ရည်စားကိုယ် ဝိတ်လေးဘာလေး လျှော့ဖို့ ကြည့် ကျက်ပြောဦး၊ သူစားချင်တယ်ပြောတိုင်း လျှောက်ဝယ်ကျွေး မနေနဲ့ ...”

“ဧကန္တ ဒီကောင် ‘မင်းမသိပါဘူး’ ဇာတ်လမ်းထဲကလိုမျိုး ကိုးလေးကို အစားအသောက်တွေနင်းကန်ကျွေးပြီး ကိုးလေး စောစောသေအောင် လုပ်နေတာထင်တယ်၊ ဒါမှ ဒင်း တခြားတစ်ယောက်ရှာလို့ ရမှာကိုး ...”

“မဟုတ်ရပါဘူး အစ်ကိုတို့ရာ ...”

“မင်း ... ငါ့နှမကို ပစ်သွားလို့ကတော့၊ ဟွန်း ... ဒီမှာ ကြည့်ထား ...”

ဆွေဂုဏ်က လက်သီးထောင်ပြပြီး ကြိမ်းဝါးလိုက် သည်။ ညီအစ်ကိုနှစ်ယောက်လုံး အားရပါးရ ကြပ်လို့ဝတော့မှ သီလလုံကို သွားခွင့်ပေးလိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

ထိုက်သည် တင်းနစ်ရက်ကတ်အိတ်ကို ကျောမှာလွယ်ကာ ပြိုင်ဘီးလေးကို ခပ်သွက်သွက်နင်းလာပါသည်။

ထိုက်တို့ အိမ်နဲ့ နီလာတို့အိမ်က သုံးမှတ်တိုင်စာလောက် ဝေးတာမို့ ထိုက်က နီလာ့ဆီလာတိုင်း ထိုက်ရဲ့ စီးတော်ယာဉ် ပြိုင်ဘီးကလေးဖြင့် လာတတ်မြဲပင် ...။ နီလာတို့က ခြံကျယ်ကျယ်နှင့်နေပြီး ခြံထဲမှာ တင်းနစ်ကွင်းပါ ရှိတာမို့ ထိုက်တို့ သူငယ်ချင်းတွေ မကြာခဏ နီလာတို့အိမ်မှာ တင်းနစ် လာရိုက်တတ်ကြသည်။ ခုတလောမှ နီလာက သူ့အဘွားဆီ သွားသွားနေရတာမို့သာ နီလာတို့ခြံကို မရောက်ဖြစ်တာ ...။

နီလာတို့ ခြံက ခြံကျယ်ဝန်းကျယ် ဆိတ်ငြိမ်ရပ်ကွက်မှာ ရှိတာမို့ နီလာတို့အိမ်တစ်ဝိုက်က လမ်းသွယ်လေးတွေဟာ အမြဲလို လူရှင်း ကားရှင်းနေတတ်သည်။ စက်ဘီးနင်းရတာတော့ တော်တော် အရသာရှိသားပင်။ နီလာတို့ မိသားစုက ဒီအိမ်ရာကို ပြောင်းလာတာ သိပ်တော့မကြာသေး ...။ နီလာတို့ရဲ့





အရင်ခြံက ဒီလောက်မကျယ်။ ဒီခြံကတော့ ကျယ်ဝန်းပြီး တင်းနစ်ကွင်းရော၊ ရေကူးကန်ပါ ရှိတာမို့ သူငယ်ချင်းတွေက နီလာတို့ခြံမှာ ပျော်ကြပါသည်။

ဒူးဖုံးရုံ အားကစားဘောင်းဘီအဖြူ၊ အင်္ကျီလက်ပြတ်အဖြူနှင့် ထရက်စု အဖြူလေးကို အပေါ်က ထပ်ဝတ်၍ စက်ဘီးကို အားသွန်ခွန်စိုက် နင်းလာသော ထိုက်ကို လမ်းမှာတွေ့သည့် ကောင်လေးတွေက သမင်လည်ပြန် ကြည့်ရင်း 'နင်းထား ... နင်းထား'ဟု လှမ်းပြော ကျီစယ်ကြတာမို့ ထိုက်က မျက်မှောင်ကြုတ်ကာ မျက်နှာထားကို တင်းထားလိုက်မိသည်။

နီလာတို့ ခြံရှေ့ရောက်တော့ ထိုက်က ခြံတံခါးအသင့်ဖွင့်ထားသော ခြံထဲသို့ ကွေ့ဝင်လာခဲ့သည်။

တင်းနစ်ဆု အပြည့်အစုံ ဝတ်ထားသော နီလာက ရက်ကတ်ကို ကိုင်၍ အိမ်ထဲမှ တက်တက်ကြွကြွ ပြေးထွက်လာသည်။

"တစ်ပွဲတစ်လမ်း အကဲစမ်းဖို့ စောင့်နေတယ်ဟော့၊ ခရီးပမ်းလာတယ်ဆိုပြီး အထင်မသေးနဲ့ ..."

"ဟာဟ ... အထင်မသေးဝံ့ကြောင်းပါ၊ ပွဲမစခင် ငါ့ဖို့ဘာပါလဲ ပြောဦး ..."

"ထုံးစံအတိုင်း ထိုးမုန့်နဲ့ လက်ဖက်ပေါ့ ..."

"အဆီအဆိမ့်တွေများ မမက်ပါဘူး၊ တခြား ဘာပါသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားရဲ့ ယက္ကန်းစင်က ချိပ်ဆင်အသစ်ထွက်လို့ ယူလာတယ်လေ၊ နင် ဝတ်ချင်ရင် ယူသွားပေါ့ ..."

"နောက်နေတာလား၊ ငါ ဘယ်တုန်းက အဲ့ဒါမျိုးတွေ ဝတ်ဖူးလို့လဲ၊ ငါ့အတွက် ဂျင်းဘောင်းဘီရယ်၊ တီရှပ်ရယ်၊ ကြိုးသိုင်းဖိနပ်တစ်ရံရယ်ရှိရင် ပြည့်စုံပြီ"

"မမထိုက် ... မမထိုက်၊ သားနဲ့ ဘောလုံး ကစားမလား"

"ဟယ် ... ချစ်ချစ်လေးပါလား"

နီလာ့ တူလေးက ဘောလုံးလေးကို ပိုက်ရင်း ထိုက်ဆီ ပြေးလာတာမို့ ထိုက်က လက်ဆန့်တန်း၍ ကြိုရင်း ကလေးဆီ ပြေးသွားမိသည်။ ကလေးက နှုတ်ခမ်းစူထော်လာကာ ...

"မမထိုက်ကလည်း သားက မိန်းကလေးမှ မဟုတ်တာ၊ ချစ်ချစ်လေး မခေါ်နဲ့၊ သားနာမည် အောင်ထွန်း၊ ထွန်းထွန်းလို့ ခေါ် ..."

"အမလေးဟယ် ... စကားကလည်း တတ်လိုက်တာ၊ မမထိုက်က သားကို ချစ်လို့ ချစ်ချစ်လေးလို့ ခေါ်တာပါဟယ်၊ သားမကြိုက်ရင် မခေါ်တော့ဘူးနော်၊ ထွန်းထွန်းလို့ပဲ ခေါ်ပါ့မယ်တော် ..."

"မမထိုက်က သားအရွယ်ကို ချစ်ရမှာမဟုတ်ဘူးလေ၊ သားက ငယ်သေးတယ်လေ၊ မမထိုက်နဲ့ ရွယ်တူ ကောင်လေးတွေကို ချစ်ပေါ့ ..."

"ဟဲ့ ... ဒီကလေး အတတ်လွန်လာပြီ၊ ငါခေါက်မိတော့မယ်နော် ... ထွန်းထွန်း၊ ကလေးကို ကလေးလိုချစ်ပြီး လူကြီး





ကျတော့ လူကြီးလို ချစ်ရမှာပေါ့ဟဲ့ ...၊ ခုလောလောဆယ်တော့ မမထိုက်က ကလေးတွေကိုပဲ ချစ်တတ်သေးတယ်၊ လူကြီးတွေကို မချစ်တတ်သေးဘူး"

"ဒီလမ်းထဲမှာ ကောင်လေး ချောချောလေးတွေရှိတယ်၊ သားရှာပေးမယ်လေ၊ မမထိုက် ချစ်လို့ရအောင်"

"ဒီကလေး မလွယ်ပါလား၊ နီလာရေ ... နင့်တူ အသက်ဘယ်လောက်လဲ ..."

"၈ နှစ်ပဲ ရှိသေးတယ်ဟ ..."

"၈ နှစ်မို့လို့သာပဲ၊ ၁၈ နှစ်ဆို ထိန်းလို့ရမှာ မဟုတ်တော့ဘူး"

ဒီအရွယ်ကလေးနှင့် တတ်သိ နားလည်နေသော နီလာ့ တူလေးကို ထိုက်က လက်ဖျားခါမိပါသည်။

"ကဲ ... ထွန်းထွန်းက ကိုယ့်ဘာသာ ဘောလုံးကစားနှင့်ဦး၊ မမထိုက်က တီတီနီလာနဲ့ တင်းနစ်ရိုက်လိုက်ဦးမယ်၊ ပြီးမှ ထွန်းထွန်းနဲ့ ကစားပေးမယ် ... ဟုတ်ပြီလား"

"ဟုတ်၊ တီတီနီလာနဲ့ တစ်ပွဲပြီးရင် သားနဲ့ တစ်ပွဲပေါ့"

"အေးပေါ့ ... အေးပေါ့ ..."

ထိုက်က ထွန်းထွန်းကို ချော့မော့ပြောလိုက်တော့ ထွန်းထွန်းက တင်းနစ်ကွင်းနဲ့ ခပ်ဝေးဝေး ခြံထောင့်မှာ သူ့ဘာသာ ဘောလုံးကန်ဆော့နေသည်။ ထိုက်နဲ့ နီလာလည်း ပွဲစလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲက အရှိန်ကောင်းနေတုန်းမှာ ထွင့်ထွင့်က ထိုက်တို့ဆီ ပြေးလာကာ

"မမထိုက် ... မမထိုက် ... ခဏရပ်ပါဦး၊ သား ဘောလုံး ဟိုဘက်ခြံထဲ ရောက်သွားလို့ သွားကောက်ပေးပါဦး ..."

ဟု ခုန်ဆွ ခုန်ဆွလုပ်ရင်း အော်ပြောနေတာမို့ ထိုက်က ပွဲကိုရပ်ပစ်လိုက်ရကာ ...

"ထွင့်ထွင့်ဘာသာ သွားကောက်လေ၊ ခြံနီးချင်းတွေ ခင်တယ်မဟုတ်ဘူးလား"

"မခင်ပါဘူး၊ အဲ့ဒီခြံက ဖက်တီးမကြီးက စိတ်ပုပ်တယ် မမထိုက်ရဲ့၊ ဟိုတစ်ခါတုန်းက သားဘောလုံးလေး သူ့ခြံထဲ ဝင်သွားလို့ ကောက်ပြီး ပြန်ပစ်ပေးဖို့ပြောတာကို မသိချင်ယောင်ဆောင်ပြီး အိမ်ထဲဝင်သွားတယ်၊ နောက်တစ်ခါကျတော့ နင့်ဘောလုံး ငါ့ခြံထဲ ခဏခဏရောက်အောင် မလုပ်နဲ့၊ အလုပ်ရှုပ်တယ်ဆိုပြီး အော်ထုတ်တယ်၊ နောက်တစ်ခါကျတော့ သူ့ကိုယ်လုံးနဲ့ ဖိသတ်မယ်လို့ ခြိမ်းခြောက်တော့ သား ကြောက်တာပေါ့ ..."

"ဟယ် ... အဲ့ဒီလိုကြီးလား"

ထိုက်က တအံ့တသြ ပြန်မေးမိရင်း နီလာ့ကို လှမ်းကြည့်မိတော့ နီလာက ပခုံးတွန့်ပြကာ ...

"ဟုတ်တယ် ထိုက် ...၊ ဝတုတ်မက တော်တော်မလွယ်တာ ..."

"သြော် ... ငါသတိရပြီ၊ ဟိုတစ်နေ့က ဖူးသစ်တို့ပြောတယ်၊





အဲ့ဒီ ဝတုတ်မက နင့် အိမ်နီးချင်းတဲ့၊ အဲ့ဒီနေ့ကလည်း အင်းယားကန်ပေါင်က ဆိုင်ထဲမှာ ဗရုတ်သုတ်ခ ရန်တွေ ဖြစ်ကြသေးတယ်"

"ဟုတ်ပါ့၊ သူက အဲ့ဒီလိုပဲ၊ သူနဲ့ မပတ်သက်ချင်ပါဘူး ဟယ် ...၊ အဲ့ဒီ ဘောလုံးလည်း သွားကောက်မနေနဲ့တော့ ထွင့်ထွင့်၊ တီတီ အသစ်ဝယ်ပေးမယ် ..."

"ဟင့်အင်း ... ဟင့်အင်း ... သား ဘောလုံးပဲ သားပြန်လိုချင်တယ်၊ ကောက်ပေး ... ပြန်ကောက်ပေး"

"အသစ်ဝယ်ပေးပါမယ်ဆို ..."

"ဟင့်အင်း ... သားဟာပဲ ပြန်လိုချင်တယ်၊ ယူပေး ... ယူပေး ..."

"ကဲ ... ကဲ ... မမထိုက် သွားကောက်ပေးပါ့မယ်၊ ခဏစောင့်၊ နီလာရေ ... ငါ ခြံရှေ့ဘက် သွားလိုက်ဦးမယ်"

"သွားမပတ်သက်ပါနဲ့ဟာ ..."

"ထွင့်ထွင့်က မနေဘူးဟဲ့ ..."

"သတိထားသွား ..."

"ဘာလဲ ... ကိုယ်လုံးနဲ့ ဖိသတ်ခံရမှာ စိုးလို့လား၊ မပူနဲ့ ငါက သိုင်းတတ်တယ်၊ တစ်ခါတည်း အလဲထိုးပစ်လိုက်မယ်"

"သိုင်းဝတ္ထုတွေ ဖတ်ပြီးတတ်တဲ့ သိုင်းက စွမ်းပါ့မလား ဟယ် ..."

"စွမ်းသင့်သလောက်တော့ စွမ်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က ရက်ကတ်ကို ချကာ တစ်ဖက်ခြံတံခါးရှေ့သို့ ထွက်လာခဲ့ပါသည်။

ခြံတံခါး သံပန်းတွေကြားကနေ အထဲကို ချောင်းကြည့်လိုက်တော့ ဒန်းစီးနေသော ဖက်တီးမကို တွေ့ရသည်။ ဒန်းကလည်း တော်တော်ခိုင်ပါမှပဲ ...။

ထိုက်က ဖက်တီးမကို လှမ်းကြည့်လိုက်ရင်း ...

"ရှတ် ... ရှတ် ... ဒီမှာ ... ဒီမှာ ..."

ဟု လှမ်းခေါ်လိုက်သည်။ ဖက်တီးမက ထိုက်ဘက်သို့ လှည့်ကြည့်သည်။ ထိုက်က ပြုံးပြလိုက်ရင်း ...

"အဲ့ဒီဘက်ကို ဟိုဘက်ခြံက ကလေးရဲ့ ဘောလုံးလေး ကျသွားလို့ တဆိတ်လောက် ကောက်ပေးပါလားရှင် ..."

ဖက်တီးမက ထိုက်ကို ကြည့်နေရာမှ မျက်မှောင်တွန့်လိုက်ပြီး တစ်ဖက်သို့ ပြန်လှည့်သွားသည်။ ပုံစံကိုက ဒေါသဖြစ်စရာ။ သို့သော် ထိုက်က သည်းခံစိတ်လေး မွေးကာ ...

"ရှင် ကောက်မပေးနိုင်ရင်လည်း ကျွန်မကို ဝင်ကောက်ခွင့်ပြုပါနော်"

ဟု ချိုချိုသာသာ လှမ်းပြောလိုက်သည်။ သို့သော်လည်း ဖက်တီးမက မကြားချင်ယောင်ဆောင်ကာ သူ့လက်ထဲက စားလက်စ ငါးမုန့်ကြော်ကိုသာ တကျွတ်ကျွတ် ကိုက်ဝါးနေသည်။ ထိုက်၏ သည်းခံစိတ်သည်လည်း ကုန်ဆုံးသွားခဲ့ကာ ခြံတံခါးသံတိုင်ကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ရင်း ...





"ဟဲ့ ... ပြောနေတာ မကြားဘူးလား၊ နားပင်းနေလား"

ဟု ဆောင့်အော်ပစ်လိုက်ပါသည်။ ဖက်တီးမက ဆောင့်ခနဲ ထရပ်ကာ မရှိသော ခါးနေရာကို လက်နှစ်ဖက်ဖြင့် ထောက်ထားလိုက်ရင်း ...

"ကြားတယ်ဟဲ့ ... ကြားတယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်လို့ ပြန်မပြောတာ၊ ဘယ်ကမှန်း မသိတဲ့ဟာတွေကို ငါ့ခြံထဲကို ဝင်ခွင့်မပေးနိုင်လို့ မကြားချင်ယောင်ဆောင်နေတာ ..."

"ဟဲ့ ... နင် အဲ့ဒီလိုပြောချင်ရင် ငါ့ကို သေသေချာချာကြည့်ပြီးမှ ပြော၊ ငါ့ပုံစံက ,နင်တို့ခြံထဲကို ညာဝင်ပြီး ခိုးပြတိုက်မယ့် ရုပ်မျိုးလား"

"ဘယ်ပြောနိုင်မလဲဟဲ့ ...၊ သူခိုးဓားပြတွေ လူလိမ်လူညာတွေမှာ အမြီးပေါက်နေတာမှ မဟုတ်တာ၊ နင့်လိုရုပ်မျိုးနဲ့ လိမ်စား ညာစားနေတဲ့သူတွေမှ အများကြီး ..."

"နင့်ရုပ်ကမှ အစားတစ်လုတ်အတွက် ဓားပြထွက်တိုက်မယ့် ရုပ်ဟဲ့ ...၊ ငါ့ရုပ်က နင့်ရုပ်ထက်စာရင် အများကြီး ကျက်သရေရှိသေးတယ်"

"ပိန်လိန်နေတဲ့ ရုပ်ကများ၊ သူ့ကိုယ်သူ ကျက်သရေရှိတယ်တဲ့ ... ဟား ... ဟ"

"နင့် ဆင်ခန္ဓာ ဝက်ကိုယ်လုံးနဲ့ ယှဉ်ပြီး ကြည့်ပြီး တစ်ဖက်စောင်းနင်းပြောမနေနဲ့၊ ငါက နင့်လို အားရင် ဆိတ်ပါးစပ်လို တဇတ်ဇတ်စားရင်း တအိအိဝပြီး တရိရိ ရောဂါရနေ



www.burmeseclassic.com

www.burmeseclassic.com



မယ်သူမျိုး မဟုတ်ဘူး၊ ဆင်ဆင်ခြင်ခြင် စားပြီး လှုပ်လှုပ်ရှားရှား ကစားနေလို့ အဆီမရှိတာဟဲ့၊ ငါ့လို ခန္ဓာကိုယ်မျိုးကမှ သန့်သန့်ရှင်းရှင်း ရောဂါကင်းကင်းနဲ့ အသက်ရှည်ရှည် နေရတာ ...”

“နင့်ဘာသာ ဘယ်လောက် ကျန်းမာကျန်းမာ ကားတိုက်သေချင် သေသွားနိုင်တာပဲ ...”

“နင့်ခန္ဓာကိုယ်နဲ့ အိပဲ့အိပဲ့ လမ်းဖြတ်ကူးမှသာ ကားတိုက်ခံရမှာ၊ ငါ့ကိုယ်ခန္ဓာက လှစ်ခနဲ လှစ်ခနဲ လမ်းဖြတ်ကူးနေတာ မြန်လွန်းလို့ ဘယ်ကားမှ မတိုက်နိုင်ဘူး”

“ငါ့ခန္ဓာကိုယ်က ဘယ်လောက်နှေးနှေး ဝေးဝေးက မြင်သာတယ်ဟဲ့၊ နင့်ကိုသာ မျက်စိမှုန်တဲ့ ကားသမားက ဝင်တိုက်သွားမှာ ...”

ထိုက်နဲ့ ဝတုတ်မက ခြံတွင်း ခြံပြင် လှမ်းဖိုက်နေကြဆဲမှာ အိမ်နောက်ဘက်မှ လျှောက်ထွက်လာနေသော လူငယ်လေး တစ်ယောက်ကို ထိုက်က လှမ်းမြင်လိုက်ရပါသည်။

ခုလို ဒေါသဖြင့် တောက်လောင်နေသော အချိန်မျိုးမှာ အေးငြိမ်းသည့်အသွင်အပြင်ရှိသည့် လူတစ်ယောက်ကို တွေ့လိုက်ရတာမို့ ထိုက်က အားကိုးရသွားကာ ...

“ဟဲ့ ... တော်ပြီ၊ နင်နဲ့ ရန်မဖြစ်ချင်ဘူး၊ ငါ့ဘောလုံးပဲ ပြန်လိုချင်တယ်၊ ဟိုကလာနေတာ နင့်တူလေးလား၊ နင်မကောက်ပေးချင်ရင် သူ့ကို ကောက်ခိုင်းလိုက် ...”





“ဘာ ... ဘာ ... နင် စော်ကားလှချည်လား၊ အဲ့ဒါ ငါ့တူလေး မဟုတ်ဘူးဟဲ့၊ ရည်းစား ... ရည်းစား ...”

“ဟမ် ... ဒီအဆင်နဲ့ ဒီအဆင်ကလေ ...”

ထိုက် တကယ်ပဲ အံ့ဩသွားမိတာပင် ...။ ဒါဆို ဖူးသစ်တို့ ပြောပြောနေတဲ့ ဝတုတ်မက အရမ်းနိုင်ရတယ်ဆိုတဲ့ ရည်းစားဆိုတာ ဒီလူပေါ့ ...။ အင်မတန် သနားစရာကောင်းတဲ့ သူပေါ့။

ထိုက်က ထိုလူငယ်လေးကို အံ့အံ့ဩဩလှမ်းကြည့်နေလိုက်မိပါသည်။ ထိုလူ့အသွင်အပြင်က ဝတုတ်မနှင့် ဆန့်ကျင်လှစွာ ငြိမ်းချမ်းအေးမြနေသည်။ စိတ်အညစ်အကြေးတွေ ကင်းစင်ကာ ကြည်လင်နေသော မျက်နှာထားက တစ်ဖက်သားကို ဆွဲဆောင်နိုင်သည်။ အထူးသဖြင့် မျက်လုံးတွေက နွေးထွေးသည်။ ကြည်လင်ရှင်းသန့်လွန်းသည်။

“ဟဲ့ ... အမလေး ... ငါ့ရည်းစားကို ကြည့်နေလိုက်တာများ မျက်လုံးကျွတ်ထွက်တော့မယ်၊ စိတ်ကိုထိန်းဦး၊ ပိုင်ရှင်ရှိပြီးသား လူကို စိတ်နဲ့လှမ်းပစ်မှားမနေနဲ့ ...”

“ဒီအဆင်နဲ့ ဒီအဆင်က သမီးရည်းစားဆိုလို့ အံ့ဩလွန်းလို့ ကြည့်မိနေတာပါ”

“သူ့အဆင်က ဘာဖြစ်ပြီး ငါ့အဆင်က ဘာဖြစ်နေလို့လဲ၊ ပြောစမ်းပါ ... နင်ပြောကြည့်စမ်းပါ ...”

“ငါလာမမေးနဲ့လေ ... နင့်ဟာနင် သိပေါ့၊ နင့်လို ရန်စွယ်



www.burmeseclassic.com

www.burmeseclassic.com



ငေါငေါ ဖက်တီးမနဲ့ ဟိုတစ်ယောက်လို အေးအေးချမ်းချမ်း ကြည့်ကောင်းကောင်း ပုံစံမျိုးနဲ့ လိုက်ဖက်သလားဆိုတာ"

"ဘာလဲ … နင်က ငါ ဒီလိုမျိုး ရည်းစားရထားတာကို မနာလိုဖြစ်နေတာလား၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲလေ၊ မနာလို မဖြစ်ပါနဲ့ …"

"ကိုးလေး … ဘာဖြစ်နေတာလဲ …"

ထိုက်တို့ စကားဆက်များနေချိန်မှာ ထိုသူက ဖက်တီးမနားသို့ ရောက်လာပြီး အေးအေးဆေးဆေး မေးလိုက်ပါသည်။ ဖက်တီးမက နှုတ်ခမ်းကို ပုံဆိုးပန်းဆိုး ရွဲ့လိုက်ရင်း …

"ဒီမှာလေ … ခြံထဲကို ကျူးကျော်လာတဲ့ သူ့ဘောလုံးကို ကောက်ခိုင်းတာ၊ ကောက်မပေးလို့ လူကို ရန်လုပ်နေတာ"

"သြော် … ဟိုဘက်ခြံက ကလေးရဲ့ ဘောလုံးထင်တယ်"

"ဟုတ်ပါတယ်ရှင့်၊ ကျွန်မက သူ့အဒေါ်ရဲ့ သူငယ်ချင်းပါ၊ သူမကောက်ရဲဘူးဆိုလို့ သူ့အစား ကောက်ပေးဖို့လာတာပါ"

"သြော် … ခဏနော်၊ ကျွန်တော် ကောက်ပေးပါ့မယ်"

"ဘာမှ ကောက်ပေးစရာမလိုဘူး မောင် …"

ဘောလုံး သွားကောက်ဖို့ လှည့်ထွက်လိုက်သော သူ့လက်ကို ဖက်တီးမက လှမ်းဆွဲထားလိုက်ပါသည်။

"ဒီလိုသာ ဒီခြံထဲကို ဘောလုံးကျတိုင်း ကောက်ကောက် ပေးနေရင် အကျင့်ပါသွားမှာပေါ့၊ အစကတည်းက သူတို့





ဘာသာ ဒီဘက်ကို ကျမလာအောင် ဂရုစိုက်ပေါ့၊ အလုပ်ရှုပ်ခံပြီး ကောက်ပေးစရာ မလိုပါဘူး"

"ဟိုကလေးက သူ့ဘောလုံး ပြန်လိုချင်ရှာမှာပေါ့ ကိုးလေးရဲ့၊ ဒါလေး ကောက်ပေးလိုက်တာ အပမ်းမှမကြီးတာ …"

"မောင်က ကိုးလေးကို ဆန့်ကျင်နေတာလား၊ ဟိုမိန်းမ အားရအောင် သူ့ရှေ့မှာ ကိုးလေးကို ဆန့်ကျင်ပြနေတာလား …"

"အာ … မဟုတ်ရပါဘူးကွာ"

ထိုက်က သူတို့နှစ်ယောက် ပြောဆိုနေပုံကို ထပ်မံ အံ့သြစွာ ကြည့်နေမိသည်။ ဒါလား … သမီးရည်းစား။ တစ်ယောက်က ဖြစ်သင့်တာကို အေးအေးဆေးဆေး ဖျောင်းဖျောင်းဖျဖျ ပြောနေပေမယ့် တစ်ယောက်က တစ်စိမ်း မိန်းကလေးတစ်ယောက်ရှေ့မှာ ရည်းစားကို ဖိဟောက်ပြီး သူ့ရည်းစားအရှက်ကို သူကိုယ်တိုင် ပြန်ခွဲပြနေသည်။ အဲ့ဒီ ယောကျာ်းဟာ ဘယ်လိုစိတ်ထားမျိုးနဲ့များ ဒီလိုမိန်းမမျိုးကို ချစ်သူတော်ထားပါလိမ့် …။

"ကဲဟော့ … ဘယ်သူမှ ကောက်မပေးနဲ့၊ ငါကိုယ်တိုင် ဝင်ကောက်မယ်"

ထိုက်က သော့ခတ်ထားသည့် လူဝင်ပေါက် သံတံခါးချက်ကို ဆွဲနှဲ့ဖြုတ်လိုက်ပြီး ခြံထဲသို့ ဝင်ကာ လှမ်းမြင်နေရသော ဘောလုံးဆီသို့ လျှောက်သွားလိုက်သည်။

ဝတုတ်မက ဆွေ့ဆွေ့ခုန်ကာ …

"ဟဲ့ … နင် ငါ့ခြံထဲကို ငါ ခွင့်မပေးဘဲ ဝင်ခွင့်မရှိဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါသတကြီး အော်ပြောရင်း ထိုက်နောက်သို့ ပြေးလိုက်ဖို့ ပြင်လိုက်သော်လည်း သူ့ရည်းစားက သူ့ကို ဆွဲဖက်ချုပ်ထားကာ ...

"နေပါစေ ... ထားလိုက်ပါ၊ သူ့ဘောလုံး သူ ကောက်ပြီး သွားမှာပါ"

"မရဘူး ...၊ လှဂုဏ်ကိုးကို ဒီလိုလုပ်လို့မရဘူး၊ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်မယ်၊ လွှတ် ... လွှတ် ..."

သူမက သီလလုံလက်ထဲမှ အားကုန်ရုန်း၏။ သီလလုံကလည်း မနိုင်ရင်ကာ ဆွဲဖက်ချုပ်ထားရ၏။

ထိုက်က ဘောလုံးလေးကို ပိုက်၍ ခြံတံခါးဝဘက်သို့ ပြန်လျှောက်သွားရင်းက ပခုံးတစ်ချက်တွန့်ကာ ...

"နာမည်က လှဂုဏ်ကိုးတဲ့လား၊ ကိုယ့်အလှဂုဏ်ကို အားကိုးပြီး ခုလို မောက်မာနေတာ ထင်ပါရဲ့နော်"

"ကဲ ... ခင်ဗျားကိုလည်း တောင်းပန်ပါတယ်ဗျာ၊ သူ့ဒေါသကို မဆွပါနဲ့တော့၊ ဒီမှာ မနိုင်ရင်ကာ ထိန်းထားရတာပါဗျာ၊ ကျေးဇူးပြုပြီး အေးအေးဆေးဆေး ထွက်သွားပါတော့"

"ဟဲ့ ... ပိန်တာရိုးမ၊ နင် ငါ့ခြံထဲကို နောက်တစ်ခေါက်ရောက်မလာမိစေနဲ့၊ ငါ့ရည်းစား သီလလုံကိုလည်း လမ်းတွေ့ရင်တောင် စေ့စေ့မကြည့်မိစေနဲ့ ..."

"ဟာ ... ဘာတွေပြောနေတာလဲ၊ တော်ပါတော့ ကိုးလေးရာ ..."

"ဟဲ့ ... ဖက်တီးမ ... နင်လည်း သေချာမှတ်ထား၊ ငါ့





နာမည် ထွန်းထိုက်ထိုက် ...၊ ငါ့မျက်စိရှေ့မှာ တစ်ဖက်စောင်းနင်း အမြင်မတော်တာတွေရှိရင် ကြည့်မနေတတ်ဘူး၊ နင့်ရည်းစားကို နင်နားက ထွက်မသွားစေချင်ရင် ခုလို တစ်ဖက်စောင်းနင်း ပြောဆိုပြီး အနိုင်ကျင့်မနေနဲ့ ...၊ နင့်ကို ချစ်သူတော်ထားတာပဲ ကျေးဇူးတင်ဦးဟဲ့ ..."

"ဘာ ... ဘာ ... နင်နဲ့ ဘာဆိုင်လို့လဲဟဲ့"

ထိုက် ထွက်လာသည်အထိ လှဂုဏ်ကိုးရဲ့ ဆူညံပွက်လောရိုက်သံကို ကြားနေရတုန်းပင် ...။

ဒီလို ဝတုတ်မကြီးကို ကြင်ကြင်နာနာ ဖျောင်းဖျနေသော သူ့ရဲ့ပုံစံက ထိုက် မျက်လုံးထဲကကို မထွက်တော့။

သူဟာ ... တကယ့်ကို သနားစရာလေး။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"မောင် ... ဘယ်သွားမလို့လဲ"

သီလလုံက စက်ဘီးလေးကို တွန်းကာ ခြံဝသို့ လျှောက်လာနေဆဲမှာ လှဂုဏ်ကိုးက လှမ်းမေးရင်း သီလလုံဆီ လျှောက်လာနေပါသည်။

"လမ်းထိပ်တင်ပဲ ကိုးလေး၊ ဘိုးဘိုးက ပရုပ်ဆီ ကုန်နေတယ်ဆိုလို့ လမ်းထိပ်ဆေးဆိုင်မှာ သွားဝယ်ပေးမလို့ ..."

"ဒီပ ဘယ်သွားလို့လဲ ..."

"ဒီပ ရှိတယ်၊ ဘိုးဘိုးနဲ့အတူ ဘောလုံးပွဲကြည့်နေတယ်"

"အဲဒီ ပျင်းက သူလုပ်ရမယ့်အလုပ်ကို မောင့်ကို ခိုင်းတယ်ပေါ့၊ တွေ့ဦးမယ် ဒင်းတော့ ..."

"ဘိုးဘိုးက တစ်ယောက်တည်း ဘောလုံးပွဲကြည့်ရတာ ပျင်းတယ်ဆိုလို့ ဒီပက အနားမှာ အတူကြည့်ပေးနေရလို့ပါ ကိုးလေးရဲ့ ..."





"ဩော် ... အဲ့လိုလား၊ လမ်းထိပ်ထိပဲဆို ကိုးလေးလည်း လိုက်ခဲ့မယ်လေ"

"စက်ဘီးနဲ့လား ..."

"အင်းလေ ... မောင်က စက်ဘီးနဲ့ သွားမှာဆိုတော့ စက်ဘီးနဲ့ပဲ လိုက်ရမှာပေါ့၊ ကယ်ရီယာမှာ ထိုင်လိုက်မယ်လေ၊ ခုလို ညနေစောင်းလေးမှာ စက်ဘီးနောက်မှာ ထိုင်လိုက်ရင်း လေညှင်းခံလိုက်ရရင် အရမ်းကို အရသာရှိမှာ ..."

လှဂုဏ်ကိုး၏ ပြောပုံမှာ တင်နှင်းရသူဘက်က နည်းနည်းမှ စဉ်းစားမပေးတာ သေချာနေသည်။ သီလလုံမှာတော့ နည်းနည်း ချွေးပြန်လာသည်။ လမ်းထိပ်ထိဆိုပေမယ့် ခရီးက သိပ်နီးလှတာမှ မဟုတ်တာ ...။ သူမခန္ဓာကိုယ် မချိမဆံ့ကို တင်နင်းရမှာ မသက်သာမှန်းလည်း သိပေမယ့် ငြင်းဆန်လိုက်မိရင် သူမခများ ဘယ်လောက်အားငယ်သွားရှာမလဲ။ သူ့ခများလည်း အများနည်းတူ အခွင့်အရေးရချင်ရှာမှာပေါ့ဟု စာနာစွာ တွေးပေးလိုက်ရင်း ...

"ကဲ ... ဒါဆိုလည်း လာ၊ သွားကြရအောင်"

"ဟီ ... ပျော်စရာကြီး ..."

သီလလုံက စက်ဘီးပေါ်မှာ ထိုင်ကာ ခြေတစ်ဖက် ထောက်၍ရပ်ထားရင်း သူမကို စက်ဘီးကယ်ရီယာခုံပေါ်မှာ ထိုင်ခိုင်းလိုက်သည်။ သူမ တက်ထိုင်လိုက်တော့ စက်ဘီးက သိမ့်ခနဲ ခါသွားသည်။ ထောက်ထားသည့် ခြေထောက်ကိုလွှတ်ပြီး စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ကို နင်းထွက်လာတော့ နောက်ကစိတ်ကြောင့် စက်ဘီးလက်ကိုင်က ယမ်းနေသည်။ သီလလုံက စက်ဘီးလက်ကိုင်ကို တင်းတင်းဆုပ်ကိုင်ကာ အသက်ထွက်မတတ် အားကုန်ညှစ်၍ နင်းလာပါသည်။

လှဂုဏ်ကိုးကတော့ သီလလုံရဲ့ အားထုတ်မှုကို မသိဘဲ သီလလုံ ခါးကိုဖက်၍ သီချင်းတိုးတိုး ညည်းလိုက်၊ စကားတွေ လှမ်းပြောလိုက်ဖြင့် ပျော်ရွှင်စွာ လိုက်ပါလာသည်။ သီလလုံမှာတော့ ခြေရောလက်ပါ ဆတ်ဆတ်တုန်ကာ နဖူးပေါ်မှာ ချွေးဥတွေ အသီးအသီးထလာပါသည်။

ထိုအချိန်တွင် ထိုက်သည် ဖူးသစ်ကို စက်ဘီးနောက်မှာတင်ကာ သီလလုံတို့ လာနေသော လမ်းဘက်သို့ စက်ဘီးလေးကို ကွေ့ချနင်းလာရင်း ထိုမြင်ကွင်းကို လှမ်းမြင်လိုက်ရပါသည်။

"ဩော် ... မြင်ကွင်းက မရှုမလှပါပဲလား"

မြင်ရတာ မသက်မသာ ...။ စိတ်မချမ်းသာလိုက်တာ။

ထိုက်က စက်ဘီးကို ခပ်ဖြည်းဖြည်း နင်းလာရင်း ထိုမြင်ကွင်းကို ကြည့်နေဆဲမှာ ကားတစ်စီးက သီလလုံတို့ စက်ဘီးဘေးမှ အရှိန်ပြင်းပြင်း ကပ်ဖြတ်သွားတာမို့ လန့်ဖျပ်၍ လမ်းဘေးကို ကွေ့ချလိုက်မိရာ ...

"အမလေး ... သေပါပြီ ..."

အလန့်တကြား အော်သံနှင့်အတူ လှဂုဏ်ကိုးက စက်ဘီးပေါ်မှ ဖွဲ့အိတ်ကြီး ပစ်ချလိုက်သလို ဘုတ်ခနဲ ပစ်ကျသွားသည်။ စက်ဘီးကလည်း ယိုင်လဲ၍သွားပါသည်။ သီလလုံက လှဂုဏ်ကိုးကို ပျာပျာသလဲ ဆွဲမွေ့ထူမလိုက်ရင်း ...





"ကိုးလေး ... ကိုးလေး ... ဘယ်နာသွားလဲဟင်"

"အဲ့ဒါ နင့်ကြောင့် ... နင့်ကြောင့်၊ နင် စက်ဘီးကို ဂရုတစိုက် မနင်းလို့ ဒီလိုဖြစ်ရတာဟဲ့ ... ကဲ ... ကဲ ..."

လှဂုဏ်ကိုးက သီလလုံကို ဆောင့်တွန်းပစ်လိုက်တာမို့ သီလလုံက နောက်သို့လန်ကာ ဖင်ထိုင်ရက်သား ကျသွားသည်။ လှဂုဏ်ကိုးက မကျေနပ်သေးဘဲ သီလလုံရဲ့ ရင်ဘတ်ကို တဘုန်းဘုန်း ထုရိုက်ပစ်လိုက်ရင်း ...

"သွားမယ် ... ပြန်မယ်၊ နင့် စက်ဘီး မစီးတော့ဘူး၊ လမ်းလယ်ကောင်မှာ ဒီလိုဖြစ်ရတာ သိပ်ရှက်စရာကောင်းတာပဲ"

လှဂုဏ်ကိုးက သူ့ဘာသာ ကြုံးရန်းထကာ နောက်လှည့်၍ လမ်းလျှောက်ပြန်သွားပါသည်။

သီလလုံကတော့ ချက်ချင်း ထလို့မရသေး။ လှဂုဏ်ကိုး တွန်းပစ်လိုက်ချိန်မှာ မြေပြင်ပေါ်သို့ လက်ထောက်၍ ကျသွားတာမို့ လက်ကောက်ဝတ်ကလည်း နာသည်။ စက်ဘီး လဲအကျမှာ ခြေထောက်လိုက်မိတာမို့ ခြေမွတ်တိုင်လည်း လည်သလို ဖြစ်သွားရပါသည်။

ထိုက်က စက်ဘီးပေါ်က ဆင်းလိုက်ရင်း ...

"ဖူးသစ်ရေ ... အခြေအနေကတော့ ထုံးစံအတိုင်း တစ်ဖက်စောင်းနင်းကြီးပဲပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဟယ်၊ ဝတုတ်မက ရင့်လိုက်တာ၊ ရည်းစားကို ဆက်ဆံပုံက လုံးဝ မမိုက်ဘူး"

"ကြည့်ရတာတော့ သီလလုံ အခြေအနေမကောင်းဘူး၊ ငါ ကြည့်ကျက် ကူညီလိုက်ဦးမယ်၊ နင် စက်ဘီးယူပြီး သွားနှင့် လိုက်တော့ ..."

ဖူးသစ်က စက်ဘီးနင်း၍ သွားနှင့်သည်။ ထိုက်က သီလလုံဆီ လျှောက်သွားလိုက်ပြီး ...

"ရှင် ထနိုင်ရဲ့လား ..."

"ဩော် ... ခင်ဗျား ... ဟို ... ဘောလုံး ..."

"ဟုတ်ပါတယ်၊ ရှင်တို့ခြံထဲ ဝင်ပြီး ဘောလုံးလာကောက် ဖူးတဲ့ ထွန်းထိုက်ထိုက်ပါ၊ ရှင် စက်ဘီးတစ်စီးနဲ့ ကိုးရိုး ကားယား ဖြစ်နေလို့ လာမေးတာ"

"ကျေးဇူးပါပဲဗျာ၊ ခြေထောက်က ဘာဖြစ်သွားမှန်း မသိ ဘူးဗျ၊ ထောက်လိုက်တိုင်း နာနေတယ်၊ လက်ကောက်ဝတ် လည်း နာတယ် ..."

"ကဲ ... ထ ... ထ ... ကျွန်မလက်ကို အားပြုပြီး ထလိုက်"

ထိုက်က တံတောင်ဆစ်ကွေးကာ သူ့ဘက်သို့ နိမ့် ချပေးလိုက်တော့ သူက ချက်ချင်း လှမ်းမဆွဲဘဲ ...

"ဟို ... ဖြစ် ... ဖြစ်ပါ့မလား၊ အားနာစရာကောင်း ..."

"အားမနာနဲ့ ရတယ်၊ ကြုံလို့ ကူညီတာပဲ ..."

ထိုက်က ခပ်ပြတ်ပြတ် ပြောလိုက်တော့မှ သူက ထိုက်လက်ကို လှမ်းဆွဲအားပြု၍ ထရပ်လိုက်သည်။





"ရှင် စက်ဘီးနင်းနိုင်ရဲ့လား"

"မနင်းနိုင်တော့ဘူး ထင်တယ်၊ ခြေထောက်ရော လက်ပါ နာနေတယ်"

"နာတဲ့ လက်က ညာလက်ဆိုတော့ ရှင် စက်ဘီးတွန်းသွား လို့တောင် အဆင်မပြေဘူး ထင်တယ်၊ ကျွန်မ စက်ဘီး သူငယ်ချင်းကို ပေးလိုက်ပြီ၊ ရှင့် စက်ဘီးကို ကျွန်မတွန်းခဲ့ ပေးမယ်၊ အိမ်ပြန်မယ် မဟုတ်လား ..."

"ဟုတ်ကဲ့၊ ခြေထောက်နာနေတော့ အိမ်ပဲပြန်ပါတော့မယ်"

"ရှင်က လှဂုဏ်ကိုးတို့ အိမ်မှာ နေတာလား ..."

"တစ်အိမ်ထဲတော့ နေတာမဟုတ်ပါဘူး၊ အိမ်နောက်ဘက် က သီးသန့် အဆောင်လေးမှာ သူငယ်ချင်းတစ်ယောက်နဲ့ အတူနေတာပါ၊ ကိုးလေးရဲ့ အဖေက ကျွန်တော်တို့ကိုကူညီ စောင့်ရှောက်ထားတာလေ"

"ဩော် ... ဩော် ..."

ထိုက်က သူ့စက်ဘီးကို ဆွဲထူလိုက်ပြီး တွန်းလာ ခဲ့သည်။ သူက ထိုက်နှင့်အတူ ခပ်ဖြည်းဖြည်း ယှဉ်တွဲလျှောက် ရင်း စကားပြောလာသည်။ သူက ထိုက်ကို မရဲတရဲ ငဲ့ကြည့်ရင်း

"ဟို ... ဟိုတစ်နေ့က ကိစ္စအတွက် ကိုးလေးအစား ကျွန် တော် တောင်းပန်ပါတယ်၊ ကိုးလေးက ကလေးစိတ်ဆို တော့ ပြောရဆိုရ နည်းနည်းခက်တယ်"

သူပြောနေတဲ့ စကားတွေထဲမှာ လှဂုဏ်ကိုးကိုအပြစ်



www.burmeseclassic.com

www.burmeseclassic.com



တင်သည့် လေသံမျိုး မပါ။ ခွင့်လွှတ်ထားသည့် ပုံစံကလည်း သိသိသာသာ ...။

ထိုက်က ဘာမှပြန်မပြောဘဲ အပေါ်နှုတ်ခမ်းလေး မသိမသာ တွန့်ရှုံ့ပြုံးရသည်။

"ပြီးတော့ ... ဒီက မထွန်းထိုက်ထိုက် ..."

"ထိုက်လို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့၊ ဒီက ထိုက်ကိုလည်း မေတ္တာရပ်ခံချင်တာလေး တစ်ခု ရှိတယ်၊ ကျေးဇူးပြုပြီး ကိုးလေးကို ဖက်တီးမတို့၊ ဝတုတ်မတို့ မခေါ်ပါနဲ့လားဗျာ၊ အဲ့ဒါက သူ့အားနည်းချက် ဖြစ်နေတော့ သူ အားငယ်သွားမှာ စိုးတယ်"

"ထိုက်က သူတစ်ပါး အားနည်းချက်ကို တမင် လိုက် လှောင်ပြောင်နေတဲ့ အစားထဲမှာ မပါပါဘူး သီလလုံရယ်၊ ဝတာဟာ အပြစ်မဟုတ်ပေမယ့် ဝတဲ့သူက စိတ်ထား မကောင်းရင်၊ ဒေါသကြီးရင်၊ တရားမမျှတရင် သူများထက် ပိုပြီး ထင်ရှားတယ်၊ လူဝသလောက် စိတ်ပုပ်တယ်ဆိုတာ မျိုးထောက်ထောက်ပြီး ပြောစရာဖြစ်လာတတ်တယ်၊ အမြင် ကတ်ကတ်နဲ့ ဝတုတ်မတို့ ဖက်တီးမတို့ ပြောစရာဖြစ်လာ တတ်တယ်လေ၊ ထိုက် ခုလို ပြောဖြစ်သွားတာကလည်း လှဂုဏ်ကိုးရဲ့ အားနည်းချက်ကို တမင် ဖိနှိပ်ပြောခဲ့တာ မဟုတ်ပါဘူး၊ သူ့ဘက်က တစ်ဖက်စောင်းနင်း လုပ်လွန်း လို့ မခံချင်စိတ်နဲ့ ပြောမိတာပါ ...၊





"ရှင်လည်း ရှင့်ရည်းစားကို သူများပြောတာ မခံရ စေချင်ရင် သေချာ ဆုံးမထားပေါ့"

"ကျွန်တော် ဆုံးမလည်း အရာမထင်ပါဘူးဗျာ၊ အ ..."

"ဟင် ... ခြေထောက်က တော်တော်နာလို့လား ..."

"အင်း ... ပိုနာလာတယ်"

"ဒုက္ခပဲ ..."

သီလလုံက ဖြည်းဖြည်း လျှောက်နေရင်းကပဲ ဒူး တစ်ဖက် ညွှတ်ကျသွားကာ ညည်းညူလိုက်တာမို့ ထိုက်က ရပ် လိုက်ရင်း ...

"ဒီပုံအတိုင်းဆို ရှင့် လမ်းဆက်လျှောက်ရင် ပိုပိုနာလာ လိမ့်မယ်"

ထိုက်က စဉ်းစားသလိုလေး ခဏငြိမ်သွားပြီးမှ ဆုံး ဖြတ်ချက် ချလိုက်ပုံဖြင့် ...

"ကဲလေ ... မထူးတော့ပါဘူး၊ ကျွန်မပဲ တင်နင်းသွားပါ တော့မယ်၊ ရှင် နောက်က ထိုင်လိုက် ..."

"ဟာ ... မလုပ်ပါနဲ့၊ ခင်ဗျားကို ဒုက္ခမပေးချင်ပါဘူး"

"ကျွန်မအတွက်က အပမ်းမကြီးပါဘူး"

"ကျွန်တော် ... အား ... အားနာတယ်ဗျာ"

"ရပါတယ်၊ အားမနာနဲ့ ... တက်၊ ရှင့်ခန္ဓာကိုယ်လောက် ကိုတော့ ကျွန်မ တင်နင်းနိုင်ပါတယ်"

သီလလုံက မငံ့မရဲပုံစံဖြင့် စက်ဘီး ကယ်ရီယာပေါ် ထိုင်လိုက်ပြီးနောက် ထိုက်က စက်ဘီးနင်း၍ ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီလလုံသည် ထိုက်နောက်မှာ ထိုင်လိုက်လာရင်း စိတ်ခံစားချက်မျိုးစုံဖြင့် ရင်ထဲမှာ လှုပ်ရှားလာသည်။ ကျေးဇူးတင်တာ၊ အားနာတာ၊ ခင်မင်တာ၊ ကြည်နူးတာ၊ နွေးထွေးတာ ... ။ အားလုံးပေါင်းလျက် သူမနဲ့ ခင်မင်ခွင့်လေးကို လိုချင်လာသည်။ ရန်ကုန်ရောက်တည်းက ကိုယ့်ကို ဖေးမပေးမယ့် ဒီလို သူငယ်ချင်းမျိုး တွေ့မှ မတွေ့ဖူးခဲ့တာ။

သူ့ဘဝပေး ကံကြမ္မာက လှဂုဏ်ကိုးကို သူ့ဖူးစာဖက်အဖြစ် ရွေးချယ်ပေးလိုက်တာမို့ ဒီတစ်ယောက်ကိုပဲ ချစ်သူတော်လိုက်ရကာ တခြား ဘယ်မိန်းကလေးနဲ့မှ ရင်းနှီးခင်မင်ခွင့် မရခဲ့။ ခုမှပဲ ရှားရှားပါးပါး ထိုက်နဲ့တွေ့ခဲ့ရတာမို့ သူက ထိုက်ကို ဆက်လက်ခင်မင်ချင်လာရကာ ...

"ထိုက် ..."

"ဟင် ... ပြော၊ ထိုင်ရတာ အဆင်မပြေလို့လား"

"ပြေပါတယ်၊ ဟို ... ကျွန်တော် ထိုက်ကို ခွင့်တောင်းချင်လို့ပါ"

"ပြောလေ ..."

"ကျွန်တော် ... ထိုက်နဲ့ သူငယ်ချင်း ဖြစ်လို့ရမလား"

"ရတာပေါ့ ...၊ တစ်ခုတော့ ရှိတယ်၊ ရှင့်ကိုးလေးက ကြိုက်မကြိုက် ..."

"သူ ကြိုက်မှာပါ ..."

"ထိုက်တော့ မထင် ..."





ထိုက်က စက်ဘီးနင်းနေရင်းက ပခုံးလေးတွန့်ကာ ပြောတော့ သီလလုံက ငြိမ်သွားသည်။

လှဂုဏ်ကိုးတို့ ခြံရှေ့ရောက်တော့ ထိုက်ရော သီလလုံပါ စက်ဘီးပေါ်မှ ဆင်းလိုက်ကြသည်။ ထိုအချိန်မှာပဲ လှဂုဏ်ကိုးက ခြံထဲမှ ဒေါ်နဲ့ မောနဲ့ ထွက်လာကာ ထိုက်မျက်နှာနဲ့ထိလုမတတ် ငေါက်ခနဲ လက်ညှိုးထိုးရင်း ...

"ဟဲ့ ... နင် ... ဒါဘာလုပ်တာလဲ ..."

"သီလလုံကို စက်ဘီးနင်းပြီး လိုက်ပို့တာလေ၊ မမြင်ဘူးလား ..."

"ငါ့ရည်းစားနဲ့ မပတ်သက်ဖို့ နင့်ကို ငါပြောထားတယ် မဟုတ်လား"

"နင် နှိပ်စက်လိုက်လို့ သူ့ခမျာ ခြေကျင်းဝတ်လည်းနာ၊ လက်ကောက်ဝတ်လည်း နာပြီး ထမရပြုမရ ဒုက္ခရောက်နေတာလေ ...၊ နင်ကတော့ နောက်ကြောင်းပြန်မကြည့်ဘဲ ထွက်သွားတော့ ဘယ်သိပါ့မလဲ၊ ငါကတော့ ငါ့မျက်စိရှေ့မှာ ဒုက္ခရောက်နေတဲ့သူကို ကြည့်မနေနိုင်လို့ ကူညီပြီး အိမ်အရောက်ပို့ပေးတာ ဘာဖြစ်လဲ ..."

"ဟုတ်ပါတယ် ကိုးလေးရယ်၊ သူက မောင့်ကို ကူညီတာပါ၊ သူ့ကို ကျေးဇူးတင်ရမှာလေ ..."

"မတင်နိုင်ပါဘူး၊ သူ့စိတ်က ရိုးသားတယ်လို့ မောင်အာမခံလား ...၊ ကျွန်မလို မိန်းမတစ်ယောက်ကို ပစ်ပြီး သူ့ဆီ အလွယ်တကူ ရောက်လာလိမ့်မယ်လို့ စိတ်ကူးယဉ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ မဖြစ်နိုင်ဘူးလား၊ ဒီမှာ ထွန်းထိုက်ထိုက် ... နင့်ကို ငါ ရှင်းရှင်းပဲ မေးလိုက်မယ်၊ နင် ငါ့ရည်းစားကို ပိုးနေသလား"

ထိုက်က သူ့ဒေါသနှင့်သူ ပြုံးတုံးပြုံတဲဖြစ်နေသော လှဂုဏ်ကိုးကို မျက်လုံးမှေးစင်း၍ ကြည့်နေရာက ဟွန့်ခနဲတစ်ချက် အသံထွက်၍ ပြုံးလိုက်မိရင်း ...

"ပိုးတော့ မပိုးပါဘူး၊ ဒါပေမယ့် သိပ်သနားစရာကောင်းလာရင်တော့ အကြင်နာပေးတတ်တယ် "

"ဘာ ... ဘာ၊ နင် ဘာစကားပြောတာလဲ"

"တလွဲမတွေးနဲ့လေ၊ ကြင်နာစွာ ဖေးမတာကို ပြောတာပါ"

ထိုက်က ခပ်ပြုံးပြုံးပြောရင်း စက်ဘီးကို ဒေါက်ထောက်ရပ်ထားခဲ့ပြီး ခြံရှေ့မှ လှည့်ထွက်လာခဲ့သည်။

လှဂုဏ်ကိုး တစ်ယောက်ကတော့ ဆွေ့ဆွေ့ခုန်ကျန်ခဲ့မှာအမှန် ...။

❂ ❂ ❂



♣ ♣ ♣

"မောင် ... မောင့်လက်ထဲက ဘာထုပ်ကြီးလဲ"

"ဟို ... စာ ... စာအုပ်တွေပါ"

"မောင်ဖတ်ဖို့ ဝယ်လာတာလား ..."

"အင်း ..."

သီလလုံက စာအုပ်တွေကို လှဂုဏ်ကိုးကို ချက်ချင်းထုတ်မပြရဲသေးဘဲ တွေဝေချိန်ဆနေရပါသည်။

တကယ်တော့ သူဝယ်လာသည့် စာအုပ်တွေက ဝိတ်လျှော့နည်း စာအုပ်တွေ ...။ မင်းကျော်ဝင်းရဲ့ ဝိတ်လျှော့လိုသူသို့ အစရှိသည့် စာအုပ်များ။ ကယ်လိုရီတွက်ချက်နည်း စာအုပ်။ ဝိတ်လျှော့စေရန် လေ့ကျင့်ခန်းလုပ်နည်း စာအုပ် ...။ လက်တွေ့လုပ်ဖို့ VCD ခွေ၊ ပြီးတော့ ယောဂကျင့်စဉ်စာအုပ်တွေပါ ပါသေးသည်။

ကိုးလေးကို ဒီစာအုပ်တွေ အရင်ပေးဖတ်ပြီး ဝိတ်လျှော့ချင်စိတ် ရှိလာအောင် ဆွဲဆောင်ချင်သည်။ နားချဖျောင်းဖျ



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ ပြီးတော့ ... ကိုးလေး ပိန်သွားတဲ့အခါ ဝတ်ဖို့ အင်္ကျီလှလှလေး နှစ်ထည်နှင့် ဘောင်းဘီရှည် နှစ်ထည်ပါ ဝယ်လာခဲ့ပါသေးသည်။

"မောင်က ဘာစာအုပ်တွေ ဖတ်မှာလဲ၊ ကိုးလေးကို ပြပါဦး"

ကိုးလေးက စာအုပ်ထုပ်ကို လှမ်းတောင်းတော့မှ သူက အရဲစွန့်ကာ ...

"စာအုပ်က မောင်ဖတ်ဖို့ မဟုတ်ပါဘူး၊ ကိုးလေးဖတ်ဖို့"

"မဂ္ဂဇင်းတွေလား ..."

"မဟုတ်ပါဘူး၊ ဝိတ်လျှော့နည်း စာအုပ်တွေလေ၊ ကိုးလေးဖတ်သင့်တယ်ထင်လို့ ..."

သီလလုံက အိတ်ထဲက စာအုပ်တွေကို ထုတ်ပြမိတော့ လှဂုဏ်ကိုး၏ မျက်လုံးတွေက မီးဝင်းဝင်း ထတောက်တော့မတတ် ဖြစ်လာကာ ...

"ဘာသဘောနဲ့ ဒါတွေကို ဖတ်စေချင်တာလဲ ..."

"ကိုးလေး ကို ပိန်စေချင်လို့ပါ၊ ကိုးလေးက ပိန်ရင်အရမ်းလှမှာ၊ ပိန်တော့ သွားရလာရတာလည်း ပေါ့ပါးတယ်၊ ကျန်းမာရေးလည်း ပိုကောင်းသွားမယ်၊ အများအမြင်မှာလည်း ပိုပြီး တင့်တယ်သွားတာပေါ့၊ ကိုးလေး ပိန်သွားရင် ဒါမျိုးအဝတ်အစားတွေတောင် ဝတ်လို့ရသွားမှာ ..."

သီလလုံက စက္ကူလက်ဆွဲအိတ်ထဲမှာ ထည့်ထားသည့် မိန်းမဝတ် ဆွဲသားကိုယ်ကျပ်အင်္ကျီသေးသေးလေး နှစ်ထည်





နှင့် ခုခေတ် ကောင်မလေးတွေ ဝတ်တတ်သော ပေါင်ရင်းဖုံးရုံ ဂျင်းဘောင်းဘီတိုတိုလေး နှစ်ထည်ကိုပါ ထုတ်ဖြန့်ပြလိုက်မိသောအခါ လှဂုဏ်ကိုးက ဒေါသဖြင့် ဆတ်ဆတ်တုန်လာကာ ...

"ဒါ ... ဒါ ... နင် ငါ့ကို လှောင်တာပေါ့လေ"

"မလှောင်ပါဘူး ကိုးလေးရဲ့၊ သဘောရိုးနဲ့ ပြောတာပါ"

"နင့်မှာ ဦးနှောက်မရှိဘူးလား၊ အဲ့ဒီလောက် အင်္ကျီလေးနဲ့ ငါနဲ့ တော်နိုင်မလား"

"ပိန်သွားရင် တော် ... တော် ..."

"နင် ဝယ်လာတာ ကလေးဆိုက်တွေဟဲ့ တော်းရဲ့"

"ဟင် ... ဟုတ်လို့လား"

သီလလုံက အင်္ကျီနှင့် ဘောင်းဘီကို သေချာဖြန့်စန့်ကြည့်နေတာမို့ လှဂုဏ်ကိုးရဲ့ ဒေါသက ပေါက်ကွဲလာကာ သီလလုံ၏ လက်ထဲက အဝတ်အစားတွေကို ဆတ်ခနဲလုယူ လွှင့်ပစ်လိုက်ပြီး ...

"နင် ... အခု ဘာသဘောနဲ့ ငါ့ကို ပိန်စေချင်တယ်ဆိုတာ ငါသဘောပေါက်ပြီ မောင်၊ နင် ထွန်းထိုက်ထိုက်နဲ့ တွေ့ကတည်းက ထွန်းထိုက်ထိုက်ရဲ့ ကိုယ်လုံးမျိုးကို သဘောကျပြီး ငါ့ကို အဲ့လိုဖြစ်စေချင်တာ မဟုတ်လား ..."

"မဟုတ်ပါဘူး ကိုးလေးရယ်၊ မောင်က ကိုးလေးကို သူများ လှောင်ပြောင်တာကို မကြိုက်လို့ပါ၊ ကိုးလေးကို သူများတွေက ဖက်တီးမတို့ ဝတုတ်မတို့ ခေါ်တိုင်း စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလို့ပါ၊ ကိုယ့်ချစ်သူကို အများအမြင်မှာ တင့်တယ်လှပစေချင်လို့ပါ"

"အများအမြင် တင့်တယ်ဖို့အတွက် ငါက ငါ့ကိုယ်ငါ ညှဉ်းဆဲနှိပ်စက်ရမှာလား၊ စားချင်ရက်နဲ့ မစားရတဲ့ဒုက္ခ၊ ခိမ်နဲ့နေလို့ရရက်သားနဲ့ ပင်ပန်းတကြီး လှုပ်ရှားပြေးလွှားရတဲ့ ဒုက္ခတွေကို ခံရမှာလား၊ သူများအတွက်တော့ ကိုယ့်စိတ်ချမ်းသာမှုကို မစတေးနိုင်ပါဘူး"

"သူများအတွက်ချည်း ပြောတာမဟုတ်ပါဘူး၊ ကိုးလေးအတွက်လည်း ပါပါတယ်၊ ကိုးလေး ကိုယ့်ကိုယ်ကို ကျေနပ်ဖို့၊ ယုံကြည်မှုရှိဖို့၊ ကျန်းမာရေး ကောင်းဖို့ ..."

"တော်ပြီ ... အပိုတွေ လာပြောမနေနဲ့၊ ဒီအတိုင်းလည်း ကျေနပ်တယ်၊ ကိုးလေးမှာ ပိုက်ဆံရှိတယ်၊ စားချင်တာကို စားချင်သလောက် စားပြီး ခိမ်နဲ့နေနိုင်တယ်၊ တစ်နေ့ကျ ကိုယ့်ကို လက်ထပ်ယူမယ့် ... ကိုယ့်ကို သည်းခံတဲ့ ချစ်သူ တစ်ယောက်လည်း အဆင်သင့်ရှိတယ်၊ တခြား ဘာလိုသေးလို့လဲ ..."

"ဒီလိုလည်း မဟုတ်သေးပါဘူး ကိုးလေးရယ်"

"ဒီမှာ ... မောင်၊ မောင် အခု ဘယ်ကို ခြေလှမ်းလှမ်းချင်နေတယ်ဆိုတာ ကိုးလေး သိတယ်၊ ဟိုဟာမနဲ့ တွေ့ပြီးကတည်းက မောင့်စိတ်တွေ ဂဏှာမငြိမ်ဖြစ်နေတယ်၊ ကိုးလေးဘာသာ ဘယ်လောက်ဝဝ ဘာမှမပြောခဲ့ဖူးတဲ့ ရှင့်ပါးစပ်က ခုမှ ဝိတ်လျှော့ဖို့ ပြောလာတယ်၊ ကိုးလေး





အရမ်း ဒေါသဖြစ်တယ်၊ အရမ်းလည်း ဝမ်းနည်းတယ် မောင် ..."

လှဂုဏ်ကိုးက ဒေါသတကြီး ပြောရင်း မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက် ကျလာသည်။

"မဟုတ်ပါဘူးကွာ၊ မင်း ထင်တာတွေ တစ်ခုမှ မဟုတ်ပါဘူး ကိုးလေးရာ၊ မငိုပါနဲ့ ... မောင် တောင်းပန်ပါတယ်"

သူ တောင်းပန်သော်မယ့် ကိုးလေးက ဂရုမစိုက်ဘဲ လှည့်ထွက်သွားခဲ့ပါသည်။

◎ ◎ ◎



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

"ဘိုးဘိုးရယ် ကိုးလေး အရမ်းဝမ်းနည်းတယ်၊ သူ့စိတ်တွေ ဖောက်ပြန်နေပြီ ထင်ပါရဲ့ ဘိုးဘိုးရယ်၊ အဟင့် ... ဟီး"

လှဂုဏ်ကိုးက ဘိုးဘိုး ဦးစက်ရောင်ကို တိုင်တည်ရင်း ငိုကြွေးနေပါသည်။ ဘိုးဘိုး ဦးစက်ရောင်ကတော့ မြေးမအကြောင်း သိသူမို့ သီလလုံဘက်က ရပ်တည်ကာ ...

"ဒီကလေးမှာ ဒီလိုစိတ်မျိုး မရှိလောက်ပါဘူး ငါ့မြေးရယ်၊ ဒီကလေးက စိတ်ကောင်းနှလုံးကောင်းရှိတဲ့ သူတော်ကောင်းလေးပါ၊ မြေးကို ကောင်းစေချင်တဲ့ စိတ်စေတနာနဲ့ ပြောတာပဲ ဖြစ်မှာပါ၊ သဘောရိုးနဲ့ ပြောတဲ့စကားကို အထအန ကောက်မနေပါနဲ့ကွယ်၊ သူပြောတာလည်း ဟုတ်ပေသားပဲဟာ၊ ဘိုးဘိုး မျက်စိထဲမှာလည်း မြေးက ဝလွန်းနေတာပဲ၊ မြေးကို ပြောမရလို့သာ ကြည့်နေရပေမယ့် ငါ့မြေးလေး ဒီ့ထက်ပိန်ရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိနေတာပါကွယ်"





ဘိုးဘိုးက ဖျောင်းဖျ နားချနေချိန်၊ လှဂုဏ်ကိုးကလည်း ချွဲနွဲ့အကဲပိုနေချိန်မှာ ဒီပက အိမ်ပြင်ဘက် မှန်ပြတင်းတံခါးနားမှာ ရပ်၍ နားထောင်နေမိပါသည်။ လှဂုဏ်ကိုး ငိုနေတဲ့ပုံဟာ ဒီပအတွက်တော့ အမြဲ ရယ်စရာဖြစ်ရသည်။ ခုလည်း လှဂုဏ်ကိုးကို ချောင်းကြည့်ရင်း ...

"အဟင့် ... ဘိုးဘိုးရယ်၊ ကိုးလေး ဝမ်းနည်းတယ်၊ ကိုးလေး ဝမ်းနည်းတယ်၊ အဟင့် ... ရှုတ် ... ဖြီး ..."

ဟု လှဂုဏ်ကိုး၏ အိုက်တင်ကို တုပပြောလိုက်၊ ကျိတ်ရယ်လိုက် လုပ်နေပါသည်။ ကိုယ့်ကို တွေ့တွေ့ချင်း ခေါင်းကို ဆော်ပလော်တီးထားသူမို့ လှဂုဏ်ကိုး စိတ်မချမ်းသာလျှင် ဒီပက ဝမ်းသာသည်။ သီလလုံဟာ သူဌေးသမီး ချောချောလေးကို ရပြီး ဖိမ်ကျကျ သူဌေးသမက်ဖြစ်တော့မည်ဟု သိခဲ့ချိန်က မနာလိုဖြစ်ခဲ့မိပေမယ့် သီလလုံ လက်ထပ်ရမည့် သူဌေးသမီးဟာ ဘုတ်အိုးမကြီးဟု သိလိုက်ရချိန်မှာ ဒီပက သီလလုံအဖြစ်ကို လှောင်ပြောင်ဟားတိုက်ချင်ခဲ့သည်။ သို့သော် ... ဘုန်းကြီးကျောင်းသားချင်း အတူတူမှာ သီလလုံကတော့ ကားတဝီဝီမောင်းကာ ကောင်းစားနေပြီး ကိုယ်ကတော့ ဘိုးဘိုး ဦးစက်ရောင်ရဲ့ လက်တိုလက်တောင်းဘဝမှာ နေနေရသည့်အတွက်တော့ သီလလုံကို မကျေနပ်ချင်။ ကိုယ့်ကို တစ်ဖက်စောင်းနင်း နိုင့်ထက်စီးနင်း လုပ်တတ်သော လှဂုဏ်ကိုးကိုလည်း မကျေနပ်ချင်။ ထို့ကြောင့် သူတို့ချင်း ပြဿနာဖြစ်ပြီး စိတ်ဆင်းရဲလျှင် ဒီပက ဝမ်းသာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပက အိမ်ထဲသို့ ချောင်းကြည့်ရင်း တစ်ယောက်တည်း ပြောလိုက် ရယ်လိုက် လုပ်နေချိန်မှာပဲ ဒီပရဲ့ ရှပ်အင်္ကျီကော်လံစကို နောက်ကနေ ဆောင့်ဆွဲခြင်းခံလိုက်ရကာ ...

"ဟေ့ကောင် ... မင်း ဘာချောင်းနေတာလဲ"

"ဟာ ... ကိုဆွေ ... ကိုမျိုး၊ ဟဲဟဲ ... ဘယ်တုန်းက ပြန်ရောက်ကြလဲ ..."

"အပိုတွေ လုပ်မနေနဲ့၊ မေးတာပဲ ဖြေ ..."

ဆွေဂုဏ်နှင့် မျိုးဂုဏ်က ဒီပ၏ ကော်လံစကို ဆွဲထားရင်း စားတော့ ဝါးတော့မလို စိုက်ကြည့်နေကြပါသည်။

"ဟေ့ကောင် ... မြန်မြန်ဖြေ"

"ဟို ... ဒီလိုပါ၊ ကျွန်တော်က ဒီကိစ္စကို ကိုဆွေတို့ကို ပြန်ပြောချင်လို့ စပ်စုနေမိတာပါ၊ လှဂုဏ်ကိုး ခမျာ သီလလုံကြောင့် မချိတင်ကဲ မျက်ရည်တွေကျပြီး ဘိုးဘိုးကို ရင်ဖွင့်နေတာ တွေ့လို့ပါ"

"ဘာ ... မိကိုးက သီလလုံကြောင့် မျက်ရည်ကျတယ် ဟုတ်လား ..."

"အသေအချာပါပဲ ခင်ဗျာ၊ ကျွန်တော် ခုန ကြားလိုက်ရတာတော့ သီလလုံက လှဂုဏ်ကိုးကို ဝလွန်းလို့ စိတ်ပျက်ပြီး တခြား ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားတယ် ဆိုလား ..."

"တွေ့မယ် ... ဒီကောင် ဘယ်မလဲ"





"စောစောတုန်းကတော့ ကျွန်တော်တို့ အခန်းရှေ့က ခုံလေးမှာ လှဂုဏ်ကိုးနဲ့အတူတူထိုင်ပြီး စကားပြောနေတာပဲ ခင်ဗျ၊ နောက်မှ လှဂုဏ်ကိုးက စိတ်ဆိုးပြီး ထထွက်သွားတာပါ"

ဆွေဂုဏ်တို့ ညီအစ်ကိုနှစ်ယောက်က ခြေလှမ်းကျဲကြီးများဖြင့် သီလလုံရှိရာသို့ လျှောက်လှမ်းသွားကြပြီးနောက် ...

◎ ◎ ◎

"ခွပ် ..."

"ဟာ ... အစ်ကို ..."

"ခွပ် ..."

"အ ...၊ ကျွန်တော် ... ကျွန်တော် ... ဘာလုပ်မိလို့လဲ အစ်ကို"

အခန်းရှေ့ ခုံတန်းလေးမှာ ထိုင်နေသော သီလလုံမှာ ဘုမသိဘမသိ အထိုးခံလိုက်ရတာမို့ အံ့ဩတကြီး ပြန်မေးလိုက်မိသည်။ ညီအစ်ကိုနှစ်ယောက်က တစ်ယောက် တစ်ချက်စီ ထိုးလိုက်ကြတာမို့ မေးရိုးတစ်ခုလုံး အသည်းခိုက်အောင် နာကာ နှုတ်ခမ်းထောင့်စွန်းက သွေးစ တချို့စီးကျလာပါသည်။

"မင်းကို ငါတို့ ဘာပြောထားလဲ သီလလုံ ...၊ မင်းကြောင့် မိကိုး မျက်ရည်ကျတဲ့နေ့ဟာ ငါတို့ လက်သီးနဲ့ မင်းနဲ့ မိတ်ဆက်တဲ့နေ့ပဲလို့ ငါတို့ပြောထားတာ မင်းမေ့သွားပြီလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အခု ... မင်းကြောင့် မိကိုး မျက်ရည်ကျရပြီ၊ ပြောတုန်းကတော့ ကိုးလေးက သနားစရာကောင်းလို့လေး ဘာလေး လျှောက်ပြောထားပြီး ခုမှ စိတ်ပြောင်းချင်လို့ ရမလားကွ"

"မဟုတ်ရပါဘူး အစ်ကိုတို့ရာ၊ ကျွန်တော်က ကိုးလေးကို ဝိတ်လျှော့ဖို့လေးပဲ ပြောမိတာပါ၊ အစ်ကိုတို့လည်း ကျွန်တော့်ကို ပြောထားတယ်လေ၊ ကိုးလေးကို ဝိတ်လေးဘာလေး လျှော့ဖို့ ကြည့်ကျက် ပြောဦးဆို ..."

"မင်းပြောတာက ဘယ်လိုသဘောနဲ့ ပြောမှန်းမှ မသိတာ၊ မင်းက စိတ်ပျက်တဲ့ပုံစံနဲ့ သွားပြောလို့ မိကိုးက ဝမ်းနည်းသွားတာ ဖြစ်မှာပေါ့ ...၊ မင်း ဟိုဘက်ခြံကို တင်းနစ်လာလာရိုက်နေတဲ့ ကောင်မလေးကို ကြောင်နေတယ်ဆိုတာ ငါတို့ မသိဘူးမထင်နဲ့၊ သတင်းတွေ ကြားလာလို့ကတော့ မင်းမျက်နှာ တစ်ခုလုံး စုတ်ပြတ်သပ်သွားမယ် ဘာမှတ်လဲ ..."

'ဆွေဂုဏ်' နှင့် 'မျိုးဂုဏ်'က သီလလုံကို ခြိမ်းခြောက်ကြိမ်းဝါးပြီး ထွက်သွားကြသည်။

သီလလုံမှာတော့ မျက်နှာမှာရော၊ ရင်ထဲ အသည်းထဲမှာပါ နာကျင်၍ ကျန်ခဲ့ပါသည်။

တစ်သက်နဲ့ တစ်ကိုယ် ဒါမျိုး တစ်ခါမှ အထိုးမခံခဲ့ဖူးတာမို့ နာကျင်ရတာအပြင် ထိတ်လန့်တုန်လှုပ်မှုလည်း ဖြစ်ရပါသည်။ မေးရိုးတစ်လျှောက်လုံးဟာ တစစ်စစ် နာလျက် မေးရိုးကြီး တစ်ခုလုံး ပြုတ်ကျသွားမလို ထင်ရသည်။ နှုတ်ခမ်းထောင့်က





ပေါက်ပြဲကာ ပါးစပ်ထဲက သွေးတွေ စိမ့်ထွက်စီးကျလာသည်။ နှာခေါင်းသွေးပါ လျှံလာတာမို့ သူက ခေါင်းကိုမော့ကာ မော့ကာဖြင့် လက်ခုံဖြင့် ပွတ်သုတ်နေမိသည်။

သူ လတ်တလောမှာ ဒီခြံထဲမှာ မနေချင်တော့တာမို့ အပြင်ထွက်လာခဲ့ပါသည်။ ဟောဒီ အိမ်ရာစီမံကိန်းကြီးရဲ့ ထိပ်နားလောက်မှာ အများပြည်သူ အပန်းဖြေလို့ရသည့် ပန်းခြံငယ်လေး တစ်ခုရှိတာမို့ သူက ထိုပန်းခြံလေးထဲက ခုံတန်းလေးမှာ တစ်ယောက်တည်း သွားထိုင်နေမိသည်။

ထိုင်နေရင်းက ဘုန်းဘုန်း မိန့်ကြားခဲ့သည့် ဆုံးမစကားတွေ၊ တရားဒေသနာတွေကို တစိမ့်စိမ့် ပြန်စဉ်းစားကြည့်နေမိသည်။

ဘုန်းဘုန်း ဟောသည့် တရားတွေထဲမှာ ကုသိုလ်၊ အကုသိုလ် အကြောင်းတွေပါသည်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မည်။ စေတနာ ... တူသော အကျိုးပေးမည်ဆိုသည့် တရားတွေကို သူ ငယ်ငယ်လေးကတည်းက နာယူမှတ်သားခဲ့ရသည်။ သတ်၊ ခိုး၊ လိမ်၊ ကျူး၊ မူးလို့ သူ အတိုကောက် မှတ်ထားတဲ့ ငါးပါးသီလကို လုံခြုံအောင် ထိန်းခဲ့သည်။ ကတိလည်း တည်ခဲ့သည်။ ကျေးဇူးလည်း သိခဲ့သည်။ ချစ်သူအပေါ်လည်း သစ္စာရှိခဲ့သည်။ ဒါနဲ့များတောင် ဘာကြောင့် ခုလိုအနိုင်ကျင့်ခံရတာပါလိမ့်။ ကိုးလေးကရော သူ့ကို ဘာကြောင့် အကောင်းမမြင်နိုင်ဘဲ ထစ်ခနဲဆို သူ့အပေါ် အပြစ်တွေပုံချရပါလိမ့်။ သူတွေးကြည့်ရင်တောင် ဉာဏ်မမီလှပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လောက်ကြာအောင် ငြိမ်ထိုင် စဉ်းစားမိနေသလဲ မသိ ...။ သူ့ရှေ့နားမှာ ခြေတစ်စုံ ရပ်တန့်လာတော့မှ ခေါင်းမော့ကြည့်မိသည်။

"ထိုက် ..."

ထိုက်က သူ့ရှေ့မှာ လက်ပိုက်ရပ်လျက် သူ့ကို အကဲခတ်သလို စိုက်ကြည့်နေရင်း ...

"ဒါက ဘာဖြစ်နေတာတုန်း"

"ခင်ဗျာ ..."

"ထိုက် အသွားကတည်းက ရှင့်ကိုမြင်တာ၊ ထိုက်က နီလာတို့အိမ်ကို စာအုပ် သွားပေးတာလေ၊ အသွားတုန်းကတည်းက ဒီပန်းခြံနားက စက်ဘီးဖြတ်နင်းသွားရင်း ရှင့်ကို လှမ်းမြင်လိုက်တယ်၊ အခု ပြန်လာတော့လည်း ရှင်က ရှိနေတုန်းပဲ၊ ခေါင်းကြီးငိုက်စိုက်ချပြီး မြေကြီးကို ငုံ့ကြည့်လိုက်တာ၊ တန်းစီသွားနေတဲ့ ပုရွက်ဆိတ် ဘယ်နကောင်ရှိလဲလို့ ထိုင်ပြီး ရေတွက်နေတဲ့ အတိုင်းပဲ၊ ပြောစမ်းပါဦး ... ဘယ်နကောင် ရှိပြီတုန်း ..."

ထိုက်က ရယ်စရာပြောတာမို့ သူ ရယ်မိတော့ နှုတ်ခမ်းထောင့်စွန်းက နာကျင်သွားတာမို့ 'အ' ခနဲ အသံထွက်၍ အော်မိသည်။

ထိုက်က သူ့ဘေးမှာ ဝင်ထိုင်လိုက်ရင်း သူ့မျက်နှာကို အနီးကပ် စိုက်ကြည့်ကာ ...





"ကြည့်စမ်းပါဦး၊ မျက်နှာမှာလည်း ပေါက်ပြဲ နီရဲ ဖူးယောင်နေတာပဲ၊ ဘယ်သူနဲ့ ရန်ဖြစ်လာလဲ"

"ရန်မဖြစ်ပါဘူး ..."

"ရန်မဖြစ်ဘူးဆိုရင်တော့ တစ်ဖက်သတ်ကြီး အထိုးခံလိုက်ရတာပဲ ဖြစ်မယ်"

ထိုက် စကားက မှန်နေတာမို့ သူ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ငြိမ်သက်နေမိသည်။

"ထိုက်ကို ပြောပြမလား ..."

သူ ထိုက်ကို ပြောဖို့ ဝန်လေးနေမိသည်။

"ဘယ်သူက ဘာဖြစ်လို့ ထိုးလိုက်သလဲဆိုတာ ထိုက်ကို ခင်ရင် ပြောပြလေ ...၊ ရှင်ပဲ ထိုက်နဲ့ သူငယ်ချင်း ဖြစ်ချင်တယ်ဆို၊ သူငယ်ချင်းဆိုတာ မျှဝေခံစားရတယ်လေ"

သူက သက်ပြင်းချလိုက်မိရင်း ...

"ကိုဆွေနဲ့ ကိုမျိုးတို့ ထိုးလိုက်ကြတာပါ"

"ကိုဆွေနဲ့ ကိုမျိုး ဆိုတာက ..."

"ကိုးလေးရဲ့ အစ်ကိုနှစ်ယောက်ပါ၊ ဆွေဂုဏ်နဲ့ မျိုးဂုဏ်တဲ့"

"ဪ ... ဪ ... သိပြီ၊ နီလာ ပြောပြဖူးတယ်၊ အရမ်းဆိုးကြတယ်တဲ့၊ နေပါဦး ... ရှင့်မှာ ဘာအပြစ်ရှိလို့ သူတို့က ထိုးရတာတဲ့လဲ ..."

"ကျွန်တော်က ကိုးလေးကို ဝိတ်လျှော့ဖို့ပြောမိတာကို ကိုးလေးက ဝမ်းနည်းပြီး မျက်ရည်ကျသွားလို့ သူတို့က ကျွန်တော့်ကို ဆုံးမတာပါ၊ ကျွန်တော့်ကြောင့် သူတို့ ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေး မျက်ရည်ကျရင် ကျွန်တော့်ကို ထိုးမယ်လို့ အစကတည်းက ပြောထားကြတော့ သူတို့ ခုလိုထိုးတာလည်း လွန်တော့ မလွန်ပါဘူး”

“ဖြစ်မှ ဖြစ်ရလေ ...”

ထိုက်က ညည်းတွားရင်း သီလလုံရဲ့ သည်းခံစိတ်ကို လက်ဖျားခါမိရပြန်ပါသည်။ လောကကြီးမှာ ဒီလို လူမျိုးလည်း ရှိသေးတယ်ဆိုတာ ယုံတောင် မယုံနိုင်အောင်ပင် ...။

တကယ်တော့ သူဟာ သူတော်ကောင်းတရားကို လိုက်နာလွန်းပြီး သူတော်စင်တမျှ ဖြစ်နေတာလား။ တကယ့် လက်တွေ့ဘဝကို သဘောမပေါက်နိုင်သေးတာလား ...။ အချစ်ဆိုတာကို တကယ်ရော နားလည်ပါရဲ့လား သူငယ်ချင်းလေးရယ်။

ထိုက်က ဘုန်းကြီးလူထွက်လေးနှင့် တူလှသော သူ့ကို ငေးကြည့်ရင်း ...

“လုံ ...”

ဟု ခေါ်တော့ သူက နားမလည်သလို မျက်လွှာပင့်ကြည့်သည်။ ထိုက်က ပြုံးပြရင်း ...

“နာမည်ရှည်ရှည် မခေါ်ချင်လို့ တစ်လုံးပဲ ခေါ်တာ၊ သူငယ်ချင်း အချင်းချင်း ခေါ်လို့ဖြစ်တယ်မဟုတ်လား ...”

“ဖြစ်ပါတယ်”

သူကလည်း ပြုံးပြရင်း ပြန်ပြောလာပါသည်။

“ရှင့်ကို ထိုက် တစ်ခုလောက် မေးပါရစေ လုံ”

“ဟုတ်ကဲ့ ... မေးပါ ထိုက်”





“ရှင် လှဂုဏ်ကိုးကို တစ်ခါမှ စိတ်မဆိုးဖူးဘူးလား”

“ဟုတ်ကဲ့ ... မဆိုးပါဘူး၊ သူက ကျွန်တော့်ချစ်သူဆိုတော့ သူ ဘယ်လောက်ဆိုးဆိုး ကျွန်တော် သည်းခံပါတယ်”

“ဟုတ်ပြီ၊ ဒါဆို နောက်တစ်ခု ထပ်မေးမယ်၊ လှဂုဏ်ကိုးရဲ့ အပြုအမူ အပြောအဆိုတွေနဲ့ ပတ်သက်ပြီး စိတ်ပျက်တာ၊ စိတ်ကုန်တာမျိုး ဖြစ်ဖူးလား”

“မဖြစ်ဖူးပါဘူး”

“တစ်ခါမှကို မဖြစ်တာပေါ့နော်”

“ဟုတ်ကဲ့ ...”

“ဒေါသလည်း မထွက်ဖူးဘူးပေါ့နော် ...”

“ဟုတ်ကဲ့ ...”

“အတိုက်အခံလည်း မလုပ်ဖူးဘူးပေါ့”

“ဟုတ်ကဲ့ ...”

“တစ်ခုခုတော့ မှားနေပြီ ...”

“ခင်ဗျာ ...”

“ထိုက် ပြောမယ်၊ သေချာမှတ်ထား လုံ၊ ချစ်သူချင်း ဆက်ဆံရေးဆိုတာ ဒီလိုမဟုတ်ဘူး၊ ချစ်သူချင်းဆိုတာ စိတ်ဆိုးတဲ့အခါ စိတ်ဆိုးရတယ်၊ ဒေါသတွေကြီးပြီး ရန်ဖြစ်ရတဲ့အခါတွေလည်း ရှိတယ်၊ အယူအဆ ကွဲလွဲငြင်းခုန်ရတာမျိုးလည်း ရှိတယ်၊ ကိုယ်မကြိုက်တဲ့ သူ့အပြုအမူကြောင့် စိတ်ပျက်ရတာမျိုးလည်း တစ်ခါတစ်ခါ ရှိရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလို စိတ်လှုပ်ရှားပြောင်းလဲမှုတွေနဲ့ အမြဲရှင်သန် အသက်ဝင်နေတာကမှ ချစ်သူချင်း ဆက်ဆံရေးလို့ ခေါ်တယ် ...၊

"သူငယ်ချင်းပဲဖြစ်ဖြစ်၊ မိသားစုဝင် အချင်းချင်းပဲဖြစ်ဖြစ်၊ ချစ်သူချင်း၊ လင်မယားချင်းပဲဖြစ်ဖြစ် စိတ်အခန့်မသင့်တာတွေ ရှိတယ်၊ သူ့ဘက်က မှားသလို ကိုယ့်ဘက်က မှားတာတွေလည်း ရှိတယ်၊ သူတောင်းပန်ရတဲ့ အချိန်တွေ ရှိသလို ကိုယ်က တောင်းပန်ရတာတွေလည်း ရှိတယ်၊ ပိုပြီး ရင်းနှီးတာနဲ့အမျှ အဲ့ဒါမျိုးတွေကလည်း ပိုပိုရှိလာတတ်ကြတာပဲ ...၊

"ရှင်တို့မှာ အဲ့ဒီလိုမျိုးတွေ မရှိဘူး လုံ၊ ရှင့်ကို အားနာပေမယ့် တစ်ခုတော့ ပြောပြချင်တယ်၊ 'တစ်ယောက်တည်းကပဲ အမြဲသည်းခံ၊ အမြဲ နားလည်ခွင့်လွှတ်ပြီး တစ်ဖက်က ဘာလုပ်လုပ် စိတ်မပျက် စိတ်မကုန်၊ ဒေါသမထွက် စိတ်မဆိုးရဘူးဆိုတဲ့ ဆက်ဆံရေးဆိုတာ သခင်နဲ့ ကျွန်မှာပဲ ရှိတယ် ...၊

"ရှင်က လှဂုဏ်ကိုးရဲ့ ချစ်သူလား၊ အခိုင်းအစေလား၊ ရှင် လှဂုဏ်ကိုးကို ချစ်သူလိုချစ်တာမှ ဟုတ်ရဲ့လား၊ သေချာ ပြန်စဉ်းစားလိုက်ဦး၊ ထိုက် အကဲခတ်ရသလောက်တော့ ရှင့်ကြည့်ရတာ လူဆိုးထိန်းလိုလို ... အပါးတော်မြဲလိုလိုနဲ့ ...၊ ဘယ်လိုမှန်းကို မသိဘူး၊ ကဲ ... ထ ... သွားမယ်"

"ခင်ဗျာ ... ဘယ်ကိုလဲ"





"ရှင် အခု စိတ်ဆင်းရဲနေတာ မဟုတ်လား၊ ရှင့်စိတ်ပျော်သွားအောင် ကစားကွင်းလိုက်ပို့မယ်၊ ကစားကွင်း မသွားခင် ဟိုဘက်လမ်းထိပ်က ဆေးခန်းကိုဝင်ပြီး ရှင့်ဒဏ်ရာကို ဆေးထည့်ရမယ်၊ ကြည့်စမ်း ... နားခေါင်းဝမှာလည်း သွေးစတွေ စို့နေတာ မြင်မကောင်းဘူး၊ ရော့ ... ဒီမှာ တစ်ရှူး၊ အတောင့်လိုက်ကလေးဖြစ်အောင် လိပ်ပြီး နားခေါင်းဝမှာ ဆို့ထားလိုက်၊ ကဲပါ ... ပေး ... ပေး ... ထိုက်ပဲ လုပ်ပေးပါ့မယ်"

ထိုက်က တစ်ရှူးတစ်စကို သီလလုံလက်ထဲ ထည့်ပေးလိုက်ပြီးမှ ပြန်ယူကာ အလိပ်ကလေးဖြစ်အောင် လက်နှစ်ဖက်နှင့် ပွတ်လိပ်လိုက်ပြီး သူ့နားခေါင်းဝမှာ ဆို့ပေးလိုက်ပါသည်။

"ကဲ ... ထ ... သွားကြမယ်"

"ဖြစ် ... ဖြစ်ပါ့မလား"

"မဖြစ်ဘူးထင်ရင်လည်း မသွားနဲ့လေ၊ ထိုက်တောင် သက်သာသေး ..."

"သွားတော့ သွားချင်တာပေါ့ ထိုက်ရ၊ ကစားကွင်းဆိုတာကြီးကို ရောက်မှ မရောက်ဖူးတာ"

သီလလုံ ပုံစံက နည်းနည်း တက်ကြွလာသည်။

"ရှင် ... တကယ် မရောက်ဖူးဘူးလား"

"မရောက်ဖူးဘူး ..."

"တေသားလေးပေါ့"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ..."

"ကျွန်တော်က တကယ်လည်း တောသားပဲလေ၊ ကျောက်ပန်းတောင်းနားက ရွာလေးတစ်ရွာက ရောက်လာတာ တစ်နှစ်တောင် မပြည့်သေးဘူး၊ ပြီးတော့ ကျွန်တော်က ဘုန်းကြီးကျောင်းသား ..."

"ဟဟ ... ထင်တော့ ထင်သား၊ ဘုန်းကြီးလူထွက်လား၊ ဘုန်းကြီးကျောင်းသားလား တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ"

ထိုက်က ပြောရင်း ရယ်တော့ သီလလုံလည်း ထိုက်နှင့်အတူ လိုက်ရယ်မိသည်။ ရယ်နေရင်းကပဲ ရန်ကုန်ရောက်ကတည်းက ဒီလိုမျိုး ပေါ့ပေါ့ပါးပါး ရယ်မိတာ ဒါ ပထမဆုံးပါလားဟု တွေးမိရင်း အံ့ဩသွားသည်။ ပေါ့ပါးရွှင်မြူးစွာ ရယ်မောရသော အရသာကို ထိုက်နှင့်အတူ ပထမဦးဆုံး အတူတကွ ခံစားရလေသည်။

⚬ ⚬ ⚬



♣ ♣ ♣

"လှဂုဏ်ကိုး ... လှဂုဏ်ကိုး"

လမ်းထိပ်မှာ ဘိုးဘိုးအတွက် မုန့်ဟင်းခါး ထွက်ဝယ်ပြီး ပြန်လာသော ဒီပက ခြံထဲသို့ စက်ဘီးနင်းဝင်လာရင်း တကြော်ကြော် အော်ခေါ်လာပါသည်။ လှဂုဏ်ကိုးက အိမ်ရှေ့သို့ အမြန်ထွက်လာကာ ...

"ဟဲ့ ... ဘာဖြစ်တာလဲ ဒီပရဲ့"

"ပါသွားပြီ၊ ပါသွားပြီ၊ နင့်ဟာ ပါသွားပြီ"

"ဟဲ့ ... ဘာလဲ၊ ဘာကိုပြောတာလဲ၊ ရှင်းအောင်ပြောစမ်း"

ဒီပက စက်ဘီးပေါ်မှ ကမန်းကတန်း ခုန်ဆင်းလိုက်ရင်း ...

"ငါ အခုပဲ လမ်းထိပ်က ပြန်လာတာ၊ သီလက လမ်းထိပ်ပန်းခြံထဲကနေ ဟိုဘက်ခြံက ကောင်မလေးရဲ့ သူငယ်ချင်းနဲ့အတူတူ ထွက်သွားတာ တွေ့လိုက်တယ်"

"ဟင် ... ဘယ် ... ဘယ်ကိုထွက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလိုက်ကြည့်တော့ သူတို့ လမ်းထိပ်က ဆေးခန်းထဲကို ဝင်သွားတယ်၊ ကိုဆွေတို့ ထိုးလိုက်တဲ့ ဒဏ်ရာတွေကို ဆေးဝင်ထည့်တာ ဖြစ်မယ်၊ အဲ့ဒီကထွက်တော့ ဆေးခန်းမှာ ဟိုကောင်မလေး စက်ဘီးကို ခဏအပ်ပြီး ကားငှားပြီး ထွက်သွားကြတာပဲ ..."

"ဟင် ... ထွက်သွားပြီ၊ အဲ့ဒါ နင်ညံ့လို့ပေါ့၊ သူတို့ ဆေးခန်းထဲ ဝင်သွားကတည်းက ငါ့လာပြောရင် ငါလိုက်လို့ မီသေးတာပေါ့ဟဲ့ ကတုံးကောင်ရဲ့၊ ကဲ ..."

ပြောပြောဆိုဆို လှဂုဏ်ကိုးက ဒီပခေါင်းကို ဖတ်ခနဲ လှမ်းရိုက်လိုက်တာမို့ ဒီပက ကိုယ့်ခေါင်းကိုယ် ပြန်ပွတ်ရင်း ...

"အကောင်းလည်း ပြောရသေးတယ်၊ ငါ့ခေါင်းလည်း အရိုက်ခံရသေးတယ်၊ ငါသိတာ ထပ်မပြောတော့ဘူး"

"နင် ထပ်မပြောရင် ငါထပ်ရိုက်မှာပေါ့ဟဲ့၊ ပြော ... နင် ဘာသိထားလဲ၊ မြန်မြန်ပြော ..."

"သူတို့ တက္ကဆီ သမားကို လှမ်းပြောသံ ကြားလိုက်တယ်၊ ပြည်သူ့ရင်ပြင် ကစားကွင်းကိုတဲ့ ..."

"ဟင် ...၊ တွေ့ကြသေးတာပေါ့ ..."

* * *



* * *

ပြည်သူ့ရင်ပြင် Natural World ကစားကွင်း ဧရိယာထဲသို့ လျှောက်ဝင်လာခဲ့သောအခါ သီလလုံ၏ မျက်နှာက ရွှင်လန်းလာပါသည်။ သူက ကစားကွင်းအနှံ့ လျှောက်ကြည့်ရင်း ...

"ဒီမှာ ဒါမျိုးတွေရှိတာ ကျွန်တော် မသိဘူး"

"လှဂုဏ်ကိုးနဲ့အတူ မလာဖြစ်ဘူးလား"

"သူက လှုပ်လှုပ်ရှားရှား သွားသွားလာလာ ကစားရတာမျိုးဆို စိတ်မဝင်စားဘူး၊ သူနဲ့အတူသွားရင် စားသောက်ဆိုင်တွေပဲ သွားဖြစ်တာများတယ်"

"ထိုက်တို့ သူငယ်ချင်းတွေကတော့ ဒါမျိုးဆော့ရတာ ဝါသနာပါလို့ ခဏခဏ လာကစားဖြစ်တယ်"

"ကလေးမဟုတ် သူငယ်မဟုတ် ..."

"ဒီမှာက လူကြီးတွေလည်း ကစားကြတာပဲလေ၊ လူကြီးက ပိုတောင်များသေးတယ်၊ လာ ... ဟိုမှာ မြင်းကမ္ဘာ သွားစီးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်းကမ္ဘာ ... ဘယ်လိုဟာမျိုးလဲ"

"ဟိုမှာလေ ... နှစ်ထပ်မြင်းကမ္ဘာ၊ အောက်ထပ်က အရုပ်တွေပေါ်မှာ ထိုင်စီးလည်းရတယ်၊ အပေါ်ထပ်က ထိုင်ခုံမှာ ထိုင်စီးလည်း ရတယ်"

"အဲ့ဒါကြီးက လည်နေမှာပေါ့"

"အင်းလေ ... လည်နေမှာပေါ့ လုံရဲ့"

"ခေါင်း မမူးဘူးလား"

"မမူးပါဘူး၊ ခဏလေးပဲဟာ၊ တစ်ခါလည်မှ သုံးမိနစ်လောက်ပဲ၊ လာပါ ... သွားစီးရအောင်"

"ကျွန်တော် အပေါ်ထပ်က ခုံမှာထိုင်မယ်"

"ထိုင်လေ၊ ထိုက်ကတော့ အောက်ထပ်က မြင်းရုပ်ပေါ်မှာ ထိုင်မယ်"

ထိုက်က တစ်ထောင်တန် လက်မှတ်နှစ်စောင် ဝယ်လိုက်ပြီး မြင်းကမ္ဘာထဲသို့ ဝင်လာသည်။ သူက အပေါ်ထပ်က ခုံတန်းလေးမှာ ငြိမ်ငြိမ်လေး သွားထိုင်နေသည်။ ထိုက်က အောက်ထပ်က မြင်းရုပ်ပေါ်မှာ ခွထိုင်၍ စီးလိုက်သည်။ မြင်းကမ္ဘာ စလည်လာတော့ သူက အပေါ်ထပ်ကနေ ထိုက်ကို ငုံ့ကြည့်သည်။ ထိုက်ကလည်း သူ့ကို လက်ပြန်ပြလိုက်သည်။

မြင်းကမ္ဘာ တစ်ခါစီးပြီးတော့ သီလလုံက တက်ကြွလာကာ ...

"ထိုက်ရေ ... ဟိုဘက်က ပန်းကန်ပြားပျံ သွားစီးရအောင်၊ ပြီးရင် ရေလွှာမိချောင်းလည်း စီးမယ်"





"ခုတော့ ကြိုက်သွားပြီပေါ့၊ နောက်ဆို စိတ်ညစ်ရင် ငိုင်ပြီး ထိုင်မနေနဲ့၊ ဒီမှာ လာဆော့"

"ထိုက်ရော လိုက်မှာလား"

"ထိုက် အမြဲလိုက်ရင် ရှင့်ရည်းစားက လိုက်ရိုက်မှာပေါ့ လုံရဲ့ ..."

"ထိုက်ကို မရိုက်စေရပါဘူး၊ ထိုက်ကို ရိုက်ရင် ကျွန်တော် မခံဘူး"

"ထိုက်ပဲခံ ဆိုပါတော့ ..."

"အာ ... မဟုတ်ပါဘူး"

ထိုက်ကနောက်တော့ သီလလုံက ရယ်မိသည်။ ဒီအချိန်လေးမှာ တစ်ခါမှ မခံစားဖူးသည့် ပျော်ရွှင်ပေါ့ပါးသည့် ခံစားမှုမျိုးကို ခံစားနေရပါသည်။

ထိုက်ကလည်း သီလလုံ ပျော်နေတာကို ကြည့်ပြီး စိတ်ချမ်းသာရပါသည်။ ကစားကွင်းထဲမှာ လျှောက်ကစားရင်း ထိုက်တို့ နှစ်ယောက်ဟာ ကလေးတွေလို အော်ဟစ်ပြေးလွှား မြူးရွှင်လာသည်။ ပန်းကန်ပြားပျံ စီးကြတော့ ပန်းကန်ပြားပျံပေါ်က ဆိုင်ကယ် နှစ်စီးပေါ်မှာ အတူယှဉ်ထိုင်ရင်း ဆိုင်ကယ်လက်ကိုင်ကို တင်းတင်း ဆုပ်ထားရသည်။ သီလလုံက စီးစမှာ အသည်းတအေးအေးနှင့် ကြောက်နေပေမယ့် အရှိန်ရလာတော့ ပန်းကန်ပြားပျံ တစ်ချက်လည်ပြီး အပေါ်တက်သွားတိုင်း ထိုက်နှင့်အတူ သံပြိုင်လိုက်အော်နေသည်။ ရေလွှာမိချောင်းစီးတော့ လှေတစ်စီးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆင့်နောက်ဆင့်ထိုင်ရင်း အပေါ်ကနေ အရှိန်နဲ့ ကျလာချိန်မှာ ဝူးဝူးဝါးဝါး အော်ကြပြန်သည်။

လျှောက်ဆော့လို့ မောတော့မှ ထိုက်တို့နှစ်ယောက်က ရေခဲမုန့် ဝယ်စားရင်း …

"လုံရေ … မောပြီဟာ၊ ပြန်ကြအောင်"

"ခဏနေပါဦး …"

"အမယ် … မမောသေးဘူးလား"

"ရှာရီးကိုးပေါက် ဆွမ်းလိုက်ခံနေကျ ဘုန်းကြီးကျောင်းသားပါကွ၊ ဒီလောက်နဲ့ မမောပါဘူး၊ ဟိုမြင်းကမ္ဘာလေး တစ်ခေါက်လောက် စီးပြီးမှ ပြန်မလားလို့ …"

"ကြိုက်နေတယ်ပေါ့ …"

"ထိုက်ပဲ ကြိုက်အောင်လုပ်ထားတာလေ …"

"မှားပါတယ်ရှင့် …"

ထိုက်က ဒူးလေးကွေးကာ ခေါင်းညွတ်၍ပြောပြီး မြင်းကမ္ဘာစီးဖို့ လက်မှတ်သွားဝယ်ရသည်။ သီလလုံက …

"ထိုက် နှစ်စောင်စီဝယ်၊ ကြာကြာလေး စီးရအောင်"

ဟု လှမ်းပြောသဖြင့် ထိုက်က ပခုံးတွန့်ပြရင်း လက်မှတ်ရောင်းသည့် ကောင်မလေးကို …

"လေးစောင်ပေး ညီမရေ၊ ဟိုကလေးက တစ်စောင်နဲ့မရဘူး"

ဟု ပြောရင်း ရယ်ရသည်။





လက်မှတ်ဝယ်ပြီးတော့ ပထမတစ်ခါ စီးသလိုပဲ သီလလုံက အပေါ်ထပ်က၊ ထိုက်က အောက်ကမြင်းရုပ်ပေါ်မှာ စီးကြသည်။

မြင်းကမ္ဘာ လည်နေချိန်မှာ ခပ်ဝေးဝေးဆီမှာ လိမ့်လိမ့် လိမ့်လိမ့်နှင့် လျှောက်လာနေသော လှဂုဏ်ကိုးကို သီလလုံက အပေါ်စီးကနေ လှမ်းမြင်လိုက်ရပါသည်။

"ဟာ … ကိုး … ကိုးလေး လိုက်လာတယ်"

သီလလုံရဲ့ ထိတ်ထိတ်ပျာပျာအသံကြောင့် ထိုက်က ပါ လမ်းဘက်သို့ လှမ်းကြည့်မိတော့ ဒေါသတကြီး လျှောက်လာနေသော လှဂုဏ်ကိုးကို တွေ့ရလေသည်။

လှဂုဏ်ကိုးက လည်နေသော မြင်းကမ္ဘာနားသို့ ရောက်လာကာ …

"ဟဲ့ … ထွန်းထိုက်ထိုက်၊ နင်က ငါ့ရည်းစားကို ဖျားယောင်းပြီး ခေါ်လာတယ်ပေါ့လေ၊ ဆင်းစမ်း … ခုဆင်းခဲ့စမ်း၊ မောင် နင်လည်း ဆင်းခဲ့ …"

"ဆင်း … ဆင်းလို့မရဘူး ကိုးလေးရဲ့၊ လည်နေတုန်း ဆင်းလို့မရဘူး"

သီလလုံမှာ အပေါ်ထပ်ကနေ ဆင်းလည်းမဆင်းရဲ၊ လှဂုဏ်ကိုးကိုလည်း လန့်၊ ထိုက်ကိုလည်း အားနာကာ မြင်းကမ္ဘာပေါ်မှာ ပိတ်မိနေသည်။

"စက်မောင်းတဲ့သူကို ရပ်ခိုင်းလိုက်ပေါ့ တော့်ရဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မရပ်နဲ့ ..."

"ဟင် ... နင်"

သီလလုံ မပြောခင်မှာ ထိုက်က စက်မောင်းသည့် ရုံလေးဘက်သို့ လှမ်းကြည့်ရင်း ပြတ်ပြတ်သားသား ပြောလိုက်တာမို့ ခြံစည်းရိုးလို ကာထားသည့် သံတန်းနိမ့်နိမ့်လေးနားမှာ ရပ်နေသော လှဂုဏ်ကိုးက စက်ခန်းဘက်သို့ အပြေးသွားရင်း ...

"ခုချက်ချင်း ရပ် ..."

ဟု စက်မောင်း ဝန်ထမ်းနား ကပ်၍ အော်လိုက်လေသည်။ ဝန်ထမ်းလေးက လန့်သွားကာ ...

"ဟာဗျာ ... နားပင်းတော့မယ်ဗျ၊ ဒီလောက်အော်စရာမလိုပါဘူး"

"ရပ်ဆို ခုရပ်လိုက်လေ ..."

"ဟိုမှာ လက်မှတ်ဝယ်ထားတဲ့သူက မရပ်နဲ့လို့ ပြောနေတာကို ရပ်လို့ဖြစ်မလားဗျ"

မြင်းကမ္ဘာက ဆက်လည်နေသည်။ ထိုက်က အေးအေးဆေးဆေး ဆက်စီးနေသည်။ လှဂုဏ်ကိုးက ခြံစည်းရိုးထဲ ဝင်ပြီး လည်နေသော မြင်းကမ္ဘာပေါ်တက်ဖို့ ကြိုးစားတာမို့ အစောင့်က အန္တရာယ်ရှိကြောင်း ရှင်းပြပြီး မနိုင်မနင်း ပြန်ဆွဲထုတ်နေရသည်။ သီလလုံကတော့ အပေါ်ထပ်မှာမို့ ဆင်းမရ၊ လှဂုဏ်ကိုးကိုလည်း ကြောက်၊ ထိုက်ကိုလည်း အားနာကာ တုန်လှုပ်ချောက်ချား ချွေးပြန် ကြံရာမရဖြစ်နေသည်။ စနေ၊ တနင်္ဂနွေ





မဟုတ်ဘဲ ကြားရက်မို့ ကစားကွင်းထဲမှာ လူရှင်းနေပြီး မြင်းကမ္ဘာပေါ်မှာလည်း ထိုက်နှင့် သီလလုံ နှစ်ယောက်တည်းသာရှိလို့ တော်သေးတာပင်။

မြင်းကမ္ဘာ ရပ်သွားတော့မှ ထိုက်က အေးအေးဆေးဆေး ဆင်းလာသည်။ သီလလုံက အပေါ်ထပ်မှ ကသောကမျော ဆင်းလာနေတုန်းမှာ လှဂုဏ်ကိုးက ထိုက်ကို အံ့ားကုန်ဆောင့်တွန်းဖို့ ပြေးလာသော်လည်း ထိုက်က ဖျတ်လတ်စွာ ရှောင်တိမ်းလိုက်တာမို့ လှဂုဏ်ကိုးခမျာ ငိုက်စိုက် ငိုက်စိုက်နှင့် အရှိန်လွန်ကာ မလှမ်းမကမ်းက ပိန္နဲပင်ကို ပြေးဖက်မိသွားသည်။

"ငါ့ကို လာမစမ်းနဲ့၊ အဲ့ဒါ ရှောင်လင်သိုင်းတစ်ကွက်ပဲ ရှိသေးတယ်၊ အသာလေး ရှောင်လိုက်ရုံပဲ၊ ဟဲဟဲ ..."

လှဂုဏ်ကိုးက ဒေါသဖြင့် ရှူးရှူးရှားရှား ဖြစ်လာကာ ပိန္နဲပင်ကို ဖက်နေရာမှ ထိုက်ဘက်သို့ ချာခနဲ ပြန်လှည့်လာရင်း ...

"နင် ... နင် ... သူများရည်းစားကိုလည်း လုသေး၊ လူပါးလည်း ဝသေး၊ တွေ့မယ် ..."

"ကိုးလေး ... ကိုးလေး ... တော်ပါတော့၊ မလုပ်ပါနဲ့ ...၊ မောင်တို့က ရိုးရိုးပါ ကိုးလေးရယ်"

"နင် သွားသေလိုက် ..."

"ဟာ ..."

လှဂုဏ်ကိုးက သူ့ကိုဝင်တားသည့် သီလလုံ၏ ရင်ဘတ်ကို တဘုန်းဘုန်း ထုရိုက်လိုက်ပြီးမှ ဆောင့်တွန်းပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ သီလလုံမှာ နောက်သို့ အရှိန်ဖြင့် လန်သွားကာ သစ်ပင်နှင့် နောက်စေ့နှင့် ဆောင့်မိသွားလေသည်။

"လုံ ..."

ထိုက်က သီလလုံဆီ ပြေးသွားကာ သူ့နောက်စေ့ကို လက်ဖြင့်စမ်းကြည့်လိုက်တော့ ထိုက် လက်မှာ သွေးစတို့ စေးကပ်ကပ်ပါလာသည်။

"ဒုက္ခပဲ လုံရယ်၊ ရှင့်ခေါင်းတော့ ပေါက်သွားပြီထင်တယ်"

"ကြည့်စမ်း ... ကြည့်စမ်း ... ငါ့ရည်းစားကိုများ လုံတဲ့၊ နင့်ရည်းစားမဟုတ်ဘဲ အဲဒီလို ခေါ်စရာလားဟဲ့၊ ဖယ်စမ်း ငါ့ချစ်သူနား လုံးဝမကပ်နဲ့ ..."

လှဂုဏ်ကိုးက ထိုက်ကို လှမ်းတွန်းလိုက်တာမို့ ထိုက်က သူ့လက်ကို ဖတ်ခနဲ ပုတ်ထုတ်ပြီး လှုပ်မရအောင် ဖမ်းဆွဲလိမ်ထားလိုက်ရင်း ...

"ဗလ အားကိုးနဲ့ ဒီလိုလာမလုပ်နဲ့၊ မရဘူး လှဂုဏ်ကိုး၊ စကားကို အေးအေးဆေးဆေး ပြော၊ လက်မပါနဲ့၊ ခုလို ဖြစ်နေတဲ့ နင့်ပုံစံက အရမ်းစိတ်ပျက်ဖို့ ကောင်းတယ်၊ သီလလုံလို လူမျိုးနဲ့ နင်နဲ့ လုံးဝ မတန်ဘူး"

"ဘာ ... ဘာ၊ ဘာလို့ မတန်ရမှာလဲ၊ သီလလုံက မိဘမဲ့ ဘုန်းကြီးကျောင်းသား၊ ငါက သူဌေးသမီးဟဲ့၊ နာချင်းနာ ငါ့ဘက်ကတောင် နာရဦးမှာ ..."

"အေး ... အဲဒါပဲ၊ အဲဒီလို အပြောတွေကပဲ နင့်စိတ်ရင်းကို





ပြနေတာ၊ ကိုယ့်ချစ်သူက ဘယ်လောက်ပဲ ဆင်းရဲနိမ့်ကျနေပစေ ... ကိုယ့်ချစ်သူကို အနားထားပြီး အဲဒီလို စကားမျိုး ပြောထွက်ရသလား၊ ကိုယ့်ချစ်သူအပေါ် တန်းတူရည်တူ စိတ်မျိုးမထားဘဲ နှိမ့်ချတဲ့ စကားမျိုး မပြောသင့်ဘူးဆိုတဲ့ အခြေခံအချက်ကလေးကိုတောင် နင် နားမလည်ဘူးလား"

"လွှတ် ... ငါ့လက်ကို ခုလွှတ်၊ ငါက ဝတုတ်မကြီးမို့လို့ သီလလုံနဲ့ မတန်ဘူးလို့ နင်ပြောချင်တာ ငါသိတယ်"

"နင့်ခန္ဓာကိုယ်ကြောင့် သီလလုံနဲ့ မတန်တာမဟုတ်ဘူးဟဲ့၊ နင့် စိတ်ပုပ်စပ်ကြီးကြောင့် မတန်တာ၊ နင့်ကို ငါ တစ်ခု ပြောလိုက်မယ်၊ နင် သေသေချာချာ မှတ်သွား၊ ချစ်သူချင်းဆိုတာ တရားမျှတတဲ့ ဆက်ဆံရေးရှိရတယ်၊ တစ်ယောက်က အမြဲနိုင်နေတဲ့ တစ်ဖက်သတ် ဆက်ဆံရေးဟာ ချစ်သူချင်း ဆက်ဆံရေးမျိုး မဟုတ်ဘူး၊ အဲဒီလို ဆက်ဆံရေးမျိုးရှိတဲ့ ချစ်သူတွေဟာလည်း ဘယ်တော့မှ မမြဲဘူး ...၊

"နင် သီလလုံကို တကယ်ချစ်ရင် နင့်စိတ်ကိုပြင်၊ ဩော် သူ့ခမျာ ငါ့လိုပုံကို ရည်းစားတော်ထားရတာ လူလှောင်ပြောင်စရာ ဖြစ်တော့မှာပဲ ဆိုတဲ့ သနားစာနာစိတ်လေး ထားပြီး နင့်ခန္ဓာကိုယ်ကြီးကိုလည်း ပြင်၊ ပြီးတော့ ဘာဖြစ်ဖြစ် သူ့အပေါ် အပြစ်ပုံချတတ်တဲ့ နင့်ရဲ့ နိုင့်ထက်စီးနင်းအကျင့်ကိုပြင်ပြီး မျှမျှတတ ဆက်ဆံပါ၊ နင့်ဘက်



www.burmeseclassic.com

www.burmeseclassic.com



က တရားမျှတလာရင် နင့်ရည်းစားနဲ့ ငါ မပတ်သက်ဘူး၊ မမျှတရင်တော့ အပဟာမ်း ...”

“ဘာ ... ဘာ၊ ပြောလေ ... ဆက်ပြောစမ်းပါ၊ မမျှတရင် နင်က ဘာလုပ်မလို့လဲ”

“လက်ပိုက်ပြီးတော့ ကြည့်မနေနိုင်ဘူးလေ၊ သီလလုံ စိတ်ချမ်းသာအောင် တစ်ခုခုတော့ ဝင်ကူညီရတော့မှာပေါ့ ...”

“နင် ... နင် ...”

လှဂုဏ်ကိုးက ဘာမှဆက်မပြောနိုင်တော့ဘဲ ဆွေ့ဆွေ့ခုန်သွားသည်။

“လုံ ... ငါသွားတော့မယ်”

“ဪ ... အေးအေး၊ နောက်မှ တွေ့မယ်နော်”

“ဟင် ... ကြည့်စမ်း ... ကြည့်စမ်း၊ တွေ့စရာလားဟဲ့၊ တွေ့စရာလား ...”

“ရပ်စမ်း ...”

ထိုက်ရဲ့ အော်သံကြောင့် သီလလုံကို ရိုက်ပုတ်ထုထောင်းဖို့ မြှောက်လိုက်သော လှဂုဏ်ကိုးရဲ့ လက်က လေထဲမှာ တန့်သွားသည်။

ထိုက်က လှဂုဏ်ကိုးမျက်နှာကို စိမ်းစိမ်းစူးစူး စိုက်ကြည့်လိုက်ရင်း သွားစေ့သံဖြင့် ...

“နင် လုံ့ကိုရိုက်ရင် ငါ ခုချက်ချင်း လုံ့လက်ကိုဆွဲပြီး ကစားကွင်းအပြင်ဘက်ထိ ပြေးထွက်သွားလိုက်မယ်၊ နင်





ငါတို့ကိုမီအောင် မလိုက်နိုင်တာ သေချာတယ်မဟုတ်လား ...”

ဟု မေးလိုက်တော့မှ လှဂုဏ်ကိုးလက်က အောက်ပြန်ကျလာသည်။

ထိုက်က ခေါင်းမော့ကာ အသံတစ်ချက် ထွက်ရုံလေး ရယ်လိုက်ရင်း သူတို့ရှေ့က လှည့်ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

သီလလုံသည် ပိုက်ဆံအိတ်လေးကို တင်းတင်းဆုပ်ရင်း ရှော့ပင်းစင်တာထဲသို့ ငိုက်စိုက် ငိုက်စိုက်ဖြင့် ဝင်လာနေပါသည်။

ခုတလောမှာ သူ့ကိုယ်သူ အပြစ်တင်စိတ်ဖြင့် သူ့ခေါင်းက ငိုက်စိုက်ကျနေတတ်သည်။ လူပုံက အပြစ်ရှိသူတစ်ယောက်လို သိမ်ငယ်ညှိုးလျော်နေသည်။

သူ့နားထဲမှာ လှဂုဏ်ကိုးရဲ့ အပြစ်တင်စကားများ၊ ကိုဆွေဂုဏ်နဲ့ ကိုမျိုးဂုဏ်ရဲ့ အပြစ်တင်စကားများ၊ ဒီပရဲ့ လှောင်ပြောင် ရှုံ့ချသည့် စကားများက အမြဲဆူညံမြည်ဟည်းကာ ခေါင်းတွေနောက်၍ အရူးတစ်ပိုင်းနီးနီး ဖြစ်နေခဲ့ရပါသည်။ သူတို့ပြောသလို ကိုယ်ဟာ တကယ်ပဲ အကျင့်သီလ မဖြူစင် မဖြောင့်မတ်တဲ့၊ ဖောက်ပြန် ပြောင်းလဲတတ်တဲ့သူ တစ်ယောက်ပဲလား ...။

"ရှင့်ကို ဒီလို ဖောက်ပြန်ယိမ်းယိုင်တတ်တဲ့ လူတစ်ယောက်လို့ ကိုးလေး လုံးဝမထင်ခဲ့ဘူး မောင်၊ ကိုယ့်မှာ ချစ်သူ





ရှိရက်နဲ့ တခြားမိန်းကလေးတစ်ယောက်နဲ့ အတူတူ ကစားကွင်းသွားတယ်ဆိုတာ ဘယ်နည်းနဲ့မှ ရိုးရိုးသားသား မဖြစ်နိုင်ဘူး၊ ရှင့်ရုပ်ကလေး ကြည့်တော့ ရိုးရိုးသားသားနဲ့ လက်စသတ်တော့ ရှင်ဟာ ကုပ်ကမြင်းပါလား"

'ဘုရား ... ဘုရား' ဟုတောင် တမိခဲ့သည်။ ကိုယ်ဟာ ကုပ်ကမြင်းတဲ့။ ဒါဆို ကုပ်ကုပ်ကလေးနဲ့ တိတ်တိတ်လေး ကမြင်းကြော ထနေတဲ့သူဟာ ကိုယ်ပေါ့ ...။ ကိုးလေး ပြောသလို ကိုယ်ဟာ တကယ်ပဲ ကုပ်ကမြင်းဖြစ်နေခဲ့ပြီလား ...။

"မောင်ရယ် ... တကယ်တော့ ရှင့်အပေါ်မှာ ကိုးလေးတို့မိသားစုရဲ့ ကျေးဇူးတွေ အများကြီးပါ၊ မောင် တစ်ချက်လောက် ပြန်စဉ်းစားကြည့်လိုက်ပါ၊ ရန်ကုန်ကို မောင်ရောက်လာခါစကဆို အဝတ်အစားကအစ နွမ်းနွမ်းပါးပါးပဲလေ၊ ပုဆိုးလေး သုံးထည်နဲ့ အင်္ကျီလေး ငါးထည်ကို လျှော်လိုက်၊ ဝတ်လိုက်နဲ့ အလျှင်မီအောင် မနည်းလုပ်နေရတာ၊ ခုဆိုကြည့် ... ဘောင်းဘီရှည်နဲ့၊ စပို့ရှပ်နဲ့ ပြောင်ပြောင်ရောင်ရောင် ဖြစ်လာလိုက်တာ၊ ဒါတွေအားလုံးလည်း ကိုးလေးပဲ ဝယ်ဆင်ခဲ့တာပဲလေ၊ မောင် ဒါတွေကို ပြန်စဉ်းစားဖို့ ကောင်းပါတယ်၊ မောင်ဟာ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ လူတစ်ယောက်ဆိုတာ ဘုန်းဘုန်းသိရင် ဘယ်လောက် ရင်ထုမနာ ဖြစ်ရရှာမလဲ"

ကိုးလေး စကားကြောင့် ဘုန်းဘုန်းမျက်နှာကို မြင်ယောင်ကာ သူ့သေချင်သွားခဲ့သည်။ သူ့ ရွာကနေ ထွက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့က ကျောင်းပေါက်ဝထိ လိုက်ပို့ရင်း မှာခဲ့သည့် 'သီလလုံ သူတစ်ထူး ကျေးဇူးကို ဘယ်တော့မှ မေ့မပစ်နဲ့ကွယ်' ဆိုသော ဘုန်းဘုန်း၏ စကားကို ကြားယောင်တိုင်း နားဝသို့ မိုးကြိုးပစ်ချခံလိုက်ရသလို ထိတ်လန့်တုန်လှုပ်မိတတ်၏။ ဘုန်းဘုန်းစကားကို သူ ပစ်ပယ်ခဲ့မိပြီလား ...။

သူကိုယ်တိုင်က ပုဆိုးနှင့် ရှပ်အင်္ကျီကိုသာ ပေါ့ပေါ့ပါးပါး ရိုးရိုးရှင်းရှင်း ဝတ်ချင်ခဲ့ပေမယ့် ကိုးလေးက ဒီလိုဝတ်တာ မကြိုက်ဘူးဆိုတာမို့ သူမ ဝယ်ပေးသမျှကို မငြင်းဆန်ရဲဘဲ အားနာနာနဲ့ ဝတ်ခဲ့မိတာဟာ ခုတော့ ကျေးဇူးကြွေးတစ်ခု ဖြစ်ခဲ့ပြီလား။

ထိုက်နဲ့အတူ ကစားကွင်းသွားခဲ့မိတဲ့ အပြစ်ဟာ ခုလောက်ထိ ကြီးမားလာလိမ့်မယ်လို့ သူ လုံးဝမထင်ခဲ့ပါ။

ကိုဆွေနဲ့ ကိုမျိုးတို့ကလည်း သူ့ကို ဖိဖိပြောခဲ့ကြသည်။

"ဟေ့ကောင် မင်း ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ ကတိတည်ရတယ်ကွ၊ မိန်းကလေးတစ်ယောက်နဲ့ ချစ်သူတွေဖြစ်ကြပြီးရင် အဲ့ဒီ မိန်းကလေးကို လက်ထပ်ဖို့ တာဝန်ရှိသွားပြီ၊ မိကိုး ခုလို စိတ်ဆင်းရဲပြီး မင်း ဘယ်သွားသွား မယုံသင်္ကာ စိတ္တဇဖြစ်နေတဲ့ပုံစံကို ငါတို့ မမြင်ချင်တော့ဘူး၊ မင်း မိကိုးကို လက်ထပ်ခွင့် တောင်းလိုက်တော့"

"ဒီမှာ ဟေ့ကောင် ... မင်း ဘုန်းကြီးကျောင်းမှာ နေလာတာ ငါးပါးသီလတော့ မြဲတယ်မဟုတ်လား၊ သူများ သားပျို သမီးပျိုကို တွဲပြီးမှ လက်မထပ်ဘဲ ထားပစ်ခဲ့ရင် ငါးပါး





သီလထဲက တစ်ပါးနဲ့ ငြိတယ်ကွ၊ သူတစ်ပါးအိမ်ရာကို ပစ်မှားတယ်ဆိုတာ လင်ရှိတဲ့ မိန်းမကို ပစ်မှားတာ တစ်ခုတည်းမဟုတ်ဘူး၊ လူကြီး မိဘ အုပ်ထိန်းမှု မကင်းတဲ့ မိန်းမပျိုလေးကို ပစ်မှားတာလည်း အကြုံးဝင်တယ်၊ မင်း မိကိုးနဲ့ တွဲပြီးမှ လက်မထပ်ရင် မင်း သီလတစ်ပါးကျိုးပြီ"

"နာမည်က သီလလုံဆိုပြီး သီလ မလုံရင် လူရယ်စရာ ဖြစ်တော့မှာပဲ"

"ဒီကိစ္စတွေ ဘုန်းကြီးကို သွားလျှောက်တင်ပြီး သူ့နာမည်ကို 'သီလမလုံ' လို့ ပြောင်းခိုင်းလိုက်ရင် ကောင်းမယ်"

ကိုဆွေတို့ရဲ့စကားတွေက သူ့ကို ရူးလောက်အောင် နှိပ်စက်ခဲ့သည်။ သူတို့ပါးစပ်ထဲမှာတော့ သီလလုံဟာ အပြစ်ရှိသူ တစ်ယောက်အဖြစ် ရစရာမရှိအောင် စုတ်ပြတ်သတ်သွားခဲ့သည်။

ဒီကြားထဲမှာ ဒီပကလည်း တစ်မျောင့်ပင် ...။

"မင်းက ငါးရံ့နှစ်ကောင် ဖမ်းချင်တာကိုးကွ၊ လှဂုဏ်ကိုးနဲ့ ထိုက်ဆိုတဲ့ ကောင်မလေး ဆိုရင်တော့ တစ်ယောက်က ငါးကြင်းကြီး၊ တစ်ယောက်က ငါးနုသန်းကလေးပေါ့ကွာ၊ ငါးကြင်းက အချိန်စီးတာပဲဟာ၊ ငါးကြင်းပဲ ဖမ်းလိုက်ပါလားကွာ"

ဒီပက သူ့ကို လှောင်ပြောင်ရုံမက ဘုန်းဘုန်းဆီ ပြန်ပြီး တိုင်ပြောမည်ဟု ခြိမ်းခြောက်သေးတာမို့ သူ့ဘက်မှာ ဘယ်သူမှမရှိဘဲ ကူကယ်ရာမဲ့နေခဲ့သည်။

နောက်ဆုံးတော့ သူဟာ အားလုံးအလယ်မှာ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူတစ်ယောက်အဖြစ် ခေါင်းငုံ့နေခဲ့ရသည်။ ထိုက်ကို တစ်ခါ သတိရမိတိုင်း တစ်ခါ ငရဲကျသွားသလို အပြစ်ဖွဲ့စိတ်ဖြစ်ရသည်။ တစ်ခါတစ်ခါ ထိုက်နှင့်အတူ ကစားခဲ့သည့် အကြောင်းတွေကို ပြန်တွေး၍ ရယ်မိတိုင်း ကိုယ့်ပါးစပ် ကိုယ်ပြန်ရိုက်ရင်း နောင်တ အလီလီ ရမိသည်။

နောက်ဆုံးမှာတော့ ထိုက်နဲ့ လုံးဝမပတ်သက်ဖို့ သူဆုံးဖြတ်ချက် ချခဲ့ရသည်။ ထိုက်ရဲ့ နွေးထွေးဖေးမတဲ့ အပြုအမူတွေ၊ ရင်းနှီးခင်မင်တဲ့ စကားတွေကို ခဏခဏ သတိရမိပေမယ့် သူ ထိုက်ကို နောက်တစ်ကြိမ်တွေ့ဖို့ မကြိုးစားတော့ပါ။ ကိုယ့်စိတ်ကို ကိုယ် ကိုးလေးထံမှာသာ နှစ်မြှုပ်ထားကာ၊ ကိုးလေးကိုသာ ချော့မော့ အလျှော့ပေးကာ အရင်ကထက်ပိုပြီး ကြင်နာစွာ ဆက်ဆံမိသည်။ ကိုးလေးကို အမြန်ဆုံး လက်ထပ်လိုက်ခြင်းသည်သာ အပြစ်ကင်းဆုံး လုပ်ရပ်တစ်ခုဟု ဆုံးဖြတ်ကာ သူစုထားသည့် ပိုက်ဆံဖြင့် ကိုးလေးအတွက် လက်ထပ်လက်စွပ် ဝယ်ဖို့ ရွှေပင်းစင်တာသို့ ရောက်လာခဲ့တာဖြစ်ပါသည်။

သီလလုံက ရတနာဆိုင်ရှိရာ အပေါ်ထပ်သို့ စက်လှေကားဖြင့် တက်လာခဲ့သည်။ ထို့နောက် ရတနာဆိုင်ထဲသို့ ဝင်လာခဲ့ကာ ...

"ဟို ... မိန်းမဝတ် လက်စွပ်လေး လိုချင်လို့ ခင်ဗျ"

"ဩော် ... ဟုတ်ကဲ့ ... ကြည့်ပါရှင်၊ စိန်ထဲကလား၊ ရွှေချည်းပဲလား၊ ပုလဲတို့ တခြား ရတနာတို့ထဲက လိုချင်တာလား ..."





"စိန်ထဲက ခင်ဗျ၊ ကျွန်တော်တတ်နိုင်တာတော့ နှစ်သိန်းလောက်ပါပဲ ...၊ တစ်ပွင့်တည်း နည်းနည်းကြီးကြီးထဲက လိုချင်တာပါ၊ ရုပ်ရှင်တွေထဲက လက်ထပ်ခွင့်တောင်းတဲ့ လက်စွပ်ပုံစံမျိုးလေ ..."

"ဩော် ... လက်ထပ်ခွင့်တောင်းဖို့လား၊ နှစ်သိန်းလောက်ဆိုရင်တော့ အဖြူသန့်ထဲက မရနိုင်ဘူးရှင့်၊ ကျင်ဖြူထဲကပဲ ရမယ်၊ ဒီဘက်မှာ ဒီဇိုင်းလှတာလေးတွေ ရှိပါတယ်၊ ကြည့်ပါရှင် ..."

သူက လက်စွပ်တွေ ပြထားသော မှန်ပုံးထဲသို့ ငုံ့ကြည့်ရင်း ချွေးပြန်လာသည်။ သူ့မှာရှိတဲ့ ပိုက်ဆံက ဒါအကုန်ပင်။ ဦးလေး ဦးအောင်ကိုး ပေးတဲ့ ဒရိုင်ဘာ လခတွေနှင့် ဘိုးဘိုးဦးစက်ရောင် ပေးတဲ့ မုန့်ဖိုး နည်းနည်းပါးပါးကို ခြိုးခြိုးခြံခြံ စုထားလို့သာ ဒီလောက်စုမိပေတာပင် ...။

လက်စွပ်တွေကတော့ သိပ်အလှကြီးမဟုတ်၊ တန်ဖိုးကြီးလည်း မဟုတ်တာမို့ ကိုးလေးကြိုက်ပါ့မလားဟု တွေးမိကာ ချွေးတွေပြန်လာရတာပင်။ မကြိုက်လို့ လွှင့်ပစ်ရင်လည်း နမြောစရာ။ အဖိုးမတန်တဲ့ဟာ ဝယ်ပေးရကောင်းလားဟု ဒေါသထွက်ကာ သူ့ကို ရန်ရှာမှာလည်း ကြောက်ရသေးသည်။ ဒီလို သိပ်အဖိုးမတန်တာလေးကို Romantic ဆန်ဆန်လေး ဖန်တီးပြီးပေးရင်တော့ ကိုးလေး ကြည်ကြည်နူးနူးနဲ့ လက်ခံနိုင်မည်ဟု ထင်သည်။

သီလလုံက ဟိုဟာကောင်းနိုး ဒီဟာကောင်းနိုး



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်ရွေးချယ်ရင်း ဘယ်တစ်ခုကိုမှ ဝယ်ဖို့ မဆုံးဖြတ်နိုင်အောင် ဖြစ်နေရပါသည်။

"ဒီမှာရှင့် ... ဒါလေးကြည့်ပါ၊ ဒါက ဒီနေ့မှရောက်တဲ့ ဒီဇိုင်းအသစ်လေးပါ"

ဆိုင်ရှင် အမျိုးသမီးက လက်စွပ်တွေ တစ်ခုပြီးတစ်ခု ထုတ်ကာ မှန်ပုံးပေါ်မှာ တင်ပေးနေသည်။ သူက တစ်ကွင်းကြည့်လိုက်၊ ပြန်ချထားလိုက်ဖြင့် နာရီဝက်လောက် အချိန်ဖြုန်းပြီးမှ ...

"ဒါလေး ယူမယ်ခင်ဗျ၊ ဟို ... ကွင်းလေးကတော့ နည်းနည်းသေးတယ်နော်"

"ဒါ အကြီးဆုံး ကွင်းပါရှင် ..."

"ကျွန်တော့် ချစ်သူလက်က ဒီလောက်နဲ့ မရဘူးခင်ဗျ၊ ဒီလောက်လောက်တော့ ရှိတယ်"

သူက လက်ညှိုးနှင့် လက်မကို မှန်းဆ၍ ဝိုင်းပြလိုက်ပေ့ာ အမျိုးသမီးက အံ့သြသွားကာ ...

"ဟင် ... လက်က ကြီးလှချည်လား၊ ဟုတ်ပါ့မလား"

"အဟဲ ... ကျွန်တော့်ချစ်သူ လက်က ပြည့်ပြည့်ဖောင်းဖောင်းလေးမို့လို့ပါ"

"ဒါဆိုလည်း ကွင်းကို ချဲ့ပေးပါ့မယ်၊ ဪ ... ခဏနော်၊ အော်ဒါ ကွင်းတစ်ကွင်းတော့ ရှိတယ်၊ မှာထားပြီးမှ လာမယူလို့ ကျန်နေတာ၊ ရှင်ကြိုက်ရင် ယူသွားလေ၊ မတော်ရင် ပြန်ယူလာခဲ့ ... ၊ ကွင်းကို ထပ်ချဲ့ပေးမယ်"





အမျိုးသမီး ထုတ်ပြသည့် လက်စွပ်ကွင်းက ပိုကြီးပြီး ဒီဇိုင်းလည်းလှတာမို့ သူက ထိုလက်စွပ်ကိုပဲ ယူရကောင်းနိုး၊ ခုန လက်စွပ်ကိုပဲ ယူရကောင်းနိုးဖြင့် ဝေခွဲရခက်ကာ ချွေးပြန်လာရပြန်သည်။ သူက လက်စွပ်နှစ်ကွင်းကို အပြန်ပြန်အလှန်လှန် ကိုင်ကြည့်ရင်း ချွေးဥတွေ စို့သီးနေဆဲမှာ သူ့မျက်နှာရှေ့သို့ တစ်ရှူး ကိုင်ထားသည့် လက်လေးတစ်ဖက် ရောက်လာကာ ...

"ရော့ ... ချွေးတွေသုတ်ပစ်လိုက်ဦး"

"ဟင် ... ထိုက်"

မထင်မှတ်ဘဲ ထိုက်ကို တွေ့လိုက်ရတာမို့ သူ့ရင်ထဲမှာ လှုပ်ခနဲဖြစ်သွားသည်။ ရင်ခေါင်းထဲမှာ အေးခနဲ စူးခနဲ ဖြစ်လျက် တစ်ကိုယ်လုံး ကြက်သီးအဖြာဖြာ ထသွားသည်။ ထို့နောက် ခန္ဓာကိုယ်တစ်ခုလုံး ထူပူလာကာ ရင်တဒိုင်းဒိုင်း ဆောင့်ခုန်လာလေသည်။

ဒါ ဘယ်လိုဖြစ်ရတာလဲ။ ဒါ ဘယ်လိုခံစားမှုလဲ။ ဒါမျိုး ခံစားမှုကို သူ့ဘဝမှာ တစ်ခါမှ မကြုံခဲ့ ...။ ကိုးလေး လက်ကိုဆွဲ၍ အတူတွဲသွားစဉ်မှာလည်း ဒါမျိုး ခံစားမှုမဖြစ်ခဲ့။ ထိုက်နှင့်ကျမှ မျက်နှာချင်းဆိုင် မြင်တွေ့ရရုံနဲ့ ဒီလိုမျိုး ရင်ထဲမှာ ဝုန်းဒိုင်းကျဲသွားခဲ့ရတာ။ ထိုက်နဲ့ မျက်လုံးချင်းဆုံခိုက်မှာ သွေးလည်ပတ် စီးဆင်းမှုတွေ ပုံမှန်မဟုတ်တော့တာဟာ ဘာ့ကြောင့်များပါလိမ့်။

ထိုက်နဲ့ မတွေ့ရတဲ့ ရက်တွေ ကြာခဲ့ပြီးနောက်၊ လုံးဝ မတွေ့တော့ဘူးဟု ဆုံးဖြတ်ခဲ့ပြီးနောက်၊ မမျှော်လင့်ဘဲပြန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရချိန်မှာ သူ့ရင်ဘတ်ကြီး တစ်ခုလုံး ဖြောင်းဆန်အောင် လှုပ်ရှားသွားခဲ့ရသည်။

သို့သော် ... သူ စိတ်ကိုထိန်းရမည်။ ထိုက်နဲ့ သီလလုံဆိုတာ ဘာမှမဆိုင်၊ တွေ့တာလည်း မကြာသေး။ ကိုးလေးနဲ့က တွေ့တာကြာခဲ့ပြီ ...။ ဟိုးငယ်ငယ်လေးကတည်းက ကိုးလေးနဲ့ ဆုံခဲ့ရတာ ...။ ခုလည်း ချစ်သူအဖြစ် တွဲနေတာ နှစ်ချီကြာခဲ့ပြီ။ ခုဆို လက်ထပ်ဖို့တောင် ဆုံးဖြတ်ပြီးလို့ လက်ထပ်လက်စွပ်တောင် လာဝယ်နေပြီပဲ ...။

"ရော့ ... ယူပါ လုံရဲ့၊ ဒီတစ်ရှူးနဲ့ ရှင့်မျက်နှာက ချွေးတွေကို သုတ်လိုက်ပါဦး၊ တကတည်း အဲကွန်းတွေဖွင့်ထားတဲ့ ရှော့ပင်းစင်တာထဲမှာ ချွေးတွေ ပြိုက်ပြိုက်ကျနေလိုက်တာ"

ထိုက်က တစ်ရှူးစလေးကို လှမ်းပေးနေသည်။ သူက မျက်နှာထား ခပ်တည်တည်ဖြင့် ခေါင်းခါလိုက်ရင်း ...

"နေပါစေ ... ရပါတယ်၊ မယူတော့ဘူး"

ဟု ဖြေလိုက်သည်။ ထိုက်နဲ့ မပတ်သက်ချင်။

"ဟောတော် ... ဒါလေးယူပြီး သုတ်လိုက်ရတာ ဘာအပမ်းကြီးလို့လဲ၊ ချွေးတွေဖြင့် မြင်မကောင်းအောင် ထွက်နေပြီးတော့ ..."

"ရပါတယ်၊ လက်နဲ့ပဲ သုတ်လိုက်မယ် ..."

သီလလုံက နဖူးက ချွေးကို အင်္ကျီလက်ဖြင့် ပွတ်သုတ်လိုက်သည်။





ထိုက်ကတော့ သီလလုံရဲ့ အပြုအမူတွေဟာ ထူးဆန်းနေသလိုပဲဟု ထင်မိသည်။ သူ့ပုံစံက ခပ်စိမ်းစိမ်း။ တစ်ရှူးလေး တစ်စကို ယူဖို့ အားနာနေတာတော့ မဟုတ်နိုင်။ ထိုက်ဆီက ဘာမှမယူချင်တာ။ ထိုက်နဲ့ မပတ်သက်ချင်ပါဆိုသော ပုံစံမျိုး ...။

ဒီရှော့ပင်းစင်တာထဲကို ထိုက်တို့ သူငယ်ချင်းတွေ ဝင်လာကတည်းက သူ့ကို လှမ်းမြင်ခဲ့ကြတာပင်။ နီလာက အရင်မြင်ကာ ...

"ဟဲ့ ... ဟဲ့ ... ထိုက်၊ ဟိုမှာကြည့်စမ်း ... သီလလုံ မဟုတ်လား၊ ခေါင်းကြီးငိုက်စိုက်ချပြီး စက်လှေကားပေါ် တက်သွားတာ"

"ဟယ် ... ဟုတ်ပါရဲ့၊ မျက်နှာလေးတောင် ငယ်နေတယ်"

"လှုဂုဏ်ကိုး ဘာနိပ်စက်လိုက်ပြန်ပြီလဲမှ မသိတာ ..."

မလှုပ်မယှက်နှင့် ခေါင်းငိုက်စိုက်ချကာ စက်လှေကားပေါ်မှာ တရွေ့ရွေ့ပါသွားသည့် သီလလုံကို လှမ်းမျှော်ကြည့်ရင်း ထိုက်စိတ်ထဲ ထင့်ခနဲ ဖြစ်သွားခဲ့ရသည်။ သူ့ပုံစံဟာ မလာချင်တဲ့နေရာကို လာကာ မလုပ်ချင်တဲ့ အလုပ်ကို လုပ်ရမည့်ပုံမျိုး။

"ဟဲ့ ... နင်တို့ ဝယ်စရာရှိတာ ဝယ်နှင့်ကြ၊ ငါ သူ့နောက် လိုက်ကြည့်လိုက်ဦးမယ်"

ထိုက်က သူငယ်ချင်းတွေကို ခွင့်တောင်းကာ သူ့နောက်သို့ လိုက်လာခဲ့မိတာပင် ...။ ရတနာဆိုင်ထဲမှာ စိတ်ကျဉ်းကြပ် အခက်တွေ့နေပုံနှင့် ချွေးတွေစို့သီးနေသော သူ့ကို ဖေးမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြင့် ချွေးသုတ်ဖို့ တစ်ရှူးထုတ်ပေးမိတာပင်။ သို့သော် သူက ထိုက်ကို မြင်မြင်ချင်း မျက်လုံးကြီးပြူးဝိုင်းလည်နေကာ ခပ်စိမ်းစိမ်း အချိုးချိုးလိုက်သည်။ အင်း ... အကြောင်းတစ်ခုခုတော့ ရှိမှာပဲ။

ထိုက်က မှန်ပုံးပေါ်တင်ထားတဲ့ လက်စွပ်တွေကို လှမ်းကြည့်လိုက်ရင်း ...

"လုံ ... လက်စွပ်လာဝယ်လာတာ၊ လုံ ဝတ်ဖို့လား"

"မဟုတ်ဘူးဗျ၊ ကိုးလေးကိုပေးဖို့ လက်ထပ်လက်စွပ် လာဝယ်တာ"

"ဩော် ..."

ထိုက် အံ့သြရပါသည်။ ရင်နင့်ရပါသည်။ သူ လှဂုဏ်ကိုးကို လက်ထပ်တော့မယ်ပေါ့ ...။ ဦးနှောက်နည်းလှချည်လား လုံရယ်ဟု စိတ်မကောင်းစွာ အပြစ်တင်ချင်သော်လည်း ထိုက်မှာ အဲ့ဒီလောက် ပြောခွင့်မှမရှိဘဲ ...။

လှဂုဏ်ကိုးနဲ့သာ သူ လက်ထပ်လိုက်ရင် သူ့ဘဝကြီး တစ်ခုလုံး အမှောင်ဖုံးကာ လူဖြစ်ကျိုး ရှုံးရတော့မှာကို သူ မစဉ်းစားမိဘူးလား ...။ လုံရယ် ... ရှင်ဟာ လှဂုဏ်ကိုးနဲ့ ဘယ်လိုမှ မလိုက်ဖက်ပါဘူး။ ကျေးဇူးတရားတို့ အားနာစိတ်တို့ကို ခဏဖယ်ထားပြီး ယောကျ်ားတစ်ယောက်ရဲ့ ဖြစ်တည်မှုတစ်ခုကိုပဲ ဗဟိုပြု စဉ်းစားစမ်းပါဦးတော့ လုံရယ် ...၊ ရှင် ဘာဖြစ်လို့ ဒီလိုကြီး ဆုံးဖြတ်လိုက်ရတာလဲ။





ထိုက်သည် သူ့ဆုံးဖြတ်ချက်အတွက် ယူကြုံးမရ ခံစားသွားရသည်။ တွေ့တာ မကြာသေးတဲ့ သူ့အတွက် ထိုက်က ဘာလို့ ဒီလောက် ခံစားပေးမိရပါသလဲ ...။ အချိန်တိုအတွင်း ဖြစ်လာခဲ့ရတဲ့ သနား ကြင်နာစိတ်၊ ခင်မင်ရင်းနှီးစိတ်တွေဟာ ဘာ့ကြောင့် ဒီလောက်ကြီးထွားလာခဲ့ရပါသလဲ။ သူနဲ့အတူ ကစားကွင်းမှာ ကစားခဲ့တဲ့ နေ့လေးတစ်နေ့ကို ပြန်တွေးတိုင်း ထိုက်ရင်ထဲမှာ နွေးထွေးနေတတ်တာ။ လှဂုဏ်ကိုး လာသောင်းကျန်းတဲ့ အဖြစ်အပျက်ကိုတောင် သတိမရတော့ဘဲ ပျော်ရွှင်နေမိတတ်တာ။

ထိုက်က သက်ပြင်းကလေး အသာချကာ သူ့မျက်လုံးတွေထဲကို စိုက်ကြည့်လိုက်ရင်း ...

"လုံ ..."

"ဗျာ ..."

"ရှင် လှဂုဏ်ကိုးနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်ကဲ့၊ အသေအချာ ဆုံးဖြတ်ပြီးပါပြီ"

"လှဂုဏ်ကိုးကို ချစ်တယ်ပေါ့ ..."

"ချစ်တာပေါ့၊ သူက ကျွန်တော့် ချစ်သူပဲဟာ၊ သူ့ကိုချစ်လို့လည်း လက်ထပ်ဖို့ ဆုံးဖြတ်ပြီး လက်စွပ်တောင် လာဝယ်နေမှပဲဟာ ..."

ပြောပုံက အိုဗာဖြစ်လွန်းသည်။ ရုပ်ရှင်တွေထဲက အတိုင်းပဲ။ စိတ်ထဲက မပါတာကို ဖုံးကွယ်သွားအောင် ပိုပိုသာသာ ပြောနေပုံမျိုးလေ ...။ ကိုယ့်အတွင်းစိတ်အမှန်ကို ဖုံးကွယ်ပြီး ရိုးသားချင်ယောင် ဆောင်နေပုံမျိုးလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးလေးကို လက်ဖွဲ့ပေးရင် ရုပ်ရှင်တွေထဲကလို ကော်ဖီဆိုင် လှလှလေးမှာ ပေးချင်ပေမယ့် ကျွန်တော်က တောသားဆိုတော့ အဲ့ဒီလို Romantic ဖြစ်တဲ့ ဆိုင်နေရာတွေကို မသိဘူးဖြစ်နေတာ၊ ထိုက် သိထားတာရှိရင် လမ်းညွှန်ပါလားဗျာ"

ထိုက်က စိတ်တိုလာသော်လည်း စိတ်ကိုထိန်းကာ

"ကမ္ဘာအေးဘုရားလမ်းနဲ့ နီးတဲ့ ကန်တော်ကြီးပန်းခြံထောင့်မှာ Signature Garden ရှိတယ်၊ အဲ့ဒီဆိုင်လေးဆို မဆိုးပါဘူး"

"ကျေးဇူးပါပဲဗျာ၊ အဲ့ဒါဆို အဲ့ဒီဆိုင်လေးမှာပဲ ပေးလိုက်တော့မယ်၊ အင်း ... ဒါပေမယ့် Romantic ဆန်ဆန်လေး ဘယ်လိုပေးရင် ကောင်းမလဲလို့ စဉ်းစားမရဘူး ဖြစ်နေတယ်၊ ထိုက် ကျွန်တော့်ကို အကြံဉာဏ်လေး ဘာလေး ပေးပါဦးဗျာ ..."

"ရှင်က ကိုရီးယားစတိုင်လ် ချိုးချင်နေတာလား၊ နည်းလမ်းတွေကတော့ အများကြီးပဲလေ၊ သူ့ရှေ့မှာ ဒူးထောက်ပြီး ပေးမလား၊ နှင်းဆီပန်းထဲ ထည့်ပေးမလား၊ ရေခဲမုန့်တွေ၊ ကိတ်မုန့်တွေထဲ ထည့်ပေးမလား၊ အဲ့ဒီထဲက ရှင့်ဘာသာ ကြိုက်ရာရွေးပြီး ပေးလိုက်ပေါ့၊ ပေးတဲ့အချိန်က ညနေခင်းလေးဖြစ်ရင် ပိုပြီး Romantic ဖြစ်တာပေါ့"

"ခုလို အကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"





"မလိုပါဘူး၊ အတွေ့အထူး ခေါင်းစားပြီး ပေးတဲ့အကြံမှ မဟုတ်တာ၊ ဒီအတိုင်း ပေါ့ပေါ့ပါးပါးလေးပဲ ပြောလိုက်တာပါ၊ ရှင်တို့ရဲ့ မင်္ဂလာသတင်းအတွက် ကွန်ဂရက်ကျူးလိတ်ရှင်းပါ လုံ၊ ထိုက် သွားလိုက်ပါဦးမယ်"

"သြော် ... ဟုတ်ကဲ့ပါ ခင်ဗျ၊ မင်္ဂလာဆောင်ရင် ဖိတ်လိုက်မယ်နော်"

"ဖိတ်လိုက်လေ ...၊ လက်ဖွဲ့အကြီးကြီးနဲ့ ဆက်ဆက်ကြီး လာခဲ့မယ်"

ထိုက်သည် လုံ့ကိုငေါ့ပြောပြီး ဆိုင်ထဲမှ ထွက်လာသည်။ စိတ်ထဲမှာ ဒေါသတွေလှည်း အကြီးကြီးထနေကာ လုံ့ကို အသည်းယားနေသည်။ ဒင်း အူကြောင်ကြောင်နဲ့ အိုဗာတွေ ပြောနေ လုပ်နေပုံကို မုန်းရလည်းအခက် ...။

"ဟဲ့ ... ဟဲ့ ... ထိုက်၊ ပြန်တော့မလို့လား၊ နေဦးလေ၊ ငါတို့ ဈေးဝယ်လို့မှ မပြီးသေးတာ၊ စောင့်ဦးမှပေါ့ ..."

သူငယ်ချင်းတွေက ထိုက်ကို လှမ်းမြင်ကာ ပြေးလိုက်လာကြသည်။ ထိုက်ကတော့ ထွက်ပေါက်သို့ လျှောက်ထွက်လာရင်း ...

"ရူးနေပြီ၊ ဒင်း ရူးနေပြီ၊ ဦးနှောက်ပျက်နေပြီ ..."

ဟု စိတ်လိုက်မာန်ပါ ရေရွတ်လာပါသည်။

"ဟဲ့ ... ဘာဖြစ်လာတာလဲ၊ သီလလုံနဲ့တွေ့ခဲ့လား ..."

"အလကားပဲ၊ အဲ့ဒီကောင် အလကားကောင်၊ ဒင်းမှာ ဒါလည်း မရှိဘူး၊ ဒါလည်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က ကိုယ့်ရဲ့ ဘယ်ဘတ်ရင်အုံနှင့် ခေါင်းကို လက်ညှိုးနှင့်ထောက်ကာ လက်ခါပြရင်း မဲ့ရွဲ့ပြောဆို ရေရွတ်လာသည်။

ထိုက်သူငယ်ချင်းတွေကလည်း ထိုက်နှင့်အတူ ပြန်ထွက်လာကြရင်း ...

"ဟဲ့ ... ဘာဖြစ်တာလဲ၊ ပြောဦးမှပေါ့"

"ဟိုကောင်လေ ... သီလလုံပေါ့၊ လှုဂုဏ်ကိုးကို လက်ထပ်ခွင့်တောင်းမလို့တဲ့၊ လက်စွပ်လာဝယ်နေတာ"

"ဟယ် ... တကယ် ..."

"ဟုတ်ပါ့ ... ဟုတ်ပါ့ ..."

"ဒုက္ခပါပဲဟယ်၊ ဒီသီလလုံ တစ်ယောက်ဟာ ကိုယ့်ဘောကိုယ်မသိဘူးလား၊ ဒါကြီးကို ဘယ်လိုဖီလင်နဲ့ လက်ထပ်မှာလဲ ..."

"ချစ်လို့တဲ့ဟေ့ ... ချစ်လို့တဲ့ ..."

"သီလလုံက ငကြောင်ဟ၊ ချစ်တယ်ဆိုတာ ဘာမှန်းသိတဲ့ကောင်မှ မဟုတ်တာ"

"အဲ့ဒါကြောင့် ရူးနေတယ်လို့ ပြောတာပေါ့၊ အလကားကောင်၊ အရူးကောင်၊ ဦးနှောက်ပျက်၊ ကျပ်မပြည့်၊ ပြားကိုးဆယ်၊ ဉာဏ်ရည်မမီ ..."

"ဩော် ... နင်လည်း တော်တော် ခံစားနေရတာကိုး"

"ဘာ ..."





ထိုက်က လှမ်းလက်စ ခြေလှမ်းကို တုံ့၍ ဖူးသစ်ကို ချာခနဲ လှည့်ကြည့်လိုက်သည်။ ဖူးသစ်က ထိုက်ကို ခပ်တည်တည် စိုက်ကြည့်ရင်း ...

"ဒီကိစ္စအတွက် နင့်ခံစားချက်က သိပ်မပြင်းထန်လွန်းဘူးလား"

ထိုက်က ကြောင်အအလေးဖြစ်ကာ ငြိမ်သွားသည်။

"ငါမေးမယ်၊ အမှန်အတိုင်းဖြေ၊ နင် အခု ဘယ်လိုခံစားနေရတာလဲ ..."

ထိုက်က ချက်ချင်း မဖြေဘဲ ငူငူကြီးရပ်နေပြီးမှ ရင်ညွန့်နေရာလေးကို လက်ညှိုးဖြင့် ထောက်ထားလိုက်ရင်း ...

"ဒီနေရာလေးက တလှပ်လှပ်နဲ့ ရူးပြီး ပူနေတယ်ဟာ"

o o o



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

Signature Garden ထဲက စီတန်းနေသည့် ခုံလေးတွေမှာ လှဂုဏ်ကိုးနှင့်အတူ မျက်နှာချင်းဆိုင် ထိုင်နေသော သီလလုံသည် လှဂုဏ်ကိုးရှေ့မှာ ချထားသည့် ကိတ်မုန့်တုံးကလေးကို စိုက်ကြည့်ရင်း ရင်တထိတ်ထိတ် ဖြစ်နေပါသည်။

အဲဒီ ကိတ်မုန့်တုံးလေးထဲမှာ လက်စွပ်ကလေး မြှုပ်ပေးလိုက်ဖို့ ဆိုင်က စားပွဲထိုးလေးကို သူ သေသေချာချာ မှာထားခဲ့သည်။ သုံးမြှောင့်ပုံ လှီးထားသော ကိတ်မုန့်တုံးကလေးပေါ်မှာ မက်မွန်သီးလေး တစ်လုံး တင်ထားသည့် ပန်းနုရောင် စထရော်ဘယ်ရီကိတ် လှလှလေးကို စားပွဲထိုးက ကိုးလေးရှေ့မှာ ချပေးသွားသည်။

ကိုးလေးက မျက်ခုံးလေးတွန့်ကာ ကိတ်မုန့်တုံးလေးကို ငုံ့ကြည့်ရင်း ...

"ဒါက ဘာလုပ်တာလဲ"

"ကိုးလေး စားဖို့လေ၊ မောင် မှာထားတာ"





"ကိတ်မုန့်လေးကဖြင့် သေးသေးလေးရယ်၊ ဒါလေးနဲ့ ဘယ်ဝမလဲ၊ ကိုးလေးကို အရမ်း ထူးဆန်းတာ တစ်ခု ပြမယ်ဆိုတာ ဒီကိတ်မုန့်လား ..."

"ဆိုပါတော့ ..."

"ကိတ်မုန့်က ဘာဆန်းလို့လဲ"

"စားကြည့်ရင် ဆန်းတာတွေ့ရမှာပေါ့ ကိုးလေးရယ်"

ကိုးလေး စားဖြစ်ဖို့သာ အရေးကြီးတာမို့ သူက တိုက်တွန်းလိုက်မိသည်။ ကိတ်မုန့်ကို ဇွန်းလေးနဲ့ခပ်စားရင်း ပါးစပ်ထဲမှာ လက်စွပ်လေးကို ငုံမိသွားပြီး လက်စွပ်လေးကို ပါးစပ်ထဲမှ ထုတ်၍ အံ့ဩပျော်ရွှင်သွားသော ကိုရီးယား ရုပ်ရှင်ဇာတ်ဝင်ခန်းမျိုးကို သူကြည့်ဖူးသည်။ ထိုက် ပြောသွားသည့် နည်းလမ်းတွေထဲမှာ ဒီနည်းလမ်းလည်းပါသည်။ ဒီနည်းလမ်းလေးကြောင့် ကိုးလေး ပျော်ရွှင်ရလျှင် လက်စွပ်ရဲ့ တန်ဖိုးနည်းမှုကို မေ့လျော့သွားမည်ဟုလည်း ထင်သည်။

"စားကြည့်နော် ကိုးလေး ..."

သူက ကိတ်မုန့်ပန်းကန်လေးကို သူမဘက်သို့ တွန်းရွှေ့ပေးလိုက်သည်။ သူမက ဇွန်းကို ဇွပ်ခနဲ ကောက်ကိုင်ကာ ...

"ဟွန့် ... သူ့ကိတ်မုန့်ကဖြင့် တစ်လုတ်စာပဲ ရှိတဲ့ဟာ"

ဟုပြောရင်း ကိတ်မုန့် တစ်ဝက်လောက်ကို ဇွန်းဖြင့် ကော်ကာ ပလုတ်ပလောင်း စားသုံးဝါးမျိုလိုက်လေသည်။ သူက ရင်ထိတ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အဲ့လို မစားနဲ့လေ၊ ဖြည်းဖြည်း … ဖြည်းဖြည်း"

ဟု သတိပေးနေဆဲမှာ သူမထံမှ ပျို့သံထွက်လာလျက် မျက်လုံးပြူးကျယ်ကာ ရင်ဝကို လက်သီးဆုပ်ဖြင့် တဘုတ်ဘုတ် ထုနေသည်။

"အု … အု …"

"ဟင် … ကိုးလေး၊ ဘာ … ဘာဖြစ်"

"လည်ချောင်းထဲမှာ နင် … နင်၊ နင်နေတယ်၊ ကိတ်မုန့်ထဲမှာ ဘာပါလဲ …"

"ဟာ … လက်စွပ် … လက်စွပ်"

"ဟင် … ဘာလက်စွပ်လဲ"

"ကိုးလေးကို လက်ထပ်ခွင့်တောင်းဖို့ လက်စွပ် …"

"ဟင် … လက်စွပ်ကို ဒီလိုပေးစရာလား၊ ရူးနေလား၊ အေ့ အု … အု … အစ် … ဝေါ့ …"

"ဟာ … ဒုက္ခပဲ"

"အု၊ ဗိုက် … ဗိုက်ထဲကျသွားရင် နင့်ကို ငါသတ်မယ်၊ အေ့ … ဝေါ့ …"

"ဟာ … လုပ်ပါဦး၊ လုပ်ကြပါဦး၊ ဒီမှာ လည်ပင်းထဲမှာ လက်စွပ်တစ်နေလို့ သေပါတော့မယ်ဗျာ …"

"ဟေ့လူ … ထမ်းပြေး … ထမ်းပြေး၊ ခင်ဗျား ပခုံးပေါ် မှောက်ခုံတင်ပြီး ထမ်းပြေးရင် သူ့အလိုလို ထွက်ကျလာလိမ့်မယ်"

"ဗျာ၊ ဟုတ်ကဲ့ … ဟုတ်ကဲ့"





လူတစ်ယောက်က လှမ်းအကြံပေးလိုက်တာမို့ သီလလုံက ကိုးလေးရဲ့ ကိုယ်လုံးကို မနိုင်ရင်ကာ မ၏။ သို့သော် မလို့မရဘဲ အီးအီးအဲအဲ ဖြစ်နေရာ တခြားလူများပါ ဝိုင်းလာကြပြီး သုံးလေးယောက် ပြိုင်တူ ဝင်မပြီး မှောက်ခုံထမ်းကာ ပြေးတော့မှ လှဂုဏ်ကိုး၏ ပါးစပ်မှ အွပ်ခနဲ အသံထွက်လျက် လည်ချောင်းဝမှာ တစ်နေသော လက်စွပ်က ထွက်ကျလာလေသည်။

"ဟာ … ထွက်ကျလာပြီ၊ ထွက်ကျလာပြီ …"

"အမလေး … တော်ပါသေးရဲ့၊ ကျုပ်လည်း ခါးကျိုးတော့မယ်"

"ကြုံကြုံဖန်ဖန် လက်စွပ်ကို မုန့်ထဲထည့်ပေးရတယ်လို့ဗျာ"

ဝိုင်းကူကြသူတွေက လှဂုဏ်ကိုးကို မြေပေါ်ပြန်ချပေးလိုက်ပြီး ရေရွတ်ပြောဆိုကာ သီလလုံအနီးမှ ထွက်ခွာသွားကြသည်။

လှဂုဏ်ကိုးကတော့ သီလလုံကို စားတော့ ဝါးတော့မလို စိုက်ကြည့်ရင်း ဒေါသတကြီး အော်လိုက်သည်။

"နင်ရူးနေလား၊ နင် ဘာအရူးထပြီး ဒီလိုလုပ်တာလဲဟဲ့"

"ဟို … ရီ … ရီမန်တစ်"

"ဘာရီမန်တစ်လဲ၊ လက်စွပ်တစ်ဟဲ့ လက်စွပ်တစ်နေတာ၊ လက်စွပ်သာ ဗိုက်ထဲရောက်သွားရင် ငါဘာဖြစ်သွားမလဲ မသိဘူး အရူးရဲ့"

လှဂုဏ်ကိုးက ပြောပြောဆိုဆို လက်စွပ်ကို ဆတ်ခနဲ ကောက်ယူကြည့်လိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ကြည့်စမ်း ... ဒါ ဘာလက်စွပ်လဲ"

"စိန်၊ စိန်ပါ"

"စိန် ...၊ ဘာစိန်လဲ၊ ဒီလို စိန်မျိုးကို ငါက ပုလင်းကွဲ သာသာပဲ သဘောထားတာ၊ ငါက စိန်ဆို ဖြူနေ သန့်နေမှ၊ ပထမတန်းစား စိန်မှ ဝတ်တာဟဲ့ ...၊ ဒီလို ပုလင်းကွဲ သာသာ စိန်မျိုးနဲ့ ငါ့ကို လက်ထပ်ခွင့်တောင်းလို့ ရမလားဟဲ့ တော်းရဲ့ ... ကဲ ..."

"ဟာ ..."

လှဂုဏ်ကိုးက လက်စွပ်ကို လွှင့်ပစ်လိုက်တာမို့ သီလလုံက တုန်ချိနေအောင် နှမြောသွားကာ ...

"ကိုးလေးရာ ဘာလို့ လွှင့်ပစ်လိုက်ရတာလဲကွာ၊ မောင်စုထားတဲ့ ရှိစုမဲ့စု ပိုက်ဆံလေး နှစ်သိန်းနဲ့ ဝယ်ထားရတာပါကွာ"

"ဘာ၊ နှစ်သိန်း ... ဟုတ်လား၊ ငါက သိန်းနှစ်ဆယ်တန်လောက်မှ ဝတ်တာဟဲ့၊ ဒါမျိုးကို ဝယ်ပေးစရာလားဟဲ့၊ ကဲ ... ကဲ ..."

"ဟာ ... ဟာ ... မလုပ်၊ မလုပ်ပါနဲ့ကွာ"

လှဂုဏ်ကိုးက သီလလုံထံသို့ တစ်ရှိန်ထိုး ပြေးသွားကာ သီလလုံ၏ ခေါင်းကိုထု၏။ ရင်ဘတ်ကို ထု၏။ ကျောကုန်းကို ထု၏။ လက်တွေကိုလည်း တဖျန်းဖျန်း ရိုက်ပစ်လိုက်ပြီးမှ သူ့ကို ဆောင့်တွန်းပစ်ခဲ့ပြီး ချာခနဲ လှည့်ထွက်သွားလေသည်။





သီလလုံကတော့ ထုပ္ပ နာကျင်နေသော ခေါင်းကို ပွတ်သပ်ရင်း မျက်ဝန်းထဲမှာ မျက်ရည်တွေ ရစ်လည်လာရပါသည်။

စိတ်ကောင်းမွေးခဲ့ပါလျက်နဲ့၊ ကောင်းတာတွေပဲ လုပ်ခဲ့ပါလျက်နဲ့ အစစအရာရာ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ပါလျက်နဲ့ ဘာ့ကြောင့်များ နာကျင်စရာတွေနဲ့ပဲ ကြုံရပါသလဲ ...။

ဘုန်းဘုန်းဘုရား ... ဘုန်းဘုန်း ဆုံးမခဲ့ဖူးတဲ့ 'ကိုယ့်စေတနာ ကိုယ်အကျိုးပေးတယ်ကွယ့်၊ ကိုယ်ပြုတဲ့ကံဟာ ကိုယ့်ဆီပဲ ပြန်လာတယ်' ဆိုတဲ့ အဆုံးအမဟာ တပည့်တော်နဲ့ကျမှ ဘာ့ကြောင့် တလွဲကြီးဖြစ်နေရတယ်ဆိုတာ သိချင်လှပါတယ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

"ဦးနှောက်ပျက်နေတဲ့ ပြားကိုးဆယ်တို့ကတော့ ခုလောက်ဆို လှဂုဏ်ကိုးရှေ့မှာ ဒူးထောက်ပြီး လက်ထပ်ခွင့် တောင်းနေပြီပေါ့ ..."

ထိုက်သည် ကန်တော်ကြီးထဲက လူရှင်းသည့်ခုံတန်းလေးပေါ်မှာ တစ်ယောက်တည်း ထိုင်ရင်း ပါးစပ်ကနေ တဗျစ်တောက်တောက် ရေရွတ်နေမိပါသည်။

မနေ့က လက်စွပ်ဝယ်သွားတာမို့ ဒီနေ့လောက်ဆို လက်စွပ်ပေးဖြစ်ပြီ ...။ ထိုက် ပေးတဲ့ အကြံဉာဏ်အတိုင်း လိုက်လုပ်ရင်တော့ ခုလိုညနေခင်းလေးမှာ သူတို့ Signature Garden မှာ အတူထိုင်နေကြပြီပေါ့ဟု တွေးလိုက်မိတိုင်း စိတ်ထဲမှာ အသည်းတယားယား ဖြစ်ရလွန်းတာမို့ ထိုက်က Signature Garden နှင့် မဝေးလှသော နေရာလေးက ခုံတန်းလေးမှာ လာထိုင်နေခဲ့မိတာပင် ...။





"ကိုယ့်ဘောမှ ကိုယ်မသိရင် ခံပေါ့ ...၊ လှဂုဏ်ကိုးနဲ့ လက်ထပ်ပြီး တစ်သက်လုံး အနှိပ်စက်ခံဘဝနဲ့ နေတော့ပေါ့ ..."

ထိုက်က ရေရွတ်နေရင်းကပင် ဆတ်ခနဲ ထရပ်ကာ

"ငါ အချိန်မီ သွားတားရင် ကောင်းမလား"

"ဟာ ... ဒီလိုလည်း မဖြစ်သေးပါဘူး၊ ငါနဲ့ ဘာဆိုင်လို့လဲ၊ သူ့ပါးစပ်က လှဂုဏ်ကိုးကို ချစ်ပါတယ်လို့ ပြောထားပြီးသားပဲဟာ ..."

ထိုက်က ခေါင်းကိုကုပ်ဖွရင်း ထိုင်ခုံမှာ အရုပ်ကြိုးပြတ် ပြန်ထိုင်ချလိုက်ရင်း ...

"နေစမ်းပါဦး ... ဒါ အမှန်ရော ဟုတ်ပါ့မလား၊ ဖြောင့်မတ်မှုတတဲ့ သူတော်ကောင်းကြီး ဖြစ်ချင်လို့ သူ့ကိုယ်သူ ညာနေတာရော မဖြစ်နိုင်ဘူးလား၊ အချစ်ဆိုတာ ဘာလဲဆိုတာရော သူက သေသေချာချာ သိလို့လား၊ စိတ်ရှုပ်လိုက်တာ လုံရာ၊ ရှင့်ကြောင့် တကယ် ဦးနှောက်ခြောက်ရတယ်ဟာ ..."

ထိုက်က ပါးစပ်က တတွတ်တွတ် ရေရွတ်နေမိဆဲမှာပဲ ခပ်ဝေးဝေးက လျှောက်လာနေသော လုံ့ကို လှမ်းမြင်လိုက်ရလေသည်။

"လုံ ...၊ ဟယ် ... ဟုတ်ပါ့၊ ဒါ ... လုံပဲ"

ထိုက်က ခုချိန်မှာ တစ်ယောက်တည်း တွေ့လိုက်ရသော သူ့ကို ကြည့်ရင်း ရင်ထိတ်သွားမိသည်။ ဘာတွေ မပြေ



www.burmeseclassic.com

www.burmeseclassic.com



မလည် ဖြစ်လာသလဲတော့ မသိ။ ဘေးဘီကို လုံးဝမကြည့်ဘဲ ခေါင်းငိုက်စိုက်ချကာ တရွေ့ရွေ့ လျှောက်လာနေပါသည်။

ရွှေပင်းစင်တာမှာ ထိုက်နဲ့ သူနဲ့ တွေ့ကြတဲ့နေ့က ခပ်စိမ်းစိမ်း စကားတွေ ပြောဖြစ်ခဲ့ကြပေမယ့် လုံ့ကို ခုလို စိတ်မာတက်ကျနေပုံနှင့် တွေ့လိုက်ရတော့လည်း သနားရင်နင့်ရကာ စိတ်ထဲမှာ အညှိုးအတေးတွေ မရှိတော့ဘဲ ပြန်ပြီး ရင်းနှီးလာသည်။

ထိုက်က ထိုင်ရာမှ ထကာ သူ့ရှေ့နားမှာ ရပ်လိုက်ရင်း ...

"ဟိတ် ... လုံ"

"ဟာင် ... ထိုက်"

"အမလေးဟယ် ... လျှောက်လာတဲ့ ပုံက ဘုန်းကြီး ဆွမ်းခံကြွလာတဲ့ အတိုင်းပါပဲလား၊ ဘယ်မှာ ဘာဖြစ်ပြီး ပြန်လာတာလဲ၊ ကဲ ... ကဲ ... လာ၊ ဒီမှာထိုင်ပြီး ဖြည်းဖြည်းပြော"

ထိုက်ခေါ်တော့မှ သူက ခုံတန်းအစွန်မှာ ဝင်ထိုင်လိုက်သည်။ ကြေကွဲ ညှိုးလျော်နေသော သူ့မျက်နှာကို ကြည့်ရင်း ထိုက်ပါ ဝမ်းနည်းသလို ခံစားလာရသည်။

သူက စကားတစ်ခွန်းမှ မဟဘဲ အကြာကြီး ငြိမ်ထိုင်နေတာမို့ ထိုက်က အလိုက်တသိဖြင့် ...

"ကဲ ... ကဲ ... မပြောလည်း နေတော့၊ သူများတကာ ကိုယ်ရေးကိုယ်တာတွေကို မသိချင်တော့ပါဘူး၊ ကဲ ... ခုချိန်ကစပြီး ပေါ့ပေါ့ပါးပါး အင်တာဗျူး မေးခွန်းလေးတွေပဲ မေးပါတော့မယ်ရှင်၊ ကျေးဇူးပြုပြီး ဖြေကြားပေးပါရှင်"





ထိုက်က ညာလက်သီးကို ဆုပ်ကာ မိုက်ခွက်လို လုပ်၍ သူ့ပါးစပ်နားသို့ ကပ်ထားလိုက်ရင်း ...

"ကျွန်မက စပ်စုစိန် မဂ္ဂဇင်းကပါရှင်၊ ဟောဒီက ကိုသိလလုံ့ရဲ့ အကြိုက်ဆုံး အစားအစာလေးကို ပြောပြပေးပါရှင်"

ထိုက်က ပြောင်လုပ်နေတာမို့ လုံ့မျက်နှာက ကြည်လင်လာကာ ...

"ထမင်းနဲ့ ဘယာကြော်"

"သြော် ... ဟုတ်ပြီ၊ အကောင်းစားမှ ကြိုက်တာကိုး"

"ကျွန်တော့်အတွက်တော့ အကောင်းစားပါပဲ"

"သြော် ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ နောက်တစ်ခု မေးပါ့မယ်၊ ရှင့်ဘဝမှာ နေလို့ အပျော်ဆုံးနေရာ ..."

"ရွာက ဘုန်းကြီးကျောင်း"

သူ့ခံစားချက်ကို သဘောပေါက်ကာ ထိုက်ရင်ထဲမှာ နည်းနည်း နင့်သွားသော်လည်း ဟန်မပျက် ဆက်မေးရသည်။

"ရှင့်ဘဝမှာ လက်ကိုင်ထားတဲ့ ဆောင်ပုဒ် ..."

"ကိုယ်ပြုသောကံ၊ ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာမည်"

"ရှင် အမြဲအမှတ်ရနေတဲ့ စကားတစ်ခွန်း"

"သူတစ်ပါးကျေးဇူးကို ဘယ်တော့မှ မေ့မပစ်နဲ့"

"ခုတလော အမှတ်ရနေတဲ့ စကားတစ်ခွန်း"

"ရှင် လုဂုဏ်ကိုးကို ချစ်သူလိုချစ်တာမှ ဟုတ်ရဲ့လား"

သူက ထိုက် ပြောခဲ့ဖူးသည့် စကားကို ခပ်တိုးတိုး ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က သက်ပြင်းခိုးလေးချမိကာ ဆက်မေးမိသည်။

"ခုတလော ရှင် ခံစားမိနေတဲ့ ခံစားမှုတစ်ခု ..."

"ထိုက်နဲ့တွေ့ရင် စိတ်ချမ်းသာတယ်"

လုံက တိုးဖွဖွ ပြန်ဖြေသော်လည်း ထိုက်ကိုတော့ မကြည့်ဘဲ ခေါင်းငုံ့နေသည်။ ထိုက်သည် သူ့ရင်ထဲကို ထွင်းဖောက်မြင်စ ပြုလာသည်။ ထိုက်ရင်ထဲကိုရော ရှင် ထွင်းဖောက်မြင်နိုင်ရဲ့လား လုံ ...။

ထိုက်က သူ့ကို ငေးကြည့်ရင်း နှုတ်ဆိတ်နေဆဲမှာ သူက စတင်ပြောပြလာပါသည်။

"ကျွန်တော် ရွာက ထွက်လာတဲ့နေ့က ဘုန်းဘုန်းက ကျွန်တော့်ကို သေသေချာချာ မှာလိုက်တယ်၊ ဘာပဲလုပ်လုပ် စေတနာထားပြီး လုပ်တဲ့၊ ကိုယ့်စေတနာက ကိုယ့်ကို အကျိုးပေးတယ်တဲ့၊ ဘုန်းဘုန်းစကားအတိုင်း ကျွန်တော် နေခဲ့တယ်၊ ကျွန်တော့်ဘဝမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မှာပဲလို့ ယုံကြည်ခဲ့တယ်၊ ဒါပေမယ့် တကယ့်ဘဝကို ရင်ဆိုင်ရတော့ အားလုံး တလွဲတွေချည်း ဖြစ်နေခဲ့တယ်၊ ကောင်းတာလုပ်ပေမယ့်လည်း အဆိုးတွေချည်းပဲ ဖြစ်လာတတ်တယ်၊ ကိုးလေးအတွက် အကောင်းဆုံး စဉ်းစားပေးပြီး လက်ထပ်ခွင့်တောင်းခဲ့ပေမယ့် ကိုးလေး စိတ်တိုင်းကျ ဖြစ်မလာဘဲ ထုံးစံအတိုင်း အပြစ်တင်ခံရ၊ အရိုက်ခံရနဲ့ပဲ အဆုံးသတ်သွားတယ်၊ အသားနာတာထက် ရင်ထဲက ပိုနာ





ပြီး ကျွန်တော် အခု လူတွေကို အရမ်းကြောက်သွားတယ် ထိုက်ရယ်"

သူ့အသံက အဆုံးမှာ တိမ်ဖျော့သွားသည်။ သူ့မျက်ဝန်းတွေကလည်း မှိန်ဖျော့နေသည်။

ထိုက်က သူ့ကို အားပေးပြုံးလေး ပြုံးပြလိုက်ရင်း "ဘဝကဖြင့် အဆုံးမသတ်သေးဘဲနဲ့ ဘာဖြစ်လို့ ကောင်းတာလုပ်ရက်နဲ့ ဆိုးတာဖြစ်ရတယ်လို့ အားလျော့စကား ပြောရတာလဲ လုံ၊ ဘဝက ခုမှ အစပဲရှိသေးတာ၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆို ဒီအပိုင်းက မင်းသားချည်း ခံနေရတဲ့ အပိုင်းပေါ့၊ ဇာတ်သိမ်းခန်းရောက်ရင်တော့ မင်းသားက အသာစီး ပြန်ရသွားမှာပေါ့၊ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးတယ်ဆိုတာ အမှန်ပါပဲ လုံရဲ့၊ ကောင်းတာလုပ်တဲ့သူဟာ တကယ်သာ မှန်ကန်ကောင်းမွန်နေရင် တစ်နေ့ကျ အကောင်းတွေပဲဖြစ်လာရမှာပါ၊ အချိန်အခါလေး လိုနေသေးလို့ပါ၊ အချိန်တန်ရင် လုံ့ ဆောင်ပုဒ်က မှန်သွားမှာပါ ...၊

"ကမ္ဘာလောကကြီးမှာ လူတွေကိုဒုက္ခရောက်အောင် လုပ်တဲ့ စေတန်နတ်ဆိုးဆိုတာ တကယ်ရှိရင် လူတွေကို ကယ်တင်မယ့် နတ်သိကြား ဒေဝတာတွေလည်း ရှိမှာပါ၊ သူတော်ကောင်းကို နတ်ကောင်းစောင့်တယ်တဲ့ လုံရဲ့၊ ဒီ ဘုန်းကြီးကျောင်းသားလေးကိုလည်း နတ်ကောင်းက စောင့်ရှောက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက် စကားဆုံးတော့ လုံက ရယ်သည်။

ပြီးတော့ ထိုက်ကို ငေးကြည့်နေရင်း ...

"ထိုက်နဲ့တွေ့ရတာ စိတ်ချမ်းသာလိုက်တာ၊ ထိုက်နဲ့ အမြဲတွေ့ခွင့်ရရင် ကောင်းမှာပဲ"

ဟု ညည်းညူသလိုလေး ပြောလေသည်။

ထိုက်က သူ့စကားကြောင့် ရင်ထဲ လှပ်ခနဲ အေးသွားပြီးမှ တစ်ဖက်လှည့်ကာ ပြုံးလိုက်ရင်း ...

"ရှင်တောင် အချစ်ကို ခံစားတတ်နေပြီပဲ"

ဟု စိတ်ထဲက ရွတ်မိသည်။

ထိုသို့ ထိုက်နှင့် လုံတို့ သာယာငြိမ်းချမ်းနေချိန်မှာပဲ ...

"ဟော့ကောင် သီလလုံ ..."

ဟူသော အသံကျယ်ကြီးနှင့်အတူ လှဂုဏ်ကိုး၏ အစ်ကိုနှစ်ယောက်က ထိုက်တို့ရှေ့သို့ ရောက်လာပါသည်။

"မင်းက ဒီလိုအချိုး ချိုးတယ်ပေါ့လေ"

"မိကိုး အိမ်ပြန်လာပြီး ငိုလို့မဆုံး ဖြစ်နေကတည်းက မင်းကြောင့်လို့တော့ ထင်လိုက်သား၊ မိကိုးကို ချော့မော့မေးပြီး မင်း ဒီမှာရှိလိမ့်မယ်ဆိုလို့ လိုက်လာမိတာ မှန်သွားတယ်၊ ခုတော့ လက်ပူးလက်ကြပ်ပဲ"

"ရှင်တို့ ဘာတွေလာပြောနေတာလဲ ..."

"နင် အသာနေ၊ ဟော့ကောင် ထစမ်း ..."

လှဂုဏ်ကိုး၏ အစ်ကိုနှစ်ယောက်က သီလလုံရဲ့





လက်မောင်းတစ်ဖက်တစ်ချက်ကို ချုပ်ကိုင်၍ ဆွဲထူလိုက်သဖြင့် သီလလုံမှာ နှစ်ယောက်ကြားသို့ ကိုးရိုးကိုးယား ပါသွားသည်။

"ရှင်တို့ လွှတ်၊ ခုလွှတ်လိုက်စမ်း ..."

"ခွပ် ..."

"ဟင် ..."

"ခွပ် ... ခွပ်"

"ဟယ် ... သေပါပြီ"

ထိုနှစ်ယောက်က သီလလုံကို ဝိုင်းထိုးလိုက်သော်လည်း သီလလုံက လုံးဝ ခံမလုပ်ဘဲ ငုံ့ခံနေတာမို့ ထိုက်က ဆွေ့ဆွေ့ခုန်သွားကာ ...

"လုံ ရှင်ဘာလုပ်နေတာလဲ၊ ရှင် ယောကျ်ားမဟုတ်ဘူးလား၊ ပြန်ထိုးလေ ... ပြန်ထိုးပါလား၊ ထိုက်လည်း ကူမှာပေါ့"

ဟု အော်ဟစ်နေသည်။ သီလလုံက ခေါင်းယမ်းပြရင်း ...

"မလုပ်နဲ့ ထိုက်၊ ကျွန်တော်လည်း လုပ်လို့ မဖြစ်ဘူး၊ သူတို့က ကိုးလေးရဲ့ အစ်ကိုတွေ၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေ"

"ရှင့်မှာလည်း အဲ့ဒါနဲ့ပဲ သေတော့မှာပဲ"

ထိုက်က သူ့ကို လှမ်းဆွဲကာ ထိုက်ရဲ့ နောက်ဘက်သို့ တွန်းပို့ထားလိုက်ပြီး လက်နှစ်ဖက်ကိုကား၍ သူ့ရှေ့မှ ကွယ်ထားကာ ...

"ရှင်တို့ လုံ့ကို ထိရဲထိကြည့်၊ ကျွန်မနဲ့တွေ့သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အချစ်သူ့ရဲကောင်းမလေးပါလား၊ သီလလုံ မင်းရဲ့ နောက်ရည်းစားက ခပ်မိုက်မိုက်ထဲကပါလား"

"ရှင်တို့ စွပ်စွဲတာတွေ တစ်ခုမှမဟုတ်ဘူး၊ လုံနဲ့ ကျွန်မနဲ့က ခုထိ သူငယ်ချင်းပဲ"

"ခုထိ သူငယ်ချင်းဆိုတော့ နောက်ကျရင်တော့ ရည်းစား ဖြစ်သွားနိုင်တယ်ဆိုတဲ့ သဘောလား"

"ရှင်တို့ သူ့ကို ဒီလိုပဲ အနိုင်ကျင့်နေရင်တော့ ကျွန်မ သူ့ကို တစ်နည်းနည်းနဲ့ ကယ်တင်ရမှာပဲ"

"ဟာ … သူ့ရဲကောင်းဆန်လှချည်လား၊ ဘာလဲ … မင်းက သူ့ကို နိုးပြေးသွားမလို့လား"

"ရှင်တို့ စကားပြော မမိုက်ရိုင်းနဲ့"

"ဒီကောင်က လူကြည့်တော့ မထုံတတ်သေးနဲ့၊ ခုကျတော့ တယ်စွံနေပါလား"

"ဟေ့ကောင် … မင်း သူ့ရဲ့ဘောကြောင်မနေနဲ့၊ ရှေ့ထွက် ခဲ့စမ်း …"

ထိုနှစ်ယောက်က ထိုက်နောက်က သီလလုံကို လှမ်း ခေါ်ရင်း ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။ ထိုက်ကလည်း ရှေ့သို့ တစ်လှမ်းတိုးသွားကာ …

"ရှင်တို့ ရှေ့မတိုးနဲ့ …"

"တိုးတယ်ကွာ …"

"တိုးရင် ကန်တယ်ဟယ် … ကဲ … ကဲ"

"အား …"





"အား …"

ထိုက် သူတို့နှစ်ယောက်လုံးရဲ့ ညို့သကျည်းကို ဆက်တိုက်ဆောင့်ကန်ပစ်လိုက်တော့မှ နှစ်ယောက်လုံးက ခုန်ဆွ ခုန်ဆွဖြင့် နောက်ဆုတ်သွားလေသည်။

"ဟေ့ကောင် … မင်း ပြန်လာမှ တွေ့မယ်"

"အိမ်ကနေ စောင့်နေမယ် ဟေ့ကောင် …"

သူတို့က လုံ့ကို လက်ညှိုးတထိုးထိုးဖြင့် ကြိမ်းဝါး ရင်း ထွက်ခွာသွားကြလေသည်။

ထိုက် သူ့ကို လှည့်ကြည့်တော့ တစ်ကိုယ်လုံး ဆတ် ဆတ်တုန်နေကာ မျက်နှာတစ်ခုလုံးလည်း ချွေးတွေ သွေးတွေဖြင့် ပေပွနေသော သူ့ကို တွေ့လိုက်ရသည်။

သူက ထိုက်ကိုကြည့်ရင်း တုန်ယင်စွာဖြင့် …

"ထိုက် … ကျွန်တော် ကြောက်တယ်၊ ကျွန်တော် အရမ်း ကြောက်တယ် …"

"လုံရယ် …"

ထိုက်က သူ့ပခုံး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး နောက် သူ့ခေါင်းလေးကို ဆွဲယူကာ ထိုက်ရဲ့ ပခုံးတစ်ဖက်မှာ မှေးမှီစေလိုက်တော့မှ သူက တဖြည်းဖြည်း ငြိမ်သက်သွားလျက် အသက်ရှူသံ ပုံမှန်ပြန်ဖြစ်လာလေသည်။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းဘုန်းဘုရား၊ တပည့်တော် လူဝတ်ကြောင်ကို အမြန်ဆုံး စွန့်ပါရစေ ဘုရား၊ သာသနာ့ဘောင်ထဲကို ဝင်ခွင့်ပြုပါ ဘုရား"

"အိမ်း ... သီလလုံ၊ ဘယ်လိုများ ဖြစ်လာရတာတုန်းကွယ်"

ဘုန်းကြီးသည် အကြိမ်ကြိမ် ရှိခိုး ဦးချ တောင်းပန်ပြောဆိုနေသော သီလလုံကို ကြည့်ရင်း ခေါင်းယမ်းနေ၏။

သီလလုံကတော့ ကိုယ့်ကို နှိပ်စက်ကလူပြုခဲ့သည့် လှဂုဏ်ကိုးတို့ မောင်နှမတစ်တွေကို အကြောက်ကြီး ကြောက်လုပြီမို့ လူဝတ်ကြောင်ကိုသာ အမြန်ဆုံး စွန့်ချင်နေသည်။ နားထဲမှာလည်း 'မင်း လူ့ဘဝမှာ လူဖြစ်နေတဲ့ ကာလပတ်လုံး မိကိုးကို ထားပစ်ခဲ့လို့ မရဘူးဆိုတာ မြဲမြဲမှတ်ထား' ဟူသော စကားတွေကို ပဲ့တင်ထပ်ကာ ကြားယောင်နေသည်။ လှဂုဏ်ကိုး လက်က လွှတ်ဖို့ဆိုတာ လူ့ဘဝကို စွန့်မှပဲဖြစ်မည်ဟု သူထင်သည်။ သူတို့လက်





က လွှတ်ဖို့ဆို ဘုန်းကြီးပဲ အပြီးဝတ်ရဝတ်ရ သူကတော့ ဝတ်မှာပင် ...။

ထိုသို့ ဘုန်းကြီးဝတ်ဖို့ ဆုံးဖြတ်ချိန်မှာ သူ ဝမ်းပမ်းတနည်း မျက်ရည်ကျခဲ့မိသေးသည်။ အကြောင်းမှာ နောင်တစ်ချိန်၌ သူ့ဒကာမကြီး ဖြစ်လာနိုင်သည့် ထိုက်နဲ့ ခွဲခွာရမှာကို စဉ်းစားမိလို့ပင် ...။ သို့သော် မတတ်နိုင်၊ ခုလောလောဆယ်မှာတော့ လှဂုဏ်ကိုး လက်က လွှတ်ဖို့သာ အရေးကြီးပါသည်။

ဆွေဂုဏ်၊ မျိုးဂုဏ်တို့ရဲ့ လက်သီးစာ မိခဲ့သည့် ညနေကတည်းကပင် သူ အိမ်မပြန်ရဲတော့ဘဲ ရွာသို့ ညရထားဖြင့် ပြန်လာမိခဲ့တာပင် ...။ ဘုန်းကြီးရဲ့ ကျောင်းရိပ်မှာ အားကိုးတကြီး ခိုလှုံမိတော့မှ သူ့ရဲ့ တုန်လှုပ်ချောက်ချား ကြောက်ရွံ့စိတ်တို့က တဖြည်းဖြည်း လျော့နည်းလာပါသည်။ အကြောင်းစုံမသိသော ဘုန်းဘုန်းကတော့ ခေါင်းတယမ်းယမ်းနှင့်ပင် မိန့်တော်မူသည်မှာ

"မဟုတ်သေးဘူး သီလလုံ ...၊ သာသနာ့ဘောင် ဝင်တယ်ဆိုတာ လောကီရေးရာ အခက်အခဲတစ်ခုကို ဖြေရှင်းဖို့၊ ရှောင်ဖယ်ဖို့ ရည်ရွယ်ချက်နဲ့ မဝင်သင့်ဘူးကွယ့်၊ တကယ့်ကို သာသနာတော်ကို ရိုသေညွတ်နူးစိတ်နဲ့ ဝင်မှ ဖြစ်မှပေါ့၊

"မင်းတို့အရွယ် လူငယ်လေးတွေရဲ့စိတ်ကိုဘုန်းကြီးနားလည်ပါတယ်ကွယ်၊ ချစ်သူ ရည်းစားအချင်းချင်း ခဏတစ်ဖြုတ် စိတ်ဆိုး စိတ်ကောက်တုန်းမှာ ဒီလိုမျိုးတော့ စိတ်လိုက်မာန်ပါ မလုပ်သင့်ပေဘူးကွယ့်၊ ဘုန်းကြီး ငယ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်က ကြည့်ဖူးတဲ့ ရုပ်ရှင်တချို့မှာလည်း ဒါမျိုးဇာတ်ကွက်တွေ တွေ့ဖူးပါတယ်၊ သမီးရည်းစားချင်း အဆင်မပြေဖြစ်ကြရင် ယောကျ်ားလေးက ဘုန်းကြီးဝတ်ချင်ဝတ်၊ ဒါမှမဟုတ် မိန်းကလေးက သီလရှင်ဝတ်၊ နောက် စိတ်ပြေတော့လည်း သာသနာ့ဘောင်ကို ကျောခိုင်းသွားကြတာပဲ၊ နောက်ဆုံးတော့လည်း ကတုံးသာ အဖတ်တင်ပေတာပေါ့ကွယ် ...”

“ဟို ... တပည့်တော်တို့က စိတ်ဆိုး စိတ်ကောက်တာမျိုး မဟုတ်ပါဘူး ဘုရား”

“စိတ်ဆိုး စိတ်ကောက်တာ မဟုတ်ရင် စိတ်ကုန် စိတ်ပျက်တာပေါ့ကွယ်၊ ဒါမှမဟုတ်ရင်လည်း ငြီးငွေ့ပျင်းရိပြီး အသစ်ကို မျှော်တတ်တာ လူ့သဘာဝပေပဲ၊ ဒကာမလေး လှဂုဏ်ကိုးဟာ တော်တော်လေး ဝလာရှာတယ်လို့ ဟိုတစ်ခါ ဒီပ ပြန်လာတုန်းက ဘုန်းဘုန်းကို ပြောသွားပါတယ် ...၊

“ဝတာ ပိန်တာ အပေါ်ယံတွေက အရေးမကြီးပါဘူး၊ ပိန်တဲ့သူလည်း တစ်နေ့ ဝလာနိုင်သလို၊ ဝတဲ့သူလည်း တစ်နေ့ပိန်သွားနိုင်တာပဲ၊ ရုပ်ဆိုတာ အမြဲမှမရှိတာ၊ အပေါ်ယံကိုချည်း မကြည့်နဲ့ကွယ့်၊ အတွင်းအနှစ်ဖြစ်တဲ့ စိတ်သဘောကိုပဲ ကြည့် ...၊ ဒီပ ပြောတာတော့ လှဂုဏ်ကိုးက စိတ်ထားကောင်းဆို သီလလုံရဲ့၊ အိမ်း ... မင်းကံကောင်းပါတယ်ကွယ်၊ ဒီပကတောင် မင်းကို အားကျနေလေရဲ့၊





လှဂုဏ်ကိုးကလည်း မင်းကို အင်မတန် မေတ္တာရှိရှာတယ်ဆို ...၊ ဒီလိုမိန်းကလေးမျိုးကို ဘာအကြောင်းနဲ့မှ မပစ်ပယ်မိစေနဲ့ကွယ့် ...”

“ဟို ... အဲ့ဒါက ...”

“ဟဲ့ ... ဒါနဲ့ ခုမှ သေချာကြည့်မိတယ်၊ မင်းမျက်နှာပေါ်မှာလည်း ဒဏ်ရာ ဒဏ်ချက်တွေနဲ့ပါလား၊ ဘာများ ဖြစ်လာရတာတုန်းကွယ်”

“တပည့်တော်ကို လှဂုဏ်ကိုးရဲ့ အစ်ကိုတွေ ဝိုင်းထိုးကြတာပါ ဘုရား”

“ကျွတ် ... ကျွတ် ... ဖြစ်မှဖြစ်ရလေ ...၊ ဘယ်လိုကဘယ်လို ဒီလိုထိုးတဲ့အဖြစ်ကို ရောက်ရတာတုန်း”

“ဟို ... တပည့်တော်က တပည့်တော် သူငယ်ချင်း ကောင်မလေးနဲ့ ပန်းခြံထဲမှာ ထိုင်နေတုန်း သူတို့က ဖြုန်းဆို ရောက်လာပြီး ...”

“သဘောပေါက်ပြီ၊ ... သဘောပေါက်ပြီ”

ဘုန်းဘုန်းက သီလလုံ စကားမဆုံးခင် လက်ကာပြလိုက်ရင်း ...

“အိမ်း ... အစ်ကိုတွေဆိုတော့လည်း နှမဘက်က စိုးထိတ်ကြရှာတာပေါ့ကွယ်၊ မင်းကလည်း အနေအထိုင် ဆင်ခြင်မှပေါ့၊ ကိုယ့်မလည်း ချစ်သူရည်းစား ရှိနေတဲ့ဟာကို မိန်းကလေး သူငယ်ချင်းနဲ့ ပန်းခြံထဲ သွားထိုင်တော့ ဒီလိုဖြစ်တော့မှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အဲ့ဒါက ..."

"ကဲ ... ကဲ ... မင်းလည်း ညရထားစီးလာရတာ ပမ်းရောပေါ့၊ နားလိုက်ဦးကွယ့်၊ ဘုန်းကြီးလည်း မင်းကို သတိရနေတာနဲ့ အတော်ပဲ၊ စိတ်ပြေလက်ပျောက် နေပြီးရင်တော့ ပြန်ပေါ့ကွယ်၊ ဟိုခများမယ် မျှော်ရှာနေမယ်၊ အိမ်း ဘုန်းကြီးလည်း လောကီကိစ္စတွေ ဝင်ဝင်ပါရတာ မကောင်းပါဘူးကွယ်၊ ကပ္ပိယကြီးရေ ဒီကလေး ဒဏ်ရာတွေကို ဆေးထည့်ပေးလိုက်ပါဦး"

ဘုန်းကြီးက သီလလုံကို မိန့်ကြားပြီးတာနှင့် အိပ်ခန်းဆောင်အတွင်းသို့ ကြွသွားတော်မူလေသည်။

သီလလုံမှာတော့ သတင်းအများတွေ ပေးထားသော ဒီပကို စိတ်လည်းဆိုး၊ ကိုယ့်အဖြစ်ကို ဘုန်းကြီးနားလည်အောင်လည်း မလျှောက်ထားနိုင်ဘဲ ဝွကျကျန်ခဲ့ပါသည်။

ဒီလိုနဲ့ သီလလုံဟာ ဘုန်းကြီးကို အဖြစ်မှန် တင်ပြခွင့် မရဘဲ ဘုန်းကြီးကျောင်းမှာ နေနေရချိန်မှာ ထိုက်ကို အသည်းအသန် သတိရလွမ်းဆွတ်လာခဲ့ပါသည်။ ကိုယ့်ရှေ့ကနေ ရဲရဲရင့်ရင့် အကာအကွယ်ပေးနေသော ထိုက်ရဲ့ ပုံရိပ်တွေနှင့် ရဲရဲတောက်စကားလုံးတွေကို အဖန်ဖန် အထပ်ထပ် မြင်ယောင် ကြားယောင်လာတိုင်း လူက ငိုင်ငိုင်သွားတတ်သည်။

ကပ္ပိယကြီး ဦးပေသီးက သီလလုံ ငိုင်နေတတ်တာကို သတိထားမိကာ ...





"ဘယ့်နှယ်လဲ သီလ၊ စိတ်ဆိုးပြေသွားတော့လည်း လွမ်းရတာပဲ မဟုတ်လားကွ ..."

"ဦးပေသီးရာ ဘာမှမသိဘဲ လျှောက်မပြောပါနဲ့ဗျာ ..."

"ငါက လူပျိုကြီးဆိုပေမယ့် ဒီလောက်ကတော့ အရိပ်အကဲသိပါတယ်ကွ၊ မင်းကြည့်လိုက်တိုင်း ငူငူငိုင်ငိုင်နဲ့ လွမ်းနေပုံကြီးက အသိသာကြီးပါ၊ ငါကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲမှာလည်း မင်းသားနဲ့ မင်းသမီး ဝေးနေရင် ဒီလို ငိုင်နေတာချည်းပဲကွ၊ သီချင်းလေးတောင် ပါလိုက်သေး ..."

ကပ္ပိယ ဦးပေသီးကလည်း သူကြည့်ဖူးသော ရုပ်ရှင်ကို ကိုးကားပြောဆို၏။ ဘုန်းဘုန်းကလည်း ငယ်ငယ်ကကြည့်ဖူးသော ရုပ်ရှင်ကို နမူနာထားကာ ဆုံးမသွားသေး၏။ ဆရာဒကာ နှစ်ယောက်ကတော့ ဟုတ်နေတာပင် ...။ သီလလုံမှာသာ မဟုတ်တာတွေ အထင်ခံရကာ ဖြေရှင်းရခက်နေတော့တာ ...။

"ဩော် ... တလွဲတွေ ... တလွဲတွေ၊ တလွဲတွေပါလား ဦးပေသီးရယ်၊ ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ပါဘူး"

သီလလုံက ညည်းညူမိတော့ ဦးပေသီးက မလျှော့သေးဘဲ 'ငါထင်ရင် လွဲခဲပါတယ်ကွ' ဟု ပြန်ပြောသေး၏။

သီလလုံက ဦးပေသီးကို ငေးကြည့်ရင်း ...

"ဦးပေသီး ..."

"ဟေ ... ပြောလေကွာ၊ မင်း သိပ်ခံစားရလွန်းရင် ရင်ဖွင့်လို့လည်း ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးပေသီး မိန်းကလေးတစ်ယောက်ကို ချစ်ဖူးလား"

"ဟ … ဒါ မေးနေစရာတောင်မလိုဘူး၊ ဒီအသက် ဒီအရွယ်ရောက်တဲ့အထိ မချစ်ဖူးဘူးဆိုရင် ရူးရင်ရူး၊ ဒါမှမဟုတ်ရင်လည်း ဒူးမို့လို့ပဲ"

"ဘာလဲဗျ၊ ဒူးဆိုတာ …"

"ဂန်ဒူးလေကွာ …"

"သြော် … သြော်၊ ဟုတ်ပါပြီဗျာ၊ ဦးပေသီး ဂန်ဒူးမဟုတ်တာကို ကြော်ငြာမနေပါနဲ့၊ ချစ်ဖူးတဲ့အကြောင်းလေးသာ ပြောပြစမ်းပါ"

"အင်း … ပြောရမယ်ဆိုရင် ဟိုဘက်ရွာက မအေးမိပေါ့ကွာ၊ ခုတော့လည်း ကလေး ငါးယောက်၊ မြေးနှစ်ယောက်တောင် ရနေပါပြီ"

"ဟာ … ဦးပေသီးနဲ့လား"

"မင့်အဘ၊ သူ့လင်နဲ့ပေါ့ဟ၊ ငါနဲ့ ညားမှ မညားလိုက်တာ …"

"သြော် … ဟုတ်ပါပြီ၊ မှားသွားပါတယ်"

ဦးပေသီးကို နောက်ပြောင်ရင်း သီလလုံက စိတ်လက်ပေါ့ပါးလာရပါသည်။

"မအေးမိကို ငါချစ်မိတုန်းကဆို နေ့နေ့ညည အတွေးထဲမှာ သူမှသူပဲ မောင်၊ စားလည်း သူ့စိတ်၊ သွားလည်း သူ့စိတ်၊ အိမ်သာတက်ရင်တောင် သူ့အကြောင်းတွေးပြီး တက်လိုက်တာ၊ ပြီးတာတောင် ထဖို့မေ့နေတယ်၊ ဆွမ်းခံကြွရင်းနဲ့





တောင် ဆွမ်းတော်ဗျို့လို့ ဟစ်ရမယ့်အစား မအေးမိအိမ်ရောက်ပြီဗျို့လို့ မှားဟစ်မိတဲ့အထိပဲ …"

သီလလုံက တဟိဟိ ရယ်စပြုသည်။ ဦးပေသီးက ဖီးလ်အပြည့်ဖြင့် …။

"အချစ်ဆိုတာ တော်တော်တော့ ထူးဆန်းတယ် ဟကောင်ရေ၊ ဘယ်လောက် စိတ်ညစ်နေနေ သူ့မျက်နှာများ တွေ့လိုက်ရရင် စိတ်ချမ်းသာသွားတာပဲ၊ သူနဲ့တွေ့ရင် စိတ်တွေပျော့ပျော့လာပြီး ဘယ်လိုဖြစ်ဖြစ်သွားမှန်းကို မသိတော့ဘူး၊ သူ့ကို တွေ့လိုက်တာနဲ့ ရင်တွေ တဒိုင်းဒိုင်း ဆောင့်ခုန်ပြီး ကြက်သီးမွေးညှင်းတွေ ထ၊ ပူလိုက် အေးလိုက်နဲ့ အဖျားတက်သလို ဖြစ်လိုဖြစ်၊ အင်း … ခုတော့လည်း ဒါတွေ ဒါတွေ ပြီးခဲ့ပါပြီကွာ …"

ဦးပေသီး စကားဆုံးတော့ သီလလုံက ငိုင်ငေးသွားပါသည်။

"အချစ်ဆိုတာ အဲ့ဒါမျိုးဆိုရင် ကျွန်တော်လည်း တကယ်ချစ်မိသွားပြီထင်ပါရဲ့ ဦးပေသီးရယ်"

သီလလုံက ခပ်တိုးတိုး ရေရွတ်လိုက်တော့ ဦးပေသီးက သီလလုံကို ငေးကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။

"သွေးအေးသွားတော့မှ သေချာ ပြန်စဉ်းစားကြည့်မိတယ်၊ ခုနေ ကျွန်တော် ဘုန်းကြီး ဝတ်သွားရင် သူနဲ့ခွဲရမှာ၊ ကျွန်တော် သူနဲ့မခွဲနိုင်ဘူး၊ ဘုန်းကြီးဝတ်ကြီးနဲ့ သူ့ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သတိရနေရင်လည်း ကျွန်တော့်မှာ ကုသိုလ်မရဘဲ ငရဲပဲ ရနေတော့မှာ၊ ဘုန်းဘုန်း ကျွန်တော့်ကို ဘုန်းကြီးဝတ်မပေးလို့ တော်ပါသေးရဲ့ဗျာ"

သီလလုံက ထိုက်ကို ရည်ညွှန်းကာ ပြောဆိုနေချိန်မှာ ဦးပေသီးကလည်း 'လှဂုဏ်ကိုး'ကိုသာ ရည်ညွှန်းယူဆကာ ခေါင်းတညိတ်ညိတ် လုပ်နေခဲ့လေသည်။

○ ○ ○



♣ ♣ ♣

"ဟဲ့ ... ထိုက်၊ လာလေဟယ် ... ကစားရအောင်၊ တက်တက်ကြွကြွ နေစမ်းပါဟဲ့ ..."

"အရင်တုန်းကဆို ကစားကွင်းရောက်တိုင်း ထိပ်ဆုံးက ကဲတဲ့သူက ဒီနေ့ကျမှ ဘာဖြစ်နေတာလဲ"

သူငယ်ချင်းတွေက ကစားဖို့ အကြိမ်ကြိမ် ခေါ်သော်လည်း ထိုက်ကတော့ ကစားဖို့ စိတ်မပါချေ။ ကလေးကားမောင်းကွင်းရဲ့ ပလက်ဖောင်းတုံးကလေးမှာ ထိုင်ရင်း မြင်းကမ္ဘာစီးနေသော ဖူးသစ်တို့ကို လှမ်းကြည့်နေမိသည်။ ကြည့်နေရင်းက ဖူးသစ်တို့နေရာမှာ လုံ့ကို မြင်မြင်လာသည်။ လုံနှင့်အတူ ကစားခဲ့ဖူးတာကို သတိတရ လွမ်းဆွတ်လာခဲ့မိသည်။

လုံနဲ့အတူတူ နောက်ထပ်တစ်ခါ ဒီမှာ လာကစားခွင့်ရရင် သိပ်ပျော်စရာကောင်းမှာပဲ။

ခုဆို လုံ ရွာပြန်သွားတာ တစ်ပတ်တောင် ပြည့်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လုံနဲ့ နောက်ဆုံး တွေ့ခဲ့သည့် ညနေတုန်းက လုံကို ထိုက်ပဲ ဘူတာကို လိုက်ပို့ပေးခဲ့တာဖြစ်သည်။

လှဂုဏ်ကိုးတို့အိမ်ကို မပြန်ရဲဘဲ ကြောက်ရွံ့တုန်ခိုက်နေသော လုံက သူ့ရွာက ဘုန်းကြီးကျောင်းကို ပြန်ချင်သည်ဟု ပြောတာမို့ ထိုက်က လိုက်ပို့ပေးခဲ့ရတာပင် ...။

ရထားထွက်သွားချိန်မှာ သူက ထိုက်ကို လက်ပြရင်း မျက်ရည်တွေ ကျကာပါသွားပြီး ထိုက်ကလည်း သူ့ကို လက်ပြရင်းက မျက်ရည်တွေ ကျကျန်ခဲ့သည်။

သူက ရထားထွက်ခါနီးမှာ ထိုက် စိတ်မပူအောင်တော့ ပြောသွားခဲ့ပါသည်။

"ဘာမှ စိတ်မပူနဲ့နော် ထိုက်၊ ကျောက်ပန်းတောင်း အလွန် တစ်ဘူတာမှာ ဆင်းရင် ကျွန်တော်တို့ ရွာရောက်သွားမှာ၊ မနက်ဆို ရောက်သွားမှာလေ၊ စိတ်ပူမနေနဲ့ ..."

"ရှင့်မှာ ဒဏ်ရာတွေနဲ့မို့လို့ စိတ်ပူတာပါ လုံရယ်"

"ဒဏ်ရာက တအားမဆိုးပါဘူး၊ သူတို့ထိုးတုန်းက ကျွန်တော်လည်း နည်းနည်းပါးပါး ရှောင်လိုက် တိမ်းလိုက်သေးတာဆိုတော့ မျက်နှာကို နည်းနည်းပဲ ထိတာ၊ ပခုံးတွေ လက်မောင်းတွေပဲ ထိုးမိတာ"

"ခေါင်းနည်းနည်း ထိသွားတယ်မဟုတ်လား"

"ထိပေမယ့် နည်းနည်း ဖုပြီး နာရုံပါပဲ၊ ပေါက်ပြဲမသွားပါဘူး"

ထိုက်တို့ စကားပြောနေတုန်းမှာ ရထားထွက်ခွာ





တော့မည့်အကြောင်း ကြေညာသံ ကြားရသည်။ သူက ထိုက်ကို စိုက်ကြည့်ရင်း ...

"ထိုက် ... တကယ်လို့များ ကျွန်တော် ... ကျွန်တော် လူ့ဘဝကို စွန့်ရင် ..."

"ဟင် ... လုံ၊ ရှင် ပေါက်ကရတွေ မလုပ်နဲ့နော်၊ ရထားပေါ်က ခုန်ချမယ်တော့ မစဉ်းစားနဲ့၊ ကိုယ့်ကိုကိုယ် သတ်သေတယ်ဆိုတာ အဖန်ငါးရာငါးကမ္ဘာ ..."

"ဟာ ... ကျွန်တော်က အဲ့ဒီလိုတော့ လုပ်ပါ့မလား ထိုက်ရဲ့၊ ကျွန်တော်က ဘုန်းကြီးဝတ်ချင် ဝတ်ဖြစ်မှာလို့ ပြောမလို့ပါ"

ထိုက်က ဘာပြန်ပြောရမှန်းမသိအောင် ကြောင်အနေချိန်မှာပဲ ရထားထွက်တော့မှာမို့ သူက ရထားဆီ ပြေးထွက်သွားခဲ့ရသည်။

အင်း ... ခုလောက်ဆို ဘုန်းကြီးပဲ ဝတ်နေပြီလား။ သူ ဘုန်းကြီးဝတ်နေပြီဆိုရင် ဒီက သတိရမိတဲ့ ဒကာမမှာပဲ ငရဲကြီးရဦးမည်။

"ဟဲ့ ... ထိုက်၊ အမလေး ... ငြိမ်နေလိုက်တာ၊ ဘာတွေ အတွေးနယ်ချဲ့နေတာတုန်း"

မြင်းကမ္ဘာစီးပြီးသွားသော ပူးသစ်တို့က ထိုက်နားမှာ လာထိုင်ရင်း ထိုက်ကို ပခုံးနင့်တိုက်၍ မေးလိုက်ကြပါသည်။

ထိုက်ကလည်း ပွင့်ပွင့်လင်းလင်းပင် ...

"လုံ့ကို သတိရနေမိလို့ပါဟာ၊ သူ ရွာပြန်သွားတာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်တောင် ပြည့်တော့မယ်၊ ခုထိကို ပြန်မလာသေးဘူး၊ ကောန္တ ဘုန်းကြီးတောင် ဝတ်သွားပြီလား မသိဘူး"

"ဖြစ်နိုင်တယ်၊ သူ့အနေနဲ့ လှဂုဏ်ကိုးလက်ကလွတ်ဖို့ဆိုတာ ဒီတစ်နည်းပဲ ရှိတော့တယ်"

"ထိုက်ရယ် ... နင်ကသာ စိတ်ပူနေ၊ လှဂုဏ်ကိုးကတော့ ကျောင်းမှာ လျှောက်ပြောနေလိုက်တာ၊ နင်နဲ့တွဲလို့ သီလလုံကို အိမ်ပေါ်က နှင်ချလိုက်တာတဲ့၊ နင်နဲ့ဖြတ်မှ အိမ်မှာ ပြန်လက်ခံမယ်လို့ ပြောလိုက်တာတဲ့၊ ကြည့်နေပါတဲ့၊ မကြာခင် သီလလုံက ထိုက်နဲ့ အဆက်ဖြတ်ပြီး သူတို့ကို တောင်းတောင်းပန်ပန်နဲ့ အိမ်ပြန်လာမှာတဲ့၊ သီလလုံက သူ့ကို မစွန့်လွှတ်နိုင်တာ သေချာပါတယ်တဲ့"

"သူ့ဘာသာ အရူးချီးပန်း ဘာပဲပြောပြောဟာ၊ ဂရုမစိုက်ပါဘူး"

ထိုက်က ထက်အောက်လှုပ်ရှား လည်ပတ်နေသော ပန်းကန်ပြားပုံကြီးကို လှမ်းမျှော်ကြည့်ရင်း ရေရွတ်မိသည်။

လုံနှင့်အတူ ပန်းကန်ပြားပုံကြီးကို စီးချင်သေးသည်။

လုံရေ... ငါ လွမ်းလို့ ပြန်လာပါတော့ဟယ် ...။

⭘ ⭘ ⭘



✤ ✤ ✤

"တပည့်တော်လည်း လှဂုဏ်ကိုးအဖြစ်ကို မကြည့်ရက်တော့လို့ သီလလုံကို လိုက်ခေါ်ပေးရတာပါ ဘုရား၊ သီလလုံမှ မကယ်ရင် လှဂုဏ်ကိုး ဘဝက မတွေးရဲစရာပါ ဘုရား"

ဒီပသည် ဘုန်းဘုန်းရှေ့မှာ လက်အုပ်ချီကာ ဟန်ပါပါ လျှောက်တင်လျက်ရှိသည်။ ဘယ်လောက် သရုပ်ပါသလဲဆိုပြောရင်းဆိုရင်း အသံတွေတောင် တုန်အက်လျက် ငိုသံပါလာသည်။ ဘုန်းကြီးရှေ့က လူအားလုံးမှာလည်း ငြိမ်သက်လျက် တကျွတ်ကျွတ် စုတ်သပ်ကုန်ကြသည်။

သီလလုံ ရွာပြန်ရောက်ပြီး ၁၂ ရက်မြောက်နေ့ မနက်စောစောမှာ ဒီပက သီလလုံနောက်သို့ လိုက်လာခဲ့တာပင်။

ဒီနေ့ဟာ ဥပုသ်နေ့။ မနက်စောစော ကျောင်းပေါ်မှာ ဘုန်းကြီး သီလပေးနေတုန်းမှာ ဒီပက အိတ်တစ်လုံးကို စလွယ်သိုင်းလျက် ကျောင်းဝန်းထဲသို့ ပြေးဝင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်းဘုရား ... ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား"

ဟု အော်ဟစ်လိုက်တာမို့ သီလယူနေသူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထိုအချိန်မှာပဲ ဒီပက ကျောင်းပေါ်သို့ ချွေးသံတရွှဲရွှဲဖြင့် ပြေးတက်လာကာ ဘုန်းကြီးရှေ့မှာ ဒူးတုပ်ဝပ်တွား၍ ယောဟဲဆိုက် အမောဆို့နေပြီးမှ ငေါက်ခနဲ ပြန်ထလာကာ လက်အုပ်ချီ၍ သရုပ်ပါပါ လျှောက်တင်လိုက်ခြင်း ဖြစ်ပါသည်။

"သီလလုံ အိမ်ပြန်မလာတော့တဲ့ နေ့ကတည်းက လှဂုဏ်ကိုးခမျာ သူ့အရမ်းဝနေလို့ သီလလုံ သူ့ကို ထားခဲ့တာလို့ ပြောပြောပြီး ငိုလိုက်တာများ အားကလူတွေတောင် ရင်ဆို့ရပါတယ် ဘုရား၊ သူကျခဲ့ရတဲ့ မျက်ရည်တွေကိုသာ ခံထားရင် ရေသန့်ဘူး တစ်ဘူးစာလောက်တောင် ရမယ်ထင်ပါတယ် ဘုရား"

"ကိုင်း ... ကိုင်း ... ဒီပရယ် ဘုန်းကြီးကို ရင်ထိတ်အောင် မလုပ်စမ်းပါနဲ့၊ မင်းရဲ့ ထင်မြင်ချက်တွေ၊ တင်စားချက်တွေကို ခဏဖယ်ထားပြီး လိုရင်းကိုသာ လျှောက်တင်စမ်းပါကွယ်"

"တင်ပါ့ ဘုရား ... လှဂုဏ်ကိုးဟာ သီလလုံ ထွက်သွားတဲ့နေ့ကစပြီး သီလလုံ သူ့ကို စိတ်မပျက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အပြင်းအထန် ဝိတ်လျှော့ပါတော့တယ် ဘုရား၊ ဘယ်လောက်တောင်မှ လျှော့သလဲဆိုရင် ရေတောင်မှ





ဝအောင်မသောက်ဝံ့ရှာဘူး ဘုရား၊ ရေပေါင်တက်မှာစိုးလို့တဲ့ ဘုရား၊ ထမင်းလည်း မစား၊ ဟင်းလည်း မစား၊ မုန့်လည်းမစားနဲ့ တစ်နေ့ တစ်နေ့ ဇွပ်ပြုတ်ရည်လေး လက်ဖက်ရည် ပန်းကန် တစ်လုံးစာလောက်ကို မနက်တစ်ခါ ညတစ်ခါ သောက်ပြီး အသက်ဆက်လာလိုက်တာ ၁၀ ရက်မြောက်နေ့မှာတော့ အိပ်ရာထဲ ဘုံးဘုံးလဲပါရောလား ဘုရား ..."

"ကျွတ် ... ကျွတ် ... ဖြစ်မှဖြစ်ရလေ ..."

တရားနာ ပရိသတ်ကြီးထံမှ စုတ်သပ်သံတွေ ထွက်လာတော့ ဒီပလျှောက်တင်ရတာ ပိုအားရှိလာသည်။ ဒီပက ငိုသံပါပါဖြင့် အသံရှိန် မြှင့်လိုက်ပြီး ...

"အဲ့ဒီအချိန်မှာပဲ လှဂုဏ်ကိုးမှာ နှလုံးရောဂါရှိနေကြောင်း သိလိုက်ရတော့တာပါပဲ ဘုရား ..."

"အို ... ဖြစ်မှဖြစ်ရလေ၊ သနားစရာပါပဲလားကွယ်"

ပရိသတ်ထံမှ အသံတွေ ထွက်လာပြန်သည်။

"အဲ့ဒါကြောင့် လှဂုဏ်ကိုး အသက်ကို ကယ်နိုင်ဖို့အတွက် သီလကိုခေါ်ဖို့ တပည့်တော် လာခဲ့ရတာပါ ဘုရား၊ သီလလုံကို တပည့်တော်နဲ့အတူ ပြန်လိုက်ဖို့ နားချပေးပါဘုရား"

ဒီပက စကားလည်းဆုံး၊ ဘုန်းကြီးကို ဦးချကာ ဝပ်တွားငြိမ်သက်သွားသည်။ သူ့ကြည့်ရတာ ဘုန်းကြီးကမှ သီလလုံကို ပြန်လိုက်သွားဟု မပြောလျှင် မထတော့မည့် ပုံမျိုး။

ပရိသတ်တွေထံမှလည်း အသံမျိုးစုံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ ဒါ ဖြစ်သင့်တာပေါ့၊ ပြန်လိုက်ရမှာပေါ့"

"သီလလုံ ... မင်း ပြန်လိုက်သွားသင့်တယ်"

ပရိသတ်တွေ ကျွတ်စီကျွတ်စီ ဖြစ်နေချိန်မှာ သီလလုံကတော့ ဒီပကို မယုံသကဲ့သို့ လှမ်းကြည့်နေမိသည်။ ပိုပိုသာသာ လျှောက်ထားပုံက အသိသာကြီးမို့ မယုံချင်။ ပြီးတော့ ဒီပဟာ ကိုယ့်အပေါ် ဘယ်တုန်းကမှ စေတနာမှန်ခဲ့သူမျိုး မဟုတ်။ လူသူ ပရိသတ် များပြားချိန်မှာ တမင် အသံကောင်းဟစ်၍ ဖွလိုက်ခြင်း ဟုပင် ထင်သည်။

လုဂုဏ်ကိုးဟာ ဘာအတွက်နဲ့မှ အစားအသောက်ကို စွန့်လွှတ်မည့်သူ မဟုတ်ဘူးဆိုတာ သူအသိဆုံးပင်။

ဘုန်းကြီးကလည်း သက်ပြင်းချကာ ဒီပကို မယုံသလို လှမ်းကြည့်ရင်း ...

"ဒီပရယ် ... မင့်စကားကလည်း သုံးခွက်တစ်ခွက်တင် ဆိုတော့ ယုံရမှာလည်း အခက်ဟဲ့ ..."

"တပည့်တော်က ဒီကိစ္စကိုတော့ ညာရဲပါ့မလား ဘုရား"

"မင်းက ဘယ်ကိစ္စမဆို ညာနေကျပဲ"

"ဒီကိစ္စကိုတော့ မညာရဲကြောင်းပါ ဘုရား"

ဘုန်းကြီးက စဉ်းစားသလို ခဏငြိမ်ကာ ခေါင်းတညိတ်ညိတ် လုပ်နေတာမို့ သီလလုံကလည်း ဘုန်းကြီးကို ရင်ထိတ်ထိတ်နှင့် ကြည့်နေမိသည်။ ခဏကြာတော့မှ ဘုန်းကြီးက သီလလုံကို လှမ်းကြည့်ရင်း ...





"အိမ်း ... ဘုန်းကြီးလည်း လောကီကိစ္စတွေနဲ့ ခေါင်းရှုပ်လှသကွယ်၊ သီလလုံ ... လာကွယ့်၊ ရှေ့နားတိုးထိုင်စမ်း"

သီလလုံက ဘုန်းကြီးရှေ့နားသို့ လက်အုပ်ချီ၍ တိုးသွားလိုက်ပါသည်။

"ခု ... ဒီကိစ္စကိုကြားရတော့ ဘုန်းကြီးလည်း စိတ်မကောင်းဘူး သီလရယ်၊ ကိုယ့်အတွက်နဲ့ သူတစ်ပါးကို ဒုက္ခမရောက်စေနဲ့ကွယ့် ...၊ မင်း ဒီပနဲ့ ပြန်လိုက်သွားလိုက်ပါတော့ ..."

သီလလုံက မျက်ရည်ဝဲလာကာ ...

"တပည့်တော် မသွားပါရစေနဲ့တော့ ဘုရား၊ ဒီကိစ္စကို တပည့်တော် အသိဆုံးပါ၊ လုဂုဏ်ကိုးဟာ ဘာအတွက်နဲ့မှ အစားအသောက်ကို စွန့်လွှတ်မယ့်သူ မဟုတ်ပါဘူးဘုရား"

သီလလုံ၏ လျှောက်တင်စကားကြောင့် ပရိသတ်က လှုပ်လှုပ်ရွရွဖြစ်လာကာ တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်မှာ ...

"ဒီလိုတော့ ပြောလို့မရဘူး သီလလုံရဲ့၊ မိန်းကလေးဆိုတာက ချစ်စိတ်မွန်လာရင် ဘာမဆို စွန့်လွှတ်ရဲသွားတာပဲ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဟိုဘက်ရွာက အပျိုကြီး ဒေါ်ဝတုတ်ဆိုရင် သူ့ရည်းစားကောင်လေးက သူ့ကို 'ဝတယ်နော်' လို့ တစ်ခွန်းလောက် ပြောမိတာနဲ့ အစားလျှော့စားပြီး ဝိတ်ချလိုက်တာ လေးငါးလအတွင်း ပိန်ကျသွားတာများ မှတ်တောင်မမှတ်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့အေ ... အရင်တုန်းကဆို မဝတုတ်လား အစား လျှော့မှာ၊ တစ်ခါတစ်ခါ ထမင်းစားရင် နို့ဆီဘူး နှစ်လုံး ချက်လောက်ကတော့ အသာလေး စားနိုင်တာ ..."

"ရွာနောက်ပိုင်းက မစန်းမြင့်တစ်ယောက်လည်း ဒီလိုပဲ သူ့ယောကျ်ား ခြေမငြိမ်သလို ဖြစ်လာကတည်းက အစား လျှော့စားလိုက်တာ၊ ခုတော့ သူလည်းပိန်၊ သူ့ယောကျ်ား လည်း ငြိမ်"

ထိုသို့ တစ်ယောက်တစ်မျိုး ပြောနေကြချိန်မှာပဲ နောက်နားကျကျမှာ ထိုင်နေသော ကပ္ပိယကြီး ဦးပေသီးက ရှေ့တိုးလာကာ လက်အုပ်ကလေး ချီလိုက်ရင်း ...

"ဘုန်းဘုန်း ဘုရား၊ သီလလုံက ချက်ချင်းကြီး ပြန်လိုက်သွားဖို့ ရှက်နေလို့ ဆင်ခြေပေးနေတာပါ ဘုရား၊ တကယ်တော့ သူ လုဂုဏ်ကိုးကို အင်မတန် ချစ်ပါတယ်၊ တစ်နေ့တစ်နေ့ ငူငူငိုင်ငိုင်နဲ့ လုဂုဏ်ကိုးကိုပဲ သတိရနေရှာတာပါ၊ ဟိုတစ်နေ့ကတောင် လုဂုဏ်ကိုးကို ချစ်တဲ့အကြောင်းတွေ တပည့်တော်ကို ရင်လာဖွင့်နေပါသေးတယ်၊ ဘုန်းဘုန်းက ဘုန်းကြီးဝတ်မပေးလို့ တော်ပါသေးရဲ့လို့တောင် ပြောနေခဲ့တာပါ"

တလွဲသဘောပေါက်ထားသော ဦးပေသီးရဲ့ စကားကြောင့် လူအုပ်စုထဲမှာ 'အေးလေ ... ဒီလိုပဲဖြစ်ရမှာပေါ့'၊ 'ဒီလိုပဲ ဖြစ်သင့်တယ်လေ'၊ 'သီလလုံက အရှက်ကြီးတာကိုး' ဟူသော





အသံတွေ ပေါ်လာကြပြန်သည်။ ဘုန်းကြီးက ကြေးစည်ဘုဖြင့် ကြမ်းပြင်ကို တဒေါက်ဒေါက် ခေါက်၍ အသံတိတ်စေလိုက်ပြီး ...

"ကဲဟေ့ ... လောကီကိစ္စတွေ ကြားရတာ ဘုန်းကြီး ခေါင်းရှုပ်လာပြီ၊ ကိုင်း ... သီလလုံ မင်း ခုချက်ချင်း အထုပ်အပိုး ပြင်ပြီး မိရာ ရထားနဲ့ ပြန်ပေတော့ ... ၊ ဘုန်းကြီးလည်း မွန်းမတည့်ခင် သီလပေးရဦးမယ်၊ သွားတော့ ... ၊ သွားကြပေတော့၊ အဟမ်း ... အဟမ်း ... အဟံ ဘန္တေ ..."

"အဟံ ဘန္တေ ..."

"တိသရဏေန သဟ"

"ထိသရဏေန သဟ"

ဘုန်းကြီးက ချောင်းဟန့်ကာ သီလ ပြန်စပေးလိုက်တာမို့ အာရုံ ထွေပြားနေသော တရားနာ ပရိသတ်အပေါင်းက လက်အုပ်လေးတွေ ချီကာ သံပြိုင်လိုက်ဆိုလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"မောင်ရယ် ... အဟင့် ... အဟင့် ... ရက်စက်လိုက်တာ၊ ကိုးလေးကို ရက်ရက်စက်စက် ထားသွားရက်တယ်နော်"

အိပ်ရာပေါ်မှာပက်လက်အနေအထားဖြင့်လဲလျောင်းနေသော လှဂုဏ်ကိုးက သီလလုံကို တွေ့တွေ့ချင်း လက်ကိုလှမ်းဆွဲရင်း မျက်ရည်တွေ ကျလာသည်။ လှဂုဏ်ကိုးနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ ရွံ့ကြောက်ကြီးဖြစ်ကာ ရှန်းထွက်ချင်ပေမယ့် အနားမှာ ဘိုးဘိုး ဦးစက်ရောင် ရှိနေသည်။

ဒီပက စားပွဲပေါ်က တစ်ရှူးဘူးကို လှမ်းယူကာ တစ်ရှူးတွေ ဆွဲထုတ်ပြီး သီလလုံလက်ထဲ ထည့်ပေးရင်း ...

"သုတ်ပေးလိုက်လေ၊ မျက်ရည်တွေ သုတ်ပေးလိုက်"

ဟု ခပ်တိုးတိုးကပ်ပြော၏။ စိတ်မပါပေမယ့် ဘိုးဘိုးက လှမ်းကြည့်နေတာမို့ သူက လှဂုဏ်ကိုး ပါးပေါ်က မျက်ရည်စတွေကို သုတ်ပေးလိုက်ရသည်။





လှဂုဏ်ကိုးကို ကြည့်ရင်း တကယ် ဝိတ်လျှော့နေတာမှ ဟုတ်ရဲ့လားဟု မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေမိသည်။ ခန္ဓာကိုယ်ကလည်း အရင်အတိုင်းပဲဟာ။

"ကိုးလေးကို ထားမသွားပါနဲ့ မောင်ရယ် ... နော် ... နော်"

"ဟော့ကောင် ခေါင်းညိတ်လိုက်လေ၊ ဒီလောက် အသနား ခံနေတဲ့ဟာကို"

ဒီပက ချွန်တွန်းလုပ်ပြန်သဖြင့် သူ ခေါင်းညိတ်ရပြန်သည်။

"တကယ် ထားမသွားဘူးနော် ..."

"တ ... တကယ်ပါ"

"တွေ့လား ... လှဂုဏ်ကိုး၊ ဒီကောင်ကြီး အသည်းက နင်နဲ့ပတ်သက်ရင် နုပါတယ်ဟာ၊ ရွာမှာ နင့်အကြောင်း ငါပြောပြတုန်းကများဆို သူ့ခမျာ မျက်ရည်တွေဝဲပြီး ငိုချတော့မလိုပဲဟ ..."

သေနာကောင် ဒီပ ...။ သီလက စိတ်ထဲကနေ ကျိတ်ဆဲလိုက်မိသည်။ နှစ်ဖက်ချွန် လုပ်နေပုံက တော်ရုံမဟုတ်တော့ ...။ ဒီပပြောတာ မဟုတ်ပါဘူးဟု ငြင်းလို့ကလည်း မဖြစ်။

သီလက အသက်ရှူတွေ ကျပ်လာကာ လှဂုဏ်ကိုးကို ကြည့်နေရင်းက လွှတ်ခနဲဆို ...

"ဒါနဲ့ ... ပိန်တော့ ပိန်မသွားဘူးနော် ..."

"အို ... ဘယ်လောက် အစားလျှော့လျှော့ ချက်ချင်းကြီးတော့ ဘယ်ပိန်ပါ့မလဲ မောင်ရယ်၊ ဒါပေမယ့် အာဟာရ



www.burmeseclassic.com

www.burmeseclassic.com



ပြတ်လပ်ပြီး လူက အားမရှိတော့လို့ လှုပ်တောင်မလှုပ်နိုင်တော့တာ၊ စိတ်အားတွေလည်း အရမ်းငယ်တာ"

"စိတ်အားမငယ်စမ်းပါနဲ့ဟာ၊ ခု သီလလည်း ပြန်ရောက်လာပြီပဲ ...၊ နင့်နားမှာ သူ သေချာ ပြုစုပေးမှာပေါ့ ...၊ ဒီကောင်က နင့်ကိုထားပစ်ခဲ့မိတဲ့အတွက် အရမ်းနောင်တရနေတာ၊ ဘိုးဘိုးရေ ... ဘိုးဘိုးရဲ့ မြေးသမက်လောင်းလေးက ဘိုးဘိုးမြေးမကို သိပ်ချစ်ရှာတာ သိလား ဘိုးဘိုး ..."

ဒီပက ဘိုးဘိုးကိုတောင် လှမ်းပြောလိုက်သေးသည်။ ဘိုးဘိုးကလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း သီလလုံကိုကြည့်ကာ ...

"ဘိုးဘိုး မြေးကို ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် သီလလုံရယ်၊ ပြန်လိုက်လာတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဟိုနှစ်ကောင် မျိုးဂုဏ်နဲ့ ဆွေဂုဏ်ကိုလည်း ဘိုးဘိုး ဆူထားတယ်၊ သူတို့က ထစ်ခနဲရှိ မစူးမစမ်း လက်ပါချင်ကြတဲ့ ကောင်တွေ၊ သူတို့အစား ဘိုးဘိုးကပဲ တောင်းပန်ပါတယ်ကွယ်၊ ဘိုးဘိုး မြေးမကို စောင့်ရှောက်ပေးပါ၊ သူ့ခမျာ မင်းထွက်သွားကတည်းက ဘာမှ ဟုတ်တိပတ်တိ မစားဘဲ ဝိတ်လျှော့နေရှာတာ၊ သူစိတ်ချမ်းသာသွားအောင် ပြောပေးပါဦးကွာ ..."

ဘိုးဘိုးကပါ ဝင်ပြောနေတော့လည်း လှဂုဏ်ကိုး အစာငတ်ခံနေတယ်ဆိုတာကို ယုံရတော့မလိုပင်။





သူက လှဂုဏ်ကိုး စိတ်ချမ်းသာအောင် ဘာပြောပေးရမှန်းမသိ ဖြစ်နေချိန်မှာ ဒီပက ပခုံးချင်း လာတိုက်လိုက်ရင်း

"ဘယ်လောက်ဝဝ အချစ်မပျက်ပါဘူးလို့ ပြောလိုက်လေကွာ၊ ဘိုးဘိုးက အဲဒီလို ပြောပေးစေချင်တာ ..."

"ဟို ... ဘယ် ... ဘယ်လောက်ဝဝ အချစ်မပျက်ပါဘူး ကိုးလေးရယ်"

"ဟယ် ... တကယ်လားဟင်"

"တကယ်ပါ ..."

"ဒါဆို ကိုးလေး စားချင်တာ စားလို့ရပြီပေါ့နော် မောင်၊ ဟဲ့ ... ဒီပ မီးဖိုချောင်ကို သွားပြောချေ၊ ငါ ထမင်းစားဖို့ သေသေချာချာ ပြင်ပေးထားလို့ ..."

"အေး ... အေး ... ငါသွားပြောလိုက်မယ်"

ဒီပက မီးဖိုချောင်ဘက်သို့ ထွက်သွားသည်။ ဘိုးဘိုးက ပြုံးသည်။ လှဂုဏ်ကိုးက ချက်ချင်း မာမာ ချာချာဖြစ်လာသည်။ သီလလုံကတော့ ချောင်ပိတ်အရိုက်ခံနေရသော သတ္တဝါတစ်ကောင်လို ဖြစ်နေသည်။

ထိုအချိန်မှာပဲ ဦးအောင်ကိုးက လှဂုဏ်ကိုး အခန်းထဲသို့ ဝင်လာကာ ...

"ဟော ... မောင်သီလလုံတောင် ပြန်ရောက်နေမှပဲ"

"ဟုတ်ကဲ့ ... ဦး"

"ဦးလည်း နိုင်ငံခြားသွားနေတာ မနေ့ကမှ ပြန်ရောက်တယ်ကွ၊ ပြန်ရောက်ရောက်ချင်း မင်း ရွာပြန်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိရတယ်၊ ဟိုနှစ်ကောင် နှိပ်စက်လို့ ပြန်သွားတာဆို၊ ဦးလေးလည်း သူတို့ကို တော်တော်ဆူထားပါတယ်၊ သမီးခများလည်း မင်းထွက်သွားတော့ တော်တော် စိတ်မကောင်းဖြစ်ရှာတယ် ထင်ပါရဲ့၊ ထမင်းတောင် ကောင်းကောင်း မစားနိုင်ရှာဘူး၊ ခုတော့လည်း မျက်နှာလေးကလန်းလို့ပဲ၊ သမီး နေကောင်းတယ်နော်”

“ဟုတ်ကဲ့ ... ကောင်းသွားပါပြီ ဒက်ဒီ၊ ခုပဲ ထမင်းစားတော့မလို့ ပြင်ခိုင်းထားတယ်”

“အေး ... အေး ... အားရှိသွားအောင် များများစား၊ ဒါနဲ့ ဘုန်းဘုန်းရော နေကောင်းရဲ့လား သီလလုံ”

“ကောင်းပါတယ် ခင်ဗျ”

“ဦးလည်း ရွာကို မရောက်ဖြစ်တာ ကြာပြီ၊ အချိန်အားလေးရရင်တော့ ဘုန်းဘုန်းနဲ့ သွားတွေ့ချင်သေးတယ်၊ ကဲ ... သမီးရေ ဒက်ဒီလည်း အလုပ်ကိစ္စလေးနဲ့ အပြင်ပြန်ထွက်ရဦးမယ်၊ သမီး နေကောင်းရဲ့လားလို့ ခဏပြန်ကြည့်တာ၊ သီလလုံလည်း ရောက်ပြီဆိုတော့ စိတ်အေးရပြီ၊ အဖေ ကျွန်တော်သွားလိုက်ဦးမယ်၊ အဖေရော ဒီနေ့ နေကောင်းရဲ့လား ...”

“ကောင်းပါ့ကွာ၊ ကောင်းပါ့ ...၊ မင်း အလုပ်ကို ဖြောင့်ဖြောင့်သာ သွားလုပ်၊ ငါက ဒီမှာ ရုပ်ရှင် လပ်ဖ်ဆင်းရိုက်တာ ကြည့်ပြီး ငယ်မူပြန်နေတာ”

“အဖေကတော့ နောက်ပြီ၊ ကလေးတွေ အနေခက်အောင်”





ဦးအောင်ကိုး အခန်းထဲကပြန်ထွက်သွားတော့ သီလလုံက သက်ပြင်းချရင်း ကျန်ခဲ့ရသည်။ ဘာမှသိပုံရမတဲ့ ဦးအောင်ကိုးကို အဖြစ်မှန်ကို ရှင်းပြပြောဆိုလိုက်ဖို့ သူ့မှာ ခွန်အားမရှိတာတော့ အမှန်ပင် ...။



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

လှဂုဏ်ကိုးသည် အလွန်လျင်မြန်စွာ ထူထူထောင်ထောင် နေကောင်းလာလေသည်။

နေကောင်းသည်နှင့် ပထမဆုံး စလုပ်သောအလုပ်မှာ သီလလုံ၏ လက်ကိုချိတ်ကာ နေရာတကာ လျှောက်သွားတတ်ခြင်းတည်း။ အထူးသဖြင့် ထိုက်သူငယ်ချင်း နီလာတို့ အိမ်ရှေ့မှ ခဏခဏ ဖြတ်လျှောက်တတ်၏။ ပရက်တီကယ် ရှိ၍ ကျောင်းသွားရသော နေ့တွေဆို လူများများရှိရာ ကဲန်တင်းမှာလည်း ခဏခဏထိုင်၏။ ကစားကွင်းမှာ သွားကစားချင်သည်ဟု ပူဆာကာ သီလလုံကို ကစားကွင်းသို့ လိုက်ပို့ခိုင်းတတ်၏။

အရင်ကထက် ပိုပြီး ပလီစီချောက်ချက်တွေလည်း ပြောထွက်လာလေသည်။

"မောင့်ကို ကိုးလေး မခွဲနိုင်ဘူး မောင်ရယ်၊ ကိုးလေးကို ထားမသွားပါနဲ့နော် ..."





ဟု တဖွဖွပြောကာ သီလလုံကို ဖွတ်အတင်း ကပ်တွယ်ထားတတ်သေး၏။

သီလလုံမှာတော့ ဦးလေး ဦးအောင်ကိုးနှင့် ဘိုးဘိုးမျက်နှာကို ငဲ့ကာ အလိုက်သင့်နေနေခဲ့ရသော်လည်း ရင်ထဲမှာတော့ နာကျင်နေခဲ့ရသည်။

တစ်နေ့တော့ ... လှဂုဏ်ကိုးနှင့်အတူ တွဲလျှောက်လာရင်း လမ်းမှာ ထိုက်၏ သူငယ်ချင်းတွေနှင့် ဆုံရသည်။

လှဂုဏ်ကိုးက ထိုက်၏သူငယ်ချင်းတွေကို တွေ့တာနှင့် သူ့လက်ကို တင်းတင်းကြပ်ကြပ် ဆွဲဖက်ထားရင်း မျက်နှာကို မော်ပစ်လိုက်သည်။

ထိုက်သူငယ်ချင်းတွေက သူ့ကို ရှုံ့ချသလိုအကြည့်မျိုးဖြင့် ကြည့်သွားခဲ့တာမို့ သူ့ရင်ထဲ နာကျန်ခဲ့သည်။

သူပြန်လာပြီး လှဂုဏ်ကိုးနဲ့ တွဲနေတာကိုသာ ထိုက်သိခဲ့ရင် ...

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဟဲ့ ... ထိုက်၊ သီလလုံ ပြန်ရောက်နေတာ နင်သိပြီးပြီလား"

"ဟင် ... ပြန်ရောက်ပြီလား၊ ငါ မသိသေးဘူးဟ"

"အဲ့ဒီကောင် အလကားပဲ၊ အလကားကောင်"

နီလာက အိတ်ကို စားပွဲပေါ်ပစ်ချကာ ဒေါသဖြင့် ပြောရင်း ခုံမှာဝင်ထိုင်လိုက်သည်။

"ပြောပါဦး ... နင်တို့ သူနဲ့ ဘယ်မှာတွေ့တာလဲ၊ သူပိန်လာလား၊ ဝလာလား၊ အညာဘက် ပြန်သွားတာဆိုတော့ အသားတော့ မည်းလာမှာပဲ၊ သူ့ကြည့်ရတာ ရွှင်ရွှင်လန်းလန်းရော ရှိရဲ့လား"

"နင် သူ့ကို အဲ့ဒီလောက်တောင် ဂရုစိုက်မနေနဲ့၊ အလကားပဲ၊ ဒင်းက လှုဂုဏ်ကိုးနဲ့ ပြန်ကြည်နေတာ၊ အဲ့ဒီကောင် အမှတ်မရှိဘူး၊ သိပ် ကောင်း (cow) ကျတယ်"

"ဘာလဲဟ ... ကောင်းကျတယ်ဆိုတာ"





"cow လေဟာ၊ ဘာလဲ ... မသိဘူးလား"

"စီအိုဒဗလျူ-ကောင်း ... နွား၊ အဲ ... ဒါဆို နွားကျ ဟာ ... နင်တို့ကလည်းဟာ ဒီလောက်တော့ မပြောပါနဲ့၊ နင်တို့သိသမျှ သေသေချာချာ ပြောပြပါဦး"

"ငါတို့သိတာကတော့ လှုဂုဏ်ကိုးနဲ့ သီလလုံနဲ့ ပြန်ကြည်နေတယ်၊ ပြီးတော့ လှုဂုဏ်ကိုးက သီလလုံဟာ သူ့ကို ဘယ်တော့မှ ပစ်သွားမယ့်သူ မဟုတ်ကြောင်း၊ အိမ်ပေါ် ဖွတ်အတင်း ပြန်တက်လာပြီး ချော့မော့တောင်းပန်တဲ့ အကြောင်း၊ ခဏတစ်ဖြုတ် စိတ်ကစားပြီး နင်နဲ့တွဲမိတဲ့ အတွက် နောင်တရနေကြောင်းတွေ လူတကာကို လျှောက် ပြောနေတယ်ဟေ့ ... သိပြီလား"

"ဟာ ... ဒီအရူးမတော့၊ ငါ လျှာဖြတ်ပစ်မိတော့မှာပဲ"

ထိုက်က သောက်လက်စ အအေးခွက်ကို စားပွဲပေါ် သို့ ဆောင့်ချပစ်လိုက်ရင်း ကြိမ်းဝါးလိုက်တာမို့ နီလာတို့တောင် လန့်ဖျပ်သွားကြရပါသည်။

"ဟဲ့ ... နင် အခု ဒေါသဖြစ်ရမှာ လှုဂုဏ်ကိုးကို မဟုတ် ဘူးဟဲ့၊ ဟိုကောင် သီလလုံကို ဖြစ်ရမှာ ..."

"နှစ်ယောက်စလုံးကို ဖြစ်တယ်ဟာ"

"ဟော ... ဟော ... ဟိုမှာ လာနေကြပြီ"

ဖူးသစ်က ထိုက်ရဲ့ နောက်ကျောဘက်ကို မေးဆတ် ပြလိုက်သဖြင့် ထိုက်က လှည့်ကြည့်လိုက်မိသည်။

"လုံ ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုက် တိုးတိုးလေး ရေရွတ်လိုက်မိသည်။

လုံ ... ။

ထိုက် လွမ်းရတဲ့ လုံ ... ။

ပြန်လာပါတော့ လုံရယ်လို့ အကြိမ်ကြိမ် တမ်းတခဲ့ရတဲ့ လုံ ... ။

သူတစ်ပါး ဘေးရန်ကနေ စွမ်းစွမ်းတမံ အကာအကွယ်ပေးခဲ့ရ၊ နှစ်သိမ့်ပေးမပေးခဲ့ရတဲ့ လုံ ... ။

အဆင်မှ ပြေပါ့မလားဟု အမြဲ စိတ်ပူပေးခဲ့ရတဲ့ လုံ ... ။

အဲ့ဒီ လုံဟာ ခုတော့ သူ့ဘဝရဲ့ သရဲ သဘက်ပမာ ဖြစ်သော လှဂုဏ်ကိုးနှင့်အတူ ယှဉ်တွဲလျှောက်လှမ်းလာခဲ့သည်။

ထိုက်သည် ထိုမြင်ကွင်းကို လှမ်းကြည့်ရင်း ရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျင်လှတာမို့ အံတင်းတင်း ကြိတ်မိသည်။

လှဂုဏ်ကိုးက ထိုက်တို့အုပ်စုကိုတွေ့တာနှင့် မျက်နှာကို မော့ချီကာ သီလလုံ၏ လက်မောင်းကို ဖက်တွယ်ပူးကပ်လိုက်ပြီး ထိုက်တို့နားမှ ပွတ်ကပ်ဖြတ်ကျော်သွားလေသည်။

ထိုက်သည် လှဂုဏ်ကိုးဘေးမှာ မျက်လွှာချကာ ပါသွားသော သီလလုံကို စိုက်ကြည့်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိလျက် ...

"အလကားကောင်၊ ခပ်ညံ့ညံ့ကောင် ..."

"အေးဟယ် ... ဟုတ်ပါရဲ့၊ သီလလုံက မမိုက်ပါဘူး"





"နောက်ဆို ဒင်း ဟိုလူတွေ လက်ထဲမှာ ခွေးသေဝက်သေ သေပစေ လုံးဝ ဝင်မဆွဲဘူး၊ တစ်နေ့ကျ ဆင်ပိသေမယ့်ကောင် ..."

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

✣ ✣ ✣

ခုတလော သူတို့အတွဲနှင့် ခဏခဏဆုံရသည်။ ဆုံတိုင်းလည်း ထိုက်မှာ အကုသိုလ် အဆမတန် တက်နေရသည်။

လှဂုဏ်ကိုးက သူတို့အတွဲကို ထိုက်မမြင်မြင်အောင် လျှောက်လျှောက်ပြတတ်သည်။ သီလလုံက လှဂုဏ်ကိုးနှင့်အတူ လျှောက်သွားသည့်အခါတိုင်း 'ကယ်တင်ပါ' ဟု အဓိပ္ပာယ်ဆောင်သော မျက်ဝန်းများဖြင့် ထိုက်ကို ကြည့်သွားတတ်သည်။

သူ့အကြည့်တွေက အားကိုးရာမဲ့နေသည့် ကလေးတစ်ယောက်ရဲ့ အားကိုးတကြီး အကူအညီတောင်းခံသည့်အကြည့်မျိုး။ တစ်ခါတစ်ခါတော့လည်း ထိုက်ကို အသနားခံတောင်းပန်သည့် အကြည့်မျိုး။ တစ်ခါတစ်ခါတော့ ထိုက်ကို လွမ်းဆွတ်ဆွေးရီသည့် အကြည့်မျိုး။

ကြည့်ပေါ့ ...။ ရှင့်ဟာရှင် သေအောင်ကြည့်လည်း ကျွန်မက ဂရုမစိုက်တော့ဘူး။ ရှင့်ကို စိတ်ကုန်ပြီ။ စိတ်ပျက်ပြီ။ ဥပေက္ခာပြုလိုက်ချင်ပြီ။





ထိုက်သည် သူ အဲ့ဒီလို ကြည့်သွားတိုင်း တနုံ့နုံ့ ဒေါသထွက်ရကာ ...

"ဘာလဲ ... ငါက နင့်ကို လှဂုဏ်ကိုးလက်ထဲကနေ ဖွတ်ဆွဲထုတ်ပြီး ထွက်ပြေးစေချင်တာလား၊ နင့်ဟာနင် ဘာမှ မစွမ်းဆောင်တတ်တော့ဘူးလား၊ ငါ့ကို လူမိုက်ငှားချင်နေတာလား"

ဟု အံကြိတ်ကာ ရေရွတ်နေမိတတ်သည်။

ထိုက်တို့ သူငယ်ချင်းတွေ Natural World ကစားကွင်းထဲမှာ သွားကစားသည့် တစ်နေ့မှာ လှဂုဏ်ကိုးတို့ အတွဲက ကစားကွင်းသို့ ရောက်လာကြသည်။

အိစံက သူတို့အတွဲကို လှမ်းကြည့်ကာ နှာခေါင်းရှုံ့လိုက်ရင်း ...

"ဒါ ... တိုက်ဆိုင်တာမဟုတ်ဘူးဟာ၊ မနေ့က ကန်တင်းထဲမှာ ငါတို့တွေ ကစားကွင်းသွားမယ်လို့ တိုင်ပင်နေကြတာကို ဒင်း ကြားသွားလို့ တမင်လာပြီး နင့်ကို ကလိတာ"

အိစံပြောတာ အမှန်ပင် ...။ လှဂုဏ်ကိုးက ထိုက်တို့ မြင်သာသည့် နေရာမှာသာနေ၏။ သီလလုံ၏ လက်ကို တွဲဖက်ထားရင်းက ရေခဲမုန့်တစ်ခု ဝယ်ကာ သူ တစ်ကိုက်ကိုက်ပြီးတာနှင့် သီလလုံကို အတင်းထိုးကျွေး၏။ ဟိုငတုံးကလည်း မငြင်းရဲဘဲ စားရ၏။

ထိုက်ကလည်း ကစားကွင်းထဲက တိုင်လေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ပိုက်၍ မီးရှပ်ရင်း သူတို့လုပ်နေပုံကို မျက်လုံးမှေးစင်း၍ ကြည့်နေလိုက်သည်။

နီလာကတော့ ထိုက်ထက်ပိုပြီး ဒေါသဖြစ်နေကာ

"တွေ့ရ မြင်ရတာ အကုသိုလ်တက်တယ်ဟော့၊ ပြန်ကြရအောင်"

ဟု ထိုက်ကို လှမ်းပြောလိုက်သည်။ လှဂုဏ်ကိုးကတော့ မြင်းကမ္ဘာပေါ်က မြင်းရုပ်လေးပေါ်မှာ မချိမဆံ့ ခန္ဓာကိုယ်နှင့် ခွထိုင်ကျန်ရစ်ခဲ့သည်။

ဖူးသစ်က တဟီးဟီး ရယ်ရင်း ...

"မြင်းခါးကျိုးတော့မှာပဲဟော့ ..."

ဟု လှောင်ပြောင် သရော်လိုက်လေသည်။

○ ○ ○



✤ ✤ ✤

ထိုနေ့က ထိုက် တစ်ယောက်တည်း စက်ဘီးနင်းကာ နီလာတို့အိမ်သို့ ထွက်လာခဲ့သည်။

နီလာတို့ လမ်းထိပ် ပန်းခြံလေးရှေ့က ထိုက် ဖြတ်လာချိန်မှာ နောက်က လှမ်းခေါ်သံကိုကြားလိုက်ရသည်။

"ထိုက် ... ခဏနေပါဦး"

ထိုက်က စက်ဘီးနင်းရင်း လှည့်ကြည့်လိုက်တော့ ထိုက်နောက်သို့ ပြေးလိုက်လာသော လုံ့ကို တွေ့လိုက်ရသည်။

"အလကားကောင်၊ ခုမှ လိုက်လာမနေနဲ့ဟဲ့"

ထိုက်က အံကြိတ် ရေရွတ်လိုက်ရင်း စက်ဘီးကို မှန်မှန်နင်းနေရာကနေ အမြန်နင်းလိုက်ပါသည်။

"ထိုက်ရေ ... ခဏနေပါဦး၊ ကျွန်တော့်ကို ခဏစောင့်ပါဦး၊ ကျွန်တော်ပြောတာကို နားထောင်ပေးပါဦး"

သူက ထိုက်ကို လှမ်းပြောသော်လည်း ထိုက်က ဂရုမစိုက်တော့ဘဲ စက်ဘီးကိုသာ အားသွန်၍ နင်းထွက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို မကြားရတော့။ နောက်မှာ ကျန်နေခဲ့ပြီဟုပဲ ထိုက်က ထင်လိုက်သည်။

ခပ်ဝေးဝေးရောက်မှ ထိုက်က သူ ဘယ်လိုပုံနဲ့ ကျန်ခဲ့မလဲဆိုတာ သိချင်သေးတာမို့ စက်ဘီးနင်းနေရင်းကပဲ နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်မိရာ ...

"ဟင် ..."

ထိုက်သည် ခုချိန်ထိ ပြေးလိုက်လာနေသော သူ့ကို အတွေ့မှာ အံ့သြခြင်းကြီးစွာ ဖြစ်မိဆဲ၊ သူက သူ့ရင်ဘတ်သူ လက်နှင့်ဖိကာ ခွေခနဲ လဲကျသွားသည်။

"ဘုရားရေ ... အမောဆို့သွားပြီထင်တယ်"

ထိုက်က စက်ဘီးပေါ်မှ ကမန်းကတန်း ဆင်းကာ သူ့ဆီသို့ ပြေးသွားထူမလိုက်ရင်း ...

"နင် ... ရူးနေလို့ ဒီလောက်အဝေးကြီးထိ ပြေးလိုက်လာရတာလားဟဲ့ ..."

"ထိုက် ... ထိုက်ကို တွေ့ချင်လို့ပါ၊ ထိုက်နဲ့ စကားပြောချင်လို့ပါ"

"ငါ ဘယ်လောက်ဝေးဝေးနင်းနင်း နင်က ပြေးလိုက်မှာလား တော်းရဲ့၊ အမောဆို့မသေတာပဲ ကံကောင်းတယ်မှတ်၊ ထ ... ထ၊ ထရော ထနိုင်ရဲ့လား"

ထိုက်က သူ့ချိုင်းမှကိုင်ကာ ဆွဲမထူလိုက်တော့ သူက ထိုက်လက်ထဲမှာ ပျော့ဖတ်ခွေခေါက် အမောဆို့ကာ ပါလာသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေကာ လူက တဆတ်





ဆတ်တုန်နေသည်။ ပြေးလိုက်လာတာ နည်းတဲ့ခရီးမှ မဟုတ်တာ ...။ အမောဆို့ပြီး သေမယ်ဆို သေလို့ရသည်။

တယောင်ယောင် တဟဲဟဲ ချွေးတရွှဲရွှဲဖြစ်နေသော သူ့ဖြစ်အင်ကိုကြည့်ရင်း ထိုက်ရဲ့ ဒေါသတွေ ပြယ်စပြုလာသည်။

သူက ခဏကြာမှ စကားပြောနိုင်လာကာ ...

"ထိုက်ကို ကျွန်တော် တောင်းပန်ချင်လို့ပါ၊ အခြေအနေအရ ကျွန်တော် ဒီလို နေနေရတာပါ"

"ဟုတ်လား ..."

ထိုက်က နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်ရင်း ...

"နေလေ ... နေပါ၊ ဘယ်သူက ဒီလိုမနေနဲ့လို့ ပြောနေလို့လဲ၊ နင်နေနိုင်လို့ နေတာ နေပေါ့၊ ငါ့ကို တောင်းပန်စရာ မလိုပါဘူး၊ ငါနဲ့လည်း မဆိုင်ဘူး"

"ထိုက်ရယ် ... ထိုက်စိတ်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာလည်း ထိုက် သိမှာပါ၊ ကျွန်တော့် ဘဝက သူများဆီက အကူအညီ ယူထားမိတဲ့ ဘဝဆိုတော့ ကျေးဇူးရှင်တွေကို ထောက်ထားရမယ် မဟုတ်လား၊ ရွာက ဘုန်းဘုန်းကလည်း အမြဲ ဆုံးမခဲ့တာလေ၊ ခုလည်း ဘုန်းဘုန်းက ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခမရောက်စေနဲ့လို့ ဆုံးမလွှတ်လိုက်လို့ ပြန်လာခဲ့ရတာပါ၊ ဘုန်းဘုန်းရဲ့ ဆုံးမစကားကို ကျွန်တော် မလွန်ဆန်ရဲလို့ပါ"

"အဲ့ဒီတော့ နင် ဘာလုပ်မှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ … ဘာမှမလုပ်ပါဘူး"

"ငါကရော ဘာလုပ်ရမှာလဲ"

"မသိ၊ မသိဘူးလေ"

"ငတုံး …၊ ငအ …၊ ငစနဲ …၊ ပြားကိုးဆယ်၊ ကျပ်မပြည့်၊ ဦးနှောက်ပျက် …"

ထိုက်က ပျစ်ပျစ်နှစ်နှစ် ရေရွတ်လိုက်တော့ သူက ထိုက်ကို အံ့သြတကြီး ငေးကြည့်နေရုံကလွဲပြီး ဘာမှပြန်မပြောတတ်။

ထိုက်သည် ဒီဇာတ်ကို သိမ်းမှဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ …

"နှင့်ကို မေးရင် ဝါးတားတားနဲ့ ဘာအဖြေမှ ထွက်လာမှာကို မဟုတ်တော့ဘူး၊ ငါ မေးတာပဲ ဖြေတော့"

"ဖြေပါ့မယ် … ဖြေပါ့မယ်၊ မေးပါ"

"နှင် ငါးပါးသီလ လုံတယ်မဟုတ်လား"

"အရမ်းလုံပါတယ်"

"လူအမြင်ကတတ်အောင် အရမ်းတွေ ဘာတွေ ထည့်ပြောမနေပါနဲ့"

"လုံပါတယ်"

"ဒါဆို … ငါမေးတာကို မှန်မှန်ဖြေ၊ ဘာအကြောင်းပြချက်နဲ့မှ မလိမ်နဲ့၊ လိုရင်းတိုရှင်းပဲ ဖြေ …"

"ဖြေပါ့မယ် …"

"နှင် ငါ့ကို ချစ်လား …"





လုံက ထိုက်ကို မြတ်နိုးတွယ်တာသော အကြည့်ကလေးဖြင့် စိုက်ခနဲ ကြည့်လိုက်ရင်း …

"သိပ်ချစ်တာပေါ့ ထိုက်ရယ်၊ ထိုက်နဲ့တွေ့မှ အချစ်ဆိုတဲ့ ခံစားမှုကို ကျွန်တော် ခံစားတတ်လာတာပါ၊ ဒါပေမယ့် ဘုန်းဘုန်းက …"

"လျှာမရှည်နဲ့ …"

ထိုက်က အော်လိုက်တော့ သူက သူ့ပါးစပ်ကို သူ အလန့်တကြား လက်ဖြင့် ပိတ်လိုက်သည်။

သူ့ပုံစံလေးက ချစ်စရာကောင်းတာမို့ ထိုက်က သူ့ကို မျက်စောင်းရှယ်ကာ …

"ချစ်တယ်ဆို ပြီးပြီပေါ့၊ တခြား ဘာမှမပြောနဲ့တော့ …"

"ထိုက်လည်း ကျွန်တော့်ကို ချစ်တယ်ပေါ့နော်"

"ချစ်လို့ မေးတာပေါ့ ငတုံးလေးရဲ့၊ မချစ်ဘဲ မေးပါ့မလား"

"ပျော်လိုက်တာ ထိုက်ရယ်၊ ကျွန်တော် ခုလိုမျိုး တစ်ခါမှ မပျော်ဖူးဘူး"

လုံ ပျော်နေပုံလေးကို ငေးကြည့်ရင်း ထိုက် စိတ်ချမ်းသာရသည်။

ခဏနေတော့ လုံ့ မျက်နှာက ညှိုးသွားကာ …

"ဒါ … ဒါပေမယ့် ဘုန်းဘုန်းဆန္ဒကတော့ ဘယ်လိုရှိမယ် မသိဘူး၊ ဘုန်းဘုန်းကို ကျွန်တော် မလွန်ဆန်ရဲဘူး"

"တို့နှစ်ယောက် ချစ်ရင်ပြီးပြီပေါ့၊ နှစ်ယောက်အတူ ရင်ဆိုင်လိုက်ရုံပဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက်အဖြစ်က ချစ်ရုံနဲ့ပဲ ပြီးသွားကြမှာပါပဲ ထိုက်ရယ်"

"ဘာ ...၊ အဲဒါ ဘာအဓိပ္ပာယ်လဲ ..."

"ယှဉ်ဖို့မှ မဖြစ်နိုင်တာ ..."

"လုံ ... နင် ငါ့ ခေါင်းကို မစွန့်နော်"

"ဘုန်းဘုန်း စကားကို မလွန်ဆန်ဝံ့လို့ပါ ထိုက်ရယ်"

"အဲဒါနဲ့ပဲ နင်က ငါ့ကိုချစ်ပေမယ့် လှဂုဏ်ကိုးကိုပဲ လက်ထပ်မယ်ပေါ့ ..."

"ကံကြမ္မာကိုက ဒီလိုပဲဖြစ်လာ ..."

"နင့်ပါးစပ် ပိတ်ထား၊ ယောကျ်ားဖြစ်ပြီး သတ္တိမရှိတဲ့ ကြောက်၊ ဘာလုပ်သင့်တယ်ဆိုတာလေးတောင် မသိတဲ့ အရူး ..."

ထိုက်က ခေါင်းတကြီး ရှေ့တ်ရင်း ချုံ့ရှုံ့ကာနေရာနေ လှည့်ထွက်လာကာ စက်ဘီးပေါ် တက်ပြီး တအားနင်း ထွက်လာသည်။

ထိုက် အံကိုကြိတ်ထားသည်။ မျက်ရည်မကျအောင် မျက်တောင်ကို တဖျတ်ဖျတ် ခတ်ပစ်နေသည်။ ဖြစ်နိုင်ရင် ခုပဲ ယောဒီ စက်ဘီးနဲ့ ကျောက်ပန်းတောင်းအလွန် တစ်ဘုတာက သူတို့ရွာအထိ နင်းသွားလိုက်ချင်ပါသည်။

○ ○ ○



✤ ✤ ✤

"ဘုန်းဘုန်း ... ညှိသည် ရောက်နေပါတယ် ဘုရား"

"ဟော၊ ဒီအချိန် ဘုန်းဘုန်း တရားထိုင်တဲ့အချိန်လေ ကပ္ပိယကြီးရဲ့"

"တင်ပါ့ ဘုရား၊ တပည့်တော်လည်း ဘုန်းဘုန်း ဒီအချိန် မအားဘူးလို့ ပြောတာပဲ ဘုရား၊ ဒါပေမယ့် မိန်းကလေးက အရေးတကြီး မေးလျှောက်စရာရှိလို့ ရန်ကုန်က လာရတာ လို့ပြောလို့ ဘုန်းဘုန်းကို လာပြောကြည့်တာပါ"

"ရန်ကုန်က ဆိုတော့ ဘယ်သူများလဲ၊ ဘုန်းကြီးမှာ ရန်ကုန်က ဒကာမ အသိလည်း မရှိပါဘူး"

"တပည့်တော်လည်း အဲဒီ မိန်းကလေးကို မသိဘူး ဘုရား၊ သူက ဘုန်းကြီးကို တွေ့ချင်လို့ ကျောက်ပန်းတောင်းအလွန် တစ်ဘုတာမှာ ဆင်းပြီး မေးမြန်းစုံစမ်းလာရတာလို့ ပြောပါတယ်၊ ရထားပေါ်မှာ အိပ်ပျက်လာတယ် ထင်ပါရဲ့၊ မျက်



www.burmeseclassic.com

www.burmeseclassic.com



တွင်းပေါက်ပက်နဲ့၊ ဒါပေမယ့် လှ ... လှတော့ လှတယ် ဘုရား ...”

“အိမ်း ... မင်းမှာလည်း ဒါမျိုးဆို တက်ကြွနေတော့တာပဲကိုး၊ ဒါနဲ့ မိန်းကလေးက တစ်ယောက်တည်းလား”

“တစ်ယောက်တည်းပါ ဘုရား”

“တစ်ယောက်တည်း ညခရီးကို လာခဲ့တယ်ဆိုတာ တော်ရုံသတ္တိနဲ့တော့ မဟုတ်ပေဘူးပေါ့၊ ကဲ ... ကဲ ... ဘုန်းကြီးတွေ့လိုက်ပါ့မယ်၊ အင်း ... ဘုန်းကြီးမှာလည်း ခုတလောလောကီကိစ္စတွေက တယ်များသကွယ်”

ဘုန်းကြီးက ဘုရားကို ဦးသုံးကြိမ်ချလိုက်ပြီး ဘုရားခန်းထဲက ထွက်ကြွလာပါသည်။

ဘုန်းကြီးကို မြင်တော့ ဒကာမက ဂျင်းဘောင်းဘီရှည် ဝတ်ထားသည့် ခြေထောက်တွေကို သေချာ ကျုံ့ရုံ့စုစည်းလိုက်ပြီး လက်အုပ်ကလေး ချီထားလိုက်ပါသည်။

ဘုန်းကြီးက ကျက်သရေခန်းရှေ့မှာ တင်ပျဉ်ခွေထိုင်လိုက်ရင်း ...

“ဘာကိစ္စ ဘုန်းဘုန်းကို အရေးတကြီး တွေ့ချင်ရတာတုန်း ဒကာမလေးရဲ့”

“တင်ပါ့၊ လူတစ်ယောက်ရဲ့ ဘဝကို ဘုန်းဘုန်း ကယ်မဖြစ်မှာမို့လို့ ခုလို စွန့်စွန့်စားစား လာခဲ့ရတာပါ ဘုရား၊ တစ်ယောက်တည်း မစီးစဖူး ညရထားစီးလာရတာ နည်း





နည်းတော့ ကြောက်ပေမယ့် ဘုန်းဘုန်းနဲ့ တွေ့မှဖြစ်မှာမို့လို့သာ လာခဲ့ရတာပါ”

“အိမ်း ... ဆိုစမ်းပါဦးကွယ်၊ ဘာအကြောင်းလဲ ဆိုတာ”

“ဒီလိုပါ ဘုရား၊ တပည့်တော်ရဲ့ သူငယ်ချင်းတစ်ယောက်ဟာ ခုဆိုရင် မှားယွင်းတဲ့ အယူအဆတစ်ခုကို လက်ကိုင်ထားပြီး လမ်းမှားကိုရောက်ပြီး ဘဝတုံးလုဆဲဆဲ ဖြစ်နေလို့ အဲဒီပြဿနာအတွက် ဘုန်းဘုန်းဆီမှာ အဖြေရှာကြည့်ဖို့ လာခဲ့တာပါ”

“ဟုတ်ပါပြီ ... အကြောင်းကိုသာ ပြောပါတော့၊ ဘုန်းကြီးဖြေရှင်းနိုင်ရင်လည်း ဖြေရှင်းပေးပါ့မယ်၊ ဘုန်းကြီးမဖြေရှင်းနိုင်တဲ့ ကိစ္စဆိုရင်တော့လည်း မတတ်နိုင်ဘူးပေါ့ကွယ်”

“ဘုန်းဘုန်း ဖြေရှင်းနိုင်လိမ့်မယ်လို့ တပည့်တော် ယုံကြည်ပါတယ် ဘုရား”

ဒကာမရဲ့ ချည်ပြီးတုပ်ပြီး စကားကြောင့် ဘုန်းကြီးက လန့်ဖျပ်သွားကာ ...

“ဟော ... ဒီလိုတော့ တရားသေ မမှတ်နဲ့ဦးလေ”

“ဒီကိစ္စဟာ ဘုန်းဘုန်း သာ ဖြေရှင်းနိုင်မယ့် ကိစ္စမို့လို့ပါ”

“ကဲ ... ကဲ ... ကြားရတာ ခေါင်းကြီးလှပါပြီကွယ်၊ ကိစ္စကိုသာ မြန်မြန်ပြောပါတော့”

“ကိစ္စကတော့ ဒီလိုပါ ဘုရား၊ တပည့်တော်မှာ ယောကျ်ားလေး သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ အဲဒီ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ အင်မတန်ရိုးသားပြီး ကျေးဇူးလည်း သိတတ်ပါတယ်၊ ငါးပါးသီလလည်း လုံပါတယ်၊ ကတိလည်း တည်ပါတယ်၊ ကိုယ် ပြုသောကံဟာ ကိုယ့်ဆီ အမြဲပြန်လာတယ်ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့သူပါ ဘုရား၊ အကျင့်သီလ လည်း အင်မတန် ကောင်းမွန်ပါတယ် ဘုရား၊ ကောင်းဆို သူက ငယ်ငယ်လေးကတည်းက ဘုန်းကြီးကျောင်းမှာနေပြီး သူတော်ကောင်း ဘုန်းကြီးရဲ့ အဆုံးအမကို ခံယူခဲ့ရတာကိုး ဘုရာ့ ...”

ဘုန်းကြီးက နားထောင်နေရင်းကပင် သီလလုံနဲ့ တယ်တူတဲ့ ကလေးပေပဲဟု စိတ်ထဲကနေ မှတ်ချက်ချရသည်။

“ဒီလိုနဲ့ တစ်နေ့တော့ သူဟာ ဆယ်တန်းအောင်ပြီး ရန်ကုန်မြို့မှာ အလုပ်လုပ်ရင်း ကျောင်းတက်ဖို့ သူ့ရွာကနေ ထွက်လာခဲ့ရပါတယ် ဘုရား”

အိမ်း ... ဒါလည်း တူပေတာပဲကိုးဟု ဘုန်းကြီးက မှတ်ချက်ချရပြန်၏။

“အဲဒီအချိန်က စပြီး သူ့ဘဝဟာ အမှောင်ဖုံးသွားခဲ့ရတော့တာပါ ဘုရား”

“ဟေ ... ဘာလိုများ ဖြစ်လို့တုန်း”

“သူ့ကျေးဇူးရှင် ကျောင်းဒကာရဲ့ သမီးကလေးနဲ့ ပြန်တွေ့ရလို့ပါ ဘုရား၊ အဲဒီ သမီးလေးနဲ့ သူ့ကို ကျောင်းဒကာက သဘောတူထားတာဆိုတော့ သူကလည်း ခေါင်းညိတ်ရတာ





ပေါ့ဘုရား၊ သူ့ခမျာ ကျောင်းဒကာရဲ့သမီးလေးကို အနှံတာ ခံအလျှော့ပေး အလိုလိုက်ပြီး ဆက်ဆံပေမယ့် အဲဒီ ကျောင်းဒကာ သမီးကတော့ အလွန်ပဲ ဆိုးသွမ်းလှပါတယ် ဘုရား”

“ဘယ် ... ဘယ်လို ဆိုးသတဲ့တုန်း”

ဘုန်းကြီးသည် ‘တော်တော် တူနေပြီ’ဟု တွေးရင်း ရင်ထိတ်စွာ အလျင်စလို မေးလိုက်သည်။ ဒကာမကလည်း ပို၍ တက်ကြွလာကာ လက်အုပ်ကလေးကို ပို၍ မြှောက်ချီထားလိုက်ရင်း ...

“ကမ်းကုန်အောင် ဆိုးတာပါ ဘုရား၊ ထစ်ခနဲရှိ ဘာမဟုတ်တာလေးနဲ့လည်း အဲဒီ ဘုန်းကြီးကျောင်းသားကို ရိုက်ပုတ် ထုထောင်း နှိပ်စက်၊ ဘာဖြစ်ဖြစ် ဘုန်းကြီးကျောင်းသား ကိုပဲ အပြစ်တွေပုံချ၊ အမြဲတမ်း နှိမ့်ချထားပြီး အစိုင်းအစေ တစ်ယောက်လို ဆက်ဆံတာများ တစ်ဖက်သတ်ဆန်လွန်းလို့ အေးလူတွေကတောင် ဘုန်းကြီးကျောင်းသားဘက်က မခံနိုင် ဖြစ်ကြရပါတယ်၊ သူ့အစ်ကို နှစ်ယောက်ကလည်း လက်ရဲဇက်ရဲ လူမိုက်ဆန်ဆန်တွေဆိုတော့ ထစ်ခနဲရှိ ကျောင်းဒကာ သမီးက သူစိတ်တိုင်းမကျတိုင်း မျက်ရည်လေး ကျပြလိုက်တာနဲ့ အစ်ကိုနှစ်ယောက်က ဘုန်းကြီး ကျောင်းသားကို တစ်ယောက်တစ်ချက် ဝိုင်းထိုး နှိပ်စက်ကြတာများ သွေးသံနဲ့ရဲရဲပါ ဘုရား ...”

ဘုရား ... ဘုရား ... ဆိုးလှချည်လား။ ဒကာမလေး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တင်ပုံက အသက်ပါလွန်းတာမို့ ဘုန်းကြီးမှာ အသည်းထဲ အေးသွားကာ ...

"ဒါ ... ဒါနဲ့ အဲ့ဒီ ကျောင်းဒကာသမီးက ဝ ... ဝသလား"

"ဝတာပေါ့ဘုရား၊ ဒါပေမယ့် သူဘယ်လောက်ဝဝ ဘုန်းကြီးကျောင်းသားက မငြိုမငြင် တွဲရှာသားပဲ ဘုရား၊ ကျောင်းဒကာ သမီး ဘယ်လောက်ဆိုးဆိုး ဘယ်လောက်နှိပ်စက်နှိပ်စက် ခေါင်းငုံ့ပြီးတော့ကို ခံတာဘုရား၊ ခံဆို ... သူ့ဘုန်းတော်ကြီးက သူတစ်ပါး ကျေးဇူးတရားကို သိတတ်ဖို့မှာလိုက်တာကိုး ဘုရာ့ ..."

အိမ်း ... ခက်တော့ ခက်ချေပြီ ...။

ဘုန်းကြီးသည် တပြည်းဖြည်း သဘောပေါက်လာပြီဖြစ်ကာ စိတ်မသက်မသာ ခံစားလိုက်ရပါသည်။

ဒကာမကတော့ စိတ်လိုက်မာန်ပါ လျှောက်တင်ဆဲပင် ...။

"ဟိုတစ်လောကလည်း ကျောင်းဒကာသား နှစ်ယောက်က သူ့ကို အထင်အမြင်မှားပြီး မဆင်မခြင် ဝိုင်းထိုးကြလို့ သူ့ခမျာ ညတွင်းချင်း သူ့ရွာဘုန်းကြီးကျောင်းကို ပြန်ပြေးလာရပါရောလား၊ ဒါပေမယ့် ကြာကြာ မနေရရှာပါဘူး၊ ကျောင်းဒကာသမီးက အစားအသောက်ဖြတ်ချင်ယောင်ဆောင်ပြီး လိမ်ညာခေါ်နိုင်းလိုက်လို့ ပြန်လိုက်သွားရပါရောလား၊ လိုက်ဆို ... သူတော်ကောင်း ဘုန်းတော်ကြီးက





ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခမရောက်စေနဲ့လို့ ဆုံးမပြီး ပြန်လွှတ်လိုက်တာကိုး ဘုရား ..."

ဘုန်းကြီးသည် ဘာပြောရမှန်းမသိတော့ဘဲ စိတ်အိုက်လာကာ ကိုယ့်ဦးခေါင်းကို ကိုယ် တစ်ချက်ပြန်ပွတ်လိုက်မိသည်။

"ခုတော့ သူ့ခမျာ သူ့ကြောင့် သူတစ်ပါး ဒုက္ခမရောက်ရပေမယ့် သူတစ်ပါးကြောင့်တော့ သူ့မှာ ဒုက္ခရောက်နေရပါတယ် ဘုရား ...၊

"သူ့ခမျာ သူတော်ကောင်း ဘုန်းကြီးရဲ့ ဆုံးမစကားကို လက်ကိုင်ထားပြီး ကျေးဇူးတရားကို ရှေ့တန်းတင်ထားရင်းနဲ့ပဲ သူ မချစ်တဲ့ ကျောင်းဒကာ သမီးကို လက်ထပ်ရပါတော့မယ်၊ သူချစ်တဲ့၊ သူ့ကိုလည်းချစ်တဲ့ မိန်းကလေးတစ်ယောက်ကိုလည်း ဆုံးရှုံးရပါတော့မယ်၊ ဒီအဖြစ်ကို မကြည့်ရက်ရှာတဲ့ သူ့ချစ်သူ မိန်းကလေးခမျာလည်း ဒီပြဿနာရဲ့ အဖြေမှန်ကို သိချင်ရှာလွန်းလို့ သူငယ်ချင်းတွေနဲ့ ခရီးသွားမယ်လို့ မိဘအိမ်ကို လိမ်ပြောပြီး သူတော်ကောင်း ဘုန်းကြီးကို မေးလျှောက်ဖို့ ညရထားစီးပြီး ခရီးနှင်လာခဲ့ရပါတယ် ဘုရား ..."

စကားဆုံးသည်နှင့် ဒကာမလေးက ဝပ်တွားဦးချလိုက်သည်။ ဘုန်းကြီးသည် အလုံးစုံကို သိမြင်သဘောပေါက်သွားသော်လည်း ဘာမိန့်ရမှန်းမသိဘဲ နှုတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒကာမလေးက တစ်ဖန် ခေါင်းငြိမ့်တောင်ထလာရင်း ...

"ဒါကြောင့် တပည့်တော် သိချင်တာက သူတော်ကောင်း ဘုန်းကြီးအနေနဲ့ ဒီအချိန်မှာ ဘုန်းကြီးကျောင်းသားကို ဘယ်လို ဆုံးမစကားမျှား မိန့်ကြားမလဲဆိုတာကိုပါဘုရား"

ဘုန်းကြီးသည် တယ်ဉာဏ်သွားတဲ့ ဒကာမပေပဲဟု တွေးကာ ပြုံးလိုက်ရင်း ...

"အဲဒီ ဘုန်းကြီးကျောင်းသားကို တွေ့ရင် ပြောလိုက်ပါကွယ်၊ သူတစ်ပါးကြောင့်တော့ ကိုယ့်ကိုယ်ကို ဒုက္ခမရောက်စေနဲ့လို့ ..."

ထိုက်သည် ကျိတ်၍ ပြုံးလိုက်ရင်း ...

"တင်ပါ့၊ ကျေးဇူးကြီးလှပါတယ် ဘုရား"

"ဟဲ့ ... ပေသီး"

"ဘုရား ..."

"နတလော လောက်ကိစ္စတွေ ငါ့ကျောင်းကို ရောက်ရောက်လာတာ ဘယ်လိုကြောင့်လဲမသိပါဘူးကွယ်၊ နောက်တစ်ခါ ညှိသည်လာရင် ငါ တရားအားထုတ်နေတယ်လို့ ပြောလိုက်ဟဲ့ ..."

"တင်ပါ့ ဘုရား၊ ဟို ... ဒီဒကာမလေးက ဒီရွာမှာ နှစ်ရက်သုံးရက်လောက်နေပြီးမှ ပြန်မယ်ပြောလို့ သီလရှင်ဆရာကြီးကျောင်းမှာ စထတည်းခိုနေထိုင်ဖို့ ခွင့်ပြုထားရပါတယ် ဘုရား"





"သဘောပဲကွယ်၊ ကောင်းသလိုသာ ကြည့်လုပ်ကြပါတော့၊ လူ့သဘာဝတွေကို ဘုန်းကြီး လိုက်လို့မမီပါဘူး"

ဘုန်းကြီးက ကပ္ပိယကြီး ဦးပေသီးကို လှမ်းပြောရင်း ဘုရားဆောင်းဘက်သို့ ထွက်ကြွသွားလေသည်။

o o o



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

"ဟိတ် ... ရှတ် ... ရှတ် ..."

သီလလုံသည် နီလာတို့ ခြံတံခါးဝကနေ ခြံထဲသို့ ချောင်းကြည့်ရင်း ဘောလုံးကစားနေသည့် ကလေးကို လှမ်းခေါ်လိုက်သည်။

ကလေးက ဘောလုံးလေးကို ပိုက်၍ သူ့ဆီပြေးလာကာ ...

"ဦးဦး ... သားကို ခေါ်လား"

"အေး ... သားကို မေးစရာလေး ရှိလို့"

"မမထိုက်အကြောင်း မေးမလို့လား"

"အံ့မယ် ... မင်းက သိတယ်ပေါ့"

"သိတာပေါ့၊ သားက အချဉ်မှမဟုတ်တာ ..."

ကလေးစကားတတ်ပုံကြောင့် သူက ရယ်လိုက်မိရင်း "အချဉ်လို့ မထင်ရဲပါဘူးကွာ၊ မင်းတို့ခြံကို ထိုက် မလာဘူးလားလို့ မေးချင်လို့ပါ"





"လာရင် ဘာလုပ်မလို့လဲ"

"တွေ့ချင်လို့ပေါ့ကွ"

"ဦးဦးက မမထိုက်ကို ချစ်လို့ တွေ့ချင်တာလား"

"ဒါပေါ့ကွ ..."

"ဦးဦး ... မရှင်းမရှင်း မလုပ်နဲ့နော်"

"ဟော ... ဦးဦး ဘာလုပ်မိလို့လဲ"

"ဦးဦး ဒီလိုပြောတော့ ဟိုကိစ္စက ဘယ်လိုလုပ်မှာလဲ"

"ဘယ်ကိစ္စတုန်းကွ ..."

"ဦးဦးရည်းစား ဝတုတ်မကြီးကို ဘယ်သွားထားမလဲ"

"ဟင် ... မင်းက ဒါလည်း သိတာပဲလား"

"သိတာပေါ့၊ မမနီလာတို့ အမြဲပြောနေတာ ကြားသားပဲ၊ ဦးဦးက လူကြီးဖြစ်ပြီး ပြတ်ပြတ်သားသား လုပ်မှပေါ့ ..."

"အေး ... အေးပါကွာ"

"ဦးဦး ... ဟို စိတ်ပုပ်မကြီးကို ယူရင်တော့ မြန်မြန်သေမှာပဲ"

"ဟဲ့ ... ထွန်းထွန်း ... နင် ဘယ်သူနဲ့ စကားပြောနေတာလဲ"

ထွန်းထွန်းနှင့် စကားပြောနေတုန်းမှာ နီလာက ခြံတံခါးဝနားသို့ လျှောက်လာကာ ...

"သြော် ... ရှင်ကိုး၊ ဘာကိစ္စလဲ"

"ဟို ... ထိုက် လာသေးလားလို့ သိချင်လို့ပါ"

"လာလာ မလာလာ ရှင့်အပူလား၊ ရှင့်ဘာသာ လှဂုဏ်ကိုးနား ကပ်ပြီး အေးအေးနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ထိုက်ကို ကျွန်တော် တွေ့ချင်လို့ပါ မနီလာရယ်၊ ကျောင်းတွေလည်း ပိတ်ထားတော့ သူ ဒီကိုလာမှပဲ ကျွန်တော်နဲ့ တွေ့ရမှာမို့လို့ပါ"

"ထိုက် မရှိဘူး၊ ခရီးထွက်သွားတယ်"

"ဘယ်ကို သွားတာလဲဟင် ..."

"ပြောမပြနိုင်ဘူး၊ စိတ်ပြေလက်ပျောက်ဆိုပြီး သူ တစ်ယောက်တည်း ထွက်သွားတာ၊ သူ့အိမ်ကိုတော့ ကျွန်မတို့နဲ့အတူ သွားတယ်ဆိုပြီး ညာသွားတာ၊ သုံးလေးရက်ကြာမှ ပြန်ရောက်မယ်၊ ဟဲ့ ... ထွင့်ထွင့် လာ၊ နင်ကလည်း ကြုံရာလူနဲ့ စကားလက်ဆုံ ကျနေတော့တာပဲ"

နီလာက ထွင့်ထွင့် လက်ကို ဆွဲခေါ်လာတော့ ထွင့်ထွင့်က သီလလုံဘက်သို့ သမင်လည်ပြန် လှည့်ကြည့်ရင်း ...

"ဦးဦး ... အဲဒီ ဝတုတ်မကြီးနဲ့ ဦးဦးနဲ့ မလိုက်ဘူး၊ ဦးဦးက မမထိုက်နဲ့ပဲ လိုက်တာ၊ ဝတုတ်မကြီးက သားတို့အိမ်က မာလီ ဦးလူပေါ်နဲ့မှ လိုက်တာ"

"ဟဲ့ ... ဒီကောင်လေး"

နီလာက ထွင့်ထွင့်ကို ဟန့်တားလိုက်ပြီးမှ ခြံဝသို့ လျှောက်လာနေသော အသားမည်းမည်း ဝဝပြဲပြဲ ပုံဆိုးပန်းဆိုး ဦးလူပေါ်ကို လှမ်းမြင်လိုက်ရတာမို့ ပါးစပ်ပိတ်၍ ကျိတ်ရယ်လိုက်မိလေသည်။

○ ○ ○



✤ ✤ ✤

"အဲဒီတုန်းက ငါ သရုပ်ဆောင်တာ ပီပြင်လွန်းလို့ ရုပ်ရှင်ဆိုရင် အကယ်ဒမီတောင် ပေးလို့ရတယ်ဟဲ့ ... သိလား"

ခေါင်းငိုက်စိုက်ဖြင့် အိမ်ဘက်သို့ ပြန်ရောက်လာသော သီလလုံသည် အိမ်ဘေး ခုံတန်းလေးမှာ အရုပ်ကြိုးပြတ်ထိုင်ကာ ငိုင်နေဆဲ လှဂုဏ်ကိုးရဲ့ အိပ်ခန်းဘက်ဆီက စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရပါသည်။ လှဂုဏ်ကိုး၏ ငယ်သူငယ်ချင်းတွေ အိမ်လာလည်တာမို့ ထိုသူငယ်ချင်းတွေနှင့် စကားပြောနေကြပုံပင်။

"လူကြီးတွေ ငါ့ဘက်ပါဖို့ကလည်း အရေးကြီးတော့ ငါ့မှာ ဘိုးဘိုးယုံအောင် အစာငတ်ခံပြရတာလေ၊ ဘိုးဘိုးရှေ့မှာဆို ဟိုဟာစားပါဆိုလည်း ဟင့်အင်း၊ ဒီဟာစားပါဆိုလည်း ဟင့်အင်းပေါ့၊ ဘိုးဘိုး ငါ့အခန်းထဲက ထွက်သွားတော့မှ ခုတင်အောက် စားပွဲအံဆွဲထဲမှာ ဖွက်ထားတဲ့ အစားအသောက်တွေကို ထုတ်ပြီး နိုးကြောင်ခိုးဖွက် စားရတာ ...၊



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ နှလုံးရောဂါရှိတယ်ထင်အောင် ဘိုးဘိုး ရှေ့ရောက်ရင် ဟောဟဲ ဟောဟဲ မောပြလိုက်၊ ခေါင်းမူး ပြီး လဲပြလိုက် လုပ်ရသေးတာ ..."

ရယ်သံတွေ ဆူဆူညံညံ ကြားလိုက်ရသည်။ လှဂုဏ်ကိုး၏ အသံကလည်း ပို၍ ပီပြင်လာသည်။

"အားပြတ်ပြီး လဲကျပြရတဲ့ နေ့တုန်းကဆို ငါ့မှာ ဘယ် နေရာမှာ လဲရမလဲဆိုပြီး စဉ်းစားရတာ ဦးနှောက်တောင် ခြောက်တယ်၊ ခြံထဲမှာ လဲကျပြရင်လည်း ရွှံ့ပေမှာစိုး၊ အခန်းထဲမှာ လဲပြန်ရင်လည်း ဘိုးဘိုး မမြင်မှာစိုး၊ အဲ့ဒါနဲ့ပဲ ကော်ဇောထူထူခင်းထားတဲ့ ဘုရားခန်းထဲမှာပဲ ဘိုးဘိုးဘုရား ရှိခိုးနေတုန်း ဖြုန်းဆို လဲပြလိုက်ရတော့တာ"

သီလလုံသည် လှဂုဏ်ကိုး စကားတွေကို နားထောင်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ ခုတော့လည်း ကိုယ်သာ အရူးကြီးပေါ့ ...။

"ဒီပကလည်း ပိုက်ဆံပေးရင် အားလုံးလုပ်တဲ့ကောင်ဆိုတော့ ငါ ပိုက်ဆံလေး နည်းနည်းပေးပြီး စည်းရုံးလိုက်တာနဲ့ ဒင်းက ရှာပြန်ပြီး ဘုန်းကြီးယုံအောင် လျှောက်ပြီး သီလလုံကို အပါခေါ်လာခဲ့တာပေါ့ ..."

"သီလလုံ ပြန်လာတော့ နင် အရမ်းပျော်တယ်ပေါ့"

"ပျော်တာပေါ့ဟ ...၊ ဒီလိုမျိုး ကိုယ့်ကျေးဇူးခံ ကျေးဇူးစား၊ ကိုယ် တစ်သက်လုံး နိုင်ရမယ့် ယောကျ်ားမျိုးက ဒီခေတ်မှာ ရှားပါးနေပြီပဲဟာ ..."





"ဒါဆို ... သီလလုံက နင် စိတ်တိုင်းကျတဲ့ ချစ်သူပေါ့"

"ဟဟ ... စိတ်တိုင်းကတော့ ဘယ်ကျပ့ါမလဲ၊ နိုင်းကောင်းလို့သာ ကုပ်ထားရတာ၊ နင်တို့ စဉ်းစားကြည့်လေ ... ငါ့ကို လက်ထပ်ခွင့် တောင်းတဲ့ လက်စွပ်က နှစ်သိန်းတန်ဆိုတာ ဖြစ်သင့်လို့လား၊ ဒင်းက အဲဒီလို မွဲတဲ့အပြင် ဂေါက်လည်း ဂေါက်သေးတာ၊ လက်စွပ်ကို ကိတ်မုန့်ထဲ ထည့်ပေးတယ် လေဟယ်၊ ငါ့မှာ လည်ချောင်းဝမှာ နင်ပြီး သေပြီလားတောင် မှတ်လိုက်ရတယ်"

"ဟား ... ဟား ... ဟား ..."

ရယ်သံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။

လှဂုဏ်ကိုး၏ အသံကလည်း ဆက်တိုက်ထွက်ပေါ်နေသည်။

သူ အသက်ကိုရှိုက်၍ရှူရင်း ပြာလွင်သော ကောင်းကင်ကြီးကို အကြာကြီး မော့ကြည့်နေလိုက်သည်။

လွင့်နေသော တိမ်တွေပေါ်မှာ ထိုက်က သူ့ကို ငုံ့ကြည့် ပြုံးပြနေသည်။

သူ ပြုံးလိုက်သည်။

ထို့နောက် ထိုင်ခုံမှ ညင်သာစွာ ထရပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

ဧည့်ခန်းထဲ၌ ဦးအောင်ကိုးက ဂျာနယ်ဖတ်နေပြီး ဘိုးဘိုး ဦးစက်ရောင်က တီဗီကြည့်နေသည်။ ဆွေဂုဏ်နှင့် မျိုးဂုဏ်က ဧည့်ခန်းထောင့် စားပွဲတစ်လုံးမှာ မျက်နှာချင်းဆိုင်ထိုင်၍ ချက်စ် ကစားနေသည်။

ထိုသို့ လူစုံစုံရှိနေချိန်၌ သီလလုံက ဧည့်ခန်းထဲသို့ ဝင်လာခဲ့ကာ ...

"ကျွန်တော် လှဂုဏ်ကိုးကို လက်မထပ်ပါရစေနဲ့ ခင်ဗျာ"

ဟု တစ်လုံးချင်း ပီသစွာ ပြောလိုက်သည်။

ဆွေဂုဏ်နှင့် မျိုးဂုဏ်တို့က လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မတ်တတ်ထရပ်လိုက်ကြသည်။

ဦးအောင်ကိုးကတော့ သီလလုံကို တည်တည်ငြိမ်ငြိမ်ပင် လှမ်းကြည့်ကာ ...

"မင်း ဒီလိုပြောတာ အကြောင်းတစ်ခုခုတော့ရှိမှာပေါ့၊ မင်း စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ် သီလလုံ"





"အနုလက်နဲ့ ရွှေခွက်ပေးနိုက်ထားတာတောင် မင်းက ဒီစကားမျိုး ပြောတယ်ပေါ့ ... ဟော့ကောင်"

"တိတ်စမ်း ... မင်းတို့ ငြိမ်ငြိမ်ပြန်ထိုင်နေ ..."

ဦးအောင်ကိုးက လှမ်းဟောက်တော့မှ ဆွေဂုဏ်နှင့် မျိုးဂုဏ်က မကျေမနပ်နှင့် ပြန်ထိုင်သွားကြသည်။

"ကဲ ... ပြောပါ သီလလုံ၊ ဦး အလေးအနက်ထားပြီး နားထောင်ပါ့မယ်"

"ကျွန်တော် လှဂုဏ်ကိုးကို မချစ်ဘူး ဦးလေး"

"ကောင်းပြီ ... ဒီလို ပွင့်လင်းတာကို ဦး သဘောကျပါတယ်"

"ကျွန်တော့် ဘဝမှာ ဦးလေးရဲ့ကျေးဇူးတွေ အများကြီးရှိခဲ့သလို ဘုန်းဘုန်းရဲ့ ကျေးဇူးတွေလည်း အများကြီးရှိခဲ့ပါတယ်၊ ကျေးဇူးတရားကို သိတတ်ရမယ်ဆိုတဲ့ ဘုန်းဘုန်းရဲ့ ဆုံးမစကားကိုလည်း အမြဲလိုက်နာခဲ့ပါတယ်၊ ချစ်တယ်ဆိုတာ ဘာမှန်းမသိဘဲနဲ့ လှဂုဏ်ကိုးကို တစ်ဖက်သတ် အလျှော့ပေးပြီး စောင့်ရှောက်ခဲ့ပါတယ်၊ တစ်နေ့ကျရင် သူနဲ့လက်ထပ်ရမှာပဲလို့ပဲ စိတ်ထဲ စွဲမှတ်ထားခဲ့ပါတယ်၊

"ဒါပေမယ့် လှဂုဏ်ကိုးကတော့ ကျွန်တော့်အပေါ် စေတနာမှန်မှန်မထားခဲ့ဘူး၊ အမြဲ လိမ်ညာလှည့်စားခဲ့တယ်၊ အနိုင်ကျင့်ခဲ့တယ်၊ နှိမ့်ချခဲ့တယ်၊ အပြစ်တင်ခဲ့တယ် ...၊

"လှဂုဏ်ကိုးကို ကျွန်တော် ချစ်သလိုမချစ်ဘူးဆိုတာ သိလိုက်ရချိန်မှာ တခြား မိန်းကလေးတစ်ယောက်ကို ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



လို ချစ်မိသွားခဲ့ပါတယ်၊ ဒါပေမယ့် သူ့ကို ဘယ်လောက် ချစ်ချစ် လှဂုဏ်ကိုးကို ပစ်ပယ်ပြီး ဦးအပေါ် ကျေးဇူးကန်းဖို့ ကျွန်တော် မဆုံးဖြတ်ရဲခဲ့ပါဘူး ...၊

"ဒါပေမယ့် ဒီနေ့တော့ လှဂုဏ်ကိုးရဲ့ စကားတွေကို ကြားပြီး ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချနိုင်သွားတယ်၊ ကျွန်တော် ... ကျွန်တော်ချစ်တဲ့သူကိုပဲ လက်ထပ်မယ်၊ ဘုန်းဘုန်း နားလည်လက်ခံလာအောင် ကျွန်တော် ဒီနေ့ပဲ ရှာပြန်ပြီး ဘုန်းဘုန်းကို တောင်းပန်မယ်၊ ဦးကိုလည်း ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ကြိုက်သလို ဆုံးမပါ၊ အပြစ်တင်ပါ၊ အစ်ကိုတို့လည်း ကျွန်တော့်ကို စိတ်ရှိလက်ရှိ ထိုးနှက်ကြပါ၊ ကျွန်တော် ခံပါ့မယ်၊ ပြီးရင်တော့ ကျွန်တော့်ကို သွားခွင့်ပြုပါ"

"အေး ... ထိုးမှာ ... ထိုးမှာ၊ စိတ်ချ"

သီလလုံ စကားဆုံးဆုံးချင်းမှာပဲ ဆွေဂုဏ်နှင့် မျိုးဂုဏ်တို့ နှစ်ယောက်က လျှင်မြန်သောအဟုန်ဖြင့် သီလလုံထံ ပြေးသွားကာ တစ်ယောက်တစ်ချက် ဝိုင်းထိုးကြလေသည်။

"ဟော့ကောင်တွေ မလုပ်နဲ့၊ ဖယ်ကြစမ်း ... ဖယ်ကြစမ်း"

ဦးအောင်ကိုးက ဝုန်းခနဲ ထကာ အော်ဟစ်တားမြစ်သော်လည်း သားနှစ်ယောက်က ဆက်တိုက် ထိုးနေပြီး သီလလုံက ပေခံနေသည်။

"ဟော့ကောင်တွေ ... ရပ်စမ်း၊ မင်းတို့မရပ်ရင် ငါ ရိုက်လိုက်မှာနော်"





ဦးအောင်ကိုးက ဂေါ့ဖ်ရိုက်တံတစ်ချောင်းကို ပြေးဆွဲကာ သားနှစ်ယောက် ခေါင်းပေါ်မှာ ရွယ်ထားရင်း အော်တော့မှ နှစ်ယောက်လုံး နောက်ဆုတ်သွားကြသည်။

ဦးအောင်ကိုးက ဂေါ့ဖ်ရိုက်တံကို ပစ်ချလိုက်ရင်း သီလလုံကို ကြည့်ကာ ...

"မင်း ဘယ်လောက် ဝေဒနာခံခဲ့ရတယ်ဆိုတာ ဦး နားလည်ပါပြီကွာ၊ မင်း သွားပါတော့၊ ဦး ကြည်ကြည်ဖြူဖြူ ခွင့်ပြုပါတယ်ကွယ် ...၊ သမီးအတွက် လောဘကြီးမိတဲ့ ဦးကိုပဲ ခွင့်လွှတ်ပေးပါ ..."

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

မီးရထားကြီးသည် ဂျုံးဂျုံးဂျက်ဂျက် မြည်လျက် အမှောင်ထုကို ထိုးခွင်း၍ ခုတ်မောင်းလျက်ရှိသည်။

ညအမှောင်ထဲမှာပင် ထနောင်းပင်တန်းများ၊ မန်ကျည်းပင်များ၊ တမာပင်များကို ရိုးရိုးရိပ်ရိပ် မြင်နေရ၏။

အတန်ကြာလျှင် အမှောင်သည် တဖြည်းဖြည်း ပါးလျားလာခဲ့ကာ အရှေ့ကောင်းကင်ယံမှာ ရောင်နီတို့ ပျို့၍လာလေသည်။

မကြာခင် ရထားကြီးက ကျောက်ပန်းတောင်းအလွန် တစ်ဘူတာမှာ ရပ်တန့်ပေးလိုက်၏။

သီလလုံသည် ပေ့ါပါးသော ခြေလှမ်းများဖြင့် ရထားပေါ်မှ လွှားခနဲ ခုန်ဆင်းလာ၏။

ဘုန်းကြီးကျောင်းဆီသို့ လျှောက်လှမ်းလာသော သူ့ခြေလှမ်းတို့က မြေကြီးနှင့် မထိသလို ပေ့ါပါးနေကြသည်။





သူက ခပ်မြန်မြန်လျှောက်နေရင်း 'ဘုန်းဘုန်း မဆူပါစေနဲ့'ဟု စိတ်ထဲမှ ကျိတ်၍ ဆုတောင်းလာခဲ့သည်။ ရထားပေါ်မှာလည်း ဒီဆုတောင်းကိုပဲ ဆုတောင်းရင်း တစ်ညလုံး အိပ်မရဘဲ စိုးထိတ်လာခဲ့ရသည်။

အဖြစ်အပျက် အလုံးစုံကိုသာ ဘုန်းကြီးသိလျှင် သူ့ကို အပြစ်တင်မှာလား ... ခြေထောက်နဲ့ ဆီးကန်မှာလား ... ကျေးဇူးကန်းတဲ့ ငမိုက်သားဟု ပြောလေမလား ...။ သူကတော့ ဘုန်းကြီး ဘာပြောပြော ဘုန်းကြီးခြေထောက်ကို ဖက်၍ မျက်နှာအပ်ကာ တောင်းပန်မည်ဟု စိတ်ကူးထားသည်။

သူ ... ဘုန်းကြီးကျောင်းဝန်းထဲကို ဝင်လာချိန်မှာ မိုးစင်စင် လင်းနေခဲ့ပြီ ...။ ကျောင်းဝန်းထဲမှာတော့ လူသူရှင်းလင်း တိတ်ဆိတ်နေခဲ့သည်။

သီလလုံက ဘုန်းကြီးကျောင်းပေါ်သို့ ကုပ်ကုပ်လေး တက်လာနေသည်။

လှေကားထိပ်ရောက်တော့ ဘုန်းကြီးခြေအစုံကိုအရင် တွေ့လိုက်ရသည်။ ဘုန်းကြီးက ကျောင်းဝမှာ မားမားရပ်လျက် သူ့ကို ငုံ့ကြည့်နေရင်း ...

"ဩော် ... မင်း ရောက်လာပြီကိုး"

"တင် ... တင်ပါ့ ဘုရား"

ဘုန်းကြီး ပြောပုံက သူလာမှာကို ကြိုသိနေသလိုမို့ သူ အံ့သြသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စနဲ့ လာသတုန်း ..."

"တင် ... တင်ပါ့၊ လျှောက်တင်စရာလေး ရှိလို့ပါ ဘုရား"

"အိမ်း ... မင်းလျှောက်တင်မှာကို ငါ သိသကွယ့် မောင်သီလရဲ့၊ မင်း လျှောက်တင်မယ့် စကားကို မင်းအရင် ဒကာမလေး တစ်ယောက်က လာလျှောက်တင်သွားလို့ ဘုန်းကြီးတောင်မှ ဆုံးမစကားပြောလိုက်ရပြီးပြီကွယ့် ..."

သီလလုံက လက်အုပ်ကလေးချီကာ စဉ်းစားမရ ဖြစ်နေဆဲမှာ ဦးပေသီးက လှေကားရင်းမှာ ရပ်လာကာ ...

"ဟာ ... သီလလုံ၊ မင်း ပြန်လာပြီလား၊ စောစောစီးစီး ဘုန်းဘုန်း တရားထိုင်ခါနီး ခေါင်းရှုပ်အောင် ဘာမှမေးမနေနဲ့တော့၊ ဟိုဘက်မှာ ထွန်းထိုက်ထိုက်ဆိုတဲ့ မိန်းကလေး ရောက်နေတယ်၊ သူ့သာ အကြောင်းစုံ သွားမေးပေတော့"

"ဟာ ..."

သီလလုံက ဟာခနဲ အော်ရင်း ဝမ်းသာလုံးဆို့သွားချိန်မှာ ဘုန်းဘုန်းက 'လောကီကိစ္စတွေနဲ့ ခေါင်းရှုပ်လှသကွယ်' ဟု ညည်းညူရင်း ကျောင်းထဲသို့ ပြန်လှည့်ဝင်သွားလေသည်။

သီလလုံသည် ဦးပေသီး ညွှန်ပြလိုက်သော ကျောင်း နောက်ဘက် ပိန္နဲပင်ကြီးဆီသို့ ပြေးထွက်လာခဲ့သည်။

ပိန္နဲပင်အောက်က ကွပ်ပျစ်ပေါ်မှာ ထိုင်နေသော ထိုက်ကို အဝေးကပင် လှမ်းမြင်ရ၏။

"ထိုက် ..."





သူ ထိုက်ဘေးမှာ ဝင်ထိုင်လိုက်တော့ ထိုက်က နှာခေါင်းရှုံ့ပြကာ တစ်ဖက်သို့ လှည့်သွားသည်။

"ထိုက် ... ဒီကို ဘယ်လိုကဘယ်လို ရောက်လာတာလဲ ဟင်"

"ပြောမပြဘူး ..."

"ထိုက် ဘုန်းဘုန်းကို ဘာတွေ လျှောက်တင်လိုက်လဲဟင်"

"ဒါလည်း ပြောမပြဘူး"

"ဘုန်းဘုန်းက ဆုံးမစကား ပြောလိုက်တယ်ဆို၊ ဘာပြောလိုက်တာလဲဟင် ထိုက်၊ ကိုယ့်ကို ပြောပြပါလား ..."

ထိုက်က ပြုံးစိစိနှင့် သူ့ကို လှည့်ကြည့်လာရင်း ...

"ဘုန်းကြီးကျောင်းသားကို ပြောလိုက်ပါတဲ့၊ သူတစ်ပါး ကြောင့်တော့ ကိုယ့်ကိုယ်ကို ဒုက္ခမရောက်ပါစေနဲ့တဲ့ ..."

"အဲ့ဒါ ဘာအဓိပ္ပာယ်လဲဟင် ..."

"ရှင် ... လှဂုဏ်ကိုးတို့ မောင်နှမတွေပေးတဲ့ ဒုက္ခကို မခံလည်း ရတယ်ဆိုတဲ့အဓိပ္ပာယ်ပေါ့ ငတုံးလေးရဲ့၊ ဘုန်းကြီး ဆိုတော့လည်း မင်း လှဂုဏ်ကိုးကို မယူလည်း ရတယ်လို့ တော့ တိုက်ရိုက် ဘယ်ပြောပါ့မလဲ၊ ဒီအတိုင်း ဟိုလိုလို ဒီလိုလို မသိမသာလေးပဲ ပြောမှာပေါ့၊ ဒါလေးတောင် သဘောမပေါက်ဘူးလား ပြားကိုးဆယ်လေးရဲ့ ..."

ထိုက်က သူ့နဖူးကို လက်ညှိုးနှင့် လှမ်းထောက်တွန်း ရင်းပြောလိုက်တော့ သူ ကြည်နူးသွားကာ ထိုက်ရဲ့ လက်ညှိုးလေး ကို ဖမ်းဆွဲ ဆုပ်ကိုင်ထားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ထိုက်ရယ် … လိပ်စာလည်း သေချာမသိဘဲ ဒီကို ဘယ်လို ရောက်အောင်လာခဲ့တာလဲ"

"ကျောက်ပန်းတောင်းအလွန် တစ်ဘူတာမှာ ဆင်းပြီး မေး လိုက်ရင် ရောက်တာပဲဟာ"

"တစ်ယောက်တည်း ညရထားစီးလာတာပေါ့"

"အင်းလေ …"

"ထိုက် မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ရှင်သာ ကြောက်၊ ဧနံ …"

သူက ထိုက်ရဲ့ မျက်နှာကလေးကို ကြည်ကြည်နူး နူး ငေးကြည့်လိုက်ရင်း …

"ကျေးဇူးတင်ပါတယ် ထိုက်ရယ်"

"ဘာအတွက်လဲ …"

"စွန့်စားပေးတဲ့အတွက်၊ ပြီးတော့ ကိုယ့်ဘ၀ကို ကယ်တင် ပေးတဲ့အတွက် …"

ထိုက်က ခေါင်းငုံ့ကာ ပြုံးနေသည်။ ခုမှပဲ ချစ်သူ တစ်ယောက်ရဲ့ ပန်းနုရောင်ပြေးသော မျက်နှာလေးကို အနီးကပ် မြင်ခွင့်ရလေသည်။

"ကဲ … လက်ကို လွှတ်ဦး"

"လက်ညှိုးကလေး တစ်ချောင်းတည်း ကိုင်ထားရတာပါ ထိုက်ရယ်၊ မတွန့်တိုပါနဲ့"

"ဘုန်းကြီးကျောင်းဝန်းထဲမှာလေ …"





"ကျောင်းနဲ့ အဝေးကြီးပါ"

ထိုက်က လုံ့ကို မျက်စောင်းရွယ်ကာ လုံ့ပါးစပ်နား သို့ လုံ ကိုင်မထားသော လက်လေးတစ်ဖက်ကို လက်သီးဆုပ်၍ ကပ်လိုက်ရင်း …

"ကဲ … ကဲ၊ ခုလို ပြန်ဆုံတုန်းမှာ အပျင်းပြေ အင်တာဗျူး မေးခွန်းလေးတွေ မေးပါရစေ …"

"မေးပါ … မေးပါ"

"ရှင် အမြဲအမှတ်ရနေတဲ့ စကားတစ်ခွန်း …"

"တို့နှစ်ယောက် ချစ်ရင်ပြီးပြီပေါ့၊ နှစ်ယောက်အတူ ရင်ဆိုင် လိုက်ရုံပဲ"

ထိုက်က မျက်စောင်းတစ်ခါ ရွယ်ပြန်ကာ …

"ခုတလော ပြောချင်နေတဲ့ စကားတစ်ခွန်း …"

"ထိုက်ကို အရမ်းချစ်တယ်"

"ရှင့်ဘ၀မှာ လက်ကိုင်ထားတဲ့ ဆောင်ပုဒ်"

"အချစ်က ဘ၀ကို ပိုပြီး အဓိပ္ပာယ်ရှိစေတယ်"

"အံမယ် … တတ်တယ်တော့်၊ ကဲ … နောက်ဆုံး မေးခွန်း တစ်ခု ထပ်မေးမယ်၊ ရှင့်ဘ၀မှာ နေလို့အပျော်ဆုံးနေရာ"

"ထိုက်ရဲ့ ရင်ခွင်မှာ …"

"အံမယ် … လူလည် …"

ပါးပြင်ကလေးတွေမှာ ရှက်သွေးဖြန်းသွားသော ထိုက်က သူ့ကို မျက်စောင်းရွယ်ရင်း ထိုက်ရဲ့ လက်ညှိုးကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွတ်ပြန်ရှန်းသော်လည်း သူကလွှတ်မပေးဘဲ ထိုက်ကို ကြည်လင် ငြိမ်းချမ်းသော မျက်ဝန်းကလေးများဖြင့် ငေးကြည့်နေလေသည်။

လုံ့ရယ် … ရှင်သာ ကျွန်မကို ဒီလို မေးခွန်းမျိုး မေးခဲ့မယ်ဆိုရင်လည်း ကျွန်မဘဝရဲ့ နေလို့အပျော်ဆုံးနေရာဟာ ရှင့်ရင်ခွင်မှာလို့ပဲ ဖြေမိမှာပါပဲ။

အင်း … ရှင်တော့ မမေးမိတဲ့အတွက် နောင်တရရ တော့မယ် ထင်ပါရဲ့ …။

ပုညခင်

BURMESE CLASSIC .com

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com